
www.burmeseclassic.com

တိုက် [၂၅၇] အခန်း [၁၃]

# မင်းကျော်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဝထမအကြိမ်

အုပ်ရေ - နှစ်ထောင်
တန်ဘိုး - ခြောက်ကျပ်
အလောက်-လွှင်
မျက်နှာဖုံး-စတားဝါ
ဝန်းချီ -မောင်မောင်သိုက်

ထုတ်ဝေသူ

ဦးသန့်ညွန့် ( မြ-၀၃၆၂ )၊
ပညာပေးစာစဉ်၊ အမှတ်-၁၇၁
အလုံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ

မြမြဝင်း ပုံနှိပ်တိုက်၊ ဒေါ်လှစိန်
(မြ-၀၁၄၂၄)၊ အမှတ်-၃၁၃
အောက် ကြည့်မြင်တိုင် လမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

( ၁၉၇၅၊ ဖေဖော်ဝါရီ )

# တိုက် ၂၅၄ ခန်း ၃၃

မင်းကျော်၊

www.burmeseclassic.com

www.burmeseclassic.com

## ဆက်လက်ထွက်မည့် စာအုပ်များ


| | |
|---|---|
| နတ်နွယ် မနက်နှလန်လာ - လပ္ပဝါ | ၆-ကျပ် |
| တက္ကသိုလ်နေဝင်း (မြန်မာပြန်) ခွဂါ့ဒ် ဇာသာ | ၈-ကျပ် |
| မောင်ဓလ်ဝါထွန်း နိုင်းမြစ်ဝှမ်းမှ စေတ်လှုပ်ရှား | ၆-ကျပ် |
| ပွင့်လန်း (သတ္တုတွင်း) အိပ်ချင်ပြေမန်လေး | ၆-ကျပ် |
| ရွှေမောင် စွန့်စွန့်စားစား | ၅-ကျပ် |




မနက်ဖြန် ညနေအထိ ခန့်မှန်းချက်မှာ ရန်ကုန်မြို့နှင့် အနီးတဝိုက်တွင် မိုးတကြိမ် နှစ်ကြိမ်ရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။ တခါတရံ မြေပြင်လေသည် မိုင်သုံးဆယ်မှ လေးဆယ်အထိ ရှိမည်။ တပြည်လုံးတွင် နေရာကျဲကျဲ မိုးရွာမည်။ ရွာရန် ငါးဆယ်ရာနှုန်းဖြစ်ပါသည်။ ဘင်္ဂလားပင်လယ်အော်တွင် လှိုင်းကြီးမည်။ ကျန် မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ နောက် နှစ်ရက်အဖို့ မြန်မာပြည် မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် နေရာစိပ်စိပ် မိုးအနည်းငယ် ရွာနိုင်ပါသေးသည်။

အဖိုးကြီးသည် ရေဒီယိုက သတင်းကို စိတ်မဝင်စားပါ။ ရေဒီယို အိမ်ရှေ့ ကြမ်းပြင်တွင် မီးပူတိုက်နေသော ကောင်မကလေး ကိုသာ စိတ်ဝင် စားနေသည်။ ဆေးပြင်းလိပ်ကို ဖွာလိုက် ကောင်မကလေးကို လှမ်းကြည့်လိုက် လုပ်နေသည်။ သူ့စိတ်ထဲတွင် ကောင်မကလေးအတွက် ဘာတခုခု ဝယ်ပေးရလျှင် ကောင်းမည်နည်း စဉ်းစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်မကလေးသည် မိုးလေဝသဌာန၏ ကျေညာချက် ပြီးသွားပြီဖြစ်၍ ယနေ့ည ဘာသီချင်းတွေများ လာမည် နည်းဟု နားစွင့်လိုက်စဉ်မှာပင် တံခါးခေါက်သံကို ကြား ဖြင့် မီးပူအတိုက်ရပ်လိုက်သည်။ တံခါးဆီသို့သွားပြီး လူကြည့် ပေါက်မှ အပြင်ဖက်သို့ လှမ်းကြည့်သည်။ ပြီး တံခါးကို ဖွင့်ပေး လိုက်သည်။

“အမယ်လေးတော်၊ ဒီ ဒန်စလုံကလေး မဖြစ်စလောက်နဲ့ များ မချရသတဲ့။ ကြားဘဲ မကြားဘူးပေါ့”

တံခါးပွင့်သွားသည်နှင့် အဖွားကြီး၏ အသံသည် ရေဒီယိုမှ သီချင်းသံကို ဖုံးသွားလေတော့သည်။

အတွင်းခန်း ပြတင်းတံခါးမှ လမ်းမသို့ တမျှော်ငေးငေး လုပ်နေသော အမျိုးသမီးသည်ပင် လန့်လန့်ဖြတ်ဖြတ် ဖြစ်သွား သည်။ လမ်းမတူရူ ရှေ့ရှုထားသော အာရုံသည် ပြတ်သွား သည်။ ဧည့်ခန်းဘက်သို့ ထွက်လာခဲ့သည်။

ရှေ့ဆင့် နောက်ဆင့် ဆိုသလို တဖက်ခန်းမှ လူငယ် တ ယောက်သည်လည်း ဧည့်ခန်းသို့ ထွက်လာကာ

“ရေဒီယိုဖွင့်ထားလိုက်တာကလဲ လက်ဖက်ရည်ဆိုင် ကျ တာဘဲ” ပြောပြောဆိုဆို ရေဒီယိုဆီသို့ သွားပြီး ရေဒီယိုခလုတ် ကို ဆောင့်ကြီးအောင့်ကြီး ပိတ်လိုက်သည်။ သည်ကြားကပင် ကောင်မလေးကို ကြည့်ဖြစ်အောင် ကြည့်သေးသည်။

“ကြည့်စမ်းပါအုံး။ ကျုပ် တနာရီလောက် သွားပြီး ခွဲတမ်း ချတဲ့ဆီမှာ အချိန်ဖြုန်းလိုက်လို့ ရလာတာ။ နှစ်ဆဲ့ငါးအိမ် ထောင်အတွက် ဒန်စလုံ ပိစိညှောက်တောက် သုံးလုံးတဲ့။ အံ့ပါ ရောတော်။ နှစ်ဆဲ့ငါးအိမ်ထောင်မှာ ကံထူးတဲ့ သုံးအိမ်ထောင်



ထဲ ကျုပ်တို့အိမ် ပါလာတာ ကံထူးလို့ပေါ့။ ဒါတောင် ပစ္စည်းက မနက်ဖြန်မှ ဆိုင်မှာ ထုတ်ရမှာ။ ကျုပ်က ကြည့်ပါရစေ ဆိုပြီး ဇွတ်ယူလာတာ။ မဲသာချတာ တခါတခါ ပစ္စည်းက မြင်ရတာ မဟုတ်ဖူး။ ဟုတ်ဖူးလားဟဲ့ မိခင်မြိုင်” အဖွားကြီးသည် ဒန်စလုံကို ကြမ်းပြင်ပေါ် ပစ်ချလိုက်ရင်း ကြမ်းပြင်တွင် တင်ပလ္လင်ခွေ ထိုင်ချလိုက်သည်။

အိမ်ထဲက ထွက်လာသော အမျိုးသမီးက ဒန်စလုံကို လှမ်းယူမည်ပြုစဉ် ကောင်မကလေးက ကောက်ယူတဲ့ကာ

“လှလိုက်တာနော်။ စလုံကလေးက သေးသေးလေးရယ်”

“အမယ်လေး အေးရင်ရယ်။ ညည်း လှနေ။ အမေကလဲ နော်၊ ဒီစလုံကိုများ ယူလာရတယ်လို့”

မခင်မြိုင်သည် အဖွားကြီးရှေ့တွင် ဝင်ထိုင်လိုက်သည်။

“ပြစမ်းပါအုံး။ ပြစမ်းပါအုံး။ မဲပေါက်လာတဲ့ စလုံဆို တော့ မြင်ဘူးတယ်ရှိအောင် ကြည့်ထားချင်လို့” လူငယ်ကပါ ဝင်ပါသည်။

“ဟော၊ ဒီကောင် ပါလေရာက ပါရပြန်ပြီ” အိမ်ရှေ့ဝရံတာမှာ ပက်လက်ကုလားထိုင် တလုံးနှင့် ထိုင်ရင်း အေးရင်ကို သာ စိတ်ရောက်နေသော အဖိုးကြီးက လှမ်းပြောသည်။

လူငယ်က အဖိုးကြီးကို မကျေနပ်ကြည့် တချက်ကြည့်လိုက် သေးသည်။ ပြီး

“ဟုတ်ပါရဲ့။ ဒီစလုံပေါက်စကို ဘာလုပ်ဖို့များ မနိုက်ပြီး ယူလာရတာတုံလဲ”

“ဘာလုပ်ရမလဲဟဲ့။ သူတို့ ပေးတာ ယူ။ ဒါဘဲပေါ့” အဖွားကြီးက ဒေါသနှင့် ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

"ငါးကျပ်ဖျာ"

"ငါးကျပ်နဲ့ ငါးပြား"

"ငါးကျပ်နဲ့ ဆယ်ပြား"

"ငါက ဆဲ့ငါးပြား"

"အော် ဒီမြေးအဖိုးကလဲ တမှောင့်"

မခင်မြိုင့်အသံနှင့် အတူ

"ကဲကဲ။အဖိုးကြီး ပေး၊ ငါးကျပ် ဆဲ့ငါးပြား" ဟူသော ဒေါ်ရွှေမယ့်အသံနဲ့ ဆက်လျက်

"ဒီမယ်မရွှေမယ်။ကျုပ်ကို ဘာဖြစ်လို့ အဖိုးကြီး အဖိုးကြီး ခေါ်ရတာလဲ။ ဟဲ့ မိခင်မြိုင် နင့်အမေကို ကြည့်ပြောထားစမ်း" ဦးဘအုန်း စကားမဆုံးမီ

"ဖိုးဖိုးကလဲ အဖိုးကြီးခေါ်တာဘဲ နာရတယ်လို့" ကျော်ဝင်းမောင် ဝင်ပြောစဉ် တံခါးခေါက်သံကြောင့် အားလုံး ငြိမ်သွားသည်။

မခင်မြိုင်သည် နေရာမှ ပြုံးပြုံးပျာပျာ ထလိုက်သည်။ ယခုမှပင် စောစောက စိုးရိမ်ပူပန်စိတ် ပြန်ပေါ်လာသည်။

ထို့ကြောင့် တံခါးပေါက်ဆီသို့ ထပြေးလာသည်။ အပြင်က မည်သူ တံခါးခေါက်သည်ကိုပင် မစုံစမ်းတော့။ တံခါးကို ဖွင့်ပေးလိုက်သည်။

အပြင်ကလူကို တွေ့လိုက်ရသောအခါ ရုတ်တရက် ကြောင်အအ ဖြစ်သွားသည်။ စင်စစ် မခင်မြိုင် မျှော်လင့်ထားသူ မဟုတ်။

"ဒါ အခန်း ၁၃ ပါနော်"



အပြင် ဖက်က ရပ် လျက် သား လူရွယ် က မေး လိုက် ခြင်း ဖြစ်သည်။

"အေးကွယ့်"

"မခင်လေးနွယ်တို့ အခန်းပါနော်"

"အင်း။ ဆိုစမ်းပါအုံး"

"မခင်လေးနွယ်ရဲ့ အမေ "

"အဒေါ်ဘဲကွယ့်။ ကိစ္စက "

"မခင်လေးနွယ်က စာပေးခိုင်းလိုက်လို့ပါ"

"ဘယ်လိုကွယ့်"

မခင်မြိုင် သည် ထိတ် ထိတ် ပျာ ပျာ ဖြစ်ရ လေပြီ။ သူဘာ ဆက်ပြောမှန်း မသိမီပင် အပြင်ဖက်လူရွယ် က လက်ထဲမှစာကို အတင်းထိုးပေးနေသဖြင့် လှမ်းယူလိုက်မိသည်။

လူရွယ် ထိုနေ ရာမှ ထွက်သွား သည်အထိ မခင်မြိုင် သည် တံခါးဝ၌ ကြောင်ငေးရပ်ဆဲ ကျန်ရစ်သည်။

ဦးဘအုန်းသည် မခင်မြိုင်နား ကပ်လာသည်။

"မခင်မြိုင်ရဲ့။ ငါ့မြေးက သူ့အမေ့ဆီများ စာတတန် ပေတတန် ရေးနေရသေးသတဲ့လား။ ဟောဒီ အရွှးမ လုပ် လိုက်ရင် ဒီအတိုင်းဘဲ။ ပြစမ်း၊ ဘာတဲ့လဲ"

ယခုမှပင် မခင်မြိုင်သည် သူ့လက်ထဲက စာကို ဖြန့်ဖတ်ရန် သတိရသည်။ သို့ပေမယ့် စာကို မဖတ်ရမီကပင် ရင်ထဲက တလှပ်လှပ်ခုန်လာသည်။

ခင်လေးနွယ် တခုခု ဖြစ်နေ ပြီ ဟု စောစောကတည်းက မခင်မြိုင် သိသည်။

ခင်လေးနွယ်သည် ညနေပိုင်းမှာ ကျူရှင်သို့ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်း ခုနစ်နာရီထိုး နောက်အကျဆုံးထားပြီး ပြန်လာမြဲဖြစ်သည်။ ယနေ့ ရှစ်နာရီထိုးပြီးသည်အထိ ရောက်မလာဆိုကတည်းက မခင်မြိုင် လည်တံရှည်ခဲ့သည်။ သမီးအတွက် စိတ်ပူခဲ့သည်။ ယခု သမီးဆီက စာဆိုကတည်းက ရင်ထဲမှာ ဒိန်းကနဲ ဖြစ်ခဲ့ရပြီ။

ထိုစဉ်မှာပင် အသက် ရှစ်နှစ်ရွယ် ကလေးငယ်တယောက် အခန်းတွင်းသို့ ပြေးဝင်လာသည်။

"မေမေရေ၊ မမ လင့်နောက်လိုက်သွားပြီတဲ့ဗျ"

"ဟေ"

"ဟာ"

"ဟင်"

ပြိုင်တူ အာမေဋိတ်သံ များသည် တခန်း လုံးကို ရိုက်ခတ်သွားလေပြီ။

"အဲဒါ ခုနလူကြီးက ပြောသွားတာဗျ။ ဟာ၊ဟာ။စလုံလေး သေးသေးလေးပါလား။ ဒါ သားသားဘို့လား။ ဟုတ်တယ်နော် ဖွားဖွား။ ဒီတခါ သမဝါယမက သားသားတို့ကစားဘို့ ထုတ်ပေးတယ်နော်။ ဟန်ကျတာဘဲ။ သားသားတို့အောက်ထပ်မှာ မြေကြီးကျုံးရင် ဒီစလုံသေးနဲ့ ကျုံးရမယ်" ကလေးငယ်သည် လူကြီးတွေ၏အခြေအနေကို ဘာမျှ သတိမထား။ သူပြောစရာ ရှိတာကို ဆက် ပြောနေ၏။ ထိုစဉ်မှာပင် ကြမ်းပြင်မှ စလုံကို မြင်သဖြင့် စလုံဆီသို့ ပြေးသွား ဆွဲယူလိုက်သည်။

"ဒါက ဖိုးဖိုးကြီးဘို့ပါ သားသားရဲ့၊ ပေးပေး" အဖိုးကြီးသည် ကလေးငယ်ဆီကစလုံကို လှမ်းတောင်းနေပြန်သည်။

"အဲ၊အဲ၊အဲဒါ ဘယ်လို လုပ်မလဲ မေမေ" မခင်မြိုင် သည်



သူ့လက်ထဲက စာရွက်ကို သူ့အမေဆီ လှမ်းထိုးပေးရင်း တုန်တုန်ယင်ယင် ပြောလာ၏။

"နေစမ်းပါအုံး ဒီကောင်လေးက မဦးမချွတ်နဲ့ ဘာတွေ ပြောနေရပြန်တာလဲ"

"ဘယ်က မဦးမချွတ်ရမှာလဲ။ ဟုတ်မှာပေါ့။ ကောင်းတယ်၊ ကောင်းတယ်။ ဒီနှစ်ဖြေလဲ အောင်မှာမှ မဟုတ်တာ၊ လင်ယူသွားတော့ ကောင်းတယ်" ကျော်ဝင်းမောင်က ဝင်ပြောပြန်သည်။

"နေစမ်းပါအုံး သားရယ်။ ဘာသူနဲ့ လိုက်သွားတာလဲဖြင့် မသိဘူး၊ မင်းက ကောင်းနေ။ အဲဒါ ဟိုတယောက်ပြန်လာရင် ဆူလား ပူလားကဖြစ်အုံးမယ်" မခင်မြိုင်၏ အသံမှာ တုန်ယင်နေဆဲဖြစ်သည်။

"ဘာသူဘဲ ဖြစ်ဖြစ်ပေါ့။သူကြိုက်လို့ သူလိုက်သွားတာဘဲဟာ။ လိုက်စမ်းပါစေ။ ခုနေခါမျိုး ကိုယ့်အိမ်က လူ တယောက် လျော့သွားတာ ဘယ်လောက် တာဝန်ပေါ့သလဲ"

"မင်းတို့ သားအမိကလဲ တမျိုး။ နေစမ်းပါအုံး မိခင်မြိုင်ရဲ့ သူ့စာက ဘာတဲ့တဲ့"

"ဖိုးဖိုးက ဒီစလုံကို ဘာလုပ်ဖို့လဲ။ ဖိုးဖိုးဘို့က အကြီးကြီးမှ ကောင်းမှာ" ကလေးနှဲ့အဖိုးတို့ အငြင်းပွားဆဲ။

"စာကတော့ ဘာမှ ထူးမပါပါဘူး။ သူ သူ့ချစ်သူနဲ့အတူ နေဘို့ လိုက်သွားတဲ့အကြောင်း စိတ်ဆင်းရဲမခံကြဘို့ရယ်၊ ခွင့်လွှတ်ဖို့ရယ်၊ လိုက်ရှာမနေဘို့ရယ်။ ဒါဘဲ"

" ဖိုးဖိုးမြေးဘို့ နောက်တော့ ဖိုးဖိုး ဝယ်ပေးမှာပေါ့ " အဖိုးကြီးက မြေးငယ်ကို ဖြောင့်ဖြခိုက်တွင်

www.burmeseclassic.com



"အမလေးလေး။ ဝေးသားဘဲ။ ဘာဖြစ်လို ရှာရမှာလဲ" သားက အမေ့ကို တုန့်ပြန်လိုက်ခြင်းဖြစ်သည်။

"ခက်ပါဘိ ကျော်ဝင်းမောင်ရယ်။မင်းကလဲ တမျှောင့်။ ဒီမယ် သား။ သမီး ဘာသူနဲ့ကြိုက်နေသလဲ၊ သားသိရမှာပေါ့"

"ဟောဒီမှာ မေမေ့။ ဖိုးဖိုးက သားသားဘို့ စလုံကို သူ့စလုံဆိုပြီး ဇွတ်ယူနေတယ်"

"မေမေ့သမီး ကြိုက်တဲ့လူတွေက အများကြီး ဥစ္စာ။ ကျုနော်က ဘဲ့နဲ့ လုပ်သိမှာလဲ"

"ခက်လိုက်တာနော်။ ဦးကလဲနော်။ ခလေးနဲ့ဖက်ပြီး။ ပေးစမ်း၊ ပေးစမ်း ဒီစလုံ" မခင်မြိုင်သည် မြေးအဖိုး နှစ်ယောက်လုနေသော စလုံကို ကြားက ဖြတ်လုယူပြီး မီးဖိုဖက်သို့ လှမ်းပစ်လိုက်သည်။

စလုံကျသော ဂလွမ်ဂလွမ် အသံသည် အေးရင့် ရင်ထဲတွင် ရိုက်ခတ်သွား၏။ ဒါကို အဖိုးကြီး သတိပြု လိုက် မိ သည်။ ကျော်ဝင်းမောင်လည်း အကဲခပ်မိသည်။

"ကဲ၊ နေစမ်းပါအုံး။ သူက လိုက်မရှာစေချင်ပေမယ့် ရှာတော့ ရှာအုံးမှာဘဲ"

"ခက်တယ် ခင်မြိုင်။ နင်တို့တတွေကလဲ နင်တို့တတွေဘဲ။ ကိုယ့်သမီး အရိပ်အခြည်ကိုမှ ကြိုပြီး မသိကြဘူးတဲ့လား" ယခုမှ ခင်လေးနွယ် ကိစ္စတွင် အဖိုးကြီး ပြန်ဝင်လာသည်။

"ရှင်ပြောလိုက်ရင် အပြစ်တင်ဘို့ဘဲ။ လင့်နောက်လိုက်ပြေးတဲ့ ကိစ္စ ဘာသူ ကြိုသိအောင် လုပ်မှာတဲ့လဲ" ဒေါ်ရွှေမယ်က အဖိုးကြီးကို လှမ်းဟောက်လိုက်သည်။

"ကဲ၊ ဒါဖြင့် ငါက ဘယ်လိုက်ရှာရမှာလဲ ပြောစမ်းပါအုံး"



"ဖိုးဖိုး အသာနေစမ်းပါ။ ဒီမှာ ကျုနော်ပြောမယ်။ မေမေကလဲနော်။ အလကားနေရင်း စိတ်ပူနေတယ်။ ဘာလဲ မေမေ့သမီး လင်ယူသွားတာ ကောင်းသလား မကောင်းဘူးလား"

"အို၊ဒီအရူးကတမျိုး"

"ရူးတာ မဟုတ်ဖူး ဖွားဖွားရဲ့။ ခု ဖွားဖွားမြေး အသက် ဘယ်လောက်ရှိပလဲ"

"မိခင်မြိုင် ခင်လေးနွယ်အသက်"

"အသက်က အရေးမကြီးပါဘူး။ ဒီမယ် ကျော်ဝင်းမောင် မင်း သိတယ်မဟုတ်လား"

"ဘာကိုလဲ မေမေ"

"သူလိုက်သွားတဲ့ ကောင်ကို"

"ဘယ်သိပါ့မလဲ မေမေရာ"

"အဲဒါမှ ခက်တာဘဲ"

"ဘာခက်တာလဲ"

"အော်၊သားရယ်။မင်းမလဲ မင့်နှမအရင်းမဟုတ်တဲ့အတိုင်း"

"ဟောဗျာ။ ကျုနော့်နှမ တယောက် သူ လင့်နောက် လိုက်သွားပေါ့ဟာ ဘာသူက ဘာတတ်နိုင်မှာလဲ"

"နေစမ်းပါအုံး၊ နေစမ်းပါအုံး။ မင်းတို့ ဟာက ကျက်ညက်ညနဲ့တယ်လဲ ခက်ပါလား။ ကျော်ဝင်းမောင်ကလဲစကားကို ဆင်ဆင်ခြင်ခြင် ပြောဘို့ကောင်းတယ်။ ခု မင်းပြောနေပုံ ဟာ မဟုတ်သေးဘူး"

"ဘာမဟုတ်တာလဲ ဖိုးဖိုးရဲ့"

"ဟော တံခါးခေါက်တယ်" တချိန်လုံး ငြိမ်ငေးနေသော အေးရင့်အသံ။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေကြီးပြန်လာပြီ" ကလေးငယ်၏အသံ။ ထွက်ပေါ်သွားသည်။ အသက်လေးဆဲ့ငါးနှင့် ငါးဆယ်ဝန်းကျင်ရှိ လူကြီးတယောက်သည် ညှိုးငယ်သော မျက်နှာထားဖြင့် အခန်းတွင်းသို့ ဝင်လာသည်။

"ဒီမယ် ကိုလွန်းမောင်ရဲ့။ တော့်သမီးလုပ်ပုံ တော်သေးရဲ့လား"မခင်မြိုင်က လက်ထဲမှ စာရွက်ကိုလှမ်းပေးရင် ငိုသံပါကြီးနှင့် ပြောလိုက်သည်။

"ဘာလဲ၊ ဘာလဲ။ ဘာဖြစ်နေကြတာလဲ" စာရွက်ကို လှမ်းယူရင်း မေးသည်။

တခန်းလုံးငြိမ်သွားပြန်သည်။ ပြီးမှ

"ငါ့မြေး ခင်လေးနွယ် "အဖိုးကြီး စကား စရုံရှိသေးသည်။

"ခင်လေးနွယ် ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ ဖေဖေရဲ့။ လင့်နောက် လိုက်သွားသတဲ့"

ကျော်ဝင်းမောင်က ကြားဖြတ်လာသည်။

"ဘာကွ"

"ဟုတ်တယ် ကိုလွန်းမောင်။ တော့်သမီး "

ကိုလွန်းမောင်သည် စိတ်နောက်သွားဟန်ဖြင့်။

"တော်ပြီ၊ တော်ပြီ။ ငါသိတယ်" ခပ်ကျယ်ကျယ် ပြောရင်း ကုလားထိုင်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

"အဲဒါ၊ အဲဒါ။ ဘာသူနဲ့လိုက်ပြေးတာလဲ၊ ဘာလဲ၊ လိုက်ရှာအုံးမှပေါ့"

"ဟေ့၊ ဒီမယ် မမြိုင်။ မိဘက သားသမီးကို ထမင်းကျွေးတယ်၊ အဝတ်ပေးတယ်၊ ပညာသင်ပေးတယ်။ အဲဒီလို ကျွေးမွေးပြုစုတဲ့ကြားက မိဘထက် အရသာရှိရှိ ကျွေးနိုင်မယ်



မွေးနိုင်မယ်ထင်လို့ လင်နောက် လိုက်သွားတယ်ဆို လိုက်ပစေကွာ လိုက်ပစေ။ ဘာရှာနေစရာလိုသလဲ။ ဟွင်း။ အလုပ်လုပ်ရ ကိုင်ရတာက တမျိုး။ အိမ်မှာက ပြဿနာတမျိုး"

"ဒီမယ် ဖေဖေကြီး။ သားသားဘို့ သမဝါယမကပေးတဲ့ စလုံကို ဖိုးဖိုးကြီးက သူ့စလုံတဲ့" သားငယ်သည် အဖေနားသို့ ကပ်လာပြန်သည်။

"ဘာစလုံလဲ"

"အလကားပါ မောင်လွန်းမောင်ရယ်။ ဟဲ့အေးရင်သွား၊ သွား။ ခုနက စလုံ သွားယူပေးလိုက်စမ်း"

"ပြစမ်း ပြစမ်း"

"ဪဟ့ လွန်းမောင်။ ဒီကိစ္စက ဂတ်တိုင်ဘို့ လိုသလားမလိုဘူးလား အရင်းဆုံး စဉ်းစားရမယ်"

"အို၊ ဘာဆိုင်လို့ တိုင်ရမှာလဲ။ တိုင်ချင်လဲ တိုင်ပေါ့။ ဖိုးဖိုးကြီးဘဲ အဖမ်းခံရမှာပေါ့" ကလေးငယ်က ဝင်ပြောပြန်သည်။

အေးရင်သည် ကောက်ယူလာသော စလုံကို ကိုလွန်းမောင်ဆီသို့ လှမ်းပေးသည်။ ပြီး ကျော်ဝင်းမောင်ကို ခိုးကြည့်ပြန်သည်။ ဒါကို အဖိုးကြီးမြင်လိုက်သည်။ မကျေနပ်။ ကျော်ဝင်းမောင့် ရင်ထဲမှာ အေးသွားသည်။

"အို၊ သွားကလဲ။ လာ လာ။ မေမေ့ဆီလာ"

"ဒီစလုံက ဘာလုပ်တာလဲ"

"စောစောက အဒေါ် ပြောပြီဘဲ။ မဲပေါက်တာပါလို့"

"အဲဒါ ဘာဖြစ်လဲ"

www.burmeseclassic.com



"[illegible] ပြန်ပြောရရင် အရှည်ကြီးဘဲ။ ဒီလို မောင်လွန်းမောင်ရေ၊ ဒီလို"

"တော်စမ်းပါ အမေရယ်။ ဒီ ဘာမဟုတ်တဲ့စလုံက တပြဿနာ"

"အေး ဟုတ်တယ်။ မင်းတို့မှာဘဲ ပြဿနာနဲ့။ ငါ တယ်လေ၊ပြော မပြောလိုက်ချင်ဘူး"

"အရေးကြီးတာက သမီး ကိစ္စပါ။ အဲဒါ သမီးကိစ္စကို အချိန်ရှိတုန်း လိုက်ရှာဘို့ လိုတယ်မဟုတ်လား။ ခုဉစ္စာက ကိုလွန်းမောင် စဉ်းစားကြည့်လေ။ ဘယ်သူနဲ့ လိုက်သွားမှန်းလဲ မသိဘူး"

"ဘာလဲ။ မင့်ဉစ္စာက သဒ္ဒေးသားနဲ့ လိုက်သွားတယ် ဆိုရင် ရှာစရာမလိုဘူးလို့ ပြောချင်တာလား"

"မဟုတ်ဖူး ဖေဖေ။ ခုနက သားကို ပြောသွားတဲ့ လူကလမ်းသရဲ"

"အော်။ ဒီခလေးက တမျောင့်။ သွား၊သွား။ သားသားအိပ်ချေတော့" မခင်မြိုင်သည် သားငယ်ကို အခန်း တွင်းသို့ နှင်လွှတ်နေ၏။ သို့သော် သားသည် ထိုနေရာမှ ထွက်မသွား။ နေရာမှာပင် ထိုင်နေလိုက်သည်။

"ခလေး ပြောတာ ဟုတ်တယ်ကွယ့်။ ခုနက စာလာပေးတဲ့သူငယ်က လမ်းသရဲဘဲ"

"ဒါဘဲ၊ ဖိုးဖိုးတို့ လူကြီးတွေ တဆိတ်ရှိ လမ်းသရဲ စွပ်စွဲဘို့ဘဲ" ကျော်ဝင်းမောင်က ဝင်လာသည်။

"ကဲပါ၊တော်ကြစမ်းပါ။သား ကျော်ဝင်းမောင်လဲ ထိုင်အုံး။ ဦးက ကိုယ့်ဖာသာ အေးအေးနေပါ။ ဟဲ့အေးရင်။ ညည်းက



ဘာ မတ်တတ် မတ်တတ် လုပ်နေရတာလဲ။ အမေလဲ သွားအိပ်ချေတော့" မခင်မြိုင်က အားလုံးကို နေရာမှ ရှောင်သွားအောင် ပြောလိုက်သည်။

"အလိုတော်။ ကျုပ်က ဘာဆိုင်လို့ အိပ်ရမှာလဲ။ ခုဟာ ကျုပ်မြေးကိစ္စ ကျုပ်မပါလို့ ဖြစ်မလား"

"ကဲ၊ကိုလွန်းမောင်။ရှင့်မလဲ ပြန်လာရင် ခြေကုန်လက်ပန်းကျလို့။ သမီးကိစ္စ စဉ်းစားပါအုံး"

"ဘာစဉ်းစားစရာလိုလဲ မမြိုင်။ ငါပြောပြီဘဲ။ သူလင်လိုချင်လို့ ယူသွားတဲ့ဟာ"

"ရှင်ဉစ္စာကလဲ ကိုယ့်သမီး မဟုတ်တဲ့ အတိုင်းဘဲ"

"ဟုတ်သဟေ့။ ငါ့သားကလဲ စကားကိုနိုင်နဲ့ ဆင်ခြင်ပြောဘို့ကောင်းတယ်" ဝရံတာ ပက်လက်ကုလားထိုင်ပေါ်သို့ ရောက်သွားပြီဖြစ်သော အဖိုးကြီးက ဝင်ပြောသေးသည်။

"အဲဒါ သားဖြစ်ဖြစ် လိုက်စမ်းပါအုံး"

"ကျနော်က ဘယ်လိုက်ရမှာလဲ အမေ"

"ခက်ပါလား မမြိုင်။ အေး၊ မင်းက လင့်နောက်လိုက်ပြေးတာ မဟုတ်တော့ မင်း ဘယ်သိမလဲ။ လင့်နောက်လိုက်ပြေးပါတယ်ဆိုမှဘဲ ရုတ်တရက် ရှာမတွေ့အောင် လိုက်ပြေးမှာဘဲပေါ့"

မခင်မြိုင် ဘာမျှ ပြန်မပြောတတ်တော့။ မျက်ရည်ကလည်ကလည်နှင့်ခေါင်းငုံ့နေရလေတော့သည်။အမှန်ပင် သူဘာဆက်ပြောရမှန်းမသိတော့။ သို့ပေမယ့် ရင်ထဲမှာကား ဗလောင်ဆူနေလေပြီ။

"မကော လင့်နောက် လိုက်သွားတယ်ဆိုတော့ သားတို့ဆီ

www.burmeseclassic.com

www.burmeseclassic.com



ပြန်မလာတော့ဘူးပေါ့ ဟုတ်လား” အမေ့ဘေး ကပ်ထိုင်နေ သော သားက ဝင်စွက်ပြန်သည်။

“ဟုတ်သားဘဲ မောင်လွန်းမောင်ရယ်။ တခုခုတော့ လုပ် အုံးမှပေါ့” အဖွားကြီးက ဝင်ပြောပြန်သည်။

“ခက်တယ် ဒေါ်ဒေါ်။ ခက်တယ်။ ရှုံးမှာ ပြဿနာစုံနဲ့ ပင်မန်းရတာက တမျိုး။ ခုကိစ္စက ကျနော် ဘာလုပ်ရမှာလဲ။ တကယ်က သမီးကိစ္စဆိုတာ အမေ့တာဝန်ဘဲ။ ကိုယ့်သမီး ဘယ်ခြေ ဘယ်လို လှမ်းနေတယ်ဆိုတာ သိ ဘို့ ကောင်း တယ်။ ခုတော့ မဟုတ်ပါဘူး။ သား ကိစ္စ သမီး ကိစ္စလဲ ကျနော်။ ဒီတော့ မခက်ဖူးလား”

“ကျမလဲ ဘာမှ မသိရတာ အမှန်ဘဲ ကိုလွန်းမောင်”

“အေးပေါ့။ မင်း ဘာသိမလဲ။ မင့်အလုပ်က ဈေးသွား မယ်၊ ထမင်းချက်မယ်။ ဒါဘဲ မင်းသိတာ”

“ဒါမှ မသိရင်ကော မိန်းမလုပ်နေလို့ ဖြစ်မလား”

“အေး၊ အေး။ မင်း မိန်းမဘဲ လုပ်နေ၊ ကောင်း တယ်၊ ကောင်းတယ်”

“ဟော့၊ မောင်လွန်းမောင်။ မင်း တော်တော့”အဖိုးကြီး သည် အော်ဟစ်ပြောရင်း နေရာမှ ထမည်ပြုပြန်သည်။

ထိုအချိန်မှာပင် ကိုလွန်းမောင်သည် နေရာမှ ထသည်။ အပေါ်အင်္ကျီကို ဆွဲချိတ်ရင်း အိပ်ခန်းတွင်းသို့ ဝင်ခဲ့သည်။

“သမီးကလဲ သမီးဘဲ။ ဟိုတယောက် မောမောပန်းပန်းနဲ့ ပြန်လာတဲ့ဟာ။ ဖြေးဖြေးဆေးဆေးမှ ပြောရောပေါ့” ဒေါ် ရွှေမယ်သည် သမီးနားကပ်ပြီး တိုးတိုးပြောရာမှ နောက်ဖက်သို့ ပြန်လှည့်ကြည့်လိုက်သည်။ ကာတွန်းစာအုပ်တအုပ်နှင့် ဖြစ်နေ



သော အေးရင်အား “အေးရင်။ ညည်းလဲ ကိုယ့်အလုပ်ကို မသိဘူး။ ညည်းအကိုကြီး ပြန်လာရင် မီးဖိုမီးလေး ဘာလေး ညီဘို့ မစဉ်းစားဘူး။ ဟင်းအိုးတွေ နွေးရမယ် မဟုတ်လား” ပြောလိုက်သဖြင့် အေးရင်သည် နေရာမှ ထရလေတော့သည်။

ကျော်ဝင်းမောင်လည်း နေရာမှ ထကာ သူ့အခန်းဖက်သို့ ဝင်ခဲ့သည်။

မခင်မြိုင်သည် ရှိုက်သံမထွက်အောင် ထိန်းချုပ်ပြီး ငိုနေ သည်။ မိခင်အခြေအနေကို ရိပ်စားမိဟန်ရှိသော သားငယ်သည် မိခင်အပါးမှ ထသွားပြီး သူ့အဖိုးရှိရာသို့ လာခဲ့သည်။

“ကဲ၊ ငိုမနေနဲ့အုံး။ မောင်လွန်းမောင်ကို ထမင်းကျွေးဘို့ လုပ်အုံး။ ပြီးတော့မှ အေးအေးဆေးဆေး ပြောကြတာပေါ့”

ထိုအချိန်မှာပင် ဦးဘအုန်းသည် မြေးငယ်ကို သူ့ အပါး တွင် ထိုင်စေသည်။

“သားသားက စလုံကို ကစားစရာ မှတ်နေတာကို ကွယ့်” အသံ ခပ်အုပ်အုပ်နှင့်ပြောသည်။

“ဖိုးဖိုးကတော့ကော ဘာလုပ်ဖို့လဲ။ ဒါ သားသား ကစား ဘို့ဘဲဟာ” ကလေးအသံက နည်းနည်းကျယ်သည်။

ဒေါ်ရွှေမယ်သည် ဦးဘအုန်းကို မျက်စောင်းထိုးကြည့်လိုက် သေးသည်။ ဝရံတာ၌ မြေးအဖိုးသည် စလုံအတွက် ပြဿနာ တက်နေကြဆဲဖြစ်၏။

တဖက်အိပ်ခန်းတွင်း၌မူ ကိုလွန်းမောင်သည် အိပ်ရာပေါ် သို့ ခြေပစ်လက်ပစ် လှဲချလိုက်သည်။

သူ့အာရုံ၌ မေသက်သည် ရစ်ဝဲဆဲ။

www.burmeseclassic.com

www.burmeseclassic.com

- ၂ -

သည်တော့ ခင်လေးနွယ်ကို ချီးကျူးရမည်လား အတွေး ဝ
လာပြန်သည်။

တကယ်တမ်းကျတော့လည်း ခင်လေးနွယ်နှင့်ပတ်သက်သော
ဝေဒနာသည် ရင်ထဲမှာ တိုး၍နေပြီဖြစ်သည်ကို သူ အသိ။

စင်စစ် ခင်လေးနွယ်သည် သူ့သမီး။ သူချစ်သော သမီး

သည်သမီးအတွက် သူ သောက ဖြစ်ခဲ့ရသည်မှာ ကြာပြီ
အခြေခံပညာအထက်တန်းစာမေးပွဲတွင် ပထမအကြိမ် အပိုင်းခ
ပါလာကတည်းက သူ သမီးအတွက် စိတ်မကောင်း ဖြစ်ခဲ့ရ၏

သာပြောပြော သားကျော်ဝင်းမောင် နှင့် သမီးခင်လေးနွ
ယှဉ်လျှင် ဘာမျှ မဆိုင်။ ကျော်ဝင်းမောင်သည် ကျောင်းစာ
မွှေ့လျော်တတ်သူ မဟုတ်။ ပန်းချီဆွဲသလိုလို၊ ကဗျာစပ်သ
လို၊ ဝတ္ထုရေးသလိုလိုနှင့် နေသည်။သို့ပေမယ့် ထိုသားသည် မ
သည့်စာမေးပွဲတွင်မျှ အထစ်အငေါ့ မရှိခဲ့။ သမီးသည် သ
လိုမဟုတ်။ အမြဲတစေ စာအုပ်နှင့်မျက်နှာ ကင်းကွာသည် မ
ခဲ့။ နကိုကမှ စာကြည့် သန်ရသည့် အထဲ ပထမ အကြိ
အခြေခံ အထက်တန်းစာမေးပွဲ ဖြေရမည်ဆိုသောအခါ သူ
အခန်းက ထွက်သည် မရှိတော့။

သူတို့တိုက်ခန်းမှာ အိပ်ခန်းသုံးခန်း၊ မီးဖို၊ ရေချိုးခန်းနှ
ဧည့်ခန်းတခန်းအဖြစ် အခန်းဖွဲ့ထားသည်မှာ မှန်၏။ သို့သေ
ကျယ်ကျယ်ဝင့်ဝင့်ရှိလှသည်ဟုကား မဆိုနိုင်။ အိပ်ခန်း တခန်



တခန်းမှာ ဆဲ့နှစ်ပေ ပတ်လည်လောက်ရှိသည်။ သည်အခန်း
တခုစီမှာလည်း ကြည့်ဦး။

တခန်းမှာက သူတို့လင်မယားနှင့်သားငယ်။ နောက်တခန်း
မှာကား သူ့အဖေ ဦးဘအုန်းနှင့်သား ကျော်ဝင်းမောင်။ ကျန်
အခန်းတွင် မခင်မြိုင့် အမေ ဒေါ်ရွှေမယ်၊ အိမ်ဖော်မကလေး
အေးရင်နှင့်သမီး ခင်လေးနွယ်။

သည်တော့ သမီးအဖို့ စာကျက်ရသည်မှာ မလွတ်လပ်ဟု
သဘောရပုံပေါ်သည်။ ထို့ကြောင့်ပင် ထိုစာမေးပွဲ ဖြေမည့်
နှစ်စကတည်းက အေးရင်ကို ညပိုင်းတွင် အိမ်ရှေ့ဧည့်ခန်းမှာ
သွက်အိပ်စေသည်။ ညလုံးပေါက် မီးထွန်းပြီး စာကြည့်သည်ကို
ဘွားအေဖြစ်သူ ဒေါ်ရွှေမယ်က တယ်ပြီး ကြိုက်ပုံမပေါ်။

ဟုတ်တော့လည်း ဟုတ်သည်။ ကိုလှန်းမောင် ကိုယ်တိုင်က
ပင် သူ့ သမီး သည်မျှ စာကြည့်သန်သည်ကို မရှုစိမ့်ခဲ့။

"သမီး နဂို တော်ပြီး သား ဘဲကွယ်။ ဒီလောက် အပင်ပန်း
ခံစရာ မလိုပါဘူး" ပြောခဲ့ပါသေး၏။

"မဖြစ်ဖူး ဖေဖေ။ ဒီခေတ်က စာမေးပွဲ အောင်တယ်ဆိုရုံ
လောက်နဲ့တောင် တက္ကသိုလ် နေခွင့်က သေချာတာ မဟုတ်ဖူး။
ဒီတနှစ်တော့ အပင်ပန်းခံရမှာဘဲ ဖေဖေ"

သမီး အပင်ပန်းခံသည်ကို မြင်ရသောအခါ ကိုလှန်းမောင်
မချိ။

သည်ကြားကပင် ထိုသမီး အပိုင်းခမှသာ အောင်သည်ဆို
သောအခါ သမီး မည်မျှ ခံစားရမည်ကို ကိုလှန်းမောင်ခံစား
သိဖြင့် သိခဲ့သည်။ သမီး မျက်ရည်သွယ်သွယ်ကျ ငိုနေသည်ကို

"ငိုမနေပါနဲ့ သမီးရယ်။ ဒီတနှစ် မအောင်တော့လဲ ရှေ့တ

www.burmeseclassic.com

www.burmeseclassic.com



နှစ် မျှော်လာပေါ့ကွယ်” နှစ်သိမ့်စကား ဆိုခဲ့သည့် တိုင်အောင် မေအောင် တုန်တုန်ခါခါ ဖြစ်နေခဲ့သည်ကို သိ၏။

ထို့ကြောင့် ဖြစ်မည်။ ဒုတိယနှစ်တွင် သမီးသည် ပထမနှစ်ထက် ပိုပြီးကြိုးစားခဲ့သည်။ ထိုနှစ်တွင် သားဖြစ်သူ တက္ကသိုလ်မှ သမိုင်းအဓိကနှင့် ဝိဇ္ဇာဘွဲ့ရသည်။

“ကိုကို့လို အမှတ်နဲနဲနဲ့ မေဂျာသွားရရင်တော့ အလကားဘဲ။ ခု ကြည့်ပါလမ်း။ ကိုကိုစာမေးပွဲအောင်ပြီ။ ဘာဖြစ်လဲ။ မိဖထမင်း ထိုင်စားရုံဘဲပေါ့။လေးနှယ် ဒါမျိုးတော့အဖြစ်မခံဘူးဖေဖေ။ ဒီတော့ အမ်စီတို့ အာအိုင်တီတို့လောက်တော့ ရအောင် ကြိုးစားရမှာဘဲ”

သမီးစကားကို ကြားရတော့ ကိုလွန်းမောင် အားမတက်နိုင်ခဲ့။ ပိုလို့သာ မောရသည်။

သည်တုန်းကလည်း သူ့ဘဝကို သူ ပြန်ပြီး သတိရခဲ့မိသေးသည်။

စင်စစ် ကိုလွန်းမောင် အဖေသည် အတန်းပညာ ကြီးကြီးကျယ်ကျယ် တတ်ထားသူမဟုတ်။ ခုနစ်တန်း လောက် သာ အောင်သည်။ ထို့ကြောင့် မြေတိုင်းစာရေးအလုပ်လောက်နှင့် ကျေနပ်ခဲ့ရ၏။

ဦးဘအုန်းတို့ခေတ်ကတော့လည်း မြေတိုင်းစာရေးအလုပ်သည်ပင် ရာမအလုပ်ကြီး။ ထို့ကြောင့် လွန်ခဲ့သော လေးငါးခြောက်နှစ် ကိုလွန်းမောင် ရာထူးတိုး၍ ယခုအခါ လေးရာ့ငါးဆယ်၊ ဟိုစဉ် သုံးရာ့ငါးဆယ်စား ရာထူးရခဲ့စဉ်က

“အမယ်လေး ငါ့သားရယ်။ မင်း သုံးရာ့ငါးဆယ်စား ဘာများ မက်စရာရှိလဲ။ အဖေတို့ လခ သုံးလေးဆယ်နဲ့ လုပ်ခဲ့ရတဲ့ မြေတိုင်းစာရေးအလုပ်နဲ့ ဘယ်လဲမလဲကွ”ဟု ပြောခဲ့သေးသည်။



မှန်သည်။ ဦးဘအုန်းသည် မြေတိုင်းစာရေးမှ မြေစာရင်းဝန်ထောက် အခေါ်ခံ အင်စပက်တော်လောက်အထိ ရာထူးတက်ခဲ့၏။ သို့ပေမယ့် ကျေးလက်မှာတော့ ဦးဘအုန်းသည် ဗိုလ်ရုံ။

လခဆိုသည်မှာ ဦးဘအုန်းတို့လို လူတွေအဖို့ အလကားမပြောပလောက်။ သူ့အထက် အရာရှိလာခိုက်မှာ ဦးဘအုန်းဦးညွှတ်ရုံလောက်သာ ညွှတ်ခဲ့ရ၏။ ကွင်းဆင်းပြီဆိုလျှင် ကျေးလက်ရှိ မြေရှင်ကစ၊ သူကြီးအဆုံး အားလုံးကပင် ဦးဘအုန်းကို ငိုခိုးမတတ်ဖြစ်ခဲ့ရသည်။ ထို့ကြောင့်လည်း ဦးဘအုန်းသည် မြေရှင့်သမီးနှင့် ညားခဲ့သည်။

စင်စင် ဦးဘအုန်းသည် မြေရှင့်သမီးနှင့် မညားစေနှင့်ဦး၊ သားသမီး သုံးယောက် လောက်ကို ကား တက္ကသိုလ်သို့ ပို့ပြီး ပညာသင်ပေးနိုင်ရန် ဘာမျှ ဝန်မလေး [illegible]။ သို့သော် သမီးကြီးမှာ အထက်တန်းပညာမှ ဆုံးခန်းတိုင်အောင် မသင်ရ။ ကွယ်လွန်ခဲ့သည်။ သို့ဖြင့် သားကို တက္ကသိုလ်သို့ပို့ခဲ့သည်။ သမီးငယ်ကို အထက်တန်းမှာ ကျောင်းထားခဲ့သည်။

သမီးငယ်သည် အထက်တန်းပညာကို ဆုံးခန်းတိုင်အောင် မသင်ခဲ့။ လင့်နောက်လိုက်ခဲ့သည်။ သူယူခဲ့သော လင်မှာ ကြီးကြီး ကျယ်ကျယ် ထဲက မဟုတ်။ သူတို့နေခဲ့သော မြို့က စာအုပ်ဆိုင်ရှင်ကလေးမျှသာဖြစ်သည်။ မအေ မြေရှင်၊ ဖအေကလည်း မြို့နယ်တွင် ဘုရင်တဆူ အနေအထားရှိသူတို့၏ သမီး မင်္ဂလာ ရွား ကြီးကျယ်သော အချိန်အခါလည်း ဘာမျှမရှိ၊ ငွေကြေးလည်း

www.burmeseclassic.com

www.burmeseclassic.com



ချစ်သော စာအုပ်ဆိုင်ရှင်တယောက်နောက်လိုက်ပြေးခဲ့သည့်အတွက် အဖေရော အမေရော စိတ်မကောင်းဖြစ်ခဲ့ကြရသည်။ နောက်ဆုံး သမီးစိတ်နှင့် အမေဆုံးရသည် အထိ။ ထိုအခါ ဦးဘအုန်းသည် သမီးကို သေခန်း ရှင်ခန်းဖြတ်သည်ဟုပင် ပြောခဲ့၏။

ထိုစဉ်က စ၍ ကိုလွန်းမောင်သည် အဖေ့ဒေါသကို သိခဲ့သည်။

မည်သို့ဖြစ်စေ၊ အဖေတို့မှာ လယ်ရှိသည်၊ မြေရှိသည်၊ ငွေရှိသည်။ လွတ်လပ်ရေးရပြီး နောက်ပိုင်း အဖေတို့ လယ်တွေလက်လွှတ်ခဲ့ရသည့်တိုင်အောင် အဖေတို့မှာ ရွှေမရှား ငွေမရှား။ ထို့ကြောင့် သားတယောက် တက္ကသိုလ်သို့ ပို့နိုင်ဖို့ ဆိုသည်မှာ ဘာမျှမထောင်းတာ။

သည်တော့ ကိုလွန်းမောင်သည် သဌေးသား တယောက်နှင့် မခြား၊ သုံးနိုင်၊ ဖြုန်းနိုင်၊ ဝတ်နိုင်ခဲ့သည်။

ထို့ကြောင့်လည်း ကိုလွန်းမောင်သည် တက္ကသိုလ် ကျောင်းသား ဘဝတွင် ထင်ရှားခဲ့၏။

ကိုလွန်းမောင် တက္ကသိုလ်ရောက်ပြီး တတိယနှစ်တွင် ကိုလွန်းမောင် အဖေသည်လည်း ရန်ကုန်သို့ ပြောင်းလာခဲ့ခြင်းဖြစ်၏။ တချိန်တည်းမှာပင် ဒေါ်ရွှေမယ် သားအမိလည်း ရန်ကုန်သို့ ပြောင်းလာခဲ့ခြင်းဖြစ်၏။

ဦးဘအုန်းနှင့် ဒေါ်ရွှေမယ်သည် အစကတည်းက တမြို့တည်းနေများ ဖြစ်ကြသည်။

ဦးဘအုန်းဇနီးနှင့် ဒေါ်ရွှေမယ် တို့သည် ဆွေရိပ် မျိုးရိပ် မကင်းကြပေ။ ဒေါ်ရွှေမယ်သည်လည်း မြေပိုင် မျိုးရိုး ဆက်



ဖြစ်သည်။ သူတို့မှာ မြေသာ မဟုတ်။ စက်ကိုလည်း ပိုင်ကြ၏။ သို့သော် ပြည်တွင်းစစ်သည် ဒေါ်ရွှေမယ်၏ ခင်ပွန်းကို သတ်ခဲ့သည်။ မြို့ငယ်၌ နေရသော အခြေအနေသည် ယိုင်ယဲ့လာချေပြီ။ သို့ဖြင့် ဒေါ်ရွှေမယ်အဖို့ တဦးတည်းသောသမီး မခင်မြိုင်နှင့် အထိတ်ထိတ်အလန့်လန့် ဖြစ်လာကြ၏။ ထိုအခါ ဦးဘအုန်း တာဝန်ရှိလာသည်။

မှန်သည်။ ဦးဘအုန်းနှင့် ဒေါ်ရွှေမယ်တို့သည် ဆွေရိပ်လည်း မကင်း၊ ရပ်ရိပ်လည်း အတူ ရှိလာခဲ့သူများဖြစ်သည့်ပြင် ဦးဘအုန်းဇနီးနှင့် ဒေါ်ရွှေမယ် တို့မှာ ဦးဘအုန်းဇနီး မသေခင်က သဘောတူထားရှိခဲ့သော စိတ်ကူး အကြံ အစည် တခုလည်း ရှိလေသည်။ ထိုစိတ်ကူးအကြံအစည်ကား ကိုလွန်းမောင်တို့ အရွယ်ရောက် လာ သော တ နေ့ တွင် ကိုလွန်းမောင်နှင့် မခင်မြိုင် လက်ဆက်ရေး။

ဤသို့သော မြေရှင် မိသားစုနှစ်စု၏ ရွှေနှစ်ပြားကို ဂဟေတသားတည်းပူးအံ့သော အကြံအစည်ကိုကား ကိုလွန်းမောင် အစက မသိခဲ့ပေ။ သိသည့်တိုင်အောင်လည်း သူ အရေးထားမှာ ထားပေမည်။

မခင်မြိုင်နှင့် သူတို့သည် ငယ်ပေါင်းများ ဖြစ်ကြသည်မှာ မှန်၏။ မခင်မြိုင် ခုနစ်တန်း ရှစ်တန်းလောက်အထိ တကျောင်းတည်းနေများ ဖြစ်ခဲ့သည်မှာလည်း မှန်၏။ မိဖများကို မှီ၍ နှစ်ဦး အဆက်အဆံ ရှိခဲ့သည်မှာလည်း မှန်၏။ သို့သော် သူတို့နှစ်ဦးစလုံး၌ သည့်ထက် ပိုမိုထူးခြားသော စိတ်ထား သဘောထားများ မရှိ။

ဦးဘအုန်းသည် ဒေါ်ရွှေမယ်တို့နှင့်အတူ ရန်ကုန်သို့ပြောင်း

www.burmeseclassic.com



သူ [illegible]ခဲ့သော အခြေအနေတွင် ထိုသားရေး သမီးရေး ကိစ္စများကို ဆွေးနွေးခဲ့သေးသည်။ နှစ်ဖက် သဘောတူပြီး ကိစ္စများဖြစ်၍လည်း ဘာမျှ အပြောင်းအလဲမရှိခဲ့။

ကိုလွန်းမောင်ကမူ မည်သည့် အခြေအနေကိုမျှ သိမထားခဲ့။ သူ တက္ကသိုလ်၌ ပညာသင်နေရသော အဖြစ်ကိုသာ သူ့ဖာသာ ကျေနပ်ခဲ့သည်။ ရောင့်ရဲခဲ့သည်။ သူ့အဖို့ တက္ကသိုလ်ပညာသင်ကြားရေးသည် တကယ့် အပျော်ခေတ် ဖြစ်သည်။ ယခု သမီးတို့ သားတို့ ပညာသင်ယူနေရသော အခြေအနေနှင့် ယှဉ်ကြည့်သောအခါ သမီးတို့ သားတို့ကို သူ သနားလာသည်။ ထိုကမှ တဆင့် ယခုမျက်မှောက် လူငယ်တွေဘဝကို သူ စာနာကြည့်ပြန်သည်။

လူငယ်ဘဝသည် ရွှေဘဝဟူသော အနောက်တိုင်းစကားကို သူ ကြားခဲ့ဖူးသည်။ အတောင့်တမဲ့ အကြောင့်ကြမဲ့ ဘဝ ဟုလည်း သူ သိခဲ့ဖူး၏။

မှန်လေစွ။ ကိုလွန်းမောင် ဘဝ၌ အကြောင့်ကြလည်း မရှိ၊ အတောင့်တလည်း မရှိခဲ့။ ယခု ပြန်စဉ်းစားသောအခါ ဆယ်တန်း ခေါ် တက္ကသိုလ်ဝင်တန်းကိုပင် ဘယ်ကဘယ်လို အောင်မြင်ခဲ့သည် မမှတ်မိတော့။ စာကြည့်လိုက်ရသည်ဟု မထင်ခဲ့။ တက္ကသိုလ် ရောက်ပြန်သော အခါမှာလည်း တခါတခါတော့ စာသင်ရက် များသည် ကုန်လွယ်လွန်းသည်ဟု ထင်သည်။

ထိုကာလက တက္ကသိုလ်တွင် နိုင်ငံရေးလှုပ်ရှားမှုများလည်း ရှိသည်။ ပညာသင်ကြားရေး၌ အာရုံစိုက်သူ များလည်း ရှိပါ၏။ သို့သော် ကိုလွန်းမောင်သည် ဘာကိုမျှ စိတ်မဝင်စားခဲ့။ တက်ကြွလှုပ်ရှားသော လူငယ်များနှင့်လည်း သူ ကင်းလွတ်



သည်။ မျှော်လင့် အားထားသော သဘောလည်း သူ့မှာ တယ်ပြီး ပြင်းပြလှသည် မဟုတ်။ မိဖစည်းစိမ်နှင့် ပျော်ပျော် နေခဲ့သည်။ သုံးခဲ့သည်၊ ဖြုန်းခဲ့သည်၊ ပြီး မိန်းမလှကလေး များနှင့် တွဲခဲ့သည်။ ထို့ကြောင့်လည်း တက္ကသိုလ် သက်တမ်း တတိယနှစ် ကိုသာ ကျော်လွန်ခဲ့သေးသည်။ ကိုလွန်းမောင် ဥပစာအထက်တန်း (ယခုအခေါ် ဒုတိယနှစ် သင်တန်း) သာ လျှင် အောင်သေး၏။

ထိုအခြေအနေမျိုးတွင် ရန်ကုန်၌ အခြေကျစပြုလာပြီ ဖြစ်သော အဖေသည် ကိုလွန်းမောင်၏ အိမ်ထောင်ရေးကို စတင် စကားဆိုလာခြင်း ဖြစ်၏။

"ဟာ အဖေကလဲ မဟုတ်တာကြီးဘဲ။ ခင်မြို့ငှ်ကို ကျနော် မယူချင်ပါဘူး" ခပ်ပေါ့ပေါ့ ပြောခဲ့သည်။

"မယူလို့ ဖြစ်မလားကွ။ လူကြီးချင်း သဘောတူထားတဲ့ဟာ"

"လူကြီးချင်း သဘောတူတာ မှန်ပေမယ့် လူငယ်တွေချင်း ပေါင်းကြရမှာ မဟုတ်လား"

"အေးလေ၊ လူငယ်တွေချင်း ပေါင်းရအောင် လူကြီးတွေက သင့်သလို စီမံပေးရတာပေါ့"

"ခင်မြို့ငှ်ကို ကျနော်ကမှ မကြိုက်ဖဲဟာ"

"အောင်မယ်၊ ခင်မြိုင်လို မိန်းကလေးမကြိုက်လို့ မင်းက ဘယ်လို မိန်းကလေးများ ကြိုက်ချင်သေးလို့လဲ။ ဘာလဲ၊ မင်းက ရန်ကုန်သူ ဆတ်ကော့ လတ်ကော့တွေကို ကြိုက်နေပလား"

သည်တော့လည်း အပြောရ အခက် သားပင်။ သူ့မှာ ရည်းစားသနာတွေ ထားခဲ့ဖူးပါ၏။ တက္ကသိုလ် သုံးနှစ်အတွင်း

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူတွေထဲက လေးယောက်လောက်ပင် ပြောင်းခဲ့ပြီ။ သည်ကြားထဲ အပြင်ဖက် ထမင်းဆိုင်မိန်းကလေး၊ ဗိုလ်ချုပ်ဈေးဈေးသည်ဆိုတာမျိုးနှင့်လည်း ရည်းစားထားခဲ့ဖူးပါ၏။ ဘယ်သူ့ကိုမျှ စွဲစွဲလမ်းလမ်း ရှိလှသည်ဟူ၍ကား မရှိသေး။ သည်လိုဘဲ၊ အပျော်တမ်း ရင်ခုန်ခဲ့သည်မျိုးသာ ရှိသည်။ တခါတလေ ရည်းစားပြိုင်ထားခဲ့သည်မျိုးသာ ရှိသည်။

သို့ပေမယ့် ကိုလွန်းမောင် ခင်မြိုင်ကို ယူဘို့ကား ဝန်လေး၏။

"ဘာပြောပြော ခင်မြိုင်ဟာ လှတယ်ကွာ။ ကဲ၊ ဒါကို မင်းငြင်းမလား"

ကိုလွန်းမောင် မငြင်းနိုင်ပါ။

"လိမ်မာတယ်ကွာ။ ပီပြားတယ်ကွာ။ မင်း ရန်ကုန်သူတွေနဲ့ မိန်းမကောင်းပီသတဲ့ အရည်အချင်းမှာ ယှဉ်ကြည့်စမ်း။ ကွာလိုက်တဲ့ဖြစ်ခြင်း"

ဒါကိုလည်း ကိုလွန်းမောင် ငြင်းသင့်သည်ဟု မထင်ပါ။

"အင်း၊ နောက်ပြီး တဦးတည်းသမီး။ အမေတခု သမီးတခု။ လယ်တွေနဲ့စက်တွေ စွန့်ခဲ့တာတောင် အတွင်းပစ္စည်း ရှိသေးသကွာ"

ကိုလွန်းမောင် ပစ္စည်းကို မှီပြီး သုံးချင် သုံး ဖြုန်းချင် ဖြုန်းမည်။ ပစ္စည်း အရင်းခံဖြင့် မိန်းမယူရမှာတော့ သဘောမကျ။

"ဘာလဲ အဖေ။ ခင်မြိုင်တို့မှာ ပိုက်ဆံရှိလို့ ကျနော်က ပိုက်ဆံမက်ပြီး ယူရမှာမျိုးလား"

"ဟာ၊ ငါက ဒီလိုပြောလို့လားကွ။ ငါ ခုပြောနေတာက မင်းအဖို့ ခင်မြိုင်ကို ယူလို့ ဘာမှ အရှုံးမရှိဘူးဆိုတဲ့ အကြောင်းပြောနေတာ"



"မဟုတ်သေးပါဘူး အဖေရာ။ အိမ်ထောင်ပြုတာဘဲ မြင်းသောင်းတာသားကျနေတာဘဲ အရှုံးမရှိတာနဲ့ အရှုံးရှိတာနဲ့"

"အောင်မယ်။ မင်းက ငါ့ကိုများ"

သည်တော့လည်း ကိုလွန်းမောင် ခေါင်းငုံ့နေခဲ့၏။

"အေး၊ ဒါဘဲ။ စာမေးပွဲ မြန်မြန်အောင်အောင် ကြိုးစားပြေ။ မင်းလဲနော်၊ ပေါ့ပေါ့ဆဆနဲ့။ ကျောင်းနေလာတာ လေးနှစ်ထဲရောက်ပြီ။ ခုမှ ဘီအေ ပထမနှစ်။ မရှက်ဖူးလား"

တကယ်လည်း ကိုလွန်းမောင် မရှက်ခဲ့ပါ။ သူတို့ခေတ်တုန်းက သူ့လို ကျောင်းဆွေးဆွေး လူဆွေးဆွေး နေနေသူတွေ အပုံ။

ယခု သူ ပြန်တွေးသောအခါ သူတို့တုန်းက တက္ကသိုလ်မှာ ရည်သူမျှ အလောတဆယ် ပညာမသင်ခဲ့ဟု သဘောရလာသည်။ အများအားဖြင့် မှန်မှန်ဘဲ။ တခုဘဲ၊ တအိုးတအိမ် ထောင်ချင်ပြီဆိုမှ ဘွဲ့တခုခုရအောင် လုပ်၊ ကျောင်းထွက်၊ အပြင်မှာ အလုပ်လုပ်၊ ပြီး လက်ထပ်ကြ။ ဒါဘဲ။ ထို့ကြောင့်လည်း သူ့အဖေသည် သူ့ကို စာမေးပွဲ မြန်မြန်အောင်အောင် အဖြေခိုင်းခဲ့ခြင်းဖြစ်ဟန်တူ၏။ သို့ပေမယ့် တက္ကသိုလ်စတုတ္ထနှစ်၊ ဘီအေပထမနှစ်တွင် သူ စာမေးပွဲမအောင်ခဲ့။

စာမေးပွဲ မအောင်ပေမယ့် သူ ဗိုလ်ချုပ်ဈေးအထည်ဆိုင်က သင်းသင်းရီကို ခိုးပြေးခဲ့ပြီ ဖြစ်သည်။

ယခု သမီး ပညာသင်နေရသော အဖြစ် အတွေးမှ သည် အဖေတို့ ပညာသင်ခဲ့ပုံ၊ မိမိ ပညာသင်ခဲ့ပုံ တို့ဆီသို့ အတွေးသည် ကူးဆက်လာခဲ့သည်။ ထို ကူးဆက်များ တွင်ပင် အဖေ့အိမ်

www.burmeseclassic.com

www.burmeseclassic.com



ထောင်ရေး၊ သူ့ အိမ်ထောင်ရေး ကိစ္စသည်လည်း ကွင်းဆက်တွေအဖြစ် ပါလာသည်။

စောစောက အတွေးအာရုံတွင် ရစ်ဝဲနေသော ခမသက်နေရာတွင် သင်းသင်းရီသည်ပင် ပြန်လည်၍ ရောက်လာ ပြန်ချေသည်။

စင်စစ် သူ သင်းသင်းရီကို တနေ့တွင် ခိုးယူပေါင်းသင်းဖြစ်လိမ့်မည်ဟူ၍ကား ကြံရွယ်မထားခဲ့ရိုး အမှန်ပင်။ ထို့အတူ သူထားခဲ့သော ရည်းစားတွေထဲမှ မည်သူမည်သူ့ကိုဖြင့် လက်ထပ်ပေါင်းသင်းမည်ဟုလည်း မဆုံးဖြတ်ခဲ့မိသေး။ ချစ်လိုက်၊ကြိုက်လိုက်၊ တွဲလိုက်၊ သွားလိုက်၊ တခါတလေ ပွေ့လိုက် ဖက်လိုက် ကြည်နူးလိုက်နှင့် နေရသည်ကို သူ ပျော်ခဲ့သည်။ တခုတော့ ပြောစရာရှိသည်။ ဒုတိယနှစ်ပိုင်း မအူမလည်နှင့်တုန်းက သူကျောင်းနားထမင်းဆိုင်က မိန်းကလေးနှင့် ဖြစ်သည်။ တွဲရင်း၊ ဖက်ရင်း၊ ပွေ့ရင်းနှင့် ကျူးခဲ့သည်။ မိန်းကလေးမှာ ကိုယ်ဝန်ရှိလာ၏။ သို့ပေမယ့် သူ လက်မထပ်ချင်သေး။ ကိုယ်ဝန်ရှိလာသည့်အဖြစ်အတွက်ကား ခေါင်းနပန်း ကြီးခဲ့သည်။ အရပ်ကူပါ လူဝိုင်းပါ ဖြစ်ခဲ့သည်။ နောက်ဆုံး သူငယ်ချင်းတွေ အကူအညီတောင်း၍ ဆရာဝန်အတွက် နှစ်ရာသုံးရာ၊ ကောင်မလေးအတွက် သုံးလေးရာ။ ဒါဘဲ ကုန်ခဲ့သည်။ ပြီးတော့လည်း မေ့မေ့ပျောက်ပျောက်ပင်။

ယခု သူ သင်းသင်းရီကို ခိုးယူပေါင်းသင်းခဲ့သည့်အဖြစ်ကို ပြန်တွေးသောအခါ ဆန်းတော့နေသည်။ ကြာပြီဘဲ။ အနှစ်နှစ်ဆယ်တောင် ကျော်ခဲ့မင့်။

သင်းသင်းရီ ချောသည်၊ လှသည်၊ ချစ်စရာကောင်းသည်။



ခွဲမက်ဖွယ်လည်း ကောင်းသည်။ သင်းသင်းရီနှင့် အပြိုင် ရည်းစားထားခဲ့သော ကျောင်းက ဟယ်လစ်သိန်းအောင်သည်လည်း ချောပါ၏၊ လှပါ၏၊ ချစ်စရာကောင်းပါ၏။ သို့သော် စွဲမက်ဖွယ်၊ ကိုယ်လုံး ကိုယ်ထည် အလှတွင်ကား ဟယ်လင့်သည် သင်းသင်းရီကို မမီနိုင်။ သို့ပါလျက် ကြည့်စမ်း၊၍ ဟယ်လင်သည် စာမေးပွဲအောင်စာရင်း ထွက်သည်နှင့် မင်္ဂလာပွဲဆင်နွဲလိုက်သည်။ ဒါ သူ့ကို စိမ်ခေါ်လိုက်ခြင်းဘဲဟု ကိုလွန်းမောင် ယူဆသည်။ ယူဆစရာ အကြောင်းကလည်း ရှိသည်။

ထိုနေ့က စာမေးပွဲအောင်စာရင်းနှင့်အတူ ဟယ်လင်၏ မင်္ဂလာသတင်းသည်လည်း ထွက်လာ၏။ ပထမတော့ ဟယ်လင် လက်ထပ်လိုက်ခြင်းအတွက် သူ တုန်လှုပ်ခဲ့သည် ဆိုသည့်တိုင်အောင် ခံစားရသည်ဟူ၍ကား မထင်။ ထို့အတူ စာမေးပွဲကျသည့်အတွက်လည်း သူ တယ်ပြီး ခံစားရသည်မထင်။သို့ပေမယ့် ထုံးစံအတိုင်း စာမေးပွဲအောင်လျှင် စုဝေးသောက်စားပွဲ ကျင်းပသည့်နည်းတူ စာမေးပွဲကျပြန်လျှင်လည်း စုဝေးသောက်စားပွဲ ကျင်းပသည်။ သို့ဖြင့် အရက်ကလေး ရီဝေလာသော ညမှောင်တရီတွင် အချင်းချင်း အပင့်အထောင် ကလေးတွေကလည်း ပေါ်လာသည်။ အသည်းကွဲသည်၊ ရင်နာသည်ဟူသော စကားတွေကိုလည်း ဆိုလာ၏။ သို့ဖြင့် အဓိပတိလမ်းတလျှောက်မှာ အသံကျယ်ဟစ်ကာ ဂီချင်းကို ဆိုလေတော့သည်။ ပြီး ဘွဲ့နှင်းသဘင်ရှေ့မြက်ခင်းမှာ လှဲကာ ဟယ်လင်ကို တခဲ့သည်။

"အမယ်လေးလေး လွန်းမောင်လေး။ နင့်ဘဝမှာ ရည်းစားရေးရှောလား ဟဲ့။ ဒီဟာမ ဟယ်လင်ကို မရလို့ ဒီတောက်တောင်ဖြစ်နေရတယ်လို့" တယောက်က အပင့်။

www.burmeseclassic.com



"ဒါတော့လဲ မပြောနဲ့လေ။ ထရွ္ဂိုင်မြို့ထဲကို ဝင်ပြီး စစ်တိုက်... ထူ ရလောက်အောင် ချောတဲ့ ဟယ်လင်ဘဲဟာ။ ဟော့ကော... ခုလဲ ဟယ်လင့်အိမ်ထဲ ဇွတ်ဝင်ပြီး ဝင်လုရအောင်ကွာ"

"ဘာဆိုင်လို့လဲကွ"

"ဟ၊ ထရွ္ဂိုင်မြို့ တိုက်ပွဲမှာ မြင်းရုပ်က အရေးကြီးသလေ..."

"မင်း မင်း၊ ခွေးသား ငအူ။ ငါက ဟယ်လင့်ကို ယူ... ပြောတာ မဟုတ်ဖူး"

"သက်စရိုက်၊ သက်စရိုက်။ စိတ်ညစ်လို့ အရက်ကိုသော... တယ်၊ အရက်သောက်တော့ သိပ်စိတ်ညစ်တယ်၊ အကြောင်... ရှာတော့ ရှာတော့ ဝေါ့"

"ဟ လွန်းမောင်လေးရ။ အမယ် လေးလေးနော်။ ဟော... ကောင်၊ ဟော့ကောင်။ မင်း ဟယ်လင်က လှတာ တော်... မှန်တယ်"

"ရိုက်မင်၊ ရိုက်၊ ရိုက်"

"ငါပြောတာ နားထောင်စမ်းပါ"

"ယာတောလယ်မှာလေ၊ ငါပြောမယ် ရွှေရှင်ဘုရင်ရဲ့ နင်သော... ခြင်အုံး။ ဟောဒီ ဘွဲ့နှင်းသဘင်ကြီးရေ နင်လေ နင် န... အများကြီး ဆင်ခြင်အုံး ဟုံးဟုံး၊ အုံးဟုံးဟုံး"

"တယ်တယ်တဲ့ ဗျူနောင် အူကြောင်ကြောင်နဲ့ကွယ်။နော်... ချာလယ်၊ ချာလယ် ချာလယ် ချာလယ်၊ ချာလယ်"

"ဟော့ကောင်။ အူရ။ မင်းကာ ါ အရှုးကိုလိုက်ပြီး မြှော... နေ။ မင်း ဝင်မရှုပ်နဲ့။ ဒီမယ် လွန်းမောင်။ ငါပြောတာ န... ထောင်စမ်း"

"သောတရှင်များ ခင်ဗျား၊ အဲလေ၊ ရှင့်။ မြန်မာ့အသံက အသံလွှင့်နေပါတယ်"

"အေး ဟုတ်တယ်။ ဒီတော့ မင့်း နားထောင်။ မင့် ဟယ်လင်က လှပေမယ့် အရိုးများတယ်ကွ"

"သေလောက်မျိုးကိုကွ"

"ဘယ်ကလာ သေလောက်မျိုးရမလဲ။ ဖောင်ရိုးမျိုး"

"ဟုတ်တယ်၊ ဟုတ်တယ်။ ဒီကောင် ဘမောင်သန်း ဒီတချို ...တော့ မှန်လိုက်လေဗျာ။ ဟော့ကောင် လွန်းမောင်၊ အစစ်ပဲ ...မောင်။ ဟယ်လင်က ဖောင်ရိုး၊ အာပွဲ့ခြောက်"

"ဒါလဲ ကင်စားရင် ရပါတယ်ကွ"

"မင်း ဘာပြောပြော သင်းသင်းရီနဲ့ ယှဉ်ကြည့်စမ်း"

"ဟုတ်တယ်၊ ဒါလဲ မှန်တယ်။ သင်းသင်းရီက ဖောင် ...ဘာဝ့်တယ်။ ငရံ့ကလေး။ ဒါပေါ့ကွ။ ဖောင်ရိုးနဲ့ ငရံ့ ...ဘာစားမလဲ" အူကလဲ ပင့်သည်။

"နှစ်ကောင်စလုံး စားမယ်"

"မင့်းဘိုးအေ နှစ်ကောင်လုံး စားပါလား။ ဖောင်ရိုးကို ...ပြင်ကောင် စားသွားပြီ"

"ဒါဖြင့် ဤဖေကိုက ငရံ့စားမယ်"

"စားရမယ်၊စားရမယ်။ ဒီမယ် မင်း သင်းသင်းရီကို ယူကွာ"

"ဘာလုပ်ဖို့လဲ"

"ဘာလုပ်ရမလဲ၊ မိဟယ်လင် ဖောင်ရိုးကို ဟော့... ...ဘာချိုး ငါ မယူချင်လို့ ယူချင်ရင် နင့်ထက်သာတာ ရှိသေး... ...ကြည့်၊ ရတာလို့ ပြလိုက်ရမှာပေါ့"

"ဒါကို ငါလဲ တောက်ခံတယ်"

www.burmeseclassic.com



သို့ဖြင့် ထိုညက ကိုလွန်းမောင်သည် သူငယ်ချင်းနှစ်ယော
နှင့်အတူ ဟယ်လင့်အိမ်ရှေ့သွားကာ စိမ်ခေါ်ခဲ့ကြ၏။ငဖော
ရိုးကို မစား၊ ငရုံ့စိမ်းကလေးကို ဆံပုတ်ပူပူမှာ ထည့်စားမ
ဟု ဆိုခဲ့ကြ၏။

ဆိုခဲ့ကြသည့် အတိုင်း နောက်တနေ့တွင် သင်းသင်းရီကိုပဲ
သွားမည်ဟု ခေါ်ခဲ့သည်။အပြန်ခရီးမှာ ကားပျက်ပြလိုက်သည

ကိုလွန်းမောင်အဖို့ မိန်းမတယောက်ရဖို့သည် ဘာမျှမခဲ

သည်တော့ ယခု သမီး ကိစ္စကို ဘာပြောရမည်နည်း။

အတွေးတွင် သမီး လင်နောက်လိုက်ပြေးသွားသော အပြ
သည် ဝင်လာပြန်ချေသည်။

ရင်ထဲကတော့ မချိ။

ကိုလွန်းမောင်၏အတွေးများသည် ယောက်ယက်ခတ်နေ
ဖြစ်သည်။

ပထမက သမီးကို ချီးကျူးရမည်လား တွေးထင် ခဲ့သည
သည်ကစ၍ သမီးကို သတိရလာသည်။

ဘာပြောပြော ထိုသမီးသည် လိမ်မာသောသမီး၊စာကြိုးစ
သော သမီး၊ မိဖအရိပ်အခြည်ကို နားလည်သော သမီး။ ယ
ထိုသမီးနှင့် ပတ်သက်၍ တမ်းတ စရာများသည် အတွေးတွ
ထင်လာကြပြန်လေပြီ။

ထိုသမီး စာကြိုးစားခဲ့သော အဖြစ်ကို သတိရလာသော
ခါ မိမိတို့ကိုယ်တိုင် ပညာသင်ကြားခဲ့ရပုံကို သတိရသည်။

အမှန်ပင် ထိုသမီး စာကိုသာ ဖိ၍ ကြိုးစားသည်။ သို
လျက် အခြေခံ အထက်တန်းပညာ စာမေးပွဲကို ဒုတိယအကြ
ပြေသော အခါမှာလည်း 'ခ' အဆင့်မှသာ အောင်ခဲ့သည



ည်တန်းကဆိုလျှင် သမီး အခန်းတွင်းမှမထွက်ပဲ တလလောက်
ခဲ့သည်။ ထို့ကြောင့် တတိယအကြိမ် ကြိုးစားရသောအခါ
း စိတ်မာတ်ကျမည်ဆိုလည်း ကျပေမည်။ သည့်အတွက် ကို
န်းမောင်သည် သမီးကို အပြစ်မတင်ချင်။ သို့ဖြင့် ယခုနှစ်တွင်
း ဒီတ်လေနိုင်ပေသည်။ သည့်အတွက်လည်း ကိုလွန်းမောင်
ည် သမီးကို အပြစ် မတင်ချင်။ မှန်သည်။

ဘကယ်တမ်းကျတော့လည်း သူ့မှာ သမီးကို အပြစ်တင်ဖို့
ာနှင့်၊ သမီးနှင့် မျက်နှာချင်းဆိုင်ပြီး စကား အေးအေးလူ
ပြောဖို့ပင်လျှင် အချိန်မရ။

သူ မခင်မြိုင်နှင့် လက်ထပ်ခဲ့သော အခြေအနေ နှင့် ယခု
ခြေအနေတို့သည် အခြားနားကြီး ခြားနားခဲ့လေပြီ။

အမှန်တော့လည်း ကိုလွန်းမောင်သည် သင်းသင်းရီကို ခိုးယူ
င်းသင်းခဲ့သည်အထိ သူနှင့်သင်းသင်းရီတို့သည် ရာသက်ပန်
ခြကျ ပေါင်းသင်းနေထိုင်ဖြစ်လိမ့်မည်ဟု မတွေးခဲ့၊ မယူဆ
သူငယ်ချင်းဘမောင်သန်းနှင့် အေးခေါ် လှရှိန်တို့ မြှောက်
၍ သူတို့စီစဉ်သည့်အတိုင်း သင်းသင်းရီကို ပဲခူးသို့ ခေါ်
ပြီး ပြန်မပို့ဘဲ တညအတူနေလိုက်သည်။ နောက်တနေ့
တင်းစာမှာ ကိုလွန်းမောင်တို့အကြောင်း ပါလာခဲ့လေသည်။
သည်မှာ လှရှိန်လက်ချက် ဖြစ်မှန်းလည်း သိသည်။ လှရှိန်
ည် တက္ကသိုလ်သတင်းထောက်တပိုင်း ဖြစ်သည်။ ထို့ကြောင့်
ည်း သူတို့ နဂိုစီစဉ်ထားသည့်အတိုင်း ကိုလွန်းမောင်တို့သ
င်းကို ပုံကြီးချဲ့ပြီး ထည့်လိုက်ခြင်း ဖြစ်၏။ သို့ဖြင့် ဟယ်လင်
ဘို့ပြန်စိမ်ခေါ်လိုက်ခြင်း ဖြစ်သည်ဟုလည်း ယူဆ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် သင်းသင်းရီ မျက်ရည် သွယ်ကျရသည်ကို မြင် သောအခါ ကိုလွန်းမောင် စိတ်မချမ်းမသာ ဖြစ်ခဲ့ရသေးသည်။

"မငိုပါနဲ့ သင်းရယ်။ မောင် သင်းကို လက်ထပ်ယူမှာပါ။ မောင်တို့ ကနေ့ဖြစ်ဖြစ် နက်ဖြန်ဖြစ်ဖြစ် ရန်ကုန် ပြန်မယ်။ မောင့်ဖေဖေကို ပြောပြီး မောင်တို့ လက်ထပ်ကြမယ်" နှစ်သိမ့် စကားဆိုခဲ့သည်။ ဆိုခဲ့သည့်အတိုင်းလည်း ဖြစ်မြောက်မည်ဟု ခပ်ပေါ့ပေါ့ ယူဆခဲ့သည်။

သို့ဖြင့် ပဲခူးတွင် နှစ်ရက်နေပြီး ရန်ကုန်သို့ ပြန်ခဲ့ကြသည်။ သင်းသင်းရီကို အိမ်သို့ ပြန်ပို့သည်။ ယနေ့ပင် လူကြီးမိဘစုံရ နှင့် သင်းသင်းရီတို့ အိမ်သို့လာပြီး တရားဝင် တောင်းရမ်းပါ မည်ဟု ပြောခဲ့သည်။ ကိစ္စအားလုံး အလွယ်တကူ ပြီးလိမ့် မည်ဟု ထင်ထားသည်။

သို့ပေမယ့် အဖေနှင့် ရင်ဆိုင်ရသောအခါ ကိုလွန်းမောင်၏ မျှော်လင့်ချက်များ ယိမ်းယိုင်စပြုလာခဲ့သည်။

"မဟုတ်တာဘဲ သားရယ်၊ သားလုပ်ချင်တာ လုပ်တာကို အဖေကသဘောတူရမှာလား။ ဒီကိစ္စဟာ သားကို အဖေ ကြိုပြီး ပြောခဲ့တယ် မဟုတ်လား။ ဒီလိုကြားက သား ထင်တိုင်းကဲ တာဘဲ။ ဒါကို အဖေ ဘယ်လိုနည်းနဲ့မှ ခွင့်မလွှတ် နိုင်ဘူး လွန်းမောင်" ဤသို့လျှင် အဖေ စကားစခဲ့သည်။

ကိုလွန်းမောင် အမျိုးမျိုးသော လျှောက်လဲချက် များကို ပေးခဲ့သည်။

"ငါဘာမှ မပြောချင်ဘူး လွန်းမောင်။ သမီးကြောင့် မအေဆုံးခဲ့ရတာ မင်းမှတ်မိတယ် မဟုတ်လား။ ခုတခါ ငါ့ အလှည့်ဘဲပေါ့။ ဟုတ်တယ်။ ငါ့အလှည့်ကို ရောက်ချင်နေတာ



ကြာပြီ။ ခုတော့ ငါ့မှာ ဟိုမရှေ့မယ်တို့ဖက်မှာလဲ မျက်နှာပျက် ရတယ်။ ဒီ့အတူ ငါသေတာက ကောင်းပါတယ်"

ထိုအခါ ကိုလွန်းမောင် ဘာမျှစကားမဆက်နိုင် ဖြစ်ရပြန် သည်။

"အေး၊ ဒါဘဲ၊ ငါကတော့ လိုက်ပြီး တောင်းရမ်း မပေး နိုင်ဘူး။ မင်းဖာသာ မင်း အုတ်ကြား မြက်ပေါက် ကလေ ကချေအနေနဲ့ ယူခဲ့ပြီ။ ဒီတော့ မင့်ဖာသာ ဆက်ပြီး ပေါင်း ချင် ပေါင်း မပေါင်းချင်နေ။ ငါကတော့ မင်းကို ကနေ့ကစပြီး ကက်ဆံတပြားတချပ်မှ ပေးတော့မှာ မဟုတ်ဖူး"

သည်တော့ အမှန်ပင် ကိုလွန်းမောင် စိတ်ထိခိုက်ရလေပြီ။

သို့ဖြင့် အဆုံးတွင် ကိုလွန်းမောင် အရှုံးပေးခဲ့ရလေတော့ သည်။ သင်းသင်းရီဆီကို ပြန်မသွားဝံ့တော့ပဲ အဖေတို့ စီစဉ် ပေးသည့်အတိုင်း မခင်မြိုင်နှင့်လက်ထပ်ခဲ့ရလေတော့သည်။

ယခုကား သမီးအလှည့်။

မိမိစွန့်စားခဲ့သလို သမီးသည်လည်း စွန့်စားသည်ဟု ဆိုရ အံ့လော။ ယခုကိစ္စတွင် မိမိမှာ မိဖနေရာ။

သည်တော့ မိမိ မည်သို့ စီစဉ်ရအံ့နည်း။

မိမိတို့ ကိစ္စမှာတုန်းကတော့ စင်စစ် မိမိအရှုံးပေးခဲ့ရခြင်း ဖြစ်သည်။ ယခု သမီးသည်ကော မိမိနည်းတူ အရှုံးပေးအံ့လော။ မိမိကိစ္စတွင် အဖေသည်အပေါ်စီးရထားသူဖြစ်သည်။မှန်သည်။ အဖေမှာ ငွေရှိသည်၊ပြီး ညီမငယ် လင်နောက်လိုက်စဉ်က အမေ ဆုံးခဲ့ရသော အဖြစ်ကိုလည်း ကိုလွန်းမောင် ပြန်လည်သတိရ၏။ ယခု ပြန်တွေးသောအခါ ဤအကြောင်းတို့သည်ပင် မိမိ အရှုံးပေးခဲ့ရခြင်းဖြစ်သည်ဟု သဘောရ၏။ သို့ဖြစ်လျှင် ယခု

www.burmeseclassic.com

www.burmeseclassic.com



သမီးကိစ္စတွင် မိမိမည်သည့်အချက်ဖြင့် သမီးကို အနိုင်ယူရအံ့နည်း။

"ထမင်းပွဲ ပြင်ပြီးပြီ ကိုလွန်းမောင်"

ထိုအခါ အတွေးစများကို ဖြတ်တောက်ခဲ့ရပြန်လေသည်။

— ၃ —

ဦးဘအုန်းသည် စလုံကိစ္စကို-ထို့ထက် တိတိကျကျ ဖော်ပြရပါမူ အေးရင်နှင့်ပတ်သက်၍- လုံးဝ မေ့ပျောက်လိုက်သည် မဟုတ်သော်လည်း မြေးကိစ္စ ချွေးမကိစ္စကို မိမိ မပါဝင် မစဉ်းစား မဆုံးဖြတ်၍ ပြီးပြတ်မည် မဟုတ်ဟု ယူဆ၏။

စင်စစ် ဤကိစ္စသည် အသေးအဖွဲမျှသာ ဖြစ်သည်။ ဤမိသားစုတွင် မိမိ အသက်ရှင်နေ၍သာ တော်ခတော့သည်ဟု ဦးဘအုန်း အမြဲ နှလုံးပိုက်သည်။

သားဖြစ်သူ လွန်းမောင်သည် အသက် လေးဆယ်ကျော်ခဲ့ပြီလည်း မှန်၏။ ဤအိမ်ထောင်၏ ဦးစီး ဖြစ်သည်လည်း မှန်၏။ သို့သော် ဤအိမ်ထောင်၌ပေါ်ပေါက်လာသော ကိစ္စရပ် မှန်သမျှကို ပိုင်းပိုင်းပြတ်ပြတ် အဆုံးအဖြတ် မပေးနိုင်ဟု ဦးဘအုန်း ယူဆသည်။ သည့်အတွက် ဆန်းသည်ဟူ၍ကား ဦးဘအုန်း မယူဆ။

ဦးဘအုန်းသည် ခုနစ်တန်းသာ အောင်သည်။ အလုပ်ရာထူးအားဖြင့် ပြောရလျှင် မြေစာရင်းဝန်ထောက်အဖြစ်ဖြင့် အငြိမ်း



စား ယူခဲ့သည်။ ကိုလွန်းမောင်သည် တက္ကသိုလ်၌ ပညာသင်ခဲ့သည်။ ဝိဇ္ဇာဘွဲ့ရသည်။ ပြီး အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲရေး ဒီပလိုမာကိုလည်း ရခဲ့သည်။ ရုံးတရုံး၏ အုပ်ချုပ်မှု အရာရှိလည်း ဖြစ်၏။ ယခုအခေါ် ဒုတိယညွှန်ကြားရေးမှူးလည်း ဖြစ်၏။ တခါတခါတော့လည်း မိမိတို့ အိမ်တွင်းအတွေ့အကြုံများကို ကြည့်ပြီး သားဖြစ်သူ လွန်းမောင်သည် သူ့ရုံးတွင် သူ မည်သို့အုပ်ချုပ်သနည်း၊ ဒုတိယညွှန်ကြားရေးမှူးအဖြစ် မည်သို့သော ညွှန်ကြားရေးလုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်နေသနည်းဟုပင် ဦးဘအုန်း တွေးကြည့်သည်။ မိမိကား မြေစာရင်း ဝန်ထောက်ဟုသာ ဆိုရသည်၊ မိမိတာဝန်ကျရာ နယ်မြေတွင် ဘုရင်တဆူဖြစ်ခဲ့သည်။ ဘယ်မြေရှင်၊ ဘယ်လယ်သမားသည်မျှ မိမိကို မော်ကြည့်ဝံ့ခဲ့သည် မဟုတ်။ တခြားကိစ္စ ထားဦး။ လွန်းမောင် မိန်းမခိုးသည့် ကိစ္စက အစ။

"ဒီမယ် မယ်ရွှေမယ်။ ယောက်ျားကဘဲဗျာ။ ခုဟာ သူ ပြောင်ပြောင်တင်းတင်း ခိုးသွားလို့ ကျုပ်တို့ သိရတာ။ ဟုတ်ဖူးလား။ ဒီလို ပြောင်ပြောင်တင်းတင်း မခိုးဘဲ၊ လူသိရှင်ကြား မဟုတ်ဖဲ တခြား မိန်းကလေးတွေနဲ့မငြိမစွန်းဘူးရယ်လို့ရှိမလား။ မယ်ရွှေမယ်က တယ် ရိုးတာကိုး။ ကဲ၊ ဒါတွေ ထားလိုက်။ အရေးကြီးတာက ကျုပ်သားနဲ့ ခင်ဗျား သမီး လက်ထပ်ဖို့ဘဲ မဟုတ်လား။ ဒါ အဓိက လိုရင်းအချက်ပဲ။ ဟုတ်ပလား"

ဤသို့ဖြင့် လွန်းမောင်နှင့် ဗိုလ်ချုပ်ဈေးက ကောင်မကလေးကို ခိုခဲ့သည်။ မိမိအလိုကျ လွန်းမောင်နှင့်ခင်မြိုင်ကို လက်ထပ်ပေးနိုင်ခဲ့သည်။

လွန်းမောင် သူ့ဖခင် သူ တက္ကသိုလ်ကျောင်းသားဖြစ်ချင်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ခဲ့သည်။ ဒါ့ကြောင့်လည်း တကယ်တမ်းကျတော့ ဒပ်း တက္ကသိုလ်ကျောင်းသား ဖြစ်ရသည်ကိုက မိမိထားပေး၍ ဖြစ်ရသည်ဟုလည်း ဦးဘအုန်း တွေးတတ်သည်။ သည်ကတည်းက ထိုသားသည် မိမိသြဇာရိပ်မှာ အမြဲရှိနေခဲ့သည်ဟု ယူဆသည်။

ထို့ကြောင့်ပင် ယခုကိစ္စမှာလည်း မိမိမပါဝင်၍ မဖြစ်။ မိမိပါရမည်ဟု သဘောပေါက်သည်။ သို့ဖြင့် မခင်မြိုင်နှင့် ဒေါ်ရွှေမယ်၊ ဦးဘအုန်း ခမီးခမက်သည် စောစောကတည်းက ခင်လေးနွယ် ကိစ္စကို တိုင်ပင်ကြသည်။ သည်မှာလည်း ကြည့်။

"ကဲ၊ ကိုကြီးဘအုန်း ဒီကိစ္စ ကျုပ်တို့ ဘယ်ကိုလုပ်ကြမလဲ" ဒေါ်ရွှေမယ်သည် သမက်ဖြစ်သူ အိမ်ခန်းထဲ ဝင်သွားသည်နှင့် ဦးဘအုန်းနားသို့ ချဉ်းကပ်ခဲ့သည်။

အရေးဆို အဆုံး၌ သူ့ဆီသို့ ဤသို့ပင် ရောက်လာရမည်ကို ဦးဘအုန်း သိပြီးဖြစ်၏။

"ဘယ်လို လုပ်ရမယ်ဆိုတာ သိရဘို့ ဘယ်လို ဖြစ်တယ်ဆိုတာကို အရင်သိမှ ဖြစ်တာဟဲ့ မယ်ရွှေမယ်ရဲ့။ ကဲ၊ နင့်သမီး ခေါ်စမ်းပါအုံး"

စင်စစ် မခင်မြိုင်သည် သမီးကိစ္စကို ဘာဆိုဘာမျှ မသိ။ အလေးအနက် သိထားဖို့ လိုသည်ဟုလည်း မထင်ခဲ့။ စစကတည်းက မအေဖြစ်သူက ထိုလူနှင့် သင့်တော်သည်၊ ထိုလူကို ယူဆို၍ သူ ကိုလွန်းမောင်ကို ယူခဲ့သည်။ လင်တယောက် ယူခဲ့ပြီဆိုသော အခါမှာလည်း ထိုလင်ကို ဖိုရားတဆူ ဂူတလုံး အမှတ်ထား ကိုးကွယ်ရမည် ဟူသော အချက်ကို အစိက လိုက်နာကျင့်သုံးခဲ့သည်။ သားရယ် သမီးရယ် ရလာသော အခါမှာလည်း ထိုသားတွေ သမီးတွေ စားရေး၊ ဝတ်ရေး အစစ သူ တာဝန်ယူခဲ့သည်။



နကိုက သူတို့မှာ မြေရှိသည်၊ စက်ရှိသည်။ သို့သော် ကိုလွန်းမောင်ကို လက်ထပ်သောအချိန်တွင် မခင်မြိုင်တို့သည် မြေကိုလည်း စွန့်လွှတ်ခဲ့ရပြီ ဖြစ်သည်။ စက်ကိုလည်း စွန့်လွှတ်ခဲ့ရပြီး ဖြစ်သည်။ သို့သော် ရွှေ အသင့်အတင့် ရှိသည်။ စိန် အသင့်အတင့် ရှိသည်။ ကိုလွန်းမောင် ဖက်မှာ ငွေ အသင့် အတင့် ရှိသည်။

ထို့ကြောင့် ကိုလွန်းမောင်နှင့်လက်ထပ်စဉ်က ကိုလွန်းမောင် ဘီအေ မအောင်သေးစေကာမူ၊ ကိုလွန်းမောင် အလုပ်မရှိသေးစေကာမူ ဘာမျှ ချို့တဲ့သည်ဟု မထင်။ ထိုနောက် သားတယောက်ရ၊ ကိုလွန်းမောင်လည်း စာမေးပွဲအောင်၊ အလုပ်ရသာခဲ့သည့်အထိ ရှိပစ္စည်းကလေးတွေ တတိတတိ လျော့လာခဲ့သော်လည်း မခင်မြိုင် မတုန်လှုပ်ခဲ့။ အရေးကြီးသည်မှာ လင်သားစိတ်ချမ်းသာဖို့၊ ကျန်းကျန်းမာမာရှိဖို့သာ အဓိကဟု နှလုံးပိုက်ထားသူမျိုး ဖြစ်သည်။

ယခုကား ကိုလွန်းမောင် တို့ဖက်မှာလည်း ငွေကုန်ပြီဟု ဆိုရမည်။ ကိုလွန်းမောင်ဆီမှ ငွေမထွက်လာသည်မှာ ကြာပြီ။ သမီး ခင်လေးနွယ်ကို မွေးပြီးကတည်းက ဦးဘအုန်းဆီမှ ငွေထွက်မလာတော့။ ထိုအခါ မခင်မြိုင့်အထုပ်ကြီးသည် အထုပ်ကလေးဘဝ ရောက်လာရ၏။ ယခုကား အထုပ်ကလေးဘဝမှ အထုပ်သေးသေး ဖြစ်လာခဲ့ပေပြီ။ သည်အခါ မခင်မြိုင် ပူပန်လာသည်။ ယနေ့ အခြေအနေအရ ပြောလျှင် ကိုလွန်းမောင် သခသည် ခြောက်ရာ။ သို့ပေမယ့် တလတလ ကိုလွန်းမောင်

www.burmeseclassic.com

www.burmeseclassic.com



မခင်မြိုင်လက်သို့ အပ်နိုင်သည်မှာ ငါးရာလောက်သာ ဖြစ်သည်။ တခါတခါ "ဒီလ ဟိုဟာနုတ် ဒီဟာနုတ်နဲ့ ဒါဘဲပါသယော့" ဆိုကာ လေးရာလောက် ပါလာလျှင်လည်း မခင်မြိုင် ဘာမျှ မပြော။ သို့ပေမယ့် တကယ်တမ်း မပြောဘဲ နေ၍လည်း မဖြစ်။

သည်မိသားစုနှင့် သည်ဝင်ငွေ သည်ယနေ့အခြေအနေမျိုးမှာ ရိုးရိုးတန်းတန်း စားသောက်နေကြရသည့် အဖြစ်၌ လောက်သည် မဟုတ်။ အထုပ်ငယ်လာပြီ ဆိုတော့လည်း မခင်မြိုင် လက်ကာ တွန့်လာသည်။ ထိုအခါ ပြောဖြစ်သည်။

"မတတ်နိုင်ဘူး မမြိုင်။ ကိုယ်လဲ ရသမျှ ပေးတာဘဲ။ အစိုးရလခစား ဒီထက်ပိုပြီး ဘယ်ကမှလဲ ရတာ မဟုတ်ဖူး" ဆိုလာသောအခါ မခင်မြိုင် သူ့စကားအတွက် သူဘဲ စိတ်မကောင်းဖြစ်ပြန်သည်။

ထိုအခါ အမေလုပ်သူနှင့်တိုးတိုးကျိတ်ကျိတ် တိုင်ပင်ရသည်။ ပြီး အထုပ်ကလေးကို ဖြည်ရသည်။

သို့ဖြင့် မခင်မြိုင်သည် သူ့ အလုပ်က လင်စားဖို့ သားသမီးစားဖို့၊ ဝတ်ဖို့ အိမ်မှုကိစ္စ ထမင်းချက်ဖို့၊ အထုပ်ဖြည်ဖို့သာလျှင် အဓိကဟု ယူဆလာခဲ့သည်။ သည်တော့ သားရေး သမီးရေးတွေကို အလေးအနက် မစဉ်းစားဖြစ်ခဲ့။ သားဖြစ်သူ ဘွဲ့ရ၍ အလုပ်မရသဖြင့် ဝင်ငွေမဝင်သေးသည့်အတွက်သာ မခင်မြိုင် စိတ်မကောင်းဖြစ်ခဲ့သည်။ ထိုသား အလုပ်ရရေးအတွက် သူ့တာဝန်ဟု သူ မယူဆ။ ဘာဖြစ်ဖြစ် မွေးထားသော သားကို ကျွေးရမည့် ဝတ်တရားရှိသည့်အတိုင်း ကျွေးရမွေးရမည်ဟုသာ မှတ်ယူထား၏။ သမီးစာမေးပွဲရှုံး၍ သမီးစိတ်မကောင်းသည့် နည်းတူ စိတ်မကောင်းဖြစ်ရုံဘဲ ဖြစ်ခဲ့သည်။ စာမေးပွဲ အောင်



အောင် သူ ဘာမျှ တတ်နိုင်သည်ဟု မထင်ခဲ့။ သည့်ကိစ္စမှာလည်း သူ့ကိစ္စပါဟု မယူဆခဲ့။ သည်တော့ သမီး အပျိုဖော်ဝင်လာသည် ကိစ္စကိုလည်းသူ လေးလေးနက်နက်ကြီး ထည့်မစဉ်းစားခဲ့။

မိမိကိုယ်တိုင် အပျိုဖြစ်ခဲ့ဖူးပါ၏။ ရည်းစားသနာ ထားခဲ့ရသည် မဟုတ်။ မအေလုပ်သူက ဒီလူဒီလူဖြင့် သင့်သည်။ ဒီလူဒီလူနှင့် ယူဆိုသောအခါ လင်တယောက်ရခဲ့သည်။ သည်လိုဘဲ မိမိသမီးသည်လည်း တနေ့တွင် မိမိတို့က စီမံပေးသည့်အတိုင်း ဖြစ်လာမည်ဟု သာမန် မှတ်ယူထားခဲ့သည်။ သို့တိုင်အောင် ဤကိစ္စမှာလည်း မိမိနှင့် တိုက်ရိုက် ပတ်သက်နေလိမ့်မည်ဟု မထင်ခဲ့။ အဓိကမှာ လင်သားဖြစ်သူ၏ တာဝန်ပိုင်းဟု မခင်မြိုင် ယူဆသည်။ ပြီး စောသေးသည် မဟုတ်လား။ နောင်ဖြည်းဖြည်းမှ လင်ဖြစ်သူနှင့် တိုင်ပင်ပြီး ထိုသမီးကို နေရာချထားပေးလိုက်လျှင် ပြီးသည် မဟုတ်လား ဟုလည်း ယူဆထား၏။

သည်ကြားက ထိုသမီး လင်နောက်လိုက်သွားသည် ဆိုသောအခါ မခင်မြိုင်အဖို့ ထိပ်တက်၍ မြေပေါက်သည်နှယ် ခံစားရလေတော့သည်။ သို့ပေမယ့် ဘာလုပ်ရ ဘာကိုင်ရမည် မသိ။ ကိုလွန်းမောင်အား အားကိုးတကြီးထား တိုင်ပင်သော်လည်း ကိုလွန်းမောင် ကိုယ်တိုင်က ဘာမျှ အလေးအနက် မထားသည်ကို ရင်ဆိုင်ရသောအခါ မခင်မြိုင် အားငယ်ရလေတော့သည်။

"ကဲ၊ ဖြစ်ပြီးတာ ဖြစ်ပြီးနေပြီဘဲ။ ဘာနဲ့ တတ်နိုင်မလဲ။ ဒီမယ် ခင်မြိုင်။ နင့်သမီးနဲ့ ပတ်သက်လို့ နင် ကြည့်ရှုထားတာ

www.burmeseclassic.com

www.burmeseclassic.com



ရှိသလား" ယောက်ခမဖြစ်သူက မေးလာသောအခါ ဘာဖြေရမှန်းမသိ။ "ဟဲ့၊ မယ်ရွှေမယ်၊ နှင့်မှာကော နှင့်မြေးနဲ့ ပတ်သက်လို့ သင့်တော်မယ့် လူများ ကြည့်ထားတာကော မရှိဘူးလား"

"အော်၊ ကိုကြီးဘအုန်းနှယ်နော်။ ဒီခေတ်ကာလသားသမီးတွေအကြောင်း ကိုကြီးဘအုန်းလဲ အသိသားဟာ၊ မိဘက ကြည့်ထားတော့ကော မိဘစီမံတာကိုများ ဒင်းတို့ နာခံကြလို့လား"

"အဲဒါ ခက်တာဘဲ နှင်တို့တတွေ။ သားသမီးဆိုတာ မိဘစီမံတာ နာခံရမှာပေါ့ဟ"

"ခုဘဲ မနာခံလို့ လိုက်ပြေးပြီ မဟုတ်လား"

"အဲဒါ။ နှင်တို့ လိုတာပေါ့။ စကတဲက ကြည့်ထားရတယ်။ စီမံထားရတယ် ဟ"

"ကိုကြီးဘအုန်း ပြောတော့ လွယ်တယ်နော်။ ကဲပါ။ ခုဟာ ဘယ်လိုလုပ်မယ် ဆိုတာသာ "

"ဘယ်လို လုပ်ရမလဲ။ ငါ ခုနက ပြောပြီဘဲ။ ခု ဖြစ်ပြီးတာတော့ ဘယ်တတ်နိုင်မလဲ။ နှင်တို့မှာကလဲ ကြည့်ထားတာ မရှိဘူးဆိုတော့ ခက်တယ်။ ဒီတော့ ဒီညကတော့ အချိန်လဲ မရှိဘူး။ မနက်ကျတော့မှ စုံစမ်းကြည့်။ ကောင်လေးက ဘယ်ကလဲ၊ အခြေအနေ ဘယ်လိုရှိလဲပေါ့။ အင်း၊ သင့်သင့်တင့်တင့်ဆိုရင်တော့လဲ ပေးစားလိုက်ပေါ့။ နေ့စမ်းပါးအုံး ခင်မြိုင်ရဲ့ နှင့်သမီး အသက်က "

"ဆဲ့ရှစ်နှစ်"

"အေး၊ ဟုတ်ပြီ။ ဒီအရွယ်ရောက်မှတော့လဲ သိပ်ပူမနေနဲ့



ဟာ။ ဒင်း ဖြည်းဖြည်းတော့ ပြန်လာမှာပါ။ အရေးကြီးတာက ယောကျ်ားလေးဘက်က ဘယ်လိုလဲ၊ ဘာလဲ ဆိုတာသာ ခုံစမ်း။ နေရာချပေးသင့်လဲ ပေးလိုက်ပေါ့။ အင်း၊ ယောကျ်ားလေးဘက်က ဟန်ဟန်ပန်ပန် မဟုတ်တော့လဲ တမျိုးစီစဉ်ရမှာပေါ့"

"အဲ၊ အဲ၊ အဲဒါပါ ဦး။ ကျမ စိုးရိမ်တာကလဲ မတော်တလျော်တွေနဲ့ ဖြစ်မှာသာ စိုးရိမ်တာပါ"

"အမှန်ကတော့ ခင်မြိုင်။ ဒါတွေအားလုံးဟာ နှင့်တာဝန်ဘဲ။ သမီး အခြေအနေဆိုတာ အမေက အမြဲ စောင့်ကြည့်နေရတာမျိုးဟ" စကားပြောနေရစေ ကာမူ မီးဖိုဖက်သို့ မျက်လုံး မကြာမကြာ ရောက်နေသော ဦးဘအုန်းအဖို့ စောစောလေးက ကျော်ဝင်းမောင် မီးဖိုထဲ ဝင်သွားသည်ကို မြင်လိုက်ရသဖြင့် စိတ်မဖြောင့် ဖြစ်နေစဉ် မီးဖိုဖက်မှ အေးရင်ထွက်လာသည်ကိုမြင်လိုက်ရသောအခါ "ကဲ သိပ်လဲ ပူမနေနဲ့ ခင်မြိုင်။ သူ့ အထိုက်အလျောက်တော့ ဖြစ်လာရမှာပေါ့ဟာ။ ဟိုကောင် ထမင်းကျွေးဘို့သာလုပ်။ ငါလဲဟိုကောင်နဲ့ ပြောပါအုန်းမယ်"

သူတို့ဆွေးနွေးပွဲမှာ တိကျပြတ်သားသော အဖြေမရခဲ့စေကာမူ မခင်မြိုင်အဖို့ သမီးကိစ္စထက် လင်သားကို ထမင်းကျွေးဖို့ လောလောဆယ် ကိစ္စကိုသာ စဉ်းစားရပြန်လေသည်။

သို့သော် ကိုလွန်းမောင်သည် ထမင်းစားဖို့ ကိစ္စတွင် စိတ်မဝင်စား။ ထမင်းဝိုင်းမှာ ထိုင်မိသောအခါ စောစောကလေးကတွင် မေသက်နှင့်အတူ ညစျေးတန်းမှာ ထမင်း အတူစားခဲ့သောအဖြစ်ကို သတိရလာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် အပြင်ဖက်ဧည့်ခန်း၌ အဖိုးကြီးသည် အေးရင်အား

"ဟဲ့၊သမီး နင့်အလုပ်တွေ ပြီးပလားဟဲ့" လှမ်းပြောလိုက်သည်ကို တဖက်ခန်းက ကျော်ဝင်းမောင် ကြားလိုက်သည်။ သည်တော့ ကျော်ဝင်းမောင် မနေသာ။

ကျော်ဝင်းမောင်သည် သူ့အဖိုးအကြောင်းကို သူသိသည်ဟုထင်သည်။စင်စစ် ကျော်ဝင်းမောင်သည် သူ့အဖိုးကို သဘောမတွေ့လှ။အခြား အခြားသော သဘောမတွေ့စရာ အကြောင်းများစွာတို့တွင် အေးရင်နှင့်ပတ်သက်၍သည် အဓိကဖြစ်သည်။

တဆိတ်ရှိ သည်ကောင်မကလေးကို အနှင်းအနှိပ်ခိုင်းချသည်။ ဒါကို ကျော်ဝင်းမောင် သဘောမကျ။ ဘာပြောပြော သူ့ အဖိုးက အနှင်းအနှိပ်ခိုင်းမှာသာ မဟုတ်။ အေးရင် ပင်ပန်းပန်း လုပ်နေရသည်ဟူသမျှကို မြင်တိုင်း ကျော်ဝင်းမော ရင်ထဲက မချိ။

"ဘာလဲ။ ဖိုးဖိုးက အေးရင်ကို အနှင်းခိုင်းအုံးမလို့လား" ကျော်ဝင်းမောင် ဝင်ပြီး စွက်ဖက်လာခြင်း ဖြစ်သည်။

သည်လို နေရာတကာ ကျော်ဝင်းမောင် စွက်ဖက်လာတခြင်းကိုလည်း အဖိုးကြီးသည် နည်းနည်းကလေးမျှ မကျေနပ်။

"ဒါ မင်း ကိစ္စလားကွ"

"ကျနော့် ကိစ္စ မဟုတ်ပေမယ့် ကောင်မလေး တညနေလုံး လုပ်ရ ကိုင်ရနဲ့ ပင်ပန်းနေတဲ့အထဲ ဖိုးဖိုးက အနှင်းခိုင်းအုံးမယ် ဆိုတော့ ဘယ်တရားပါမလဲ။ ဖိုးဖိုးသိပ်ညောင်းနေရင် ကျနော် နှင်းပေးမှာပေါ့"



"မင်း နင် [illegible] ကြီးနဲ့။ ဘာလဲ၊ မင်းက ငါ့ [illegible] မြန်မြန် [illegible]

"မဟုတ်ပါဘူး။ ဖိုးဖိုးတို့က ဘာမှ အညာတာတရား မရှိဘူး။ ခုတဲ မီးပူတိုက်ရ၊ ထမင်းအိုး ဟင်းအိုးနွှေးရနဲ့၊ ဒီကောင်မလေး အိမ်မှာ ဘယ်လောက် ပင်ပန်း သလဲ။ ဒီမှာ ဖိုးဖိုးဆို ဘာမှ လုပ်ရတာ မဟုတ်ဖူး။ ဖိုးဖိုးညောင်းရင် အောက်ဆင်းလမ်းလျှောက်ပါလား"

"အမယ်မယ်။ မင်းက ငါ့ကို လာပြီး ဆရာလုပ်နေရသေးတယ်"

အေးရင် ဘာလုပ်ရမှန်း မသိတော့။ကြောင်ငေးငေးဖြစ်နေလေပြီ။ သည်လိုပင် သူနှင့်ပတ်သက်၍ ထိုမြေးအဖိုး ခဏခဏ ပြဿနာဖြစ်သည်ကို သူ ကြုံရပေါင်း များလေပြီ။ သူ ဘာမျှ နားမလည်။ ထိုကြောင့် သူ ကြောင်ငေးငေး ဖြစ်ရပေါင်းလည်း များပြီ။ထိုအခါ ဒေါ်ရွှေမယ် ကြားဝင်လာတတ်သည် မှာသည်း မဆန်းတော့။ ယခုလည်း

"ဟဲ့၊အေးရင်။ ဟိုကောင်လေး အိပ်နေပြီ မဟုတ်လား။ နင်းပြီး အိပ်ရာထဲ ရွှေ့လိုက်ပါလား။ ပြီးရင် အခန်းထဲ လာခဲ့။ စောစောအိပ်။မနက် ဆွမ်းလောင်းနေ့ မဟုတ်လား။စောစော ထ ဆွမ်းချက်ရမယ် မဟုတ်လား"

ဒါကို ကျော်ဝင်းမောင် သဘောကျသွားသည်။ ထိုကြောင့် သူ့အဖွားနား ကပ်သည်။

"အဖွား၊ ဟိုစလုံလေး ကျနော့် ရောင်းနော်" ခပ်တိုးတိုး ပြောပြီး ညီငယ်နားတွင် ရှိနေသည့် စလုံကို ကောက်ယူရင်း အေးရင်ကို မသိမသာ တချက်ခိုးကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဖိုးကြီးသည် ဝရံတာရှိ ပက်လက်ကုလားထိုင်ပေါ်တွင် ဗိုက်ကိုယ်ကို ဒေါသတကြီး ပစ်ချလိုက်ပြီး ဆေးပြင်းလိပ်ကို သုံး လေးဖွာ ဆက်တိုက်ဖွာလိုက်သည်။

"ဒီကောင်ကလဲ ဘာအရူးထမှန်း မသိပါဘူး" အဖွားကြီး ဗျစ်တောက်ဗျစ်တောက် ပြောဆဲမှာပင် အိမ်ရာမှ နိုးလာသော ကလေးသည်

"သားသား စလုံးလေး၊ သားသား စလုံးလေး" အော်လိုက် သဖြင့် ကျော်ဝင်းမောင်သည် သူ့လက်က စလုံးကို ညီငယ်အား လှမ်းပေးရပြန်သည်။

ထိုအဖြစ်ကို မြင်ရပြန်သောအခါ အဖိုးကြီး ကျေနပ်သွား သည်။

"နေစမ်းပါအုံး။ မင်းက ဒီစလုံး ဘာလုပ်ဖို့လဲ ကျော်ဝင်း မောင်ရဲ့" အဖွားကြီးက လှမ်းမေးပြန်သည်။

"ဘာမှ လုပ်ဖို့တော့ မဟုတ်ပါဘူး ဖွားဖွားရဲ့၊ ကျနော်က သမိုင်းအဓိကနဲ့ စာမေးပွဲ အောင်ထားတာ မဟုတ်လား"

"ဒါနဲ့ မင်းနဲ့ ဘာဆိုင်လဲ"အဖိုးကြီးက လှမ်းအော်ပြန်သည်။

"ဘာဆိုင်ရမလဲ ဖိုးဖိုးရ။ ဒါဟာ သမိုင်းဝင်ပစ္စည်းဗျ။ ကျနော့် အနေနဲ့က သမိုင်းဝင် ပစ္စည်းမှန်ရင် စုရ ဆောင်းရ လိမ့်မယ်"

"ဘာ သမိုင်းဝင်ပစ္စည်းလဲ"

"ခေတ်တခေတ်ရဲ့ မှတ်တမ်းဗျ။ မဲဖောက်ပြီးတောင် ဝယ်ယူ ရတဲ့ ပစ္စည်းတခုကို မှတ်တမ်းတခုအဖြစ် တန်ဘိုး မထားရဘူး လား"



"ဘာလဲ၊ မင်းတို့ သင်ရတဲ့ အထဲမှာ ဒီလိုစလုံးတွေ ဘာတွေ ယ်ပြီး သိမ်းထားရမယ်လို့ ပါသလား"

"ပါတာပေါ့ဗျ"

"ဘာကွ"

"ကြည့်ပါလား။ ခုတလော သတင်းစာတွေထဲမှာ ဖိုးဖိုး တွေ့ဘူးလား၊ ရှေးခေတ် အိုးတွေဘာတွေ တွေ့တဲ့အကြောင်း"

"ဒါနဲ့က ဘာဆိုင်သလဲ"

"အဲဒါဘဲ။ ဖိုးဖိုးတို့ အောက်အော့ဖ်ဒိတ်တွေ။ ပြောပြလို့လဲ ဘောပေါက်မှာ မဟုတ်ဖူး"

"ဘာပြောတယ်ကွ"

"ဖိုးဖိုးတို့ ခေတ်နောက်ကျတာကို ပြောတာပေါ့"

ထိုအချိန်တွင် ဧည့်ခန်းဖက်မှ ဆူဆူ ဆူဆူ အသံကြောင့် မင်းစားခန်းတွင်း၌ ထမင်းကို မစားချင် စားနေသော ကိုလွန်း ောင်သည် ဧည့်ခန်းဖက်သို့ လှမ်းကြည့်လိုက်သည်။ မခင်မြိုင် ည်း လှမ်းကြည့်ပြန်သည်။ ပြီးမှ

"ထမင်းစားလို့ မကောင်းဘူးလား ကိုလွန်းမောင်။ ကိုလွန်း ောင် ဘာစားချင်လဲ ပြောထားပေါ့။ ခုတလော ဝယ်ရခြမ်းရ ာလဲအကုန် အရှားချည်းဘဲ။ငရုတ်သီး၊ကြက်သွန်ကအစ တခါ မကြားဘူးတဲ့ ဈေးပေးပြီး ဝယ်နေရတာ။ဈေးချောက်လဲ ဘာ ယ်လို ဝယ်ရမှန်းတောင် မသိဘူး"

"တော်စမ်းပါ မမြိုင်။ တနေ့တနေ့ ထမင်းဝိုင်းမှာ ဒီစကား းတော့မကြားပါရစေနဲ့ကွာ။ ထမင်းစားရတာတောင် မျိုမကျ ောင်"

သည်တော့လည်း မခင်မြိုင် နှုတ်ပိတ်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် ကျော်ဝင်းမောင်၊ ဘီအေအောင်ပြီး အလုပ်မရှိ အထိုင်မရှိနဲ့ မင်း ဒီလို မိဖလုပ်စာ ထိုင်စားနေတာကိုက ရှက်စရာကောင်းတာကွ"

"ဒါက မဆိုင်ပါဘူး။ အလုပ်မရလို့ လမ်းသရဲတို့ မှောင်ခိုတို့ ဖြစ်တာနဲ့စာရင် ကိုယ့်အိမ်ပေါ်မှာ ကိုယ် ငြိမ်ငြိမ်ကလေး ထိုင်စားနေတာကိုဘဲ ဖိုးဖိုးတို့ ကျေးဇူးတင်ဘို့ ကောင်းတယ်"

"လာလာသေးတယ်ကွာ။ ဘာလဲ၊ မင်း ခုလို အငြိမ်းစားနေတာကိုဘဲ ဒို့က ကျေးဇူးတင်ရအုံးမယ် ဆိုပါတော့"

"ဒါဖြင့် ဖိုးဖိုးကတော့ရော။ ဒီမယ် ဘာလုပ်သလဲ။ ဘာမှ မလုပ်ဖဲ ထိုင်စားနေတာဘဲ မဟုတ်လား"

"ဟေ့ကောင်၊ ဟေ့ကောင်။ မင်း တော်တော့။ ခွေးကမွေးထားတဲ့ အကောင်ပီပီ လူကြီးကို ခွေးစကား ပြောရသလား"

"ခင်ဗျာ"

အပြင်ခန်းတွင် ကျော်ဝင်းမောင်နှင့် ဦးဘအုန်းတို့ စကားနိုင် လုနေကြဆဲ ဖြစ်သည်။ ဒါကို ကျော်ဝင်းမောင် သဘောကျသည်။ ထို့ကြောင့် မထီတရီမျက်နှာထားဖြင့်

"အော်၊ ကျနော်ဟာ ခွေးကမွေးတာကိုး။ ကြည့်စမ်း။ ဒီမယ် ဖေဖေနဲ့မေမေတို့ရဲ့၊ ဟောဒီမှာ ဖိုးဖိုးရယ်။ ဖေဖေနဲ့ မေမေကို"

သူ့စကားမဆုံးမီပင် လက်ဆေးနေပြီ ဖြစ်သော ကိုလွန်းမောင်သည်

"ဟေ့ကောင် ကျော်ဝင်းမောင် ။ မင်း တော်စမ်း" လှမ်းအော်လိုက်ပြီး သောက်ရေကို တကျိုက် ကျိုက်ချလိုက်သည်။

ကျော်ဝင်းမောင် စကားစ ပြတ်သွားသည်။

"ကိုလွန်းမောင် ရေနွေးကြမ်း သောက်အုံးမလားဟင်"



"မသောက်တော့ပါဘူးကွာ" ပြောပြောဆိုဆို ညှော်ခန်းသို့ ထွက်လာခဲ့သည်။

ယခု သူ့စိတ်အာရုံတွင် မေသက် ပျောက်နေပြန်လေပြီ။

ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး ဆေးပေါ့လိပ်တိုကို မီးငြိှုရှိုက်ရာမှ ဝရံတာအနီးတွင် ရပ်နေသော ကျော်ဝင်းမောင်ကို ငေးစိုက်ကြည့်ရင်း

"ဒီမယ် ကျော်ဝင်းမောင်။ မင်း ကနေ့ အင်တာဗျူးသွားတယ် မဟုတ်လား" လှမ်းမေးမိပြန်သည်။

"သွားတယ် ဖေဖေ" ကျော်ဝင်းမောင်သည် သူ့အဖေရှိရာသို့ ရှောက်လာသည်။

"အခြေအနေက"

"မဟန်ပါဘူး ဖေဖေရာ။ လေဘာကပ်ပြွားလဲခဲ့ရတာဘဲ အမြတ်ထွက်တယ်"

"ဘာလို့ မဟန်ရမှာလဲကွ။ ကိုယ်အသုံးမကျ မကျဘူးပေါ့။ ဘဲ့နဲ့ကွာ၊ စာမေးပွဲအောင်တာ တနှစ်ရှိပြီ။ ခုအထိ ဒီ သုံးကျပ်နှစ်ဆဲ့ငါးပြား အလုပ်ကလေးတောင် မရရဘူးလို့"

"ဘဲ့နဲ့ တတ်နိုင်မလဲ ဖေဖေ။ ကျနော် မလုပ် ချင်လို့မှ မဟုတ်တာ။ သူတို့က ပေးမှ လုပ်ရမယ့် အလုပ်"

"ဘယ်ရမလဲကွ။ တတ်ထားတဲ့ ပညာက စလုံတို့ အိုးတို့ ခွက်တို့ စုတဲ့ အလုပ်။ ဒီအတူဖြင့် မင်း ဟို မနက်တိုင် အော်အော် နေတဲ့ ဒန်အိုးပေါက်တွေ ခွက်တွေ ပလတ်စတစ်တွေ ဝယ်တယ် ဆိုတဲ့ အလုပ်မျိုး လုပ်ပါလား" ဦးဘအုန်းက လှမ်းပြောပြန်သည်။

"ဒီထဲမှာ ဖိုးဖိုး ဝင်မပါပါနဲ့။ ဖိုးဖိုးကရော ဒီအသက် အရွယ်

www.burmeseclassic.com

www.burmeseclassic.com

ဆေးကုမှ ဒီစလုံပေါက်စကလေး ဝယ်ချင်ရတယ်လို့။ ဒါ ဖိုးဖို
အလှယ်လား”

“မင်း ငါ့ကို ဒီစကားမျိုး ပြောစရာ မလိုဘူး”

“နေစမ်းပါအုံး။ မင်းတို့ ဒီစလုံကိစ္စက ပြီး မပြီးနိုင်ဘူး
လား”

သည်တော့လည်း မြေးအဖိုး နှစ်ယောက် စလုံး အသံတိတ်
သွားပြန်သည်။

အတန်ကြာ တိတ်ဆိတ်သွားပြီးနောက် ကျော်ဝင်းမောင်
သည် သူ့အခန်းတွင်းသို့ ဝင်မည်အပြုတွင်

“နေအုံး ကျော်ဝင်းမောင်” ဖအေ့အသံကြောင့် ခြေလှမ်း
တုံ့သွားသည်။ “ကဲ၊ မမြိုင်လဲ လာအုံး”

ကိုလွန်းမောင်သည် ဆေးလိပ်ကို ဆေးလိပ်ခွက်တွင် ဖြ
ထည့်ပြီး

“သမီးကိစ္စ မင်း ဘာမှ မသိဘူးလား ကျော်ဝင်းမောင်”

“ကျနော် ဘယ်လိုလုပ် သိမှာလဲ ဖေဖေ”

“သူ ဘာမှမသိဘူး ကိုလွန်းမောင်။ ပြောမနေနဲ့။ ခုဘဲ ရှ
မလာခင်ကလေးမှာ လိုက်စုံစမ်းပါအုံး ပြောနေတာ။ နှမ လ
ယူသွားတာကိုဘဲ သူက သဘောကျနေတဲ့ပုံ”

“သဘောမကျတော့ကော ဘဲ့နှဲ့တတ်နိုင်မှာလဲ မေမေ။ သ
စာမေးပွဲဖြေလဲ အောင်မှာမှ မဟုတ်တာ။ ဒီအတူ လင်ယူတာ
က မကောင်းဘူးလား”

“ဟေ့ကောင်၊ မင်း ဘာစကားပြောတာလဲ”

“ဟုတ်တာပြောတာ ဖေဖေ။ ဖေဖေတို့ စဉ်းစားကြည့်ပါ
ခုဆို စာမေးပွဲက တနှစ်တနှစ် ကျတဲ့လူက များ၊ဒီတော့ နောက်



တနှစ်မှာ ဖြေတဲ့ လူကများ၊ အအောင်ပေးနိုင်တာက နဲနဲရယ်။
ဒီတော့ ပိုပိုကျ”

“အေး၊ မင်းက သူများကျတာသာ ပြောနေ။ မင်း အောင်
တော့ကော မင်း ဘာအသုံးကျလို့လဲ။ သွားစမ်းကွာ။ သွား
စမ်း။ သွားစမ်း။ မင်းနဲ့ငါ စကားဆက်ပြောရင် ငါ ထကန်မိ
လိမ့်မယ်”

ကျော်ဝင်းမောင် ဘာမျှ နှုတ်တုံ့မပြန်ဘဲ အခန်းတွင်း
ဝင်ချိန်မှာပင်

“အေး။ မင့်သားလဲ လူကြီးမှန်း လူငယ်မှန်းမသိ ပိုပိုဖြစ်
လာနေတယ် မောင်လွန်းမောင်။ ဒီကောင်လဲ အစက ဟန်မလို
လို့နဲ့ ခု တဖြည်းဖြည်း ပိုပိုပြီး ပျက်စီးလာတယ်” ဦးဘအုန်းက
လှမ်းပြောနေပြန်သည်။

သို့သော် ကိုလွန်းမောင်သည် သူ့အဖေ ဦးဘအုန်း၏ စကား
ကို စိတ်မဝင်စားဟန်ဖြင့်

“ဒီမယ် မမြိုင်။ ဒို့သမီးကိစ္စ ဂတ်တဲတွေ ဘာတွေများ တိုင်
ထားဘို့ လိုမလား” ပြောရာမှ စကားစကို ဖြတ်ပြီး တွေနေ
ပြန်သည်။ ယခု သူ့အာရုံသို့ သမီး ခင်လေးနွယ် ရောက်လာ
ပြန်ပေပြီ။ “တိုင်လဲ အလကားနေမှာပါကွာ။ အင်း” သက်
ပြင်းကို မှုတ်ထုတ်ပြန်သည်။စကားကို ဆက်မည်ပြုပြီး ရပ်ထား
ပြန်သည်။

သို့ပေမယ့် ကိုလွန်းမောင်၏အတွေးများသည် ယောက်ယက်
ခပ်နေလေပြီ။ အမှန်တော့လည်း သူသည် သမီးကိစ္စကို မတွေး
ချင်ပါ။ မတွေးချင်ပါ ဆိုသည်မှာ သမီးနှင့်ပတ်သက်၍ ပစ်ပယ်
သော သဘောထားမျိုး ရှိသည်ဟု မဆိုနိုင်ပေ။ စင်စစ် သူ

www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ တရှူ ပြန်လာခဲ့ကတည်းက သူ့တွင် ကြီးလေးသော ပြဿနာတခု ပါလာခဲ့လေသည်။ ထို့ကြောင့်လည်း သူသည် ယနေ့ညအဖို့ မေသက်၏ ဖိစီးခြင်းကို ခံရလိမ့်မည်ဟု ယုံကြည်ခဲ့သည်။ သို့ပါလျက် ယခုမူ သမီးပြဿနာသည် ဖိစီးခဲ့လေပြီ။ သမီးအတွက် သူ ဘာလုပ်ရမည်ကို စဉ်းစားမရတော့ပေ။

"ဟေ့ ဒီမယ် မောင်လွန်းမောင်။ မင်းတို့ကိစ္စက ခုလိုထိုင်ပြီး ပြောနေလို့ ပြီးမလားကွ။ အေး၊ ဂတ်တိုင်တာလဲ တိုင်ထား၊ တဖက်ကလဲ စုံစမ်းမှပေါ့။ ဟိုအကောင်ကလဲ တာဝန်မဲ့စကားပြောလွန်းတယ်။ ခုနေ သူနဲ့ ဆက်စပ်သမျှကို လိုက်စုံစမ်း၊ လူကိုယ်တိုင် လိုက်ရှာသင့်လဲ ရှာပေါ့" ဦးဘအုန်းက ဝင်ပြောပြန်သည်။

သို့သော် ကိုလွန်းမောင်သည် သူ့အဖေ၏ စကားကို စိတ်ဝင်စားဟန် မပြပေ။

အခြေအနေကို ဦးဘအုန်း နားလည်ပါသည်။ သူ့ စကားဆိုလျှင် သားအရင်း ခေါက်ခေါက်ကပင် အလေးမထားသည်များကို သူ ကြိမ်ဖန်များစွာ ကြုံခဲ့ရပြီ ဖြစ်သည်။

"ဒါထက် မခင်မြိုင်၊ ခုနက မင်းကို ပေးသွားတယ်ဆိုတဲ့စာ ပေးစမ်း"

မခင်မြိုင်သည် နေရာမှထ၍ ရေဒီယိုဘီဒိုဆီသို့ လာခဲ့သည်။ ရေဒီယိုဘီဒိုပေါ်မှ စာရွက်ကို ယူ၍ လှမ်းပေးသည်။ ကိုလွန်းမောင်သည် စာကို စေ့စေ့ဖတ်နေသည်။ သူ စာဖတ်နေသော အချိန်မှာ စာရွက်ပေါ်မှ စာများကို အလွတ်ကျက်မှတ်နေလေသလား ထင်ရ၏။

www.burmeseclassic.com



"အေး၊ ဒါဖြင့်လဲ ပီးရောပေါ့။ သူကမှ လိုက်မရှာနဲ့ ဆိုထားပေါ့ဟာ ရှာစရာ ဘာလိုသေးလဲ"

ကိုလွန်းမောင်၏ မှတ်ချက်။

ထိုနောက် အခန်းသည် ဆိတ်ငြိမ်သွားပြန်လေသည်။

—၄—

ခင်စစ် ခင်လေးနွယ် ဤအိမ်မှာ မပျော်ပိုက်သည်မှာ ကြာပေပြီ။ ထို့ထက် တိကျစွာ ဆိုရသော် မိမိဘဝကို မိမိ အားမရနိုင်သည်မှာ ကြာပေပြီ။ ပြောမည့်သာ ပြောရသည် မိမိ၏ခံစားမှုကို အတိအကျ ဆုံးဖြတ်ဖော်ပြနိုင်သည်ကား မဟုတ်။

ဤနေရာကို ငြီးငွေ့သည်လည်း ဖြစ်နိုင်ပါ၏။ ဒါလည်း တိကျချင်မှ တိကျမည်။ ခင်လေးနွယ် အိမ်မှာသာ ငြီးငွေ့သည် မဟုတ်၊ ကျောင်းမှာလည်း ငြီးငွေ့သည်၊ လမ်းပေါ်မှာလည်း ငြီးငွေ့သည်။ ဤအိမ်မှာ ခင်လေးနွယ် နေခဲ့သည်မှာ ဆဲ့ရှစ်နှစ်ကျော်ပြီ။ ဤကျောင်းမှာ ပညာသင်ခဲ့ရသည်မှာလည်း ဆယ်နှစ်ကျော်ပြီ။ ဤဆယ်တန်း တခုတည်းတွင် နှစ်နှစ်ရှိပြီ။ ကျောင်းမှာ ငြီးငွေ့သည်ထက် ပထမအကြိမ် ဆယ်တန်း ကျပြီးသောအခါ ကျောင်းပြန်တက်ဖို့ ဝန်လေးသည်။ ရှက်သည်။ သည်ကျောင်းမှာ ဆက်မနေလိုတော့သော စိတ်ကူးမျိုးပင် ပေါ်ခဲ့သေး၏။ သို့ပေမယ့် မတာတ်နိုင်။ နေရမည်။

တခု ပြောစရာရှိပါသည်။ သန်းထိုက်တို့ လူစုနှင့် တွေ့သက်၍။ သန်းထိုက်တို့လူစု ဆိုရာတွင် သန်းထိုက်ကို ဦးတည်ပြော၍

www.burmeseclassic.com

www.burmeseclassic.com



သည်မှာလည်း အကြောင်းရှိပါသည်။သန်းထိုက်နဲ့က ခုနစ်တန်း လောက်မှာကတည်းက ခင်မင်ခဲ့သည်။ ကျောင်းနေဖက် အ တန်းဖော်ချင်း ခင်မင်ခဲ့သည်။ နောက်တော့ ရင်းနှီးလာသည်။ ရှစ်တန်း ကိုးတန်း နှစ်မှာ ပိုပြီး အကျွမ်းတဝင် ဖြစ်လာသည်။ အချို့က သန်းထိုက်နှင့် သမီးရည်းစား ဖြစ်နေပြီဟုပင် မှတ်ယူ လာကြသည်။ခင်လေးနွယ် မမှုခဲ့။ ရိုးရိုးတန်းတန်း ခင်မင်သည် ဟု သဘောထားခဲ့သည်။

သန်းထိုက်သည် ရိုးဖြောင့်သည်။ ရုပ်သင့်တော်သည်။ စာ လည်း မဆိုးလှ။ ထို့ကြောင့် ကိုးတန်းနှစ်လောက်ကျတော့ သန်းထိုက်နှင့် ရည်းစားဖြစ်ရလည်း မဆိုးဟု ထင်ချင် ထင်ချင် လာသည်။ သို့ပေမယ့် သန်းထိုက်မှာက ရည်းစားရှိပြီး ဖြစ် သည်ကို ခင်လေးနွယ် သိသည်။ သည်တော့ ကျောင်းပညာ သင်ရွယ် ရည်းစားထားဖို့ မသင့်ဟု သဘောထားပြန် သည်။ သည်ကြားမှာပင် သန်းထိုက်သည် မောင်မောင်ဦး အကြောင်း ကို တစတစ ပြောလာခြင်းဖြစ်သည်။

မောင်မောင်ဦးသည် သန်းထိုက်တို့ လူသိုက်ထဲက တယောက် ဖြစ်သည်။အတန်းတူလည်း ဖြစ်သည်။ စိတ်ဝင်စားမည် ဆိုလည်း စိတ်ဝင်စားဖို့ ကောင်းပါသည်။ သန်းထိုက်ထက် ရုပ်ချောသည်။ သန်းထိုက်ထက်လည်း ခေတ်နှင့် ပိုမို လိုက်လျောစွာ ဆင်ယင် တတ်သည်ဟု သဘောရသည်။ နှစ်ဦးစလုံး ဆံပင်ရှည် အသင့် အတင့်ထားပုံချင်း တူစေကာမူ မောင်မောင်ဦးက ဘောင်းဘီ ရှည် ဝတ်လေ့ရှိသည်။ သန်းထိုက်ကမူ ဘောင်းဘီရှည် ဝတ်လေ့ မရှိ။ မောင်မောင်ဦးသည် ဘောင်းဘီရှည်နှင့် ပိုမိုလိုက်ဖက်သည် ဟု ခင်လေးနွယ် သဘောရသည်။ပြီး မောင်မောင်ဦး မိဖသည်



ရာထူးရာခံ ရှိသည်။ ထို့ကြောင့် သန်းထိုက်ထက် ပစ္စည်း ပိုမို ပြည့်စုံဟန် တူသည်။ သုံးနိုင် ဖြုန်းနိုင် ဟန်လည်း ရှိ၏။ ထို့ ကြောင့် အမှန် ရိုးရိုးသားသား ပြောရလျှင် မောင်မောင်ဦး စကားစမလာမီကပင် ခင်လေးနွယ်သည် မောင်မောင်ဦးကို စိတ် ထဲက ကြိုက်ကြည့်ခဲ့ဘူးသေးသည်။ ရင်ခုန်ကြည့်ခဲ့ဘူးသေးသည်။ သို့ပေမယ့် မောင်မောင်ဦး စကားစလာသောအခါ

"ဘာလဲ။ နင် ငါ့ကို သူနဲ့ အောင်သွယ်နေတာလား" စ ကားဆတ်ဆတ် ပြောခဲ့မိသေး၏။

"အောင်သွယ်တာ မဟုတ်ဖူး လေးနွယ်။သူ နင့်ကိုစိတ်ဝင်စား နေတယ်ဆိုတဲ့အကြောင်း ငါပြောတာ"

"ဘာလဲ။ သူက ပြောခိုင်းတယ် ဆိုပါတော့"

"မခိုင်းပါဘူး"

"မခိုင်းဘဲနဲ့ နင်က ဘာလို့ ပြောတာလဲ"

"ငါသိလို့ပေါ့"

"သိတော့ နင်နဲ့က ဘာဆိုင်လဲ"

"ဘာ့နဲ့ မဆိုင်ရမလဲ။ နင်နဲ့ငါနဲ့က သူငယ်ချင်း၊ ပြီးတော့ သူနဲ့ကလဲ သူငယ်ချင်း"

"တော်စမ်းပါ သန်းထိုက်ရာ။ နင်သာ ဒီအရွယ်ဒီအတန်းနဲ့ ရည်းစားထား၊ ငါကတော့ ဝေးသေး"

ပြောခဲ့ပါ၏။

သို့ပေမယ့် ရင်ထဲမှာ တလှပ်လှပ်နှင့်။

သည်အထိ လောကကြီးကို ငြီးငွေ့စရာဟု မထင်တတ်ခဲ့သေး။ သို့ပေမယ့် အလိုမပြည့်နိုင်သော မိမိဘဝကိုကား ခင်လေးနွယ် ရိပ်စားမိစပြုပြီဟု ထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် သူ နားမလည်နိုင်သည်မှာ မေမေ့ ကိုဖြစ်သည်။

ဘာပြောပြော သည်အရွယ် ဆဲ့ငါးနှစ် ဆဲ့ခြောက်နှစ်ဆိုတော့ ခင်လေးနွယ် ဝတ်ချင် ဆင်ချင်သည်။ သူ့ ပတ်ဝန်းကျင်က ပြောင်းလဲနေသော အရောင်အသွေးတွေကြားမှာ သူ လည်း လိုက်လျော ပြောင်းလဲ နေချင်သည်။ အဆင်ဆန်း အသွင်ဆန်း တွေကို ခင်လေးနွယ် ဝတ်ချင်သည်။

"ဒါတွေ ဘာလုပ်မလဲ သမီးရယ်။ တန်ဖိုးရှိတာလဲ မဟုတ် ဘူး။ ပြီးတော့ အဝတ်အစားဆိုတာမျိုးဟာ တန်ဘိုး အလွန် ကျလွယ်တာ သမီးရဲ့။ခု တက်ထရွန်၊ ခုဘဲ ခရစ်၊ ဟော နောက် တခါ ဖော့ခရစ်နဲ့။ ကြည့်စမ်း၊ ခုဆို တက်ထရွန်ဝတ်တဲ့ လူဆို ရှားသွားပြီ။ အဲဒါ တန်ဘိုးကျတယ် ခေါ်တယ် သမီးရဲ့။ နောက်ပြီး သမီးတို့ခေတ် ဝတ်ပုံစားပုံတွေကလဲ အရှက်မရှိ သလိုဘဲ"


"ဟုတ်ပကွာ။ ဘဲ့နဲ့ အင်္ကျီ အကောင်းကြီး ရင်ပတ်ပေါ မှာ အပေါက်ဖောက်လိုဖောက်။ လက်မောင်းမှာ ဂါဝန် အ နား တပ်လိုတပ်နဲ့ ဘာတွေမှန်းကိုမသိဘူး"

အမေ့စကားနောက်မှာ ဖိုးဖိုးက သံယောင်လိုက်တတ်သေး သည်။

"ဒါဘဲ။ ဖိုးဖိုးတို့ ခေတ်တုန်းကရော။ အင်္ကျီလက်မောင်း ပွကြီးတွေ ဝတ်တာဘဲမဟုတ်လား ဒါကတော့ သူ့ခေတ်နဲ့ သူဘဲဟာ"

"ဒါပေမယ့် ညည်းတို့ခေတ်ကတော့ ကဲကို ကဲပါတယ်





လေးနွယ်ရ[illegible] ရှောင်နှံ့နှမျှ အဖေနဲ့ သမီးတော မကြည့်ဝံ့အောင် ဝတ်ကြ ဆင်ကြတာ"

ဖွားဖွားကလည်း တကိုက်းတည်း။

"မေမေပြောတာက သမီးကို မဝတ်စေချင်လို့ မဟုတ်ပါ ဘူး။ မေမေတို့တုန်းကလဲ ဝတ်ခဲ့တာဘဲ။ ဟုတ်တယ်။ဒါပေမယ့် တန်ဘိုးရှိတာကို ဝတ်စေချင်လို့ပါ။ ဒီတော့ သမီးဘို့ မေမေ အပျိုတုန်းကဆင်တဲ့ စိန်နားကပ်ပေးမယ်။အဲဒါမျိုးကမှ တန်ဘိုး ရှိတာ၊ လူရာဝင်တာ သမီးရဲ့"

မေမေသည် အဝတ်ထက် စိန်ရွှေရတနာကို တန်ဘိုးထားသူ ဖြစ်သည်။ ခင်လေးနွယ် စိန်ရွှေရတနာကို မတွယ်တာလှ။ အဆင်ဆန်းဆန်း အသွေးလှလှ၊ ပုံကျကျကို သူများနည်းတူ ဝတ်ချင်သည်။

"အများ နည်းတူတော့လဲ ဝတ်ချင်မှာပေါ့ မမိုင်ရယ်" ဖေဖေက ဝင်ပြောသေးသည်။

"ဒါတော့ ဒါပေါ့ရှင်။ နောက်ပြီး ဒါမျိုးဆိုတာက မှောင် ခိုက ဝယ်ရတာ မဟုတ်လား"

"ခက်ပါဘိ မမိုင်ရာ။မင်းတို့ကိုယ်တိုင် တနေ့တနေ့ မှောင်ခို နဲ့ ကင်းတာ ဘာများရှိလို့လဲ ပြောစမ်းပါ"

"ဟုတ်တယ်။ ဟုတ်တယ်။ ဒါတော့ ကျုနော် မကြိုက်ဘူး။ ဖေဖေ့ကို ပြောရအုံးမယ်။ အရင်တပတ်ထုတ်တဲ့ သကြားကိုလဲ ဆေးင်းပစ်တယ်။ တနေ့က ဒူးယားလေး နှစ်ဗူးရပါတယ် အိမ် ကို တောင် ပါမလာဘူး" ထိုအခါမျိုးတွင် ကျော်ဝင်းမောင် ဝင်တတ်သည်။ သူ့မှာကလည်း သူ့မကျေနပ်ချက်နှင့် သူ။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ။ ဒီဒူးယားကိစ္စဘဲ ပြောနေ။ အိမ်ပါလာတော့ ဝင်းဘဲ သောက်ပစ်မှာ မဟုတ်လား"

"ဒါကတော့ ဖွားဖွားရယ်။ အိမ်သုံးဘို့ သမဝါယမက ထုတ်ပေးတဲ့ဟာ။ အိမ်မသုံးလို့ ဘယ်သူ သုံးရမလဲ"

"မသုံးနိုင်ပေါင်တော်။ ဒူးယားတဗူး ကိုးဆဲ့ငါးပြားထုတ်၊ ပြန်ရောင်းရင် နှစ်ကျပ်။ နဲ့သလား။ နှစ်ဗူးပြန်ရောင်းရင် နှစ်ကျပ်ဆယ်ပြား မြတ်တယ်။ မင်း တနေ့ကို နှစ်ကျပ်ဆယ်ပြား ဝင်ငွေရအောင် ရှာနိုင်လို့လား"

"အဖွားတို့ နှစ်ကျပ်နဲ့ ပြန်ရောင်းတဲ့ စီးကရက် ကျနော် ပြန်ဝယ်သောက်တော့ သုံးကျပ်ပေးရတာ"

"မသောက်နဲ့ပေါ့"

"ဒါပေမယ့် သမဝါယမက အိမ်သုံးဘို့ ထုတ်ပေးတဲ့ပစ္စည်းကိုတော့ ဒေါ်ဒေါ်တို့ အနေနဲ့ ပြန်ရောင်းဘို့ မကောင်းဘူးပေါ့" ဖေဖေက ကြားဝင်သည်။

"ဖြစ်မလား မောင်လွန်းမောင်။ ဆပ်ပြာမရတော့ ဆပ်ပြာကို မှောင်ခိုက ဝယ်သုံးရတယ်။ ဒါကို ထေမိအောင် ဒီလိုဘဲ လုပ်ရမှာဘဲ"

"လုပ်ကြ၊ လုပ်ကြ။ အိမ်ကရတာ မှောင်ခိုမှာ ပြန်ရောင်း၊ သုံးချင်တာ မှောင်ခိုက ပြန်ဝယ်။ ကောင်းတယ်၊ ကောင်းတယ်။ တအိမ်လုံး မှောင်ခိုလုပ်စားနေကြ" ကျော်ဝင်းမောင် ပေါက်ကွဲလာပြန်သည်။

"တအိမ်လုံး မဟုတ်ဖူး ကျော်ဝင်းမောင်။ တနိုင်ငံလုံး လုပ်နေတာ၊ တနိုင်ငံလုံး လုပ်နေတာ၊ မင်း မသိဘူးလား"

သည်တော့လည်း ခင်လေးနွယ် ဓိတ်ညစ်ရသည်။



ဒိုပေမယ့် ကိုးတန်းစာမေးပွဲဖြေပြီးသောနေ့က သန်းထိုက်တို့ သိုက်နှင့် အတူ ဖုရားသို့ သွားရသောအခါ ထိုစိတ်ညစ်စရာ အားလုံးကို မေ့လျော့နိုင်သည်။

အစကတော့လည်း ဘာရယ် မဟုတ်။ သန်းထိုက်က မနက် င်း စာမေးပွဲအပြီး ဖုရားသွားဖို့ အဖော်ညှိသည်။ ပြီး သန်း ထိုက် ချစ်သူ သင်းသင်းယုကလည်း လိုက်ခဲ့ဖို့ခေါ်သည်။ လဲ့လဲ့ အောင်က သူလည်း လိုက်မည် ဆိုသည်။ မောင်မောင်ဦးတို့ သည်း ပါမည်ကို သိပြီး ဖြစ်နေမည်လား မဆိုတတ်။ ဒါကို သည့်မတွက်ခဲ့ဖူး ဆိုသည်း ဟုတ်၏။ ထည့်တွက်စရာ မလိုဟု ထင်ခဲ့တာလည်း ဖြစ်မည်။

စာမေးပွဲအပြီး စိတ်လက် လွတ်လပ်စဆိုတော့ ပျော်စရာ ကောင်းသည်ဟု ခံစားရသည်။ ခင်လေးနွယ်တို့ မိန်းကလေး သုံးယောက်၊ သန်းထိုက်တို့ ယောကျ်ားကလေးက လေးယောက်။ နှစ်ယောက်။ တစုကြီး။ နှစ်ဆတိုး ဘိုးဘိုးအောင် တက်စီနှင့်။ တက်စီရွေခန်းမှာ မောင်မောင်ဦးက ထိုင်သည်။

ဒါကိုတော့ ခင်လေးနွယ် သဘောမကျချင်။ သူဘဲ စိတ်ဝင် စားသည် ဆိုခဲ့၏။ ခုကျ သူဘဲ တသီးတခြား။ နောက်တန်း သုံးယောက်ခုံမှာ မျက်နှာချင်းဆိုင်ဆို ဘာဖြစ်သေးသလဲ။ သူ ဘဲ ဟန်လုပ်ရတယ် ရှိသေး။ ကြည့်။ သန်းလိုက်နှင့် သင်း သင်းယု၊ မျက်နှာချင်းဆိုင် တပြုံးပြုံး။ ဒါကိုပင် အများပြီ နှင့်သျက်သား အေးဝင်းက လဲ့လဲ့အောင်ကို

"ပေ့ တွေ့သား။ သူတို့နှစ်ယောက် ကြည့်နေတာ လဲ့လဲ့ စားမကျဘူးလား" စသည်။

www.burmeseclassic.com



"အိုး၊ ဘာဆိုင်လို့ အားကျရမှာလဲ"

"ဒါမျိုးဆိုတာ အားကျဘို့ ကောင်းတာပေါ့။ ကျနော်တော့ အားကျတယ်။ အဟုတ်ပဲ"

"သူ့ဖာသာ ကျချင် ကျ၊ ဒို့ကတော့ မကျရေးချ မကျ"

"မယုံပေါင်"

ကြည့်စမ်း၊ ကြည့်စမ်း။ လဲ့လဲ့ မျက်လုံး။ သည်မျက်လုံးမျိုးက အေးဝင်းလို ယောကျ်ား မပြောနဲ့ ခင်လေးနွယ့် ရင်ထဲမှာပင် လှုပ်ကနဲ။

"ဒို့ကတော့ သူများကြည့်တာ ကြည့်ပြီး ကျေနပ်ရတာဘဲ"

အေးဝင်းဘေးက တင်လှဝင်းက ဝင်နောက်သည်။

"တော်စမ်းပါ။ ကိုတင်လှဝင်းအကြောင်း မသိတာ မှတ်လို့" သင်းသင်းယုက ပြန်ပြောသည်။

ဘာရယ် မဟုတ်။ တကားလုံး ကျွက်စီ ကျွက်စီနှင့် ပျော်စရာကြီး။ သည်ကြားကဘဲ မောင်မောင်ဦးကို လှမ်း၍ လှမ်း၍ ကြည့်ရသည်မှာ အမော။ ရင်ထဲမှာ တလှုပ်လှုပ်နှင့် ဒေါသ သည်လား၊ ဘာသည်လား၊ ဝေခွဲ မတတ်။

ဘုရားရောက်တော့ ခင်လေးနွယ်က သူ့အလှည့်ဘဲ သဘောထားသည်။ သူ ရှေ့က တက်သည်။ မောင်မောင်ဦးကို ဂရုမစိုက်တော့ဟု သဘောထားသည်။ သူနှင့် ကပ်လျက် လဲ့လဲ့အောင်ပါလာသည်ကိုပင် ဂရုမထားတော့။

သူ့ဘေးမှာ မောင်မောင်ဦး ဘွားကနဲ ရောက်လာတော့ ရှတ်တရက် လန့်သွားသေးသည်။

"ရော့လေ"

ပန်းတွေကို လှမ်းပေးသည်။



"ဘာလုပ်ဖို့လဲ"

"ဘုရားတင်ဘို့ပေါ့"

ဘာပြောရမှန်း မသိပြန်။ ခဏနေမှ

"လဲ့လဲ့ဘို့ကော"

"သူ့ဘို့ လာလိမ့်မပေါ့"

မျက်လုံးချင်း ဆုံမိတော့ ရင်ထဲမှာ ဖိုကနဲ ခံစားရပြန်သည်။ ဘေးက လဲ့လဲ့အောင်ကို မတွေ့တော့ ပို၍ ထိတ်ကနဲ ဖြစ်ပြန်သည်။ ကြည့်၊ ဒီကောင် နောက်ချန်နေခဲ့ပြီ။ တမင် ရှောင်ပေးတာလား။

"လဲ့လဲ့က အေးဝင်းကို စောင့်နေတာ ရှိမှာပေါ့"

လေးနွယ် ဘာမျှ ပြန်မပြောတတ်။

"မင်း ကိုယ့်ကို ဘာလို့ ရှောင်ရှောင်နေတာလဲ"

ဒါလည်း မဖြေတတ်။

"ကိုယ်မေးတာ ဖြေလေ"

ရင်ထဲမှာ မောလာပြီ။

"မေးနေတယ်လေ"

"ဘာသူက ရှောင်လို့လဲ" ဖြတ်ကနဲ ခုန်စဉ် ထွက်သွားသည်။ သည်စကားလုံးတွေကို လိုက်ဖမ်း လို့လည်း မရတော့။

"မင်း အတော် ချောတာဘဲ"

"အိုး"

"ဘုရားမှာ ကိုယ် ဘာဆုတောင်းမယ်လို့ မင်း ထင်သလဲ"

"ဘယ်သိပါ့မလဲ"

"မင်းလို မိန်းမချောကလေး တယောက်နဲ့ ချစ်ရပါစေလို့ ဆုတောင်းမလို့"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဇာသာ တောင်းတာ လေးနှယ်နဲ့ ဘာဆိုင်လဲ"
"လေးနှယ်က ချောတယ် မဟုတ်လား"
"ဒါကို ဘာဖြစ်လို့ ထပ်ထပ်ပြောနေလဲ"
"ချောလို့ ချောတယ် ပြောတာ မကြိုက်ဖူးလား"
"လူတွေ ကြည့်နေတယ်"
"ချောလို့ ကြည့်တာ ရှိမှာပေါ့"
"လာပြန်ပြီ"
"လာလို့ ရောက်တာပေါ့"
"သူတို့ကို မစောင့်ဘူးလား"
"သူတို့လဲ လာမှာပေါ့"
"ဒီလိုကြီး စိုက်စိုက်မကြည့်ပါနဲ့"
"မင်းကြည့်လို့ ကိုယ်ကြည့်တာ မြင်တာပေါ့"
"အိုး"

ထိုနေ့က ဖုံရားမှာ၊ ပြီး တိရိစ္ဆာန်ရုံမှာ၊ ပြီး ကန်တော်ကြီး မှာ။ ခင်လေးနှယ် ပျော်သည်။ ရင်ထဲကလည်း ပျော်သည်။ စိတ်ထဲကလည်း ပျော်သည်။ မျက်လုံးထဲကလည်း ပျော်သည်။ အားလုံး ပျော်သည်။

ဆယ်တန်းတနှစ်လုံး ခင်လေးနှယ် ပျော်ခဲ့သည်။

တခြားပြဿနာတွေ တွေ့ချင် တွေ့မည်။ မကျေနပ်စရာ ဆုံချင် ဆုံမည်။ ဒါတွေကို ခင်လေးနှယ် မေ့နိုင်သည်။

သို့ပေမယ့် ခင်လေးနှယ် စာကြည့်ဖို့ကိုကား မမေ့ ဒါကို အကို့ကိုလည်း ခင်လေးနှယ် အမြဲ သတိပေး၏။ သို့ လျက် ထိုဆယ်တန်းပထမနှစ်မှာ အကို စာမေးပွဲ အောင်သည်။ ခင်လေးနှယ်ရှုံးသည် ဆိုရမည်။'ခ'ကဘဲ အောင်သည်။ခင်လေး

ငိုရသည်။အကို့အတွက် ဝမ်းသာရဖို့ကိုပင် ဝမ်းမသာနိုင်။
"အကို စောင့်နေမှာပေါ့ လေးနှယ်ရယ်"
အကိုက နှစ်သိမ့်စကား ဆိုပါသေး၏။

ခင်လေးနှယ် မဖြေနိုင်ခဲ့။သို့ပေမယ့် ဤသို့ဖြင့် အကိုနှင့် ချစ်ဇာတ်လမ်း ဆုံးခန်းတိုင်လိမ့်မည်ဟူ၍ကား ခင်လေးနှယ် ခဲ့။ထို့ကြောင့် ဆယ်တန်းဒုတိယနှစ်မှာ နိုင်လင်းအောင် စကားစလာသောအခါ ခင်လေးနှယ် နိုင်လင်းအောင်ကို မျက်သိခဲ့ရ၏။

မောင်မောင်ဦး စက်မှုတက္ကသိုလ် ရောက်သွားပြီးနောက် ကျောင်းဖက်သို့ တခါနှစ်ခါ လာပါသေး၏။ ခင်လေးနှယ်နှင့် အတူ ရုပ်ရှင်ရုံသို့ သွားပါသေး၏။ သည်အခါတိုင်း ခင်လေး ပျော်ပါ၏။အကိုမလာလျှင် ခင်လေးနှယ် မပျော်တော့။

သည်ကြားမှာပင် ခင်လေးနှယ်အဖို့ မပျော်စရာတွေကို ထပ် ထပ်၍ တွေ့လာသည်။

အိမ့်အပြင်ဖက်မှာ ခင်လေးနှယ်ကို အချစ်ဆုံးသည် အကို။ ၏။ အိမ်မှာကား ဖေဖေ။

ပြောပြော ဖွားဖွားနှင့် တခန်းတည်းနေရပေမယ့် ခင်လေး သဘောမတွေ့နိုင်ဆုံးမှာ ဖွားဖွား။ ဖွားဖွားသည် နေရာ တာ ဆူချင် ပြောချင်သည်။နေတာထိုင်တာမှာလည်း ဖွားဖွား ပြောမလွှတ်။ ဝတ်တာ စားတာ မှာလည်း ဖွားဖွားသြဇာနှင့် သည်ဆဲ ဖိုးဖိုးက ကြားဝင်ချင်သေး၏။ဖိုးဖိုးနှင့်ဖွားဖွား ကိုကို သူ့ဖက်ကနေ၍ တော်ခသေးသည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဘဲ။ဖိုးဖိုးတို့ ဖွားဖွားတို့က ကျွန်နော် တို့ဆို ကြည့်မရ
မဟုတ်လား။ မဆန်းပါဘူး။ ဒီခေတ်က ဖိုးဖိုးတို့ ဖွားဖွား
ခေတ်မှ မဟုတ်တာ။ ဟုတ်တယ်။ ကျွန်နော်တို့ သီချင်း
တယ်၊ဖိုးဖိုးက မကြိုက်ဖူး။ ဖိုးဖိုးကျတော့ကော မနက်တိုင်း
အိမ်ကြား ရှစ်အိမ်ကြား ထထပြီး ဖုံရှား ရှိခိုးတယ်။ အဲ
ကောင်းသလား" ကိုကိုက စကားပြောလျှင် ရမ်းကားတ
သည်။

"ဟဲ့ ငမောင်၊ ဒီတ္တိ။ ဒါ နင် လူကြီးကို ပြောရမယ့်စကား
လား" ဖွားဖွားက ဖိုးဖိုးဖက်က ကူတတ်သည်။

"ပြောစမ်းပါစေ၊ မယ်ရွှေမယ်။ ဒင်းတို့တွေ အကုန် အ
ရောက်မှာ"

"ရောက်ပါစေ။ ဖိုးဖိုး နတ်ပြည်ရောက်တဲ့အချိန်မှာ ကျနော်
အစီစီရောက်နေရင် ပိုကောင်းတယ်"

"မင်းနော်၊မင်း။ လူကြီးကို ဒီလိုဘဲ ပြောရသလား"

"ကဲပါ ကိုကိုရယ်၊ ကိုကိုကလဲ စကားပြောရင် သိပ်ရ
တာဘဲ"

ခင်လေးနွယ်ပါ ဝင်ရသည်။ ဤသို့ပင်

"ကြည့်စမ်း။ ဟဲ့ မိခင်မြိုင်။ နင့်သမီး ကြည့်စမ်း"

"ဘာဖြစ်လို့လဲ ဖွားဖွားရဲ့ အလန့်တကြား"

"ဘာဖြစ်ရမလဲ ငမောင်။ နင့်နှမက သူ့ကိုယ်သူ ဘ
လိုက်မင်းသမီးမှတ်နေသလား မဆိုနိုင်ဘူး။ ဝတ်ထားတဲ့အင်္ကျီ
ယောကျ်ားမဟုတ်၊မိန်းမမဟုတ်"

"ဟုတ်ပါရဲ့ ငါ့မြေးရယ်။ ခု နင်ဝတ်ထားတာ ရှပ်အင်္
ကြီး မဟုတ်လား"



"အိုး၊ဘယ်ကလာ ဟုတ်ရမှာလဲ။ ဒါ လေးနွယ် အင်္ကျီ ဘဲ၊
ဘူ"

"မဝတ်နဲ့မဝတ်နဲ့။ ဒါမျိုးဆိုတာ မိန်းကလေးမဝတ်ရဘူး၊
ပေး"

"ဖိုးဖိုးက ဘာလုပ်ဖို့လဲ"

"ဝတ်ဖို့ပေါ့ဟ"

"ဟဲ့ ငမောင်။ မင့်နှမကို မင်း ကြည့်မပြောဘူးလား"

"ဘာပြောစရာ လိုလဲ ဖွားဖွားရဲ့။ ဒီလိုဘဲ ဝတ်နေကြတဲ့
ာ"

"ဝတ်ကြပေ့၊ဝတ်ကြ၊မိန်းမတွေက ယောကျ်ားအင်္ကျီဝတ်၊
ယောကျ်ားတွေက မိန်းမထမီကိုဝတ်၊သိပ်ကောင်း သိပ်ကောင်း"

စင်စစ် သည်အဖြစ်မျိုးတွေသည် တနေ့အဖြစ် မဟုတ်။ကြုံ
ဲ အဖြစ် ဖြစ်သည်။ ကြာတော့လည်း မောင်အငယ်ဆုံး
တွက်ကအစ အဖိုးအဖွားတွေနှင့် သင့်မြတ်လှသည် မဟုတ်၊
မည်သို့ပင်ဖြစ်စေ၊ သည်သားတွေနှင့် သမီးတွေဖက်မှာ ဖေ
နေသည်ဟု ယူဆခဲ့သည်။

ယခုကား ဖေဖေသည်ပင် စိတ်သက်သာယာပုံ မရှိ၊ယခင်
လို မျက်နှာ ရွှင်ရွှင်ပျပျ မရှိ၊ ဖေဖေ့မျက်နှာ မရွှင်ပျသ
ပင် မေမေ့မျက်နှာကလည်း ညှိုးငယ်သည်ဟု ထင်ရသည်၊
မှန်တော့လည်း မှန်သည်။ မခင်မြိုင်အနေနှင့်ကား အိမ်
ထောင်ရှင်မအဖြစ် ခြိုးခြံရသည်၊ စီစစ်ရသည်။ သည်ကြားကပင်
င်သား၏ဝင်ငွေနှင့် သည်အိမ်ထောင် စားသောက်ရေးသည်
လောက်ပေ။ တလတလ အထုပ်ဖြည့်ရသည်ပင် မနည်းတော့။
ကို အိမ်ထောင်ဦးစီးလုပ်သူ ကိုလွန်းမောင်ကိုယ်တိုင်လည်း မ

www.burmeseclassic.com

www.burmeseclassic.com



ဒ်း မဟုတ်။ သိပါ၏။မိမိလခ လေးရာကျော်လောက်နှင့်တုန်း အခြေအနေကမှ တော်သေး၏။ အပိုအလျှံ မရှိပေမယ့် လောက်သည်ဟု ဆိုနိုင်၏။ ယခုကား မိမိလခ ခြောက် လောက်သည် သည်အိမ်ထောင်အတွက် ဘာမျှ အရာမရော တော့။ ခြိုးခြံလာရသည်။ မိမိကိုယ်တိုင် ဂုတ်ပိုးစုတ် အင်္ကျီ ဝတ်နေရသည်။ သားတွေသမီးတွေ အပျိုလူပျိုဖြစ်လာပေမ အသစ်အလွင် အတောက်အပြောင် ဝတ်ကြရသည် မဟုတ်။ ပေမယ့် ပြဿနာသည် မငြိမ်း။

ဒါကို ခင်လေးနွယ် ရိပ်မိပါ၏။

သည်လစာ သည်အိမ်ထောင်နှင့် သည်ကာလဈေးနှုန်းတို့ ခင်လေးနွယ် သိပါ၏။ သည့်အတွက် ဖေဖေနှင့် မေမေတို့ မည်မျှ စိတ်ဒုက္ခရောက်သည်ကိုလည်း နားလည်ပါ၏။သို့ပေမ မေမေ့အထုပ်ကိုတော့လည်း ခင်လေးနွယ် အားကိုးသည်။

သို့ပေမယ့် ကိုလွန်းမောင်သည်ပင် မိမိမယားကို အားနာလ သည်။

"အဖေရယ်၊ အဖေ့ငွေတွေ အလကားစုထားတာ၊ ခုဆို ငွေ တန်ဖိုးကျလာတော့ ဘာ အရာထင်သေးသလဲ။ ခု ကျန်နေ တို့မှာ ဝင်ငွေနဲ့ သုံးငွေ လောက်တာ မဟုတ်မှန်းလဲ အဖေ သိဘဲ။ ဒီတော့ အဖေ့ငွေထဲက "တခါတွင် ကိုလွန်းမောင်သည် သူ့အဖေကို တိုးတိုးကျိတ်ကျိတ် စကားဆိုကြည့်ခဲ့မိသေးသည်။ စကားမျှမဆုံးသေး

"တော်တော်၊လွန်းမောင်။မင်း ဒီစကား ဘာလို့ ပြောလာ တာလဲ။ အယင် မင်း ငါ့ဆီက ချေးတဲ့ ငွေငါးထောင်လဲ ပြန် ပေးနိုင်တာ မဟုတ်ဖူး"

"ဒါကတော့ အဖေရယ်၊ပြန်မပေးဘဲ နေမှာမှ မဟုတ်တာ"

"ဒါတော့ ဒါပေါ့ကွ။ဒါပေမယ့် ငါ့မှာကလဲ လှူရေးတန်း ...း ကိစ္စတို့ အိုစာနာစာတို့ဆိုတာ ထားရမယ် မဟုတ်လား"

"အဖေ့ အိုစာနာစာဆိုတာ ကျနော်တို့ ရှိနေပြီဘဲဟာ ဘာ ...ခုစရာ လိုတာ မှတ်လို့"

"ငါ့မှာကလဲ ဘာရှိတာမှတ်လို့။ ငါ့လက်ထဲမှာ တထောင် ...ကျိုးရာဘဲ ရှိတော့တာ"

အမှန်ကတော့လည်း ကိုလွန်းမောင် မသိ မဟုတ်။ သိပါ ၏။ သူ့အဖေလက်တွင် ငွေတသောင်းနီးပါး ရှိနေသည်ကို သိ ပါ၏။ သူ့အဖေ ငွေထုပ်ပိုက်ဝါသနာကိုလည်း ကိုလွန်းမောင် သိပါ၏။ ထို့ကြောင့်လည်း ငွေရေးကြေးရေးနှင့် ပတ်သက် လျှင် ကိုလွန်းမောင်သည် အဖေ့ကို ဘာမျှ မပြောချင်ခဲ့။ သည် အဖေ သည်သားနှစ်ဦးထဲလို အခြေအနေမျိုး၊ ငြိုး ဟိုစဉ်က တည်းက အဖေ့ဩဇာအောက်မှာ နေခဲ့ရပြီး ယခုမှ ခိုကိုးရာ ...ံ သည်ဖအေအိုကြီးကို တွန်းလှန်ဖို့ မသင့်ဟုလည်း သူ ယူဆ ထားခဲ့၏။

မည်သို့ဖြစ်စေ၊ ဦးဘအုန်းကမူ သူ့သားနှင့် ပတ်သက်လျှင် အရာရာကို သူ ဖန်တီးပေးခဲ့ပြီ၊ ကျွေးခဲ့မွေးခဲ့ပြီ၊ ပညာသင်ပေး ခဲ့ပြီ၊ ကြွယ်ဝ ချမ်းသာ လိမ္မာသော မိန်းမတယောက်လည်း ...ှာပေးခဲ့ပြီ၊ ထို့ကြောင့် သူ၏တာဝန် ဆုံးခန်းတိုင်ပြီဟု ယူဆ သည်။ စင်စစ် သူ့၌ အထုပ်အထည် မရှိ မဟုတ်။ ရှိသည်။ သူ အငြိမ်းစားယူလိုက်သောအချိန်မှာ သူ့မိန်းမချန်ခဲ့သော ပစ္စည်း အစုစုပါ ငွေသုံးလေးသောင်းဖိုး ရှိသည်။ ယခု ဒါတွေ မှု၊ ခြစ်ခြစ်ကုတ်ကုတ် စုနိုင် ဆောင်းနိုင်၍ ငွေသားသက်သက် တ

www.burmeseclassic.com



သောင်းလောက် ရှိသည်။သည်အထုပ်ကိုကား သူ နောက်ထပ်
မဖြည်နိုင်တော့။ အထူးသဖြင့် သူ့သားလွန်းမောင် ထတိတတိ
ချေးယူ၍ ငွေငါးထောင် ထုတ်ချေးထားရသည်ပင် သုံးလေး
နှစ်ရှိပြီ။ အတိုးလည်း မရ။ အရင်းလည်း မရ။ သည်ငွေတ
သောင်းကိုကား နောက်ထပ် အလျှော့ မခံနိုင်တော့။ ယခု အ
နေမျိုးမှာ သူ သာ၍ အလျှော့မခံနိုင်တော့။

သူ့မိန်းမသေစဉ်က ငါးဆယ်သာသာဘဲ ရှိသေးသည်။သည်
တုန်းက သူ မိန်းမထပ်ယူဘို့ စိတ်ကူးပေါက်ခဲ့သေး၏။ ယခု
နောင်တ ရရပြီ။ မှန်သည်။ ထိုစဉ်ကတည်းက သူ နောက်အိမ်
ထောင်ပြုခဲ့လျှင် သူ တအိမ်တဆောင် အိမ်ထောင်ခွဲနေနိုင်မည်။
သားသမီးဆိုသည်မှာ စုန်ရေသဘောဘဲ၊ မိဖသည် သူတို့အကြ
ဘာမျှ မျှော်လင့်၍ မရဟု ယခု သူ သဘောရပြီ။ ကြည့်၊ယခု
သည်သားဆီမှာ မှီခိုနေရတာက အစ၊ သားနှင့်ချွေးမက မ
ကြည်ဖြူဟန် မပြကြပေမယ့် မြေးတွေကအစ အရိုသေ တန်ချင်
သည်။သည်အိမ်မှာ နေရတာ တနေ့တနေ့ သူ ငရဲရောက်နေသည်
ဟု သဘောရသည်။တခုတော့ ဖြေသာပါသည်။ အေးရင်။

ထိုအခါ သူ နောက်အိမ်ထောင်ပြုဘို့ စဉ်းစားစဉ်က ကိစ္စကို
ပြန်သတိရလာသည်။ အမှန်ပင် သူ နောက်အိမ်ထောင်ပြုဖို့
စိတ်ကူးပေါက်ခဲ့ဖူးသည်။ သူ့မှာ ထိုစဉ်က ငွေနှင့် ရွှေနှင့်။
သူ့ကို ပြုစုမယ့် မိန်းမတယောက်ယောက်ကို ရနိုင်သည်ဟု သူ
ထင်သည်။ သူ့စိတ်ကူးမှာလည်း ရွေးချယ်ခဲ့ပြီး ဖြစ်သည်။
သူ့အောက် အသက် နှစ်ဆယ်ကွာခြားသည်။ သုံးဆယ်ကျော်ရှိ
ကလေးဘဲ။ ပြီး အပျိုကြီး။ ရုပ်ရည် မဆိုး။စျေးမှာ အထည်
ရောင်းသည်။သူ့စီးပွားနှင့်သူ သင့်တင့်သည်။အမှန်ပင် ထိုအမျိုး

သမီးကို ဦးဘအုန်း လက်ထပ်ယူဖို့ စိတ်ကူးပေါက်သည်။ ။သည်
အတွင်း ဘယ်က ဘယ်လို သတင်းစကား ကြားရသည်ကို ယခု
မမှတ်မိတော့။ထိုအမျိုးသမီးမှာ မောင်ငယ် ညီမငယ်အများနှင့်
အထည်ဆိုင်ဖွင့်ထားသော်လည်း ကြွေးပတ်လည် ဝိုင်းနှင့်၊ ပြီး
လည်လည်း လည်သည် ဟူသော သတင်းစကားများ။

သည်တော့ ဦးဘအုန်း အမှန်ပင် တုန်လှုပ်ခဲ့သည်။သူ နောက်
အိမ်ထောင် ပြုရမည်ကို ဝန်မလေး။ သို့ပေမယ့် နောက် အိမ်
ထောင့်လက်ထဲ သူ့ရိုပစ္စည်းကလေးတွေ အပ်လိုက်ရမည်ကိုကား
သူ တွန့်တိုသည်။ သူ့ပိုက်ဆံတော့ အလျှော့မခံနိုင်။

သည်လိုနှင့် ယခု သူ့ အသက် ခုနစ်ဆယ်နား ကပ်လာပြီ။
နောက်အိမ်ထောင်ပြုလိုစိတ် မကုန်သေး။ အထူးသဖြင့် အေးရင်
လို မိန်းမမျိုးနှင့်ဆိုလျှင် သူ အိမ်ထောင်ပြုချင်သည်။

ဘာပြောပြော အေးရင် အသက်တော့ ငယ်သည်ပေါ့။ဒင်း
ကလေး အသက် ရှိလှ ဆဲ့ခုနစ်နှစ်၊ ဆဲ့ရှစ်နှစ်။ ငယ်လျှင်
ခိုးရမည်ဟု ဆိုသည်။ သို့ပေမယ့် အေးရင်ကို သူ ချိစရာ လို
လိမ့်မည်ဟု မထင်ပါ။ အေးရင်သည် ငယ်သာ ငယ်သည်။
အိမ်မာရေးချား ရှိသည်။ အလုပ်မှာ ကျွမ်းကျင်သည်။ အေးရင်
သည်အိမ် ရောက်လာသည်မှာ နှစ်နှစ်ကျော်ပြီ။ ရောက်စက
အေးရင့်အသက် ဆဲ့ငါးနှစ်ပဲ ရှိဦးမည်။ ထမင်းချက်ရာမှာ
လည်း အားကိုးရသည်။ အဝတ်လျှော်ရာမှာလည်း မျက်နှာ
သွဲ့ရသည်။ မီးပူတိုက်၊ အိမ်တွင်းအလုပ်ကိစ္စဟူသမျှ အားလုံး
အေးရင် ချက်ချက်ချာချာ လုပ်နိုင်သည်။ သည်ထဲ နှမ်းအုံး
ငယ်၊ နှိပ်အုံးဟယ်ဆို အေးရင် ဖင်ပေါ့သည်။ လူကြီးသူမမှန်း
လည်း သိတတ်သည်။ သည်လို ကလေးမကလေးကို ယူလိုက်၍

www.burmeseclassic.com



သူ ချိုပိုးနေစရာ မလို။ ထိုကလေးမကပင် သူ့အတွက် အလုံးစုံ တာဝန်ယူပေလိမ့်ဦးမည်။ ဤသို့ ဦးဘအုန်း တွေးသည်။

သို့ဖြင့် တနေ့နေ့တွင် သူ အေးရင်ကို လက်ထပ်ဖြစ်လိမ့်မည် ဟု ထင်လာသည်။ သည်တော့ သူ့လက်က ငွေတသောင်းကို တပြား အလျှော့မခံနိုင်။ အေးရင်နှင့် လက်ထပ်ချိန်မှာ သည် ငွေတသောင်း အေးရင့်လက်ကို ထည့်ပေးလိုက်လျှင် အေးရင် ဘယ်လောက် ဝမ်းသာလိမ့်မည်နည်း။

ထို့ကြောင့် ဦးဘအုန်းသည် သူ့ငွေထုပ်ကို လုံးဝအထိ မခံနိုင်။

စင်စစ် ခင်လေးနွယ်သည် ဤသို့သော အိမ်တွင်း အခြေအနေ များကို အလုံးစုံ သိနားလည်ထားသည်ကား မဟုတ်။ သို့ဖို့ လို သည်ဟုလည်း မထင်။ ယေဘုယျ အခြေအနေလောက်ကိုကား သူမသိ မဟုတ်။ သိပါ၏။ အဖေ့ဝင်ငွေနှင့် သည်မိသားစု ရပ်တည်ရေး။ သည့်အတူ အမေ့တွင်ရှိသော ပစ္စည်း၊ အဖိုးတွင် ရှိသော ငွေအကြောင်းတို့ကိုလည်း ခင်လေးနွယ် အသင့်အတင့် သိပါ၏။အမေ့ပစ္စည်း မကြာမကြာ ပြိုကွဲ သွားသည်ကိုလည်း သိပါ၏။ သို့ပါလျက် အဖိုး ကုတ်ကုတ်စ နိုင်လွန်းသည်ကိုကား မကျေနပ်။ ကုတ်ကုတ်ဧ နိုင်ရသည်အထဲ သည်အဖိုး နေရာ တကာ ဝင်ပြီး ဩဇာပေးလွန်းသည်ကိုလည်း မကျေနပ်။ အဖွား ဩဇာပေးလွန်းသည်ကိုလည်း သဘောမတွေ့။ အမေ ရှေးရိုး ဆံချင်သည် ကိုကား ခင်လေးနွယ် ခွင့်လွှတ်ထားပါ၏။ အဖေ တယောက်လုံး သူ့ဖက်မှာ ရှိနေ၍ သူ ကျေနပ်နိုင်သည်။



ယခုတလော အဖေ မျက်နှာမသာ၊ အမေ့မျက်နှာ အား ငယ်သည်တို့ကို ကြုံရဖန်များလာသော အခါ ခင်လေးနွယ်လည်း ဝိတ်အားငယ်ချင်ချင် ဖြစ်လာသည်။ သည် အတွင်းမှာပင် အကို မောင်မောင်ဦး ပြဿနာက ပေါ်သည်။ အကိုသည် ခင်လေးနွယ်ဆီ မလာတော့။ အကို့သတင်းစကား ကြားလာ ရပြီ။မဆန်းပါ။ စကတည်းက သည်လိုဘဲ ဖြစ်ရမည်ကို တွေး ခဲ့ဖို့ကောင်းသည်ဟု သူ့ကိုယ် သူ အပြစ်တင်လာသည်။ မှန် သည်။ အကိုသည် တက္ကသိုလ်ရောက်ပြီ။ ဒီတော့လည်း သည် တက္ကသိုလ်မှာ အထက်တန်း ကျောင်းမှာထက် အလှအပ အ ရောင် အသွေး စုံသည် မဟုတ်လား။အကို့အဖို့ အကို တချိန်က ချောလှချည့် လှလှချည့်ဆိုသော လေးနွယ်ထက် ပိုချော ပိုလှ —ဒါတောင် ပြောမည့် ပြောရသည်၊ဒင်းတို့ တက္ကသိုလ်လောက ဆိုသည်မှာက အရောင်ပြိုင်၊ အသွေးပြိုင်၊ အဆင့်ပြိုင်တာဘဲ၊ ဘကယ့်အလှအပဆိုတာမျိုး မဟုတ်။ တကယ်အလှအပ မရှိ ဘော့လည်း မဟုတ်၊ ရှိချင်ရှိမည်၊ ဒါတွေကပင် အမွမ်းအမံ အချယ်အသတွေကြောင့် ပိုမိုပေါ်လွင်သည်သာ ဖြစ်မည်၊ သည် တော့ လေးနွယ့် အလှမျိုးတူပေမယ် ချယ်နိုင်သနိုင်သူနှင့် သူ့ဥလျှင် လေးနွယ် ရှုံးရပေမည်—ဆိုတာတွေ တွေ့သည်ဘဲ ထား ပါ။ တွေ့သည်ပေါ့။ သည်တော့ လေးနွယ်ကို မေ့သည်ပေါ့။ ဘိစ္စမရှိပါ။

ပထမတော့ နကိုလေးနွယ် အားငယ်ရသည့် အဖြစ်မှာ အကို့သတင်း ကြားရတော့ ပိုပြီး အားငယ်ရသေးသည်။ ကျိတ် ပြီးလည်း ငိုခဲ့ရသေးသည်။ ပြီးတော့မှ မိမိငိုရသော အဖြစ်ကို မိမိကိုယ်တိုင် အရှက်ရလာသည်။ သူ့ပတ်ဝန်းကျင်သူ့အကြား

www.burmeseclassic.com

www.burmeseclassic.com



သူ့အမြင်တွေမှာ ရည်းစားပျက်သည်ဆိုသော ကိစ္စမျိုးသည် ကြီးကျယ်သည်မှ မဟုတ်။ လဲ့လဲ့အောင်နှင့် အေးဝင်းဆိုလျှင် သူ့နောက်မှ တွဲဖက်မိကြသူများ ဖြစ်သည်။ ဘာ မျှလည်း ကြာလိုက်ရသည် မထင်။ ကျောင်းမတက်ပဲ ရုပ်ရှင် အကြိမ်ကြိမ် ကြည့်သည်။ ပြီး တည်းခိုခန်းမှာပင် စတည်းချလိုက်ကြသေးသည် တဲ့။ နောက်တော့လည်း လဲ့လဲ့အောင်သည် တင်လှဝင်းနှင့် တွဲသည်။ အေးဝင်းက ရှစ်တန်းက ကောင်မလေး သဇင်နှင့် တွဲဖက်သည်။ ဘာမျှ ခံစားလိုက်ကြရပုံမပေါ်။ သည်လိုပါဘဲ။ သန်းထိုက်နှင့် သင်းသင်းယုလည်း အတွဲပြောင်းကြပြီ။ ဘာမျှ ခံစားကြရပုံ မပေါ်။ သူတယောက်တည်းမှ ထူး၍ ခံစားတတ်သည် ဆိုလျှင် သူဘဲ ရှက်စရာ။

သည်လိုနှင့် ခင်လေးနွယ် မာနသွေးတက်လာသည်။ မှန်သည်။ မာနဆိုတာ ရှိဖို့လိုသည်ပင်။ သည်လောက၊ သည်ပတ်ဝန်းကျင်မှာ မိန်းကလေးမို့ အားငယ်နုံ့နဲ့နေ၍ မဖြစ်။ ခု သူ စက်မှုတက္ကသိုလ်သို့ ရောက်သည်။ မိမိကို ပစ်ပယ်သည်။ အသစ်ရှာသည်။ သည်တော့ မိမိလည်း တက္ကသိုလ်သို့ ရောက်အောင် ကြိုးစားရမည်။ သူ့ထက်သာသူတွေ တက္ကသိုလ် နယ်မြေမှာ အများအပြားတွေ့နိုင်သည်။ တွေ့ရမည်။

ထို့ကြောင့် ခင်လေးနွယ် ဆယ်တန်းဒုတိယနှစ်မှာ နိုင်လင်းအောင်က စလာသောအခါ မမှုတော့။ နိုင်လင်းအောင်လို တနှစ်ကျ အတူတူချင်း မှန်း၍ မဖြစ်။ အရေးကြီးသည်မှာ သည်နှစ် စာမေးပွဲအောင်ဖို့။ လာမည့်နှစ် တက္ကသိုလ်ရောက်ထားပါ။ သည်အခါ နိုင်လင်းအောင်လည်း တက္ကသိုလ်သို့ ရောက်မည်ဆိုလျှင်တော့ စဉ်းစားကောင်း စဉ်းစားရပေမည်။



ဟုတ်သည်။ နိုင်လင်းအောင်မှာ မောင်မောင်ဦးလောက် ပစ္စည်း ဥစ္စာ ချမ်းသာကြွယ်ဝပုံ မရှိ၊အရှိန်အဝါရှိပုံလည်း မရ။ သို့ပေမယ့် မောင်မောင်ဦးနှင့် ယှဉ်နိုင်သော ရုပ်ရည်ရှိသည်။ ပြီး အပေါင်းအသင်းဆံ့သည်။အပြောအဆို ရည်မွန်သည်။ မောင်မောင်ဦးကမှ ဘာပြောပြော ထည်ကြီး ဝါကြီး လုပ်ချင်သည်။ နိုင်လင်းအောင်ကျတော့ သည်လို မဟုတ်။

သည်တော့ နိုင်လင်းအောင်ကို စဉ်းစားမည်ဆို စဉ်းစားနိုင်ပါ၏။ သို့ပေမယ့် ယခု မဟုတ်။

ထားပါ။ ဒါတွေကို ခင်လေးနွယ် မစဉ်းစားချင်။ ဘဲနဲ့။ လူ့လောကထဲ ရောက်၍မှ ဆဲ့ရှစ်နှစ်ကျော်ကျော်ဘဲ ရှိသေးသည်။ စဉ်းစားစရာတွေက များလွန်းနေ၍ မဖြစ်။ ဖိုးဖိုးကိစ္စ၊ ဖွားဖွားကိစ္စ၊ အဖေ့ပြဿနာ၊ အမေ့ပြဿနာ၊ ဒါတွေ စဉ်းစားရတာက တမျိုး။ မိမိကိစ္စ ကျောင်းကိစ္စကလည်း တမှောင့်။ သည်ထဲ မောင်မောင်ဦးကိစ္စ၊ နိုင်လင်းအောင်ကိစ္စ။ အရေးကြီးသည်မှာ စာမေးပွဲ အောင်ဖို့ ကိစ္စ။

ပြောမည့်သာ ပြောရသည်။ စာမေးပွဲကိစ္စကလည်း တွေးမိတိုင်း ရင်မောရသည်။

အမှန်ဆို မနှစ်ကတည်းက စာမေးပွဲ အောင်ခဲ့ဖို့ ကောင်းသည်။မအောင်။ဘယ်မှာအောင်မည်နည်း။ အများသူငါ ပြောကြသည်။စာမေးပွဲ တနှစ်တနှစ် ဖြေသူတွေက များ၍လာသည်။ ထိုဖြေသူတွေ ကြိုးစားကြ၊ ကျက်မှတ်ကြ၍ အားလုံး အောင်ပါပြီတဲ့။ ထိုမျှများပြားသော ကျောင်း သား ကျောင်း သူတွေ အတွက် အ ထက် တန်း ပ ညာ သင် ပေး နိုင် သော တက္ကသိုလ် ကောလိပ် အလုံ အလောက် ရှိပါ၏လော။ မရှိ။ သည်တော့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပဲ ကြိုးစားကြိုးစား၊ အောင်တိုင်း အအောင်ပေးရျှ မဖြစ်။ သည်တော့ တဘာသာ အောင်မှတ်လေးဆယ်သတ်မှတ်ထားပေမယ့် လေးဆယ်လောက်ရရုံနှင့် တက္ကသိုလ်ဝင်ခွင့်မပေးနိုင်။ ငါးဆယ်နှင့်ပင် ဝင်ခွင့်မပေးနိုင်။ ထို့ကြောင့်တဘာသာ ပျမ်းမျှ ခြောက်ဆယ်လောက်ရမှတဲ့။ ပြောကြ၏။ ဟုတ် မဟုတ် မသိ။ ခင်လေးနွယ် ရင်မောပါဘိခြင်း။

အင်း၊စာမေးပွဲဆိုတာကလည်း လေလံပွဲလို ဖြစ်နေပါပကောလား။ ဘဲ့နဲ့တတ်နိုင်ပါမည်နည်း။ အများသူငါ လေးဘာသာ ငါးဘာသာ ဂုဏ်ထူးတွေ ရကြသေးသည်တဲ့။တခုတဲ့။ ကားကြီးကားငယ် အသယ်သွယ်နှင့် ကျူရှင်နည်းပြ အဖုံဖုံမှာ သူတို့ပညာ သင်ယူကြရသည်။ အဖိုးကိစ္စ၊ အဖွားကိစ္စ၊ အဖေ့ကိစ္စ၊ အမေ့ကိစ္စ ပူစရာမရှိ။ လေးနွယ်တို့မှာ သည့်အခြေအနေမျိုး မပေး။

သည် ဒုတိယနှစ်မှာ အဖေကတော့ ကျူရှင်တက်လိုက တက်ဖို့ ပြောပါသေး၏။မာနကလေး မွေးတတ်လာပြီဆိုတော့လည်း ခင်လေးနွယ် ကျူရှင်တက်ဖို့ စိတ်မကူးချင်။ထို့ကြောင့် မနှစ်ကထက် ပိုပြီး ကြိုးစားမည်ဟု ဆုံးဖြတ်သည်။

သည်အထိတော့ မိမိစိတ်ကူးနှင့် မိမိ ခင်လေးနွယ် အားရပါ၏။ သို့ပေမယ့် ကိုကို့အဖြစ်ကို ကြုံရသောအခါ စိတ်မကောင်း ဖြစ်ရသည်။

ကိုကို တက္ကသိုလ်မှ ထွက်လာပြီ။ ဝိဇ္ဇာဘွဲ့လည်း ရလာပြီ။ သမိုင်းအဓိကနှင့် အောင်လာသော ကိုကို့အဖို့ အလုပ်တခု အလွယ်နှင့် ရဖို့သည် စဉ်းစားဝံ့သော ကိစ္စ မဟုတ်မှန်း ခေါ်လေးနွယ် ကြုံရလေပြီ။

ခင်စစ် အခြေအနေအရပ်ရပ်ကို ကျော်ဝင်းမောင် မသိ မဟုတ်။ သိပါသည်။ သို့ပေမယ့် စစဦးကတော့ ကျော်ဝင်းမောင် မတုန်သည်။ ရှစ်တန်းမှာ ဝိဇ္ဇာတွဲနှင့် အောင်ခဲ့ကတည်းက ဖေဖေ အားမရ ပါးမရ ပြောလာသည်ကို

"ခက်သားဘဲ ဖေဖေ။ ကျနော် ဝါသနာမပါတာဘော့ ဘဲ့နဲ့ တတ်နိုင်မလဲ။ ကျနော်က ဝိဇ္ဇာဘဲ ဝါသနာပါတော့ သိပ္ပံမရတာ ကျနော်တော့ ဝမ်းမနဲဘူး။တခုဘဲပေါ့ ဖေဖေရယ်။ ဝိဇ္ဇာဘာသာတွေဟာလဲ သူ့အတိုင်းအတာနဲ့သူ တန်ဖိုး ရှိကြဘာပါဘဲ" ယုံယုံကြည်ကြည် ရှင်းပြခဲ့လေသည်။

ထို့ကြောင့် ဆယ်တန်းအောင်၍ တက္ကသိုလ်တွင် သမိုင်းအဓိကဖြင့် သင်ယူခွင့်ရသောအခါ သူ့အနေနှင့် မျက်နှာငယ်ရသည်ဟု မထင်ခဲ့။ ပတ်ဝန်းကျင် တန်ဖိုး ဖြတ်မှုတွင် အဓိက ဘာ သာ သ မား တွေ အ ဖို့ တန် ဖိုး နိမ့်နေသည်ကို ကျော်ဝင်းမောင် သိပါ၏။ သည်လို အဓိက ဘာသာတွေ တန်ဖိုးနိမ့်ရသည့်အထဲ ဝိဇ္ဇာဘာသာတွဲသမားတွေ ပိုပြီး တန်ဖိုးအနိမ့်ခံရသည်ကိုလည်း ကျော်ဝင်းမောင် သိပါ၏။ သည့်အတွက် ကျော်ဝင်းမောင် နည်းနည်းကလေးမျှ မတုန်လှုပ်။

သည်တုန်းက ခင်လေးနွယ် ကိုယ်တိုင်က ပြက်ရယ်ပြုစကားဆိုသည်ကိုပင်

"ဘာလဲ၊ နင်က တခါလာ ဆိုင်းယင့် ဆိုင်းယင့် ဘာဆိုင်းယင့်လဲ။ ဟင်း၊ ငါ မပြောလိုက်ချင်ဘူး မိနွယ်။ နင်တို့အမ်မစီဘွေးအာအိုင်တီတွေမှ လူရာဝင်တာ မဟုတ်ပါဘူး ဟ။

www.burmeseclassic.com

www.burmeseclassic.com



ဆော့ ဒီမယ်။ နင်တို့ ဆိုင်းယင့်သမားတွေ မယ်ဒီကယ်သွား ချင်တာ၊ အာဒိုင်တီ သွားချင်တာ ဘာသဘောလဲ။ ပြောစမ်းပါ။ တိုင်းပြည်အတွက် သွားချင်တယ်လို့များ ထင်သလား။ ပေးသေးတယ် မိန္နယ်။ ပိုက်ဆံ ပိုလိုချင်လို့၊ ဒေါက်တာကြီး ဘာကြီးဆိုပြီး ဝါချဲ့လို့။ ဆေးခန်းဖွင့်ပြီး အမြတ်ထုတ်ချင်လို့” ခပ်ရမ်းရမ်း ပြောခဲ့သေး၏။

သည်ထဲ ဦးဘအုန်းက မနေနိုင်။

“ဟကောင်ရ။ စာမေးပွဲဖြေတာ ဘာလုပ်ဖို့ ဖြေတာလဲ။ အလုပ်ရချင်လို့။ ဘာ အလုပ် ရချင်လို့လဲ။ လခကောင်းတဲ့ အလုပ် ရချင်လို့ပေါ့ကွာ။ အေး၊ ခု ဆရာဝန်က ဝင်ငွေပိုကောင်းတယ် မဟုတ်လား။ ဒါဆို ဆရာဝန်ဖြစ်အောင် လုပ်ရမှာပဲ။ ဟင်း။ မင်းတို့ခေတ်ကျမှဘဲကွာ။ ဆရာဝန်လုပ်မှ ပိုက်ဆံပိုရသတဲ့။ ဟေ့ ဒီမှာဟေ့။ ငါ ခုနစ်တန်းဘဲ အောင်တယ်။ မင်းထက် အင်္ဂလိပ်စာ ပိုတတ်တယ်ကွ”

“အို၊ ဖိုးဖိုးတို့ခေတ်က ကျွန်ခေတ်ပဲဟာ”

“ကျွန်ခေတ်ပြောပြော ဘာပြောပြော။ ငါ့နယ်မှာတော့ ငါ ဘုရင်ဘဲကွ။ မင့် အဖွား မေးကြည့်ပါလား။ ရွာက လယ်သမား မပြောနဲ့ မင်း အဖွားတို့လို မြေရှင်တွေတောင် ငါ့ကို မော်ကြည့်ရတာ မဟုတ်ဖူး”

“ဒါကတော့ ဖိုးဖိုးတို့က မြေတိုင်းဆိုတော့ မြေရှင်တွေက လပ်ထိုးရတာလို့ ဖွားဖွားက ပြောပါတယ်” ခင်လေးနွယ်က ဝင်သေးသည်။

“ဘာပြောတယ်။ ငါ လပ်စားတယ် ဟုတ်လား။ ဘယ်မလဲ နင်တို့ ဖွားဖွား ခေါ်စမ်း။ ဟင်း၊ ငါ မပြောလိုက်ချင်ဘူး။



ဒင်းတို့ အခွန်သက်သာအောင် ငါလုပ်ပေးတာက ထောင်သောင်းချီလို့ ဒင်းတို့ဆီက ငါရတာက ရာဂဏန်း၊ အလွန်ဆုံး ထောင်ဂဏန်းလောက်ရယ်ဟဲ့”

“ဒီမယ် ဖိုးဖိုး။ ကျွန်ခေတ်က အကြောင်းတွေ ပြောမနေပါနဲ့။ ဒါ ကျွန်ခေတ် မဟုတ်ဖူးဗျ”

“အေး၊ ဒါပေမယ့် ဗိုလ်တုန်းက လပ်စားတာက တရာတထောင်ကွ။ မင်းတို့ခေတ်မှာ သိန်းချီ သောင်းချီလို့ မဟုတ်လား”

သည်တခါတော့ ကျော်ဝင်းမောင်သည် သူ့အဖိုးစကားကို အရေးစိုက်ဟန် မပြတော့။ ခင်လေးနွယ်ဖက်သို့သာ လှည့်၍

“ဒီမယ် မိန္နယ်။ နင်က ကိုကို သမိုင်း အဓိကရတာပြောပြောနေ။ ငါပြောမယ်ဟာ။ အိန္ဒိယဝန်ကြီးချုပ်ဟောင်း နေရူးကို နင်ကြားဘူးလား။ ခု ဝန်ကြီးချုပ်လုပ်နေတဲ့ အင်ဒရာဂန္ဒီရဲ့ အဖေ”

“အမယ်လေး ရှည်လိုက်တာ”

“သူက သမိုင်းစာအုပ်တွေ အများကြီး ရေးခဲ့တာ သိရဲ့လား”

“ဘာလဲကွ။ နေရူး သမိုင်းစာအုပ်ရေးခဲ့လို့ ဝန်ကြီးချုပ်ဖြစ်တာနဲ့ မင်းကလဲ မင်းကိုယ်ကို ဝန်ကြီးချုပ်ဖြစ်မယ် ထင်နေတယ်ပေါ့လေ” ဦးဘအုန်း ကြားဝင်ပြန်သည်။

“မလိုပါဘူး။ ကျွန်ဘဝမှာ မြေတိုင်းစာရေးလုပ်ရတာထက် လွတ်လပ်တဲ့ဘဝမှာ ဆိုက်ကားနင်းရတာက ပိုပြီး ကောင်းသေးတယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဒါ မင်း ငါ့ကို စော်ကားတာပေါ့"

"ဖိုးဖိုး ဘာလို့ ဝင်ဝင်ပြောလဲ"

"ကဲပါ။ ကိုကို ပြောတာဘဲ ဆက်ပါအုံး"

ခင်လေးနွယ်က ကြားကဝင်ပြီး ဖြန်ဖြေလိုဟန်ရှိချေသည်။

"အဲ၊ အဲဒီနေရူးက ဘာပြောတယ် မှတ်သလဲ"

"ဘာပြောလဲ။ ကိုကို့ကို ပြောတာလား"

"နှင် မနှောက်နဲ့နော်။ ငါက အကောင်းပြောမလို့"

"ပြောပါ"

"ဟစ်စထရီ အစ်(စ်) နော့ အင် အတ်၊ ဗတ် အဆိုင်ယင့်။ နိုး လက်(စ်) နိုးမိုးတဲ့"

"အမယ်မယ် ကိုကိုက ခုလိုဆိုတော့ အင်္ဂလိပ်လိုလဲ ဆဲတတ်သားဘဲ"

"ခွေးမလေးနော်။ ငါ အကောင်း ပြောနေတာ။ သမိုင်း ဆိုတာ ဝိဇ္ဇာပညာရပ်တခု မဟုတ်ဖူး၊ သိပ္ပံပညာရပ်ဖြစ်တယ်တဲ့။ သမိုင်းမှာ အပိုအလို မရှိဘူးတဲ့"

"ဒါဖြင့် ခု ကိုကိုက ဆိုင်းယင့်မေဂျာ ဆိုပါတော့လေ"

"အရေးကြီးတာက သိပ္ပံတွေ ဝိဇ္ဇာတွေ မဟုတ်ဖူး မိန္နယ် ကိုယ်တတ်တဲ့ ပညာနဲ့ ကိုယ့်တိုင်းပြည်အတွက် ကိုယ် ဘာလု ပေးနိုင်သလဲ ဆိုတာကသာ အဓိကပါဟာ"

ဤသို့လျှင် ကျော်ဝင်းမောင် မိမိသင်ယူနေသော ပညာနှ ပတ်သက်၍ ယုံယုံကြည်ကြည် ခိုင်ခိုင်မာမာ ပြောခဲ့သေးသည်။

သို့ပါလျက် တက္ကသိုလ်မှာ နှစ်နှစ် ပညာသင်ပြီးသောအခ သူ့ကိုယ်သူ သံသယဖြစ်လာသည်။ အသက်အရွယ်က ယည်

ယ်ထဲရောက်လာပြီ။ သည်တော့ ဘေးဘီကိုလည်း ကြည့် လာသည်။ ရှေ့ကိုလည်း မျှော်ကြည့်တတ်လာသည်။

ဘေးဘီကို ကြည့်သောအခါ အိမ်တွင်းအခြေအနေကို သတိ သည်။ စင်စစ် သူတို့အခန်းကလေးသည် သီးခြား ကမ္ဘာဟု မည်ဆို ပြောနိုင်ပါ၏။ ထိုကမ္ဘာကလေးတွင် မိသားစု ယောက်၊ အမေ့ဖက်က အဖွား၊ အဖေ့ဖက်က အဖိုးပါဆို ယောက်၊ အေးရင်ပါဆို ရှစ်ယောက်။ ထို့ကြောင့် ထို သည် ရှစ်ယောက်ကမ္ဘာ။ ထိုရှစ်ယောက်အစုအဝေး အိမ် ကလေးကို သီးခြားကမ္ဘာတခုအဖြစ် ပြောနိုင်သည်ဟုသာ သည်။ တကယ်တမ်းကား သီးခြားကမ္ဘာဟူသည် မရှိနိုင် သာ အချက်ကို သူ သိသည်။ မိမိတို့၏ ရှစ်ယောက်ခန်း လေးကို မဆိုထားဘိ။ မိမိတို့ ကမ္ဘာမြေသည်ပင် သီးခြား ာ မဟုတ်၊ နေစကြဝဠာတွင် အခြားသော ကမ္ဘာတို့နှင့် ပ်တည်နေသည် ဟူသော သဘောကို သူ သိသည်။ ကြောင့် သူတို့အခန်းကလေးသည်လည်း ဝတ်ဝန်းကျင်နှင့် စပ်နေသည်မှာ သဘာဝကျသည်ဟု သူ ယူဆသည်။

သို့ဖြစ် ကျော်ဝင်းမောင်သည် ပတ်ဝန်းကျင်ကိုလည်း ကြည့် လာသည်။ ပတ်ဝန်းကျင်က ရိုက်ခတ်သော ဒဏ်ကိုလည်း တတ်လာသည်။

ူ့ကိုယ် သူ ကိုယ်ကျင့်တရားမြင့်မြတ်ခိုင်မာသူဟု မယူဆစေ သူသည် လူ့ကျင့်ဝတ်ကိုကား ထိန်းသိမ်းလာခဲ့သည်ဟု သည်။ သို့ပေမယ့် ယခုရက်များတွင် သူသည် လူ့ကျင့်ဝတ် ကို မသိမသာ ဖောက်ဖျက်လာတတ်ပေပြီ။ ဟိုစဉ်က သူ င်ကားပေါ်တက်လျှင် တိုးဖို့ ဝေ့ဖို့ ဝန်လေးသည်။ ယခု

www.burmeseclassic.com



မရှိတော့။ ကလေးကိုလည်း မရှောင်။ အဖိုးအို အဖွာ...
ကိုလည်း သူ ဂရုမထားတော့။ ယုတ်စွအဆုံး ကိုယ်ဝန်ဆော...
အမျိုးသမီးကိုပင် သူ တိုးတတ် ဝေ့တတ်ပြီ။ ဟိုစဉ်က ...
စကားပေါ်မှာ အမျိုးသမီးအစ၊ ဖုန်းကြီး၊ အဖိုးအိုအဖွာ...
ကိုယ်ဝန်သည် စသည်တို့ကို သူနေရာပေးဖို့ ဝန်မလေး။ယခု...
သူ နေရာမပေးတော့။ သူ နေရာရ၍ သူ့အပါးတွင် ကိုယ်...
ဆောင် အမျိုးသမီး၊ သို့မဟုတ် ကလေးငယ်ကို ရင်ခွင်...
ထားသော အမျိုးသမီး၊ သို့မဟုတ် သပိတ်ပိုက်ရဟန်းတ...
သို့မဟုတ် ချည့်နည့်သော အဖိုးအိုအဖွားအို တယောက်ယော...
ရောက်လာသည် ဆိုပါစို့။ သူ မျက်နှာလွှဲနေတတ်လေပြီ။

ဘဲ့နှဲ့ တတ်နိုင်ပါမည်နည်း။ မိမိ ရပ်တည်ရေးသည် အ...
ဖြစ်လာပြီ မဟုတ်လော။

တခုတော့ရှိသည်။ သူ့မိသားစုတွင် ယိမ်းယိုင်လာ ...
အခြေအနေကိုကား သူသတိပြုမိသည်။ စင်စစ် သမဝါယ...
ပေးသောပစ္စည်းကိုမသုံးပဲ ရောင်းချနေရသော အဖွားကို ...
ရှုတ်ချချင်သည်။ ယခင်က မနက်တိုင်း ကော်ဖီသောက်မြဲ သ...
အိမ်မှာ ယခုမူ ကော်ဖီ မသောက်တော့။ ရသည့်နို့ဆီကို...
ပြင်သို့ ထုတ်ရောင်းသည်။ သူ အလွန်ကြိုက်သော ဒူး...
စီးကရက်ကိုပင် သူ့အဖွားသည် သမဝါယမ ဆိုင်ရှေ့မှာ...
ရောင်းချပစ်ခဲ့သည်။ ဒါတွေကို သူ မကြိုက်။

"အေး။ မင်းက ပြန်ရောင်းတာ မကြိုက်ဖူး။ ဒါဖြင့် မ...
ငွေရအောင် ရှာနိုင်သလား ကျော်ဝင်းမောင်ရဲ့။ မင်း...
စားဘို့သောက်ဖို့ မင့်အဖေလခနဲ့များ လောက်လို့လား" အဖွ...
က အကြောင်းပြပါ၏။

...သည်တော့ သူ့မှာလည်း ချေပစရာနှင့်။

"အော။အဖွားတို့က ဒါဘဲ။ အဖေ လခခြောက်ရာကျော်နဲ့
...င် ဒီလောက်ဖြစ်နေရင် တရာစားတွေ အကုန်လုံး ငတ်
...ကုန်မှာပေါ့"

"ဟေ့ ဒီမယ် ကျော်ဝင်းမောင်။ မင်းဘို့ တက္ကသိုလ်တက်
ပညာသင်တာ ဘာတွေများ တတ်သလဲ။ အဲ့ဒီရှေ ကျော်
...မောင်။ ခု မင့်အဖေက ခြောက်ရာကျော် လခရလို့ မင်းတို့
...အခန်းမျိုးမှာ နေရတယ်၊ ဒီလို စားရတယ်၊ ဒီလို ပညာ
...ရတယ်။ အေး၊ ခြောက်ရာစားက နို့ဆီဗူး ပြန်ရောင်းနေ
...အချိန်မယ် တရာစားတွေလဲ သူတို့ ဝမ်းရေးဖူလုံဘို့ ဘာလုပ်
...သလဲ မင်း မသိဘူးလား။ နေ့ခင်း ရုံးမှာ မင်း စေလုပ်
...ားက မှောင်ခိုကုန်ကူး၊ လင်က ညကျ ဆိုက်ကားနင်း၊ တ
...များ သမီးအပျိုက ဘာလုပ်ရ သေးတယ် ထင်သလဲဟဲ့
...ော်ဝင်းမောင်"

...သည်တော့ ကျော်ဝင်းမောင် နှုတ်ပိတ်ရလေတော့သည်။
...တ်တော့ ဟုတ်သည်။ သူတို့မှာ ပညာသင်ခွင့်ရသည်။
...နှင့် အဖွားကိုလည်း တင်ကျေးထားသည်။ အိမ်ဖော်
...ယောက်ပင် ငှားထားနိုင်သေးသည်။ သို့ပေမယ့် သည်
...ထောင်မှာ လောက်ငသည်ကား မဟုတ်။

"ကျမ အနေနဲ့တော့ အေးရင်ကို ပြန်လွှတ်ချင်တာဘဲ။
...လဲ လုပ်နိုင် ကိုင်နိုင်သားဘဲ ကိုလွန်းမောင်" အမေ
...ာ့ကို ပြောသောစကားကို ကြားရသောအခါ ကျော်ဝင်း
...င် ရင်ခုန်ခဲ့ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်တုန်းကတော့လည်း သူ အေးရင်ကို သနား
ရှိသည်။ အေးရင်လို မိန်းကလေးတယောက် သူတို့အိမ် ရေ
လာသည်ကိုပင် အေးရင်အတွက် ကံကောင်းသည်ဟု
သည်။ ထို့ကြောင့် အေးရင်ကို ပြန်လွှတ်မည် ဆိုသော
သူ အေးရင်အတွက် ရင်ခုန်ခဲ့ရသည်။ သည်တုန်းက
သူ့မှာ အေးရင်နှင့်ပတ်သက်၍ အခြားခံစားမှု မရှိသေး။

"အေးရင် တယောက် လျော့သွားလို့ ဘာထူးမှာလဲ
ရာ။ အဖေ လူအိုကြီးနဲ့ ဒေါ်ဒေါ်တို့အတွက်က အေးရင်
လိုတာဘဲ။ တနေ့တနေ့ ထမင်းချက်၊ အဝတ်လျှော်၊ ဈေးသွ
ဒီအိမ်ထောင်တာဝန်ကြီးကို မမြိုင်တယောက်ထဲနဲ့ နိုင်မလာ

"နိုင်အောင် လုပ်ရမှာပေါ့ ကိုလွန်းမောင်ရယ်။ ခုဟာ
အကုန်အကျ များတယ် မဟုတ်လား"

"ကြည့်သေးတာပေါ့ကွာ"

သည်အခြေအနေတွေကလည်း သူ့ကို ရိုက်ခတ်သည်။

ပြီး ရှေ့မျှော်ကြည့်ပြန်တော့လည်း သူ့ဘဝသည် ဘာ
မရေရာ။ သူ့လို သမိုင်းအဓိကသမား မဆိုထားနှင့်။ အသက်
ပညာနှင့် အောင်သူတွေပင် လေးငါးခြောက်နှစ် အထက်
ပညာသင်ခဲ့ပြီး အလုပ်တခုရဘို့ မလွယ်သော အခြေအနေ
သူ မြင်နေ၊ ကြားနေရသည်။

ထို့ကြောင့်လည်း

"ငါ ကျောင်းထွက်ရရင် ကောင်းမလားလို့ စဉ်းစား
တယ် မိန္နယ်" ညီမငယ်ကို အဦးဆုံး တိုင်ပင်ဖြစ်သည်။

အစကတော့လည်း ခင်လေးနွယ် ထူးပြီး မအံ့သြ။ သူ့



သည်လိုပင် စိတ်ကူးပေါက်တိုင်း ပြောတတ်မြဲကို ခင်လေးနွယ် သိပြီး ဖြစ်၍ သည်စကားကို အလေးအနက် မထားခဲ့။

"ဘာလဲ မိန်းမယူတော့ မလို့လား"

"မဟုတ်တာဘဲဟာ။ ဘယ်ကလာ မိန်းမယူရမှာလဲ"

"မသိဘူးလေ၊ ကျောင်းထွက်မယ်ဆိုလို့"

"ကျောင်းထွက်ဖို့ စိတ်ကူးပေါက်တာ မိန်းမယူဘို့ မဟုတ်ဖူး မိန္နယ်။ အလုပ်တခု ဝင်လုပ်မလားလို့"

"အမယ်လေး ကြီးကျယ်လိုက်တာ ကိုကိုရယ်။ ကိုကို ဒီ ပညာနဲ့ အလုပ်ဝင်လုပ်လို့ ဘာအလုပ် ရမှာလဲ။ မြူနီစီပယ်မှာ တောင် တံမြက်လှဲအလုပ် မရဘူး"

"ဟုတ်တယ် မိန္နယ်။ ဒီပညာနဲ့ အလုပ်တခုရဘို့ ခဲယဉ်းသလို နောက်နှစ်နှစ် ဆက်နေပြီး ဘွဲ့ရတော့ကော အလုပ် ရဘို့က လွယ်မတဲ့လား"

"အဲဒါကြောင့် ပြောတာပေါ့။ ကိုကို ဘွဲ့ရလဲ အလုပ်ရမှာ မဟုတ်ဖူး။ အလကား အပေါစားမေဂျာနဲ့ အောင်တဲ့ဟာ။ သူများတကာတွေ ရှေ့သို့ ချီတက်နေတဲ့ အချိန်မှာ ကိုကိုတို့က နောက်ပြန် လှည့်ကြည့်နေတဲ့ဟာ"

"တော်စမ်းပါ မိန္နယ်ရာ။ ခုဟာ ငါ လောလောဆယ် အခြေအနေကို ရော၊ ရှေ့ရေးကိုပါ ကြည့်ပြီး နင့်ကို ငါ တိုင်ပင်တာ"

"အို၊ ကိုကိုက မိန္နယ်ကို တိုင်ပင်တယ်။ ဟုတ်လား။ အံ့သြစရာကြီးဘဲနော်"

"အေး။ ဒါဘဲ။ နင် ငါ အကောင်းပြောလဲ အကောင်း မမှတ်ဖူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ။ ကိုကိုက တကယ် ကျောင်းထွက်မလို့လား"

"ထွက်ရ ကောင်းမလားလို့ပါ။ ဘာဖြစ်လို့လဲ ဆိုတော့ နောက်နှစ်နှစ်ဆက်သင်လို့လဲ အလုပ်ရဖို့ဆိုတာ ဘာမှ မသေချာဘူး"

"အင်း။ ဒါတော့ ဟုတ်တယ်"

"ဒီတော့ ခုနေ သုံးကျပ်ဆဲ့ငါးပြားဘဲ ရရပေါ့ဟာ"

"အမယ်လေး၊ ကိုကိုရယ်။ သုံးကျပ်ဆဲ့ငါးပြားရတော့ကော ကိုကို့ပိုက်ဆံက ကိုကိုတယောက်အတွက်တောင် လောက်မှာမို့လား"

"မဟုတ်ဖူး မိန္နယ်။ နင် ဘာမှ မသိဘူး။ အိမ်အခြေအနေကိုရော ငါ့အခြေအနေကိုပါ ကြည့်ပြီး ငါ ပြောတာ။ အိမ်မှာကလဲ အရင်လို ချောင်လည်တာ မဟုတ်ဖူး မိန္နယ်။ ဒီတော့ ငါ့အတွက် နှစ်နှစ်ဆက်ပြီး ကျောင်းထားနေရတဲ့ စရိတ်ကလဲ မသက်သာဘူး။ ဒီလိုကျောင်းထားပေးရလို့ နောက်နှစ်နှစ်ကြာရင် ငါ့အနေနဲ့အိမ်ကိုတဖက်တလမ်းက ကူညီနိုင်ဘို့ သေချာတယ်ဆိုရင် တော်သေးရဲ့"

သည်တုန်းက ခင်လေးနွယ် အမှန်ပင် ကိုကို့ပြဿနာကို ခဏမျှ မျှယူ ခံစားခဲ့ပါသေးသည်။ ကိုကိုကိုယ်တိုင် ဖေဖေ့ကို ကျောင်းထွက် အလုပ်လုပ်မည်ဟု ပြောသောအခါ ခင်လေးနွယ်ကိုယ်တိုင် ကိုကို့အတွက် မချိတင်ကဲ ဖြစ်ခဲ့သေး၏။

"ဒီမယ် ကျော်ဝင်းမောင်။ မင်း ဒီစကား ပြောလာတဲ့အတွက် မင်းကို ဖေဖေကျေးဇူးတင်တယ်။ တချိန်တည်းမှာဘဲ ဖေဖေ စိတ်လဲ မကောင်းဘူး။ ဒါကြောင့် ဒီစကားကို ဒီတခါဘဲ ပြောပါ။ နောက်ထပ်မပြောပါနဲ့"



ဖေဖေ့ဆီက တချက်လွှတ်စကားကိုကား ကိုကို မပယ်လှန်နိုင်ခဲ့။

သို့ဖြင့် နှစ်နှစ်သာ ကျော်လာခဲ့သည်။ ကိုကို ဘွဲ့ရလာခဲ့သည်။

"တခါတခါတော့ အတွက်နဲ့ အတူတူ သုံးတန်းကစပြီး ကျောင်းပြန်နေရရင် ကောင်းမလားလို့" အမေ့ကို သူ ပြောတတ်သည်။

"ဘာအရူးထတာလဲ ကျော်ဝင်းမောင်"

အမေသည် ကျော်ဝင်းမောင့်စကားကို သဘောပေါက်ပုံမပေါ်။

"အရူးထတာ မဟုတ်ဖူး မေမေ။ ခုဟာက ကိုယ့်ကိုယ်ကို ဘာကောင်မှန်း မသိဘူး။ မင်း ကျောင်းထားလားဆို ကျောင်းထားလဲ မဟုတ်ဖူး။ ဒါဖြင့် ဘာလုပ်သလဲဆို ကျနော် ဘယ်လိုဖြေရမလဲ"

"တရာ့ကိုး တရာ့တဆယ်လို့ ဖြေလိုက်ပေါ့ ကိုကိုရဲ့" ခင်လေးနွယ် ကြားက အရွှမ်းဖောက်ခဲ့သေး၏။

"အဟုတ်ပဲဟေ့။ ငါ့ညီမပြောမှ သတိရတယ်။ ဟိုတုန်းက ငဲ့ တရာ့ကိုး တရာ့တဆယ် ဖမ်းတာတို့ ဘာတို့ ရှိရင် ကောင်းမယ်"

"အို၊ ဒီကောင် မဦးမချွတ်နဲ့ ဘာတွေပြောနေတာလဲ" ဖွားဖွားကလည်း ကြားဝင်သည်။

"ဘယ်က မဦးမချွတ်ရမလဲ ဖွားဖွားရဲ့။ ခုနေ ထောင်ထဲသွားနေတာကမှ အိမ်မှာ အကုန်အကျ သက်သာအုံးမယ်။ ခု

www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်နော်က အလိုလိုနေရင်း ဆန်ကုန်မြေလေးမှ တကယ့် ဆန်ကုန်မြေလေး”

တခါတခါ ကိုကို့အဖြစ်ကလည်း ခင်လေးနွယ်ကို ရိုက်ခတ် သည်။ သည်တော့ မိမိ ပညာကြိုးစားနေရသော အဖြစ်အပေါ် ယုံကြည်မှု လျော့နည်းလာသည်။ သို့ပေမယ့်လည်း အားဖြ တင်းသည်။ ကိုကိုက သမိုင်းအဓိက သမား၊ ဝိဇ္ဇာ သမား၊ မိမိကား သိပ္ပံသမား။ အမှတ်ကောင်းလျှင် အသက်မွေး ဝမ်း ကျောင်း သင်တန်း ရနိုင်သည် မဟုတ်လား။ ဘာဖြစ်ဖြစ် မယ် ကယ်လောက် မှန်းထားသည်။ မှန်းထားသည့် အတိုင်းလည် ကြိုးစားပါ၏။

မနှစ်က ၁ နှင့် အောင်သည်။ သင်္ချာမှာ အံချော်ခဲ့၍ ဖြစ်သည်။ သည်နှစ်တော့ သင်္ချာ ကျိန်းသေတွက်ထားသည်။ တရာမရဘူးဘဲထား။ ရှစ်ဆယ်တော့ ကျော်မည်။ ရူပနှင့် ဓာတု ကလည်း ရှစ်ဆယ်ကျော်နိုင်၏။ သည်လိုဆို ဘာဘဲပြောပြော ဒီသုံးလုံး ကျိန်းသေရမည်။ ဒါဆို အမ်စီ ဝင်နိုင်မည်။ သည် အတိုင်း မျှော်လင့်ထားခဲ့သည်။

သည်လို အားတက်စရာ မျှော်လင့်ချက်တွေနှင့် ဆိုတော့ လည်း စိတ်အားငယ်စရာ အတွေးများ မရောက်လာကြတော့။

သည်အခြေအနေမျိုးမှာပင် ဒုတိယအကြိမ် ၁ စာရင်းနှင့် အောင်ပြန်ပြီဆိုသောအခါ ခင်လေးနွယ် မျက်ရည်နှင့်မျက်ခွက် ဖြစ်ရသည်။



“အမယ်လေး၊ ဒါ ငိုစရာလား။ ဆယ်တန်းနှစ်ခါအောင် တယ်ဆို အတန်းနှစ်ဆယ်၊ နဲ့သလား။ ငါတော င် ဆဲ့လေးတန်း ဘဲ အောင်ခဲ့တာ”

ကျော်ဝင်းမောင်က ပျော်စေပြက်စေ စကားဆိုသော်လည်း ခင်လေးနွယ် မပျော်နိုင်ခဲ့။ မပြက်နိုင်ခဲ့။

“ကဲပါ သမီးရယ်။ သမီး ငိုနေလို့ ပြီးမယ့်ကိစ္စမှ မဟုတ် တာ။ ဒီတနှစ်မအောင်၊ ရှေ့တနှစ် အောင်ရမှာပေါ့” ဖေဖေ အားပေးသော်လည်း အားမတက်ခဲ့။

“အမှန်ကတော့ ဘာမှ မဟုတ်ဖူး သမီး။ သမီး သင်္ချာ ဖြေတဲ့နေ့က လုံချည်အပြာနဲ့ အင်္ကျီအနီဝတ်ရမယ်သို့ ဗေဒင် ဆရာက ဟောထားတာ သမီးသ မလှဘူးဆိုပြီး ဝတ်မသွားလို့ ဖြစ်တာ” အမေ့ဖက်ကလည်း အကြောင်းပြချက်နှင့်။

“သားသားဖြင့် အဲဒီနေ့က ”အတွတ်ကပါ ကြားဝင်သည်။ ပြီး သူ့စကားသူ ဘာဆက်ရမှန်းမသိ ဖြစ်ပြန်သည်။ “မမအေး ရင်။ မမအေးရင်” အေးရင်ကို လှမ်းခေါ်ပြန်သည်။

ခင်လေးနွယ်ကသာ ရှိုက်၍ ရှိုက်၍ ငိုနေသည်။ အားလုံးက အတွတ်ကို ငေးကြည့်နေကြ၏။ အေးရင် ရောက်လာသော အခါ /

“သားသား စာမေးပွဲဖြေတုန်းက ဘာဝတ်သွားလဲဟင်”

အေးရင်ပင်လျှင် အူကြောင်ကြောင် ဖြစ်ရလေသည်။

“အလကား။ မေမေတို့ တဆိတ်ရှိ ဗေဒင်မေးရ နတ်မေးရနဲ့” ကျော်ဝင်းမောင်က ဝင်ဟန့်သည်။

“ဘာမှ မဟုတ်ဖူး။ အလကား စာကျက်တယ် စာကျက်

www.burmeseclassic.com



တယ်နဲ့။ စာကျက်တဲ့အချိန်နဲ့ အလုပြင်တဲ့အချိန် အလုပြင်တဲ့ အချိန်က ပိုများနေတာ အကျတော်ဘင် နဲ့သေးတယ်”

သည်စကားကို ခင်လေးနွယ် မကြားပေမယ့် မခင်မြိုင် ကြားသည်။ ထို့ကြောင့် ဦးဘအုန်းကို မကျေနပ်ကြည့်ဖြင့် လျှပ်တပြက် လှမ်းကြည့်မိသေးသည်။

“ဒီ အိမ်မှာက ဒါဘဲ၊ တယောက်ကလဲ ဘီအေ အောင်တယ်ဆိုပြီး လတ်ယား လတ်ယား။ တယောက်ကလဲ သူ့ကိုယ်ကို ဆယ်တန်းကျောင်းသူဆိုပြီး စာ ဘယ်လို ကြိုးစားမယ် စိတ်ကူးတာ မဟုတ်ဖူး။ အဝတ်အစား ဘယ်လို ဝတ်ရ ကောင်းမလဲ ဆိုတာသာ စိတ်ကူးတာ”

“တော်ပါ အဖေ။ သမီး အလိုလိုမှ စိတ်မကောင်း ဖြစ်နေရတဲ့အချိန်” မေမေက အတောမသတ်နိုင်သော ဖိုးဖိုးစကားကို ဝင်ဖြတ်သည်။

“အေး။ ဒါဘဲ။ ပြောလိုက်ရင် မင်းတို့က ကာဆီး ကာဆီး”

“ကာဆီးတာ မဟုတ်ဖူး အဖေ။ ကနေ့ ကလေးတွေ ပညာသင်ရတာက အဖေတို့ခေတ် ကျနော်တို့ခေတ် အခြေအနေမျိုး မဟုတ်ဖူး”

“ဘာမဟုတ်တာလဲ။ ဒို့တုန်းက ခုနစ်တန်းဆိုရင် အင်္ဂလိပ်စာ ရေးတတ် ဖတ်တတ်တယ်။ ဒီခေတ်မှာ မင့်သား ဘီအေ အောင်တာ အင်္ဂလိပ်စာ တအုပ်များ ဖတ်တတ်သလား”

“ဒီမယ် ဖိုးဖိုး။ ကျွန်ခေတ်က ကျွန်စာ သင်တာကို ထဲ့ထဲ့ မပြောရင် ကောင်းမယ်” ကျော်ဝင်းမောင် ငုံ့မခံ။

“ဘာလဲ၊ ဖိုးဖိုးက ကျွန်ခေတ် ရောက်ဖူးသလားဟင်” အဘတ်က ကြားဝင်ပြန်သည်။



“ဒီ ကောင်လေးက ဝင်ပါပြန်ပြီ”

“သားအိမ် မသိလို့ မေးတာပါ ဖိုးဖိုးရ။ သားသား တို့ ဖတ်စာမှာ ပါတယ် ဖိုးဖိုး။ အင်္ဂလိပ်တွေ ဗမာပြည်ကို ကျွန်ပြု လုပ်တယ်ဆိုတဲ့ အကြောင်း”

“ဒါပေါ့ကွ။ သားသားတို့ ကိုကိုတို့က ကျွန်မလုပ်ခဲ့ရဘူး။ ဖိုးဖိုးတို့က ကျွန်ဖြစ်ဖူးတော့ ကျွန်ဖြစ်ရတာကို ဂုဏ်ယူပြီး ပြောတာပေါ့”

“ဟေ့ကောင် ကျော်ဝင်းမောင်”

ကျော်ဝင်းမောင် ဂရုမစိုက်တော့။ အေးရင်ကို တချက်လှမ်းကြည့်ပြီး သူ့အခန်းတွင်းသို့ ဝင်သွားလေတော့သည်။

“ကဲ၊ လာလာ။ ငါ့မြေး ငိုမနေပါနဲ့။ တနှစ် မအောင် တနှစ်တော့ အောင်မှာပေါ့ကွယ်” ဖွားဖွားက ခင်လေးနွယ်ကို တွဲခေါ်သည်။

အိပ်ရာထဲ ရောက်သည်အထိ ခင်လေးနွယ် အငို မရပ်။ ထိုနေ့က ထမင်းပင်လျှင် မစားဖြစ်။ စားလည်း မစားချင်တော့။ အိမ်ခန်းထဲမှ အပြင်သို့ပင် မထွက်ချင်တော့။ မည်သူနှင့်မျှလည်း မတွေ့ချင်တော့။ ဘယ်ကိုမျှလည်း မသွားချင်တော့။

သို့ဖြင့် ခင်လေးနွယ် တလနီးပါး အိမ်ထဲမှာ ကုတ်နေလိုက်သည်။

“ဒီလိုနေလို့ ပြီးမလား သမီး။ သမီး ကျောင်းပြန်တက်ရမယ် မဟုတ်လား” ဖေဖေက ပြောလာပါ၏။

မှန်သည်။ ဒါကို ခင်လေးနွယ် သိသည်။ သို့ပေမယ့် ယခု ခင်လေးနွယ် ကျောင်းပြန်တက်လျှင် နေ့ကျောင်းမှာ တက်ခွင့် မရနိုင်တော့။ အကယ်၍ တက်ခွင့်ရသည် ဆိုဦး။ ခင်လေးနွယ်

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားရဦးမည်။ သည်မျက်နှာကို သည်အတန်းမှာ သုံးနှစ်ဆက်ပြီး မပြချင်တော့။ သည်တော့ ခင်လေးနွယ် ကျောင်းပြန်တက်မည်ဆိုလျှင် ညကျောင်း တက်ရမည်။ သည်မှာလည်း ဘာပြောပြော မျက်နှာသိတွေနှင့်ဘဲ ရင်ဆိုင်ရမည်။ ထို့ကြောင့် ခင်လေးနွယ် ညကျောင်း မတက်ချင်။

သည်အတွင်း မှာပင် နိုင်လင်းအောင် ရောက်လာခဲ့ခြင်း ဖြစ်သည်။

အမှန်တော့လည်း အပြင်က တံခါး ခေါက်သံ ကြားရကတည်းက နိုင်လင်းအောင်မှန်း သိလျှင် ခင်လေးနွယ် အိပ်ခန်းတွင်း ဝင်နေလိုက်မည် ဖြစ်သည်။ 'နေမကောင်း'ဟူသော အကြောင်းပြချက်ဖြင့် အတွေ့မခံဘဲ နေလိုက်မည်။ မှန်သည်။ ယခုအချိန်မှာ ခင်လေးနွယ် သိဟောင်း ကျွမ်းဟောင်း မည်သူ့ကိုမျှ မတွေ့ချင်။ တခုတော့ ရှိပါသည်။ နိုင်လင်းအောင် သည်လည်း သူ့လိုပင် ဘီနှစ်ထပ်ကွမ်းဘွဲ့ရ ဖြစ်သည်။ မည်သို့ဖြစ်စေ တံခါးဖွင့်ပြီး မျက်နှာချင်း ဆိုင်မိလျက်သား ဖြစ်ရှိသော။ မဟုတ်လျှင် ခင်လေးနွယ် နိုင်လင်းအောင်ကိုသာ မဟုတ်၊ မည်သူ့ကိုမျှ မတွေ့ချင်။

"မခင်လေးနွယ် နေကောင်းတယ်နော်"

ခင်လေးနွယ် ရုတ်တရက် ဘာပြန်ပြောရမှန်း မသိ။

"ကျနော်လဲ လာမယ် လာမယ်နဲ့။ ခင်လေးနွယ် မကြိုက်မှန်း မသိ၊ ကြိုက်မှန်းမသိမို့လို့ မလာဖြစ်တာ"

သည်အထိလည်း ခင်လေးနွယ် မတ်တတ် ငေးကြောင်လျက်။

"နောက်ပြီး မခင်လေးနွယ်တို့ လိပ်စာကိုလဲ မသိဘူး မဟုတ်



လား။ အဲဒါ ဆရာမကြီးက လိပ်စာပေးလိုက်လို့။ တိုက်နံပတ် ၂၅၇ ဟုတ်ပါတယ်နော်"

"ဟဲ့၊ သမီးရဲ့။ သမီးသူငယ်ချင်းလား။ ဘာ့နဲ့ တံခါးဝမှာ မတ်တတ်ကြီးကွယ်။ အထဲဝင်ထိုင်မှပေါ့"

သည်တော့မှပင် ခင်လေးနွယ်သည် ဈေးမှ ပြန်လာသော အမေ့ကို သတိပြုမိသည်။ တဆက်တည်းပင် မကောင်းတတ်သော အခြေအနေကိုလည်း သတိပြုမိသည်။

"အထဲဝင်ထိုင်လေ ကိုနိုင်လင်းအောင်"

"ကိစ္စ မရှိပါဘူး။ ကျနော် ဆရာမကြီးက လွှတ်လို့"

အခန်းတွင်းဝင်အံ့သော မခင်မြိုင်ကို လမ်းဖယ်ပေးရင်း ပြောရာ၌ စကားမဆုံးမီ

"အို၊ဘယ်ကလာ ကိစ္စမရှိရမှာလဲ။ သမီးကလဲ ခေါ်မှပေါ့။ ဆရာမကြီးဆိုတာ သမီးတို့ဆရာမကြီးလား" ဝင်ပြောလာတော့ အခန်းတွင်းသို့ ဝင်ခဲ့သည်။

သို့တိုင်အောင် သူ့ဟန်ပန်မူရာမှာ မဝံ့မရဲ နိုင်လှသည်။

"ဟုတ်ပါတယ် ခင်ဗျာ။ မခင်လေးနွယ် ကျောင်းစာရင်းသာမသွင်းလို့ အမေးခိုင်းလို့ပါ"

"အေးကွယ်။ မောင်တို့ သူငယ်ချင်း မောင်တို့ဘဲ ကြည့်ပြောပါအုံး။ ဒေါ်ဒေါ်တို့ကလဲ ကျောင်းတက်ဖို့ ပြောပါတယ်။ ကဲ၊ကဲ။ ထိုင်အုံးဟော့ သူငယ်"

နိုင်လင်းအောင်သည် ကုလားထိုင်တလုံးမှာ ဝင်ထိုင်သည်။ ခင်လေးနွယ်က မလှမ်းမကမ်း ကုလားထိုင်မှာ ထိုင်သည်။

"ဒီနှစ်က မြန်မာစာနဲ့ အင်္ဂလိပ်စာ ကို့(စ်) ပြောင်းတယ် ဟုတ်လား။ ဒီတော့ ဘာပြောပြော ကျောင်းပြန်တက်ဖို့ လို

www.burmeseclassic.com



တာပေါ့။ တခြားကျောင်းများ ပြောင်းတက်နေသလာ
ဆရာမကြီးက ခဏခဏမေးတယ်။ အဲဒါ ကျွန်တော့်ကိုလဲ သွ
ပြောခိုင်းတယ်''

ခင်လေးနွယ်သည် နိုင်လင်းအောင်ကို မသိမသာ အကဲခ
မိသေးသည်။ နိုင်လင်းအောင် ထူးခြားနေသည်ဟု သူ့စိတ်
ထင်သည်။ အသုံးအနှုန်း အပြောအဆိုကအစ အိမ်မှာမို့လာ
မဆိုနိုင်။ အိန္ဒြေနှင့် သိက္ခာနှင့်။

''အဲဒါ မခင်လေးနွယ် ကျောင်းပြန်တက်မယ် မဟုတ်လား

သည်တော့မှပင် ခင်လေးနွယ် လန့်ဖြတ်နိုးထလာတန့်ဖြစ်
သည်။

''လေးနွယ် ကျောင်းမတက်တော့ဘူးသားလို့'' လွှတ်ကာ
ပြောမိသည်။

''ဘာဖြစ်လို့လဲဟင်။ ညကျောင်းမို့လို့လား။ အိမ်နဲ့ သိ
ဝေးတာမှ မဟုတ်တာဘဲ''

''ဘာမှတော့ မဟုတ်ပါဘူး''

''ဘယ် ဒီလိုလဲ ဟုတ်မလဲဗျာ။ အမှန်က မခင်လေးနွယ်
အောင်နိုင်လျက်နဲ့ ခုလို ဖြစ်ရတာပါ။ ကျနော်တို့လဲ စိတ်
မကောင်းပါဘူး။ ကျနော်ဆို မခင်လေးနွယ် သုံးလေး
နဲ့စောင် အောင်ဧရာ မှတ်နေတာ။ ဆရာမကြီးကလဲ ဒီအတိုင်
ဘဲ ပြောတယ်''

''ဒါပေမယ့် အောင်မှ မအောင်တာဘဲရှင်''

''ဆရာမကြီး ပြောတာကတော့ ဒီနှစ်က အောင်မှတ်မြှင့်
တယ် ပြောတာဘဲ။ ဘာဖြစ်ဖြစ် မခင်လေးနွယ်က အောင်နိုင်ပ
တယ်။ စိတ်မပျက်ပါနဲ့ဗျာ။ ထပ်ပြီး ကြိုးစားပေါ့။ ကျနော်တို



စောင် ထပ်ပြီး ကြိုးစားသေးတာ။ ဘာလဲ၊ မခင်လေးနွယ် စာ
မေးပွဲမဖြေတော့ဘူး စိတ်ကူးလို့လား''

''ဒီလိုတော့လဲ မဟုတ်ပါဘူး''

''ဒါဖြင့် ကျောင်းမတက်ဖဲ့ အပြင်က ဖြေမလို့လား''

ရုတ်တရက် ဘာဖြေရမှန်း မသိ။

နှစ်ယောက်စလုံး ဘာစကားမျှ မပြောဖြစ်ပဲ စကားဆက်
ပြတ်နေပြန်သည်။ အတန်ကြာမှ

''ဒါဖြင့်လဲ ကျနော်ပြန်မယ် မခင်လေးနွယ်။ အဲဒါ ကျနော်
ဆရာမကြီးကို ဘယ်လို ပြောရမလဲဟင်'' ပြောပြော ဆိုဆို
နိုင်လင်းအောင် မတ်တတ်ရပ်သည်။

သည်တော့ ခင်လေးနွယ် အားတုံ့အားနာ ဖြစ်ရပြန်သည်။

''အော်၊ ဟုတ်ပါရဲ့နော်။ ခုလို ကိုနိုင်လင်းအောင် လာ
ပြောတာ လေးနွယ် ကျေးဇူးတင်ပါတယ်။ လေးနွယ် အပြင်
မှာဘဲ ကျူရှင်ယူပြီး ဖြေရရင် ကောင်းမလားလို့ပါ''

''ကောင်းပါတယ်။ ကျူရှင်ယူနိုင်ရင်တော့ ပိုကောင်းတာ
ပေါ့ဗျာ။ မခင်လေးနွယ် ကျူရှင်သာ ယူလိုက်ရင် ဒီနှစ် သေ
ချာပေါက် အောင်မှာဘဲ''

''ဒါလဲ၊ လေးနွယ် သေသေချာချာကြီးတော့ မဆုံးဖြတ်ရ
သေးဘူး''

''ပြောပေါ့။ မခင်လေးနွယ် ဘယ်ဘာသာ ယူချင်သလဲ
ပြောပေါ့။ အော်၊ ဒါထက် သန်းထိုက်တယောက်တော့မြို့နယ်
သမဝါယမမှာ နေ့စားလုပ်အားပေး ဝင်လုပ်နေပြီတဲ့။ ဒါပေမယ့်
ညကျောင်းတော့တက်မယ် ပြောတာဘဲ။ ဒါဖြင့် ကျနော်
ဆရာမကြီးကို မခင်လေးနွယ် ကျောင်းပြန်မတက်ဘူး''

www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ ကိုနိုင်လင်းအောင်။ လေးနွယ် လာခဲ့ပါမယ်
သာပြောပါ"

"ဒါဖြင့် ကျနော် ပြန်မယ်။ မခင်လေးနွယ် ကျူရှင်အတွက်
အကူအညီလိုရင် ပြောနော်။ ကျနော်လဲ အလုပ်ကလေး ဘာ
လေးရလို့ ဝင်ငွေရရင်တော့ ကျူရှင်တက်ဖြစ်မလား မဆိုနိုင်
ဘူး။ အော်၊ ဒါထက် ဒေါ်ဒေါ့်ကိုလဲ ပြောပါ။ ကျနော်
နှုတ်ဆက်သွားတယ်လို့"

သူ အခန်းတွင်းမှ ထွက်သွားပြီ ဖြစ်သည်အထိ ခင်လေးနွယ်
တံခါးကို မပိတ်ဖြစ်မိသေးဘဲ တံခါးဝတွင် ငေးငိုင်ကျန်ရစ်
သည်။ နိုင်လင်းအောင်သည် သူ့အတွေးတွင် ရိုက်ခတ် ကျန်ရစ်
သည်။

နိုင်လင်းအောင် ထူးခြားနေသည်မှာ အမှန်ပင်။

သည်မှာ နိုင်လင်းအောင်ကို စပြီး စိတ်ဝင်စားခဲ့သည်လား
မဆိုနိုင်။ သေချာသည်မှာ သည်နှစ်တွင် ကျောင်းပြန်တက်ရ
သောအခါ စိတ်မပါသည်ကား အမှန်။

စိတ်သာ မပါသည်။ ကျူရှင်တက်ရသည်ကား ပင်ပန်း
လှ၏။ မနက်ဖက် အင်္ဂလိပ်စာ၊ နေခင်းမှာ ဓာတုနှင့်ရူပဗေဒ
ညနေပိုင်း သင်္ချာ။ ပြီး တနေရာနှင့် တနေရာ ကလည်း မနီး
လှသာ ပင်ပန်းသည်မဟုတ်သေး။စိတ်ကပါ လျော့လဲ့ လာပုံရ
သည်။

ကြည့်။ သူတက်နေသော ကျူရှင်တွေမှာ နိုင်လင်းအောင်
ပါ တက်ရောက် သင်ယူလာပြီ ဆိုသောအခါ နိုင်လင်းအောင်
အကြောင်း အတော်သိနေသလိုပင်။



"ကိုယ် ညဘက် အလုပ်တခုရတာနဲ့ ညကျောင်းက ထွက်
တယ်"

သိသားဘဲ။ အသုံးအနှုန်းကအစ ပြောင်းသည်။

"ကောင်းသားဘဲ"

"ကိုယ် နေ့တုန်းက စာစီသင်တယ်လေ"

"ဟုတ်မှာပေါ့"

"အဲဒါ ခု ညဘက် ပုံနှိပ်တိုက်တခုမှာ စာစီတယ်"

"ကောင်းတာပေါ့"

ဒါက အစ။

"တခါတခါတော့ ကိုယ်တခုစဉ်းစားတယ်"

"လေးနွယ်တော့ ဘာမှ မစဉ်းစားချင်တော့ဘူး"

"စဉ်းစားတာက တခါတခါ တကယ် ပျော်စရာကောင်း
ယ်"

"လေးနွယ်တို့တော့ စဉ်းစားရင် စိတ်ညစ်ရတာချည်းဘဲ"

"စိတ်ညစ်စရာ စဉ်းစားရင် စိတ်ညစ်မှာပေါ့။ ပျော်စရာ
းစားမှပေါ့"

"ပျော်စရာ စဉ်းစားဘို့ မရှိ"

"ရှိပါတယ်"

"ရှိရင် လေးနွယ်ကို ပေးပါလား"

"ကိုယ် စဉ်းစားတာကတော့ ပျော်စရာဘဲ"

"ဘယ်လိုဟာလဲ"

"ကိုယ်အလုပ်ရလို့ ကျူရှင်တက်ရတာမျိုးပေါ့"

"အလုပ်ရတာကတော့ ပိုက်ဆံရလို့ ပျော်မယ်ဆို ပျော်စရာ
ါ။ ကျူရှင်တက်ရတာ လေးနွယ်တို့တော့ မပျော်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘယ်ကောင်းမလဲ"

"ဘာဖြစ်လို့"

"ကိုယ်ကတော့ ကိုယ့်ကျူရှင်တက်ရလို့ လေးနွယ်နဲ့ အ... ပြန်ဆုံရတာဘဲဆိုတာ စဉ်းစားပြီး ပျော်တယ်"

သည်တော့ ရင်ထဲက တလှပ်လှပ် ဖြစ်တတ်လာပြီ။ ... ပြောပြော သူနှင့် စကားပြောရတာကို ကြည်နူးတတ်လာသည်... သူနှင့် စကားပြောနေရရင် ပင်ပန်းသမျှ စိတ်ညစ်ညူးရသ... တွေ ပျောက်လွင့်ကုန်သည်ဟု ထင်သည်။

"ပျော်စရာကောင်းတာတခု စဉ်းစားလို့ ရပြန်ပြီ"

"လေးနွယ့်ကို ပေးမလား"

"သိပ်ပေးတာပေါ့။ လေးနွယ့်ကို ပေးဘို့ ယူလာတာ... ဟာ"

"ဒါဖြင့် ခုပေး"

"ကိုယ် ဒီနေ့ လခထုတ်ရတယ်"

"ဘာလဲ။ အဲဒီ လခ ပေးမလို့လား"

"လိုချင်ရင် ပေးမှာပေါ့"

"ဟုတ်လဲ မဟုတ်ဖဲနဲ့"

"အကုန်တော့ မဟုတ်ဖူးပေါ့။ ကျူရှင်ခတွေ ပေးရ... တယ်"

"အလကား ပြောတာပါ"

"ဒါပေမယ့် ကိုယ်တခုခု ဝယ်ပေးချင်တယ်။ အဲ့ဒါ လေးနွ... လိုချင်တာ ဝယ်ပေးရရင် ကိုယ်ပျော်မှာဘဲလို့ စဉ်းစားတယ်... လေးနွယ်လဲ ပျော်မယ်ဆိုရင်ပေါ့"

"ဘာဝယ်ပေး မလို့လဲ"



"လေးနွယ်ပျော်မှာမျိုးပေါ့"

ဒါကလေးတော့မှာ ခင်လေးနွယ် သာယာသာမိသည်အမှန်။ ဘာပြောပြော အိမ်မှာက စိတ်ညစ်စရာချည်းဟု ထင်လာ...သည်။ သူနှင့်ယှဉ်လိုက်တိုင်း အိမ်ကလူတွေ အားလုံးသည် မိမိ...အတွက် ပျော်စရာ ဘာမျှ မပေးစွမ်းတော့ဟု ထင်လာသည်။ ကြည့်စမ်း။ သူ့ကတော့လည်း သိတတ်လိုက်တာ။

"ဟော။ လေးနွယ် ကနေ့ စိတ်ညစ်စရာ စဉ်းစားပြန်ပြီ...င်တယ်"

အမှန်ပင် တခါတခါတော့လည်း စိတ်ညစ်စရာဆိုတာမျိုးက...ဉ်းစားလိုပါဘဲ၊ မစဉ်းစားပါဘဲနှင့် အတွေးထဲမှာ ရစ်ဝဲ...တ်သည်။

ထိုနေ့က အဖြစ်ကိုဘဲ ကြည့်။ အမှန်ဆို မိမိအနေသာကြီး။

...သည်မှာ အတွက်နှင့် ဖိုးဖိုး ပြဿနာ။

အမှန်တော့လည်း သည်ပြဿနာ ကလည်း ကြုံနေကျ ...ဿနာမျိုး။

ဖိုးဖိုးသည် သူစားချင်တာကလေးတွေ သူ့ပင်စင်ရငွေနှင့် ...ယ်လာတတ်သည်။ ဝယ်လာပြီး သိုသိုဝှက်ဝှက် ထားတတ်...သည်။ ဒါကို ကိုကိုကအစ မကြိုက်။

"ငါ့မှာ ကျွေးမယ့် မွေးမယ့်လူ မရှိလို့ ကိုယ့်ရတဲ့ ပိုက်...ဆံနဲ့ ဝယ်စားရတော့ ဒီလိုဘဲ သိုသိုသိပ်သိပ် စားရတာပေါ့"

...ဖိုးဖိုးကလည်း ထိုးတတ်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်ဘဲလား မဆိုနိုင်။ ကိုကိုက အတွတ်ကို မြော
ပေးတတ်သည်။ သို့ဖြင့် ဖိုးဖိုး သို၀ှက်ထားသော မုန့်ကို အတ
ယူစားတတ်သည်။ ပထမတော့ အတွတ်ဟု မထင်။ ကိုကို
သာ ယိုးစွပ်သည်။

“အော။ ကျနော်က ဘာဆိုင်လို့ ဖိုးဖိုးမုန့် ယူစားရမှာ
ဖိုးဖိုးဖာသာ စားပြီး မှတ်မထားဘဲ သူများတကာတွေ အ
အရမ်း စွပ်စွဲလို့ ဖြစ်မလား”

“ဒီအခန်းထဲ မင်းတယောက်ပဲ ဝင်တာ မင်းမစားလို့ သ
စားမလဲ”

“ဒီမယ် ဖိုးဖိုး။ ဖိုးဖိုးမုန့်လိုဟာမျိုး အလကားရတော
မစားဘူးမှတ်။ ဖိုးဖိုးမုန့်ကို စားတယ်ထင်ရင် ဖိုးဖိုး လုံအော
၀ှက်ပေါ့”

ထို့ကြောင့်ပင် ဖြစ်မည်။ ဖိုးဖိုး ထောင်ဖမ်းလေတော့သ
အတွတ် အမိခံရသည်။ ထိုအခါ ပွက်လောရိုက်ပြန်သည
တကြိမ်လည်း မဟုတ်။ နှစ်ကြိမ်လည်း မကတော့။

ထိုနေ့ကမူ ဖိုးဖိုး လက်ပူးလက်ကြပ် မိသည်ကား မဟုတ်

ဖိုးဖိုး ယိုးဒယားသကြားလုံးထုပ် ဘယ်တုန်းက ဝယ်
သည် မသိ။ ဖိုးဖိုးသည် ဝယ်လာပြီးသည်နှင့် အထုပ်ထဲ
သကြားလုံးကို ရေတတ်သည်။ ပြီး သူ စားတိုင်း စားတ
လည်း မှတ်ထားတတ်သည်။ ထိုနေ့ကမူ သူ့ သကြားလ
လျော့သည်ဟု ဆိုသည်။ အတွတ်ကို စွပ်စွဲသည်။ အမေ
အတွတ်ဖက်က ကာကွယ်သည်။ သို့ပေမယ့် အတွတ်ဆီ
သကြားလုံးအခွံ စက္ကူ လက်ပူးလက်ကြပ်မိသည်။

“ကဲ၊ ဒါ ငါ့သကြားလုံး ယူစားတာ မဟုတ်လို့ ဘယ်က
ရတဲ့ စက္ကူလဲ”

“ဒါကတော့ ဦး စားပြီး လွှင့်ပစ်ထားတာကို ကောက်ယူ
ထားတာ ရှိမှာပေါ့”

“ငါရေထားတာ မိခင်မြိုင်။ ငါ့သကြားလုံးလျော့ကတည်း
က ဘသူ့လက်ချက်ဆိုတာ ငါသိတယ်”

“ဘယ်မလဲ အတွတ်” ထိုအခါ အမေသည် အတွတ်ကို
ရှာရလေတော့သည်။

“သား၊ ဖိုးဖိုးကြီး သကြားလုံးပျောက်လို့တဲ့။ သားများ
ယူစားသလား”

“သားသား စားပေမယ့် သားသား မယူဘူး”

ဖိုးဖိုး ထိုင်ရာမှ ၀ုန်းကနဲ ထလေတော့သည်။

အမေသည် သားငယ် အတွတ် အကြောင်းကို သိသည်။
အတွတ်သည် ဘယ်တော့မျှ မလိမ်တတ်၊ အရိုးအစင်းဆုံး ပြော
တတ်သည်။ သည်လို ရိုးရိုးစင်းစင်း ပြောတတ်၍လည်း ဖိုးဖိုး မခံ
ရပ်နိုင် ဖြစ်ရပေါင်း များပေပြီ။

“ဘာပြောတယ်။ မင်း မယူဘူး၊ မင်းစားတယ် ဟုတ်လား”

အတွတ်သည် ရုတ်တရက် ထိတ်ထိတ်လန့်လန့် ဖြစ်သွားဟန်
တူသည်။

“ဟုတ်တယ်။ သားသား မယူဘူး” အသံအနည်းငယ် တုန်
နေသည်။

“ဦးရယ်။ ကျမ မေးပါမယ်”

“မဟုတ်ဖူး။ ဒီအိမ်က ဟာတွေဟာ ငါ့ကိုဆို ဘယ်တော့မှ

burmeseclassic.com

www.burmeseclassic.com



လေးလေးစားစား မရှိဘူး။ ဒီပေါက်စလောက်က အစ ငါ့[ကို] မလေးစားဘူး”

“သားသား ဟုတ်တာ ပြောတာ ဖိုးဖိုးရဲ့။ သားသားမှ မ[...]တာ” ယခုမှ ကလေးငယ်သည် သူ့အဖိုးကို ရင်ဆိုင်ရန် အသ[င့်] ဖြစ်လာဟန်တူသည်။

“မင်း မယူဘဲနဲ့ ဘယ်လိုလုပ် စားသလဲ”

“ဖိုးဖိုးကြီး တိုမှန်းသိလို့ ဖိုးဖိုးကြီးအခန်းကို ဘယ်တော့[မှ] ဝင်တာ မဟုတ်ဖူး”

“ဘာပြောတယ်ကွ”

“ဟုတ်တယ်”

“ဒါဖြင့် မင်း ဘယ်ကရလို့ စားရတာလဲ”

“ဒါတော့ သားသား မပြောနိုင်ဘူး”

“ကြည့်စမ်း၊ ကြည့်စမ်း မိခင်မြိုင်။ နင့်သားလုပ်ပုံ”

“သားသားရယ်၊ သားသား စားတယ်ဆိုတာ တကယ်[...]လား” အမေက ဝင်မေးရပြန်သည်။

“ဟုတ်တယ် မေမေ။ သားသား စားတယ်”

ဒီတော့ ခင်လေးနွယ်ပါ မနေနိုင်တော့။ အခန်းတွင်း[မှ] ထွက်လာရတော့သည်။

“မောင်လေး အတွတ်က လိမ်မာ ပါတယ်ကွယ်။ ဖိုးဖိုး[ရဲ့] သကြားလုံးကို အတွတ်ယူစားတယ်ဆိုတာ ဟုတ်သလား”

“အတွတ် စားပေမယ့် မယူဘူး”

“မင်း ညာတာ” အဖိုးကြီး ဒေါသထွက်နေလေပြီ။

“သားသား မညာဘူး”

“ဒါဖြင့် မင်း ဘယ်က ရသလဲ”



“သားသား မပြောနိုင်ဘူး”

“မေမေမေးတာ ပြောစမ်း သားသား။ သားသားကို ဒီ သကြားလုံး ဘယ်သူယူပေးသလဲ”

“သားသား မပြောပါဘူးလို့ ကတိ ပေးထား ရတာ မေမေရဲ့” အတွတ်သည် တကယ့်လူကြီးတစ်ယောက် ဟန်ပန်ကို ဆောင်၍ ပြောနေပြန်လေပြီ။

“အမယ်။ မင်းက ကြီးကျယ်လိုက်တာ။ မင်းကို ဘယ်သူ ယူပေးရမလဲ။ ကျော်ဝင်းမောင် ယူပေးတာ မဟုတ်လား”

“မဟုတ်ဖူး”

“ဒါဖြင့် ဘယ်သူ ယူပေးသလဲ”

“သားသား မပြောနိုင်ဘူး”

“ဟုတ်ပါတယ်။ ကျော်ဝင်းမောင် ယူပေးတာဘဲ ဖြစ်ရမယ်။ ဒါဘဲ မိခင်မြိုင်။ နင့်သားတွေကို နင် မဆုံးမဘူးလား” ဖိုးဖိုးစကားသည် အတော်မသတ်တော့။ မေမေသည် မည်သို့မျှ နှုတ်လှန်မပြောခဲ့။ အတွတ်ကား ခေါင်းမာသည်။ ခင်လေးနွယ် မနေနိုင်တော့ ဝင်ပြောဖြစ်သည်။ ဖွားဖွားပါ ပါလာသည်။ စကားလုံးတွေသည် ပိုမို ခက်ထန်လာသည်။

“ကဲပါ။ တော်ကြပါတော့။ ဘေး အိမ်နီးချင်းကြားရင် တောင် ရှက်စရာ ကောင်းပါတယ်။ ဒီတော့ ဦး သကြားလုံး ဘယ်နှစ်လုံး ပျောက်သလဲ။ ကျမ နက်ဖြန်ကျ ပြန်ဝယ်ပေးမယ်” အမေကလည်း မာနနှင့်ပင်။

မည်သို့ဖြစ်စေ၊ သကြားလုံးကလေး သုံးလုံး လောက်နှင့် ပြဿနာ ဖြစ်ရသည်ကိုကား ခင်လေးနွယ် မခံရပ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် သည်ပြဿနာ သည်မှာ ပြီးခဲ့လျှင် ကား မထောင်းတာ။ ညနေပိုင်း ဖေဖေပြန်လာသောအခါ ပြဿနာ ဆက်တက်ပြန်သည်။

စင်စစ် ဖေဖေသည် သူ့အဖေ ပြဿနာနှင့် ပတ်သက်လာ တိုင်း စိတ်မချမ်းမသာ ဖြစ်ရစေကာမူ တတ်နိုင်သမျှ လွဲရှောင် မြဲဖြစ်သည်။ သို့စေကာမူ ဖိုးဖိုးအပေါ်၌ ဖေဖေ သဘော မတွေ့နိုင်သည့်အမူအရာကိုကား ဖေဖေ့မျက်နှာတွင် တွေ့ရတတ် မြဲ ဖြစ်သည်။ "ဘာဖြစ်ဖြစ် ဖေဖေဟာ သေလူပါ။ သူနဲ့ပတ် သက်ရင် တတ်နိုင်သမျှ နားလည်အောင် ကြိုးစားကြပါ။ နား မလည်နိုင်တဲ့ တိုင်အောင် ခွင့်လွှတ်နိုင်အောင် ကြိုးစားကြပါ။ တတ်နိုင်သမျှ ပြဿနာမပေါ်အောင် နေကြတာပေါ့ကွာ" ဟု ဖေဖေပြောတတ်မြဲ ဖြစ်သည်။ ပြီး ဖိုးဖိုး တွန့်တိုနှမြောတတ်၍ သားသမီးတွေနှင့် ပြဿနာဖြစ်တိုင်း ဖေဖေ့မှာ စိတ်ညစ်ရမြဲ ဖြစ်၏။

သည်ညနေမှာ ဖေဖေ နကို စိတ်ညစ်ခေါင်းခံ ပါလာပုံရ သည်။ မေမေ့အဖို့တော့လည်း ဖေဖေ့အဖေနှင့် ဆိုင်သော ပြဿနာဖြစ်၍ ဖေဖေ့ကို ပြောခြင်းဖြစ်သည်။

"ကဲ၊ အတွတ် ဘယ်မလဲ၊ ခေါ်စမ်း။ ဟင်း၊ဒီကောင် ဒီလောက်တောင် ငတ်ရသတဲ့လား။ ဒါမျိုး မစားဘူးဘူးတဲ့ လား" ဖေဖေ ဒေါသူပုန်ထလေတော့သည်။

ကိုကိုလည်း သည်ပြဿနာကို ယခုမှပင် သိပုံရသည်။

သည်ထဲ ဖိုးဖိုက မီးလောင်လေပင့် လုပ်သည်။

"ဟေ့ ဒီမယ် လွန်းမောင်။ ငါက ငါ့သကြားလုံး ယူစားလို့ ပြောနေတာ မဟုတ်ဖူး။ ဘာဖြစ်ဖြစ် စားချင်ရင် ငါ့ကိုပြော။



ငါကျွေးမှာပေါ့။ ခုတော့ စည်းမဲ့ကမ်းမဲ့ လုပ်တာ ငါ မကြိုက် ဖူး။ သကြားလုံးကလေး သုံးလေးလုံးတောင် ဒီအိမ်မယ် စိတ်မ ချရရင် ဒီထက် အဖိုးတန်တာဆို မခက်လား"

"အိုးဘာဖြစ်ဖြစ်၊ ဒီမှာအခဖ။ ကျနော့်သားတွေ သမီးတွေ အဖေ့ပစ္စည်းကို လက်ဖျားနဲ့တောင် မတို့ရဘူး ပြောထားတာ။ ဘယ်မလဲ ဟိုကောင် အတွတ်။ ခေါ်စမ်း"

"နောက်ပြီး ခုဥစ္စာက ဒီကလေး ဒီလိုမလုပ်တတ်ဖူးဆိုတာ ငါ သိတယ်။ ဒါကလဲ အတွတ်ဥာဏ် မဟုတ်ဖူး။ လူကြီးတွေ ဥာဏ် ဒါကို ငါ မကြိုက်ဆုံးဘဲ"

သည်အထိ ဖေဖေသည် ပြဿနာကို အစအဆုံး နားလည် ပုံ မပေါ်။ ထို့ကြောင့် အတွတ်ကို ပြန်၍စစ်ဆေးသည်။

"သားစားတာ မှန်တယ် ဖေဖေ။ ဒါပေမယ့် သားယူတာ မဟုတ်ဖူး" အတွတ်သည် ဖေဖေ အမှန်တကယ် စိတ်ဆိုးနေမှန်း သိသဖြင့် အသံတုန်နေလေပြီ။

"ဘာ၊ဘာကွ။ ဘာ၊ မင်း ဒီလောက်တောင် ငတ်ရသလား" ပြောပြောဆိုဆို အတွတ်ကို ဆောင့်ဆွဲလိုက်သည်။

"ကိုလွန်းမောင်၊ ရှင် လွန်မယ်နော်။ ခလေးပြောတာကိုလဲ နားထောင်အုံး။ ခုဟာ သား ဘာမှ သိတာ မဟုတ်ဖူး။ သူ့ကို လူတယောက်က ပေးလို့ သူ စားတာ။ ကျမ မေးပြီးပြီ။ သူ့ အဖိုး ဟာမှန်းသိရင် သူ မစားဘူး" မေမေက ကြားဝင်သည်။

"ဟုတ်သလား"

အတွတ် ငိုမဲ့မဲ့ ဖြစ်နေရလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဪ၊ ငါ မကျေနပ်တာကလဲ ဒါဘဲ။ အမှန်က အတွက် ဘာရှုံးမှမဟုတ်ဖူး။ အတွက်ကို တယောက်ယောက်က ခိုးပေးတာ" ဖိုးဖိုးသည် ဆက်လက်လေပင့်နေဆဲ ဖြစ်သည်။

"ပြောလကွာ။ မင်း ဒီသကြားလုံး ဘသူ့ဆီက ရသလဲ"

အတွက် မပြော။ ခန္ဓာကိုယ်မှာ တုန်ယင်နေပြီ။

"ဟေ့ကောင် ပြောလေကွာ" ဖေဖေ့အသံသည် ပိုကျယ်လာသည်။

"အတွက် ပြောလိုက်လေ။ အတွက် ဒီသကြားလုံး ဘသူ့ဆီက ရတယ်ဆိုတာ ပြောလိုက်" ကိုကိုကပါ ညီ့ဖက်က ဝင်သည်။

"ဘသူ့ဆီက ရရမလဲ။ ငါ့အခန်းထဲ ဝင်နိုင် ထွက်နိုင်တာ ဘသူရှိသလဲ။ ဖိုးဖိုးသည် ကိုကို့ကို သံသယ ဖြစ်နေပုံ ရသည်။ ဒါကိုလည်း ကိုကို ချက်ချင်း နားလည်လိုက်ပုံ ရသည်။

"ဘာလဲ၊ ဖိုးဖိုးက ကျနော် ယူပေးတယ် ထင်နေတယ် ပေါ့"

"ဘာမှ ထင်စရာ မလိုဘူး။ အတွက်၊ ပြောလိုက်ကွာ။ ဖိုးဖိုးသကြားလုံး အတွက်ကို ဘသူပေးလဲ ပြောလိုက်"

"နေစမ်းပါအုံး။ အဖေတို့ဥစ္စာ ဒီ သကြားလုံး က လေးသုံးလေးလုံးနဲ့ ရှုပ်လှချေလား။ ကျော်ဝင်းမောင်၊ မင်း ယူပေးသလား" ဖေဖေသည် ဒေါသ ပိုဖြစ်လာဟန်တူသည်။ အထူးသဖြင့် သူ့အဖေကို အလိုမကျတိုင်း သားသမီးတွေဖက်သို့ ပိုပြီး ဒေါသဖြစ်လာပုံရသည်။

"မယူဘူး ဖေဖေ။ ကျနော် ကျွေးချင်ရင် ဝယ်ကျွေးမယ်။



ဒီလို ဆူဆူညံညံနဲ့ ကြားကတော့ မကျွေးသေးဘူး" ကိုကိုက ခပ်တင်းတင်း ပြောသည်။

"ဒါဖြင့် မင်း ဘယ်ကရသလဲ အတွက်"

"ကိုကို့ဆီကတော့ မဟုတ်ဖူး"

"ဘယ်လို။ ကိုကို့ဆီက မဟုတ်ဖူး၊ ဟုတ်လား။ အတွက်ကို ကျော်ဝင်းမောင် ယူပေးတာ မဟုတ်လား" ဖိုးဖိုးက ဝင်ပြန်သည်။

"မဟုတ်ဖူး"

"ဒါဖြင့် မင်း လက်ထဲ ဘယ်လိုရောက်သလဲ"

အတွက် ခေါင်းငုံ့နေလိုက်သည်။ ရှိုက်သံသဲ့သဲ့ပင် ထွက်လာပြီ။ ဖေဖေသည် ဆုပ်ကိုင်ထားသော အတွက်၏ လက်ကို လွှတ်သည်။ ပြီး ကျော်ဝင်းမောင်ဆီ လာသည်။

"မင်း ယူသလား ကျော်ဝင်းမောင်"

"မယူပါဘူး ဖေဖေ။ အတွက်ကလဲ ပြောနေပြီ မဟုတ်လား။ စိတ်ချပါ ဖေဖေ။ ကျနော် သူ့ပစ္စည်းဆို ပြန်စောင်းတောင် ကြည့်တာ မဟုတ်ဖူး။ ယူဘို့ဆိုတာတော့ ဝေးရော"

"ဒါဖြင့် အတွက် ပြောစမ်း။ ဘယ်ကရသလဲ"

အတွက် ငိုလေပြီ။

ဖေဖေ ပို၍ ဒေါသထွက်လေပြီ။ နောက်ဆုံးတွင် ဖေဖေ ဒုတ်ကို ဆွဲလေပြီ။

"ဖေဖေ အတွက်ကို မရိုက်ပါနဲ့။ အတွက်မှာ ဘာမှ အပြစ် မရှိဘူး" ခင်လေးနွယ် မနေသာတော့။

"ဟေ့၊ ဘသူမှ ဘာမှ ဝင်မပြောနဲ့။ ဒီကောင် ခေါင်းကို အလွန်မာချင်တယ်။ ကဲ၊ မင်း ပြောမလား မပြောဘူးလား"

www.burmeseclassic.com



အတွတ် မျက်လုံးသည် မေမေ့ဆီသို့လည်း ရောက်သည်။ ကိုကို့ဆီသို့လည်းရောက်သည်။ ခင်လေးနွယ်ဆီသို့လည်း ရောက်သည်။ အတွတ်မျက်လုံးအစုံမှာ မျက်ရည်တို့ဖြင့် လျှံဝေနေပြီ။

"ဒီမှာ ကိုလွန်းမောင်။ ခလေးကို ဘာမှ ရိုက်လား နှက်လား လုပ်စရာ မလိုဘူး။ ဘသူမှ ယူပေးတဲ့လူ မရှိရင် ကျမယူပေးတယ်" မေမေသည်ပင် ပေါက်ကွဲလာလေပြီ။

"မင်းတို့ ဘာမှ ကြားမဝင်နဲ့။ ဘသူ ယူပေးပေး ဒါ စားစရာလား။ ဒင်း ဒီလောက်တောင် ငတ်ရသလား။ ပြောစမ်း။ မင်း နောက်ကို စားအုံးမလား" ဖေဖေ့ဒုတ်သည် အတွတ်ကိုယ်ပေါ်သို့ ကျလေပြီ။

ထိုအခိုက်မှာပင် ဖွားဖွားနှင့် အေးရင်တို့ ရေနံဆီထုတ်သွားရာမှ ပြန်လာသည်။ နှစ်ဦးစလုံးပင် အတွတ် အရိုက်ခံရသောပြဿနာကို မသိကြသေး။

"ဟေ့၊ ဟေ့။ မောင်လွန်းမောင်။ ဘာ့နဲ့ လုပ်တာလဲကွယ်။ ဒီကလေး ပေါက်စကို"

"ဘာ့နဲ့ လုပ်ရမလဲ အမေရဲ့။ အမေ့မြေးက သူ့အဖိုး သကြားလုံး ယူစားလို့တဲ့" မေမေပင် မျက်ရည် ကျနေပေပြီ။

"ယူစားတာလဲ မဟုတ်ပါဘူး ဖွားဖွားရယ်။ အတွတ်ကို လူတယောက်က ပေးလို့ စားတာပါတဲ့" ခင်လေးနွယ် လည်း မျက်ရည်ကျရပြီ။

ဖွားဖွားက ဖေဖေ့လက်မှ အတွတ်ကို ဆွဲခေါ်သည်။

"တော် တော် မောင်လွန်းမောင်။ ဘာမဟုတ်တာလေးနဲ့ ခလေးကို မင်းတို့ ဒီလိုဘဲ ဆုံးမရမှာလား"



"ဆုံးမရမယ် ခေါ်ခေါ်။ ဆုံးမရမယ်။ ဒီအိမ်မှာ ကျနော့်သားတွေ ကျနော့်သမီးတွေကို ဘယ်သူကမှ သူခိုးမထင်ရအောင်၊ ...ော်နေတယ်လို့ မထင်ရအောင် ဆုံးမရမှာဘဲ"

ဖေဖေကိုယ်တိုင် သားငယ်ကို ရိုက်မိသည့်အတွက် မည်မျှ ...စားရသည်ကို အားလုံးပင် နားလည်နိုင်လေသည်။ အတွတ်...သား ဖွားဖွားရင်ခွင်တွင် ငိုနေလေပြီ။

"ဒီမယ် အဖေ။ အဖေ့ပစ္စည်းကို နောက် ဘယ်သူဘဲ ထိ...ထိ ကိုင်ကိုင်၊ ကျနော့်ကို ပြော။ ကိုင်တဲ့လူ ထိတဲ့လူ အသတ်...ဘဲ" ဖေဖေ့အသံတွေ တုန်နေလေပြီ။

"ဟေ့ လွန်းမောင်။ ငါပြောနေတာက ငါ တွန့်တိုတာ ...ဟုတ်ဖူး။ ခုဟာ လူကြီးတွေက စည်းဖောက်လို့ ခလေး စည်း...ဖောက်မှာ စိုးလို့ ပြောနေတာ"

"ဘယ်သူက စည်းဖောက်တာလဲ။ အဖေ့ပစ္စည်း ဘသူယူ...လို့လဲ"

"ဘသူမှ မယူဘဲနဲ့ ငါ့သကြားလုံးက မင့်သားပါးစပ်ထဲ ...ရောက်သလားကွ"

သည်တော့မှလည်း အေးရင် ထိတ်ထိတ်ပျာပျာ ဖြစ်ရလေတော့သည်။ အေးရင်သည် အခြေအနေကို ရိပ်စားမိပုံ ရသည်။ သို့ပေမယ့် အေးရင် လှုပ်လှုပ်ခါခါ ဖြစ်သွားသည်ကိုကား မည်သူမျှ သတိမမူမိပေ။

အေးရင်သည် ဖွားဖွားနား ကပ်ပြီး အတွတ်ကို ဆွဲခေါ်...ထိုက်သည်။

"ဘာလဲ၊ သား သကြားလုံးစားလို့ အရိုက်ခံရတာလား"

www.burmeseclassic.com



အေးရင်က မေးသည်။ အတွတ်က ခေါင်းငုံ့ ငိုရှိုက်နေမြဲ။ ဖေဖေနှင့် ဖိုးဖိုးတို့ ခွန်းကြီး ခွန်းငယ် ပြောနေကြဆဲ။

အတန်းကြာမှ အေးရင်သည် ဖေဖေနှင့်ဖိုးဖိုးကြားမှာ ဝင်ရပ်သည်။

"ဒီသကြားလုံး အတွတ်ယူစားတာ မဟုတ်ပါဘူး။ အေးရင်ပေးလို့ပါ"

"ဘာ"

"ဟုတ်ပါတယ် အကိုကြီး။ အေးရင်ပေးတာပါ"

"ဘာလဲ နင် အဖေ့ ပစ္စည်းကို ယူပြီး ခလေးကိုကျွေးတယ် ပေါ့လေ" ဖေဖေ့ အသံမှာ တုန်အက်နေပေပြီ။

"အေးရင် ယူတာ မဟုတ်ပါဘူး။ ဘဘကြီးက အေးရင့်ကို ပေးတာပါ။ အဲဒါ အေးရင် အတွတ်ကိုပေးလိုက်မိလို့ပါ"

ဖေဖေသည် အေးရင်ကို ယခုချက်ချင်း စားတော့ဝါးတော့မလို စိမ်းစိမ်း စူးစူး ကြည့်နေပြန်သည်။ ပြီး

"ဘာ၊ နင့်ကို ဒီသကြားလုံး အဖေကပေးတယ်၊ ဟုတ်လား"

အေးရင် ခေါင်းညိတ်သည်။

ဖေဖေသည် ဖိုးဖိုးဖက် လှည့်ပြန်သည်။ ဖေဖေ့မျက်လုံးအစုံမှာ မီးအလျှံတွေ တောက်နေသလား၊ ထင်ရ၏။

ခုတော့လည်း ဖိုးဖိုးသည် ဘာမျှ မပြောတော့။ မှန်သည်။ သူ့မှာ ပြောစရာ မရှိတော့။ အေးရင် ပြောသည်မှာ အမှန်လည်း အမှန်ပင်။ ဒါကို ဦးဘအုန်း မေ့လျော့နေခဲ့ခြင်း ဖြစ်သည်။ ယခုမှပင် မနေ့က သူ သကြားလုံးထုပ် ဝယ်လာချင်း သူကိုယ်တိုင် မစားရက်သေး၊ အေးရင်ကို သူ လက်သိပ်



ထိုး ပေးခဲ့မိသည့် အဖြစ်ကို သူ သတိရလာသည်။ ထို့ကြောင့် ဖိုးဖိုး နှုတ်ဆိတ်နေရပေပြီ။

သို့ပေမယ့် ဖိုးဖိုး နှုတ်ဆိတ်သွားရသော အကြောင်းကိုကား ညီသူမျှ မသိနိုင်။

ဖေဖေသည် ဘာမျှ မပြောတော့။ ဖိုးဖိုးကိုသာ အတန်ကြာ စူးစူးစိမ်းစိမ်း ကြည့်သည်။ ပြီးမှ ခေါင်းငိုက်စိုက်ချကာ အိမ်ပြင်သို့ ထွက်သွားသည်။

ထိုညက ဖေဖေ ပြန်မလာတော့။

သည်စိတ်ညစ်စရာ အဖြစ်သည် ယနေ့မနက်အထိ ခင်လေးနွယ့် အာရုံမှာ တွယ်ငြိပါလာခဲ့သည်။

သူ ပြုံးပြုံးရယ်ရယ် ပြောလာသည် အထိ ခင်လေးနွယ် စိတ်မှာ ညစ်ကျုံနေမြဲ။ အထူးသဖြင့် မနေ့က အတွတ်ပြဿနာသည် ညက တညလုံး အိမ်မှာ ရှိုက်ခတ်နေခဲ့သည်။ ဖေဖေ ကိုယ်တိုင် အိမ်ပြန်မလာလောက်အောင် စိတ်ထိခိုက်သွားရသော အဖြစ်သည် ဖိုးဖိုးမှအပ တအိမ်လုံးကို စိတ်ညစ်စေခဲ့သည် မဟုတ်လော။

"လေးနွယ် စိတ်ညစ်စရာ မစဉ်းစားပါနဲ့လို့ ကိုယ်ပြောထားသားဘဲ"

"မစဉ်းစားပေမယ့်လဲ တခါတခါ စိတ်ညစ်စရာက ရှောက်ရောက်လာတာဘဲ"

"ဒီလိုဘဲ။ ပျော်စရာလဲ ရောက်လာတတ်တာဘဲပေါ့။ အဲဒီကျ စိတ်ညစ်စရာ ထွက်ပြေးရော"

www.burmeseclassic.com

www.burmeseclassic.com



"ပျော်စရာက လေးနှယ့်ဆီကို ဘယ်တော့မှ မလာပါဘူး"
"ခု လာပြီလေ"
"ဒါပေမယ့် လေးနှယ်တော့ စိတ်ညစ်ရတုန်းဘဲ"
"ကိုယ်ပျော်ရင် လေးနှယ်လဲ ပျော်ရမှာပေါ့"
"လေးနှယ် ပျော်ချင်တာပေါ့ကွယ်"
"ကိုယ့်မှာ ပျော်စရာတခု ပါလာတယ် လေးနှယ်ရဲ့"
"လေးနှယ့်ဘို ဆိုပါတော့"
"ဒါပေါ့"
"ဘယ်မလဲ"
"ညတုန်းကလေ"
"ညတုန်းက ဘာဖြစ်လဲ"
"လမသာဘူးလား"
"လေးနှယ်မှ မသိတာ"
"သာပါတယ်"
"ဟုတ်ချင် ဟုတ်မှာပေါ့"
"ဘယ်ကလာ ဟုတ်ချင် ဟုတ်ရမလဲ။ သာလိုက်တာ... ထိန်လို့"
"အဲဒါ ဘာဖြစ်လဲ"
"သိပ် ပျော်စရာ ကောင်းတာဘဲ"
"သူ ပျော်ပေမယ့် လေးနှယ်မှ မပျော်တာ"
"ဒါပေမယ့် လေးနှယ် ပျော်ပါတယ်"
"မပျော်ပါဘူး ဆိုနေမှဘဲ"
"ကိုယ်စဉ်းစားတဲ့ အထဲမှာ လေးနှယ်ပျော်တာ ကို... တွေ့သားဘဲ"

"ဘယ်တုန်းက"
"ညက"
"ဘာဆိုင်လဲ"
"လသာတော့ ကိုယ် အလုပ်က အပြန်မှာ စဉ်းစား... ပါ"
"ဘာကိုလဲ"
"ပျော်စရာ တခုခုပေါ့"
"ဘယ်လို ပျော်စရာလဲ"
"အဲဒီတုန်းက လသာလိုက်တာကလဲ ထိန်လို့"
"ဒါဘဲ ထပ်ထပ်ပြောနေ"
"လမ်းမကြီးက ဖိုးလမင်းအောက်မှာ ကိုယ်တုံးလုံးကြီး... ငို"
"အိုး၊ မဟုတ်တာ"
"သိပ်ဟုတ်"
"အဲဒါ ဘာဆိုင်လဲ"
"ဆိုင်တာပေါ့"
"ဘာဖြစ်လို့"
"လမ်းမပေါ်မှာ ဘသူမှ မရှိဘူး။ ကိုယ်ရယ် ကိုယ့်စိတ်ကူး... လေးရယ်"
"ဘာစိတ်ကူးလဲ"
"ပျော်စရာ စိတ်ကူး ကလေးပေါ့"
"အဲဒါ လေးနှယ်ဘို ဆိုတာလား"
"အစစ်ပေါ့"
"ဘာစိတ်ကူးလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို လသာသာ ဘာမှ မရှိ ပြောင်တလင်းခါနေ လမ်းမကြီးပေါ်မှာ ကိုယ် စိတ်ကူးတာပါ။ ကိုယ်ရယ်ေ အဲဒီလို လကလဲ သိပ်သာ၊လမ်းမကြီးကလဲ သိပ်ရှင်း၊စောစော အလုပ်လုပ်ရတုန်းက အိပ်ငိုက်ချင်တဲ့ စိတ်တောင် ဘယ်ပျေ သွားမှန်း မသိဘူး။ အဲဒါပေါ့။ ညက စာစီတာ စာရေးဆ ကလဲ ဘာမှန်း မသိဘူး။ လက်ရေးက သိပ်ရှုပ်တာဘဲ"

"သူ ဘာတွေ ပြောနေမှန်းလဲ မသိဘူး"

"အစစ်ပဲ စာရေးဆရာ့ လက်ရေးက ရှုပ်ရတဲ့အထဲ မျက် က ကျိန်းစပ်စပ်နဲ့ အိပ်ချင်ချင်ဖြစ်၊ နောက်ပြီး သူ ရေးထ တာကလဲ စိတ်ညစ်စရာကြီး"

"ဒါနဲ့ ပျော်စရာဆို"

"ကုတ်တယ်လေ။ အဲဒီလို စိတ်ညစ်စရာနဲ့ မော့မော ပန်း ထွက်လာတာ။ အပြင်ဘက်ရောက်တော့ လက သိပ်သ နေတယ် မဟုတ်လား"

"ပြောပြန်ပြီ ဒီ လသာတဲ့အကြောင်း"

"ပြောရမှာပေါ့ လသာတာ ပျော်စရာ ကောင်းတ မဟုတ်လား"

"ဘာလဲ။ ထုပ်ဆီးတိုးတမ်း ကစားရလို့လား"

"မဟုတ်တာ။ လမ်းပေါ်မှာ ဘာမှ မရှိဘူးလေ။ အ မရှိတာ။ နောက်တော့ ကိုယ်ရယ်၊ စိတ်ကူးကလေးရယ်"

"လုပ်ပြန်ပြီ။ ဘာတွေမှန်းလဲ မသိဘူး။ စိတ်ညစ်ရတဲ့အ

ပြောမည့်သာ ပြောရသည်။ သူနှင့် လုံးချာပတ်ချာလ စကားပြောယင်း စောစောက စိတ်ညစ်စရာတွေ ဘယ်ကိုရော ကုန်ပြီနည်း မဆိုနိုင်။



"အင်းလေ။ ကိုယ် ပြောပါရောလား။ နကိုကတော့ စိတ် င်တာပေါ့။ ဒါပေမယ့် ပျော်စရာ စိတ်ကူးကလေး ကိုယ့် ားရောက်လာတော့ စောစောက စိတ်ညစ်တာက ပျောက် ာ'ရော"

"အဲဒီ ပျော်စရာ စိတ်ကူး ဆိုတာက"

"အဲဒါဘဲပေါ့"

"ဘာမှန်းလဲ မသိဘူး"

"စဉ်းစားကြည့်တာပါ။ စဉ်းစားတာက တခါတခါ တ ယ်ဖြစ်သလိုဘဲနော်"

"ဘာကိုလဲ"

"စဉ်းစားတာပေါ့။ အဲဒီတုန်းက လသာတယ်"

"လုပ်ပြန်ပြီ"

"စဉ်းစားကြည့်လေ။ ရှေ့မှာ လမ်းကလဲ ဖြူးလို့ ရှင်းလို့။ မ်းကြီးကလဲ လင်းလို့ ဝင်းလို့"

"ဝတ္ထုတဲမှာလား"

"ညက တကယ်ဖြစ်တာ"

"ဘယ်လို ဖြစ်တာလဲ"

"ကိုယ်ရယ် ကိုယ့်ဘေးမှာက "

သူ စကားကို . ဖြတ်ကနဲ ရပ်တော့ သူ့ ဘာပြောမလဲ င်ပြန်သည်။

"ပြောလေ"

"ကိုယ်ပြောရင် လေးနွယ်လဲ ပျော်မှာနော်"

"ပျော်စရာဆို ပျော်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"တကယ် ပျော်စရာကောင်းတာ"
"ကြည့်ပါလား။ ဘာမှန်းလဲ မသိဘူး"
"ကြည့်နေသားဘဲ"
"အိုး "

"ညတုန်းက ကိုယ့်ဘေးက ကောင်မလေးကို ကိုယ် ပထမ လက်ကလေးကို ဆုပ်ကိုင်လိုက်တော့လဲ ကောင်မလေး အဲဒီလိုဘဲ အိုး တဲ့"

"ဒါနဲ့ ခုနက ပြောတော့ တယောက်ထဲ ဆို"

"ဟုတ်တယ်လေ။ တယောက်ထဲတုန်းက စိတ်ညစ်နေတာ နောက်တော့မှ သူ ရောက်လာတာ"

"ဘာလဲ၊ သူ ဂေါ်လီနဲ့ တွေ့လာပြီ ဆိုပါတော့"
"ဖွတ်။ ဘယ်က ဂေါ်လီရမလဲ"
"ဒါဖြင့် ဘယ်က ကောင်မကလေးလဲ"
"ကိုယ့်စိတ်ကူးထဲမှာပါ။ တကယ်တော့ မဟုတ်ဖူးပေါ့"
"အဲဒါ ဘာသူလဲ"
သူ အကြာကြီး ပြုံးဖြီးဖြီး လုပ်နေပြန်သည်။
"ပြောလေ"
"ဘာသူရမလဲ၊ သူရယ်ပေါ့"
"ဘယ်က သူလဲ"
"လေးနွယ်ဆိုတဲ့ သူ"
"အိုး "

"အဲဒါ ကိုယ်ရယ် လေးနွယ်ရယ် တယောက်လက် တယောက်တွဲပြီး "

သူ့စကားကို ခင်လေးနွယ် ဆုံးအောင် နားမထောင်တော့။ နေ့ရာမှ အပြေးကလေး ထွက်ခဲ့သည်။ ရင်ထဲမှာ တလှပ်လှပ် နှင့်။ သူပြောသလို ပျော်လာသည်လား မဆိုနိုင်။

အမှန်ဘဲ စိတ်ကူးထဲမှာ သူပြောသော အဖြစ်က ရစ်ဝဲသည်။ တကယ်ဘဲ လသာသာ ဖြူးဖြောင့် ရှင်းလင်းသော လမ်းမပေါ်မှာ နှစ်ယောက် လက်တွဲသွားရသော အဖြစ်ကို တွေးသော အခါ ရင်ထဲက တလှပ်လှပ် ခံစားစာမှုသည် ကြည်နူး မြူးတူးသော ခံစားမှုဟု ထင်လာသည်။

သည်လိုနှင့် ခင်လေးနွယ်သည် စိတ်ကူးတခုကို လက်တွေ့ ခန့်တီးကြည့်မိခဲ့ပြီဟု ဆိုရမည်။

ယခု ဖိုးဖိုးအသံကို မကြားရတော့။ ဖေဖေ့မျက်နှာ နွမ်း လျလျကိုလည်း မမြင်ရတော့။ မေမေ့မျက်နှာ ညှိုးငယ်ငယ် သည်လည်း မရှိတော့။

ဖိုးလမင်းသာ ပဝင်းသည်။
ဘာဆို ဘာမျှ မရှိ။
အိုး၊ ဘေးမှာ အောင်တော့ ရှိသေးသည်။
အောင်သည် လေးနွယ် အတွက် ပျော်စရာကို ပေးသည်။
ထို့ကြောင့် သည်ညမှာ လေးနွယ် ပျော်လိုက်သည်။

— ၅ —

ခင်လေးနွယ် ပျော်နေမည့်အဖြစ်ကို ကိုလွန်းမောင် မတွေး တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ညသည် တိတ်ဆိတ်နေပြီ ဖြစ်သည်။ လမ်းမပေါ်က အသံများလည်း ပျောက်သွားပြီ။ အိပ်ခန်းထဲမှ အသံများလည်း ဆိတ်ငြိမ်သွားပြီဟု ထင်နေသည်။ အပြင်ဖက်တွင် လသာနေသည်။

ကိုလွန်းမောင်သည် စောစောကလည်း သမီးကိစ္စကို တွေးခဲ့သည်။ တွေးသောအခါ ဝေဒနာနှစ်ခု တလှည့်စီ ခံစားရသည်။ တခုကား သမီးမရှိတော့၍ ဝမ်းနည်း တမ်းတရသော ဝေဒနာ။ နောက်တခုကား သမီးအတွက် ချီးကျူးလိုသော စိတ်။

ပထမ သမီးကို ချီးကျူးမိသေးသလား မဆိုနိုင်။ စောစော အိပ်ရာထဲ ဝင်လာသည်အထိ မယားဖြစ်သူက သမီးကိစ္စ ပြောလာဖြစ်သောအခါ ချီးကျူးလိုစိတ် ပျောက်သွားသည်မှာ အမှန်။ သမီးအတွက် မည်သို့ဆက်လက်ဆောင်ရွက်သင့်သည်ကို သူ စဉ်းစားရပေမည်။

"ကဲ မမြိုင်။ အိပ်တော့။ မနက်ကျ သမီးကိစ္စ ကိုယ်တိုင် စုံစမ်းပေးပါမယ်။ ဒီကိစ္စမျိုးဆိုတာ ဝုန်းဝုန်းဒိုင်းဒိုင်း လုပ်လို့ ဖြစ်တာ မဟုတ်ဖူး။ ပြီးတော့ ကိုယ်က သမီးရှင်ဖြစ်နေတာ မဟုတ်လား မမြိုင်ရဲ့"

"ဟုတ်ပါတယ် ကိုလွန်းမောင်။ ဒါပေမယ့် ခုဥစ္စာက ယောကျ်ားလေး ဘယ်သူ ဘယ်ဝါ သိရတာ မဟုတ်ဖူး။ တော်တော် သင့်သင့်ထဲကဆိုလဲ ကိစ္စမရှိဘူးပေါ့" မခင်မြိုင်သည် ထိုညတွင် အိပ်ပျော်ဖြစ်လိမ့်မည်ဟု မထင်တော့။

"အေးပါ။ အဲဒီတော့ မင်း အေးအေး ဆေးဆေး အိပ်။ မနက်ကျ ငါ အားလုံး စီစဉ်ပေးမယ်"



အမှန်ဘော့လည်း ကိုလွန်းမောင်သည် သမီးကိစ္စကို ဆက်မတွေးချင်တော့ပါ။ သူ့စိတ်အလုံးစုံသည် မေသက်ဆီသို့သာ လွင့်ပျံနေချေသည်။

ဘာပြောပြော သမီးငယ်ကို သူ အပြစ်မတင်ချင်တော့။ ငင်စစ် သမီးသည် သူ့လွတ်မြောက်ရေး လမ်းစကို သူ ရှာသွားခြင်း ဖြစ်သည်။ မိမိသာ ယခုအထိ ဤအခန်းကျဉ်းကလေးမှာ နှောင်ဖွဲ့ခံနေရခြင်းဟု မြင်လာပြန်သည်။ သမီး ဤနေရာ၌ ခံစားနေရသော ဒုက္ခတွေကို စာနာနိုင်သည်ဟုလည်း သူ ထင်လာသည်။ မှန်သည်။ ကိုလွန်းမောင် ကိုယ်တိုင်ပင် ဤနေရာမှ ထွက်ပြေး လွတ်မြောက်ရန် ကာလ အတန်ကြာ ကတည်းက အတွေးပေါက်ခဲ့ဖူးသေးသည်။

ဟုတ်ပါ၏။ ကိုလွန်းမောင်သည် ဤနေရာ၌ မပျော်နိုင်ခဲ့သည်မှာ ကြာပြီ။ မိမိကိုယ်တိုင်ကမူ ဤသို့သော ဘဝအခြေအနေကို စအခြေစိုက်ကတည်းက မပျော်ပိုက်ခဲ့ခြင်း ဖြစ်သည်ဟုလည်း ယခု တွေးပြန်သည်။

သည်တော့ ဘေးက မခင်မြိုင်ဆီသို့ အာရုံ ရောက်ပြန်သည်။

အသက်ရှူသံ ညင်းညင်းကို ကြားရသည်။

"သူ အိပ်ပျော်နေပြီ ထင်ပါရဲ့"

ကိုလွန်းမောင်သည် မခင်မြိုင်အပေါ် ကရုဏာ သက်မိပြန်သည်။ သို့သော် ကရုဏာအနှောင်အဖွဲ့ကို ဖြတ်ရန် ကြိုးစားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုလွန်းမောင်သည် အိပ်ရာမှ ထသည်။ အပြင်ခန်းသို့ ထွက်လာသည်။ ဝရံတာဖက် တခါးကို ဖွင့်သည်။ ဝရံတာက ပက်လက်ကုလားထိုင်တွင် ခန္ဓာကိုယ်ကို လှဲချလိုက်ပြန်သည်။

စောစောက စိစိညံ့ညံ့ရှိသော ညနေ့ခင်းသည် ယခု ပကတိ တိတ်ဆိတ်နေပေပြီ။

ကိုလွန်းမောင့် စိတ်သည် ယောက်ယက်ခတ်နေသည်။ နေရာမှ ထပြန်သည်။ စပွဲက ဆေးလိပ်ခွက်ကို စမ်းပြီး သနပ်ဖက်ဆေးလိပ်ကို ယူခဲ့ပြန်သည်။ မီးငြိပြီး ဖွာသည်။ ပြီး ပက်လက်ကုလားထိုင်တွင် ပြန်လှဲချလိုက်သည်။

သမီးသည် အာရုံတွင်းသို့ ရောက်လာပြန်သည်။

ဘာပြောပြော သမီးသည် လွတ်မြောက်သူ။ မိမိကား အနှောင်အဖွဲ့မှ ရုန်းမထွက်နိုင်သူ။

တကယ်ဆို မိမိသည်လည်း အနှောင်အဖွဲ့က ရုန်းထွက်ရန် ကြိမ်ဖန်များစွာ ကြိုးစားခဲ့ဖူး၏။

ယခုလည်း ကြိုးစားပြန်လေပြီ။

ယခုပင် မေသက်ဆီသို့ သွားသင့်သည်။

မေသက်ကို သူ မြင်ရလေပြီ။ သူ့အာရုံမှာ မေသက် ရုပ်သွင်သည် ထင်လာလေပြီ။

ဤသို့ပင် မေသက်သည် သူ့အပါးသို့ ဗြုန်းကနဲ ရောက်လာခဲ့ခြင်း ဖြစ်သည်။

သို့သော် ထိုစဉ်က ယခုလို လသာသော ညမျိုးမဟုတ်။

ကောင်းကင်တခုလုံး ညိုမည်း အုံ့မှိုင်းနေသည်။ မကြာခင် မိုးရွာတော့မည်။



အခြေအနေကို ကိုလွန်းမောင် စိတ်မဝင်စားပါ။ သူ့မှာ သူ့ပြဿနာနှင့် သူ ဖြစ်သည်။ အဓိက ပြဿနာမှာ ကျော်ဝင်းမောင် ပြဿနာ ဖြစ်သည်။ ကျော်ဝင်းမောင် ပြဿနာဆိုသည်မှာလည်း သူ့ပြဿနာပင်။

မှန်သည်။ ယခုနှစ် ကုန်လျှင် ကျော်ဝင်းမောင် စာမေးပွဲပြီးတော့မည်။ ဘွဲ့ရတော့မည်။ ကျော်ဝင်းမောင်အတွက် မိဘတို့၏ ဝတ္တရားတခုဖြစ်သော ပညာသင်ပေးရမှုသည် ဆုံးခန်းတိုင်တော့မည်။ ဤသည်မှာ တနည်းအားဖြင့် ဆိုရလျှင် မိဘအနေနှင့် ဝန်ပေါ့သွားခြင်း ဖြစ်ကောင်း၏။ သို့သော် ယခုကား ဤသို့မဟုတ်။ ကျော်ဝင်းမောင်အတွက် ပညာဆုံးခန်းတိုင် သင်ပေးခြင်းသည် မိဘအဖို့ တာဝန်သစ်တခု ထမ်းဆောင်ရခြင်း ဖြစ်နေလေပြီ။

မည်သို့ဖြစ်စေ၊ သူ့ အထက်အရာရှိကို သူ ပြောထားသင့်သည်ဟု ယူဆ၏။ သို့ဖြင့် သူသည် အထက်အရာရှိအား ယနေ့ညနေ ရုံးဆင်းတွင် နန်းယုစားသောက်ဆိုင်၌ ညစာ ကျွေးလိုပါသည်ဟု ပြောခဲ့၏။

“ထူးခြားလှချည်လား ကိုလွန်းမောင်ရေ” သူက ညစာကျွေးပါရစေ ဆိုသောအခါ အရာရှိသည် တအံ့တသြ ဖြစ်သွားပုံရသည်။

“အော်၊ အော်။ ဒီလိုပါ အကိုကြီး။ ဟိုလေ၊ ဟိုအင်း ခင်ဗျာ။ ဒီနေ့က ကျနော့် မွေးနေ့ဆိုတော့ မနက်က အိမ်မှာ ဖုန်းကြီးသုံးပါး ဆွမ်းကပ်ပါတယ်”

“ကောင်းတာပေါ့ဗျာ”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်။ အဲဒါ၊ များများလဲ မတတ်နိုင်တော့ ဘာသူ့မှ မဖိတ်နိုင်ခဲ့ဘူး"

"ကိစ္စမရှိပါဘူး"

"ဒါပေမယ့် ကျနော် အကိုကြီးကို ဖိတ်ဖို့တော့ သတိရပါတယ်"

"အရေးမကြီးပါဘူးလေ"

"အိမ်က ကျနော့်မိန်းမကလဲ သတိရပါတယ်"

"ကျေးဇူးတင်ပါတယ်"

"ဒါပေမယ့် အကိုကြီးကို ဖိတ်ရင် တရှိုးလုံး ဖိတ်ရမယ် မဟုတ်လား"

"ဒါပေါ့ ဒါပေါ့"

"ဒါကျတော့လဲ မတတ်နိုင်ပြန်ဘူး"

"ဟုတ်တာပေါ့"

"ဒါပေမယ့် ကျနော့်မိန်းမက အကိုကြီးကို သိပ်အားကိုးတာ"

"ဟာ၊ ကျနော် ဘာတတ်နိုင်တာ မှတ်လို့ဗျာ"

"ဟိုတလော ကျနော့်ပရိုမိုရှင်းကိစ္စက အကိုကြီးဘဲ လုပ်ပေးတာ မဟုတ်လား"

"ဒါကတော့ ကိုလွန်းမောင့် ဆားဗစ်ကလဲ ရှိနေတော့ ကိုလွန်းမောင်ဘဲ ရတာပေါ့"

"ဒါပေမယ့် အကိုကြီးသာ ကျနော့် ထဲ့မစဉ်းစားရင် ဘယ်ရမလဲ"

"ကျနော်က မှန်တဲ့အတိုင်း လုပ်ဖို့ ဝန်မလေးပါဘူး"

"အဲဒါကြောင့် ကျနော် အကိုကြီးကို ကြည်ညိုတာပေါ့"



"ဟဲ ဟဲ ဟဲ"

"အဲဒါပါ။ ဒါ့ကြောင့် ဒီညနေ ကျနော် အကိုကြီးကို ညစာ ကျွေးချင်ပါတယ်"

"နေပါစေဗျာ"

"အဲဒါ ကျနော့်မိန်းမကလဲ ကျွေးဖြစ်အောင် ကျွေးရမယ်ဆိုပြီး ပိုက်ဆံထဲ့ပေးလိုက်တယ်"

"ဒုက္ခရှာလို့ဗျာ"

သည်ကတည်းက အမောသား။

ထို့ကြောင့်လည်း နန်းယုဟော်တယ်သို့ ရောက်သောအခါ ပထမဦးဆုံး ဘီယာ နှစ်လုံး မှာခဲ့ရသည်။ သို့တိုင်အောင် ကျော်ဝင်းမောင်ကိစ္စ ဘယ်ကဘယ်လို စရမည် မသိသေး။

"အော် ဒါထက် အကိုကြီးရဲ့ကား ဆေးသုတ်ဖို့ကိစ္စဆိုတာ"

သည်မှာ သူ မျက်နှာလုပ်ကြည့်ဖို့အကွက်ရီပြီဟု အောက်မေ့ပြီး စကားစမိခြင်း ဖြစ်သည်။

"ဘယ်ကားလဲဗျ"

"ဟိုလေ။ အကိုကြီး ဟိုတလောက ရုံးက ရောင်းလို့ ဝယ်လိုက်တဲ့ ကားလေ"

"ကျုပ်ကား ဆေးသုတ်မယ်လို့ ခင်ဗျား ဘယ်သူကပြောသလဲ"

"မောင်တင့် ပြောတာဘဲ"

ထိုစကားကြောင့် အထက်အရာရှိသည် မျက်လုံး ပြူးသွားသေးသည်။ သို့ပေမယ့် ကိုလွန်းမောင် မရိပ်မိ။

"နေစမ်းပါအုံး။ ဒီမောင်တင့်က ဒီကိစ္စ ဘာဖြစ်လို့ ပြောတာတဲ့လဲ"

www.burmeseclassic.com



"အော်၊ အကိုကြီး ခုတလော ရုံးကရတဲ့ ဖိုးဗိုးမာဇဒါ မစီးဘဲ ဒီနှားကား အီးတူးသောင်းဆင် စီးနေတာ တွေ့လို့ ကျနော်က အကိုကြီးကား ဘာဖြစ်သလဲလို့ မောင်တင့် မေးကြည့်မိတာပါ"

"ခင်ဗျားကလဲ ဘာဖြစ်လို့ ဒီကောင်ကို မေးရတာလဲ။ ဒီကောင်က ပါးစပ်စည်းမရှိဘူး။ ဒရိုက်ဗာ လုပ်နေပေမယ့် ဒီကောင်က လူလည်"

"ဟုတ်ကဲ့ ခင်ဗျ"

စကားစ ပြတ်ပြန်သည်။

ဘီယာနှစ်လုံး ထပ်မှာပြန်သည်။

"ဒါထက်၊ အကိုကြီးကား ဆေးသုတ်ဖို့ လိုရင် ကျနော့် ပြောပါ"

"ခင်ဗျားက ဆေးရလို့လား"

"ကျနော် ရှာပေးမှာပေါ့"

"အင်း၊ တခုတော့ ခင်ဗျားကို ထပ်ပြောရအုံးမယ်။ အဲဒီကား ဆေးသုတ်ဖို့ ဆေးရှာပေးမယ်ဆိုတာ မောင်တင့်ကို သွားမပြောနဲ့၊ ကြားလား"

သည်မှာတော့ ကိုလွန်းမောင် အံ့သြရလေပြီ။

"ဒီကောင်က ပါးစပ်ဖွာတယ်ဗျ"

"ဟုတ်ကဲ့"

အကိုကြီးသည် ဘီယာတကျိုက် ကျိုက်ပြန်သည်။

"ကျုပ်တို့မလဲ အစိုးရအလုပ် လုပ်လာတာ ကြာပါပြီဗျာ။ ဒီတခါဘဲ နဲနဲပါးပါး စားရတယ် ဆိုရမယ်။ ဒါပေမယ့် ဒါ မတရားလုပ်တာမှ မဟုတ်တာဘဲ"



"ဒါပေါ့ခင်ဗျာ"

"ဘာလဲ၊ ခင်ဗျား သိထားပြီးပြီပေါ့"

"မောင်တင့်ကတော့ ဘာမှ မပြောပါဘူး"

"ဒါပေမယ့် ကျုပ် ထင်တယ်။ ဒီကောင် သိနေတယ်လို့"

"ဒါတော့ ကျနော်လဲ အသေအချာ မပြောတတ်ဖူး အကိုကြီး။ နေအုံး အကိုကြီး။ ဘီယာတလုံး ပေးအုံးဟေ့။ အကိုကြီး ဘီယာတော်ရစ် ထမင်းမှာရအောင်"

"ဒါပေါ့လေ။ ကိစ္စမရှိပါဘူး။ ကျုပ်က သုံးလုံးဆို ရေချိန်ဘဲ။ ဟိုကောင် မောင်တင့်ကို ကားဆေးအကြောင်းပြောရင် သူ ကျုပ်ကို အစ်လိမ့်အုံးမယ်။ ဒါ့ကြောင့် ဒီကောင့်ကို ကားဆေးအကြောင်း သွားမပြောနဲ့"

"ဒါဖြင့် အကိုကြီး ဘာရောင် လိုချင်တာလဲ"

"မလိုပါဘူး။ ကျုပ်မှာ ဆေးသုတ်စရာ ကားမှ မရှိတော့တာ"

"ခင်ဗျာ"

"ခင်ဗျား ဘာသူ့မှလဲ သွားမပြောနဲ့အုံး။ ကျုပ် အဲဒီကား ရောင်းပစ်လိုက်ပြီ"

"ဟင်"

"အဲဒါ ဟိုကောင် မောင်တင့် ရိပ်မိပုံ ပေါ်တယ်"

"ရိပ်မိတော့ ဘာဖြစ်သေးလဲ အကိုကြီးရယ်။ ကိုယ့်ကား ကိုယ် ရောင်းတာဘဲ"

"ဒါပေမယ့် ဘယ်ကောင်းမလဲဗျ။ အစိုးရဆီက ရှယ်ထောင် သောက်ပေးရတဲ့ကား ကျုပ် ပြန်ရောင်းတော့ ရှစ်သောင်း

www.burmeseclassic.com

www.burmeseclassic.com



ရတယ် မဟုတ်လား။ ဒါကို အစိုးရ သိရင် ဘယ်ကောင်းမလဲ။ နောက်ပြီး ကျုပ်က ခု ရုံးကားကို သုံးနေတာ မဟုတ်လား”

“ဒါကတော့ အကိုကြီးရယ်။ ဒီလိုဘဲ လုပ်နေကြတာ မဟုတ်လား”

“ဒါပေမယ့် ကိုလွန်းမောင်။ ကျုပ်က ဒါမျိုး ဝါသနာ မပါဘူး”

“အကိုကြီး အကြောင်း ကျနော် သိပါတယ်လေ။ ဒါ့ကြောင့်လဲ ”

စကားစ ရှတ်တရက် ပြတ်သွားသည်။ ဘာဆက်ပြောရမှန်း မသိသဖြင့် ဘီယာပုလင်းကို ဖန်ခွက်ထဲ ငှဲ့ထည့်ပေးလိုက်၏။

“ကဲရီးအွန် ကိုလွန်းမောင်…ကဲရီးအွန်”

“ဟုတ်ကဲ့ ခင်ဗျ။ အကိုကြီး ကျနော့သား ကျော်ဝင်းမောင်ကို သိပါတယ်နော်”

“သိတယ် ဆိုပါတော့”

“ဒီကောင် မဆိုးပါဘူး”

“ဟုတ်မှာပေါ့”

“အခု ကျောင်းမှာ ”

“အော်၊ ဟုတ်လား”

“အော်၊ ဒါထက် အကိုကြီး ဘာဟင်း စားမလဲ။ မီနူး ကြည့်ပါအုံး”

“ကိစ္စမရှိဘူးဗျာ။ အမြည်းနဲ့တင် ဝနေပြီ။ နေပါအုံး၊ နို့ ကျုပ်က သုံးလုံးကုန်ပြီ ခင်ဗျားက နှစ်လုံးထဲ”

“ကျနော် သိပ်မသောက်နိုင်ပါဘူး အကိုကြီး။ အဲဒီ ကျနော့်သားက ဟစ်စထရီမေဂျာပါ”



“အော်။ ခင်ဗျားသားက မေဂျာတွေ ဘာတွေတောင် ဖြစ်နေပြီကိုး။ စောစောက ခင်ဗျား ကျုပ်ကိုပြောပါတော့ဗျာ”

“မေဂျာ မဟုတ်ဖူး အကိုကြီး။ သမိုင်းအဓိကပြောတာ”

“အော်၊ အော်”

“အဲဒါ ဒီနှစ်ဖိုင်နယ် ”

“ကောင်းတာပေါ့ဗျာ”

“ဒီတော့ အကိုကြီးသိတဲ့အတိုင်း ဒီခေတ်က အလုပ်ရှားတယ် မဟုတ်လား”

“ဟုတ်တာပေါ့။ အဲဒါ ကျုပ်သမီးတောင် ခင်ဗျားသားနဲ့ အတူတူဘဲ။ သူက စိတ်ပညာအဓိက လေ”

“အော် ဟုတ်လား။ ကောင်းပါတယ်လေ။ အဲဒါ ကျနော် အကိုကြီးကို ပြောမလို့”

“ဘာလဲဗျ”

“ကျနော်တို့ ရုံးက ဟို ယူဒီတယောက် ”

“ဘာသူလဲ”

“လှထွန်းပါ”

“လှထွန်း ဘာဖြစ်လဲ”

“သူ ကောင်စီကို ပြောင်းမယ်”

“ဟုတ်လား”

“ဟုတ်ပါတယ်။ အဲဒီ ”

“ဟာ၊ နေရာကျသဗျို့။ ကျုပ်က သမီးအတွက် လော လောဆယ် အလုပ်မရခင် ကြုံဖန်ပြီး လုပ်အားပေး ထားနေရာ တောင်းမလို့ဟာ”

ကိုလွန်းမောင် ဘာမျှ မပြောနိုင်တော့။

www.burmeseclassic.com

www.burmeseclassic.com



သည်ထတည်းက ရင်ထဲမှာ ဆို့နစ်နစ်ကြီး ဖြစ်လာခဲ့သည်။ နောက်ဆုံး စားသောက်ဆိုင်မှ အထွက်

"ကျုပ်နဲ့ လိုက်ခဲ့လေဗျာ။ ကျုပ်အိမ် ဝင်ချပြီး မောင်တင့် လိုက်ပို့မှာပေါ့" ဆိုသည်ကိုပင်

"နေပါစေ အကိုကြီး။ ကျနော် မြို့ထဲ ဝင်ရအုံး မှာမို့" ရှောင်လာခဲ့ရသည်။

ဘီယာနှစ်လုံး ထွေထွေနှင့် ရင်ထဲမှာ မကျေမနပ်စရာတွေ များလာခဲ့သည်။ သည်အကြောင်းကသာ ခေါင်းထဲမှာ ရစ်ဝဲ ရစ်ဝဲနှင့် ပိုမိုပြီး ရီဝေဝေ ဖြစ်လာနေသလား ထင်ရသည်။

ထို့ကြောင့် ရှာတော့မည့် မိုးကိုပင် သတိမထားမိ။

"ဟင်၊ အကိုကြီးက ဒီရောက်နေတာကို"

သည်တော့မှပင် ထုံမှိုင်းမှိုင်း ဖြစ်နေသော ခန္ဓာကိုယ်ကို ဆွဲခေါ်လိုက်သလို ဖြစ်သွားသည်။ သူ့ဘေးကပ်လျက် ပြုံးစစ မျက်နှာထားနှင့် မိန်းကလေးကို သူ တအံ့တသြ ကြည့်နေမိသည်။

ဘသူပါလိမ့်။ ရုံးကလား၊ အိမ်နားကလား။ ဘီယာနှစ်လုံး ရီဝေနေ၍ သူ့ကို မမှတ်မိတာပင်လား။

"ခု မေသက်တို့ တခါထဲ အိမ်ကိုပြန်မှာ မဟုတ်လား အကိုကြီး"

"အော်၊ အော်၊ အင်း" မိန်းကလေးကို စိုက်ကြည့်ယင်း အယောင်ယောင် အရမ်းရမ်း ပြောလိုက်မိသည်အထိ ထိုမိန်းကလေး မည်သူ ဖြစ်သည်ကိုပင် စဉ်းစား၍ မရသေး။

မိန်းကလေးမှာ အသက် နှစ်ဆယ် ကျော်ရုံဘဲ ရှိဦးမည်။ မျက်နှာ သွယ်သည်။ အသား ဝင်းသည်။ မျက်လုံးက ရွှန်းလဲ့သည်။ သို့သော် ထိုရွှန်းလဲ့သော မျက်လုံးများသည် တစုံတခု ကို စိုးရိမ်ဟန်ပြသည်။ ဖော့်ရွှေ ရင်းနှီးသော အသွင်ကိုလည်း ဆောင်သည်။ အားယူ ဖန်တီးရဟန်ရှိသော အပြုံးထက်တွင် ပါးချိုင့်ကလေးများသည် သာမန်အလှအပများတွင် ထူးခြားသော အသွင် လက္ခဏာကို ဆောင်သည်။

သို့သော် ကိုလွန်းမောင်အဖို့ 'သူ ဘသူပါလိမ့်' ဟူသော ပြဿနာက အဓိက ဖြစ်နေသည်။

"ခုနေရင် မိုးရွာတော့မယ် အကိုကြီး ရဲ့။ မေသက်တို့ ဆိုက်ကားနဲ့ဘဲ သွားစို့လား"

"အော်၊ အင်း"

သူ 'အော်၊ အင်း' နေသော အချိန်မှာပင် အမျိုးသမီး သည် ဆိုက်ကားကို ခေါ်ပြီးသား ဖြစ်နေလေပြီ။

"ကဲ၊ တက်"ဆိုသောအခါ ကိုလွန်းမောင် ဆိုက်ကားပေါ် တက်လိုက်မိသည်။ "တဲ့တဲ့သာ နင်းပါရှင်" ပြီး "အကိုကြီး နဲ့ များလာတယ် ထင်တယ်"

"ဟင်။ မဟုတ်ပါဘူး။ အဲ၊ ဟို ကျနော့် အရာရှိ၊ အဲ လေ ယောင်လို့။ ကျနော့် မိတ်ဆွေ" ကိုလွန်းမောင့်စကား ဆုံးမှ အမျိုးသမီး၏ ခိုးခိုးခစ်ခစ် ရယ်သံကြောင့် ကိုလွန်း မောင်သည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားကာ ဘာဆက်ပြောရ မှန်း မသိ ဖြစ်နေလေသည်။

သည်ကြားကပင် အမျိုးသမီးသည် နောက်ဖက်သို့ အသိ ပေးသော လှည့်ကြည့်မိသည်။

"ဟော၊ မိုးတောင် ရွာလာပြီ။ အကိုကြီးကလဲ ထီးဖွင့်ပါ တော့လား"

www.burmeseclassic.com



သည်တော့ ထီးဖွင့်ဖြစ်သည်။ ကျောချင်း ကပ်သောအခါ နွေးထွေးသော အတွေ့ကြောင့် အာရုံကြောများ လှုပ်ခါသွား သည်ဟု ထင်လိုက်သည်။ ထို့ကြောင့် ကျောချင်း ပိုပြီး ဖိကပ် လိုက်မိသေးသည်။

"တော်ပါပြီ ဆိုက်ကားဆရာ။ အဲဒီနားဘဲ ရပ်လိုက်တာ ပေါ့"

ကိုလွန်းမောင် ဝမ်းနည်းသွားသည်။ နွေးထွေးသော အတွေ ပြယ်လေပြီ။ သည့်အတွက် သူ ပိုက်ဆံထုတ်ပေးဖို့ မေ့လျော့ နေစဉ်မှာပင် အမျိုးသမီးက ပိုက်ဆံထုတ်ပေးသည်။

"လာလေ အကိုကြီး" ဆိုသောအခါ ဆိုက်ကားပေါ်မှ အတူဆင်းသည်။ အမျိုးသမီးက သူ့ လက်မောင်းကို တွဲမိပါ လာသောအခါ သူ ကြည်နူးသည်။ ထို့ကြောင့် အမျိုးသမီး ခေါ်ရာသို့ လိုက်လာခဲ့မိသည်။

သို့ဖြင့် သူတို့သည် တိုက်ခန်းများ လှေကားရင်း အမှောင် ရိပ်သို့ ရောက်လာ၏။

"ဟင်း " အမျိုးသမီးက သက်ပြင်းညင်းညင်းကို မှုတ်ထုတ် သည်။ "ကျေးဇူးဘဲ အကိုကြီးရေ။ မေသက် အကိုကြီးကို အနှောင့်အယှက်ပေးမိသလို ဖြစ်တဲ့အတွက် တောင်းပန်ပါ တယ်"

"အော်၊ ဟုတ်၊ ဟုတ်ကဲ့"

"ကဲ၊ အကိုကြီး သွားချင် သွားတော့လေ"

"ဗျာ"

"အကိုကြီးကလဲ ခုထိ မူးနေတုန်း ထင်တယ်"

"ကျနော် မမူးပါဘူး"



"ခုနက အကိုကြီး မသိလို့။ ဟိုနှစ်ယောက် မေသက်နောက် တ်လိုက်လာလို့"

"ဘယ်မလဲ၊ ဘယ်မလဲ" ယခုမှပင် ကိုလွန်းမောင်သည် သူ့ နောက်ဖက်ကို ပြူးပြူးပျာပျာ ကြည့်မိသည်။

"အခု မဟုတ်ပါဘူး။ စောစော အကိုကြီး ကားမှတ်တိုင် ာ ရပ်နေတုန်းက။ အဲဒါနဲ့ မေသက် အကိုကြီးနား ဇွတ်ကပ် ရောလိုက်ရတာ။ မဟုတ်ရင် ဟိုငနဲနှစ်ကောင်နဲ့ မေသက် ာ ဒုက္ခ"

"အော်"

ကိုလွန်းမောင် ခပ်ရေးရေး သိပါပြီ။

"ကဲ၊ အကိုကြီး သွားချင်လဲ သွားတော့လေ။ မိုးရွာကြီး ရပ်နေရတယ်လို့"

"ဒီက ညီမ တယောက်ထဲ"

"ကိစ္စ မရှိပါဘူး"

"ဘယ် ဟုတ်မလဲ။ ခု ညီမ ဘယ်သွားမှာလဲ။ အကိုကြီး က်ပို့မယ်လေ"

"နေပါစေ၊ အကိုကြီးဖာသာ ပြန်ပါ"

"အော်၊ ဒီလို ဘယ်ဟုတ်ပါ့မလဲ။ မိန်းကလေး တယောက် ၊ မှောင်လဲ နေပြီ။ နောက်ပြီး ညီမမှာ ထီးလဲ မပါဘူး"

"အမယ်လေး။ အကိုကြီးထီးနဲ့ကရော ဒီနှစ်ယောက် လုံမှာ လား"

"ရပါတယ်"

"ရပါတယ်သာ ပြောနေ။ မေသက်ဖြင့် ရွဲရော"

"နာမယ်က မေသက်တဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ။ မသွားသေးရင်လဲ အရိပ်ထဲဝင်ပါလား။ အပြင်မှာ မိုးက ဒီလောက်ရွာနေတာ"

"ရပါတယ်" ပါးစပ်ကသာ ပြောသည်။ ခန္ဓာကိုယ်က အရိပ်ထဲ ဝင်သည်။ ထီးကို ပိတ်သည်။ ပြီး မေသက်နားကို တိုးကပ်သည်။ ရီဝေသော အရှိန်သည် ပျံ့ဆဲ။ "မေသက် ဘယ်အထိ ပြန်ရမှာလဲ"

"ဘာလဲ၊ အကိုကြီးက လိုက်ပို့မယ် ပြောအုံးမလို့လား"

"အိုကွယ်၊ မိန်းကလေးတယောက်ထဲ လိုက်ပို့ရမှာပေါ့"

"မေသက်က ဟို နှစ်ယောက်သာ ကြောက်တာနော်။ အကိုကြီး အယောက်ထဲကိုတော့ မကြောက်ဖူး၊ သိလား"

"အကိုကြီးက ဘာလုပ်မှာ မှတ်လို့"

"ဘာမှ မလုပ်ဖူးသာ ဆိုတယ်။ မေသက်နား ဘာလို့ တိုးလာတာတုံး"

"ကန်တော့နော်၊ ကန်တော့။ မတော်လို့ မတော်လို့"

မေသက် ရီသံကြောင့် ထိတ်ထိတ်ပျာပျာ ဖြစ်ရပြန်သည်။ မေသက်နားက ခွာမိပြန်သည်။ မိုးရေကလည်း ပက်ပါဘိသည်။

"အို၊ မိုးတွေ စိုပြန်အုံးတော့မယ်"

"ကိစ္စမရှိပါဘူး"

"အကိုကြီးက ကိစ္စမရှိဘူး၊ ကိစ္စမရှိဘူးသာ ဆိုတာ။ အမြဲ မျှော်နေမှာကိုတော့ ပူတယ် မဟုတ်လား"

"မဟုတ်ပါဘူး"

"ဘာ မဟုတ်တာလဲ အကိုကြီးရဲ့။ ဒုက္ခပါဘဲ။ မိုးက သဲလာပြီ"



"ဟုတ်တယ်၊ တိတ်မှာ မဟုတ်ဖူး။ မိုးလဲ ချုပ်လာပြီ။ ညီမကို အကိုကြီး လိုက်ပို့မယ်"

"အကိုကြီးကလဲ လိုက်ပို့ဖို့ချည်း ပြောနေတာ။ ဘယ်လိုက်ပို့မှာလဲ"

"ညီမ နေတဲ့ ဆီလေ"

"မေသက် ဘယ်နေတုန်း အကိုကြီးသိလို့လား"

"ဘယ်သိ မလဲ"

"နောက်ပြီး အကိုကြီးထီးက ဒီမိုးနဲ့ မရပါဘူး"

"ရပါတယ်။ လာပါ။ ညီမ ဒီနေရာ ဒီတိုင်းနေခဲ့လို့ အစ်တော်ကြာ ဟိုလူနှစ်ယောက် လိုက်လာမှ"

"ဘာလဲ။ အကိုကြီးက မေသက်အတွက် စိုးရိမ်တတ်တယ် ပေါ့"

"ဟောဗျာ။ မိန်းကလေးတယောက်ကို ဒီအတိုင်း ပစ်သွားလို့ ကောင်းပါ့ မလား"

"ပြောတာဘဲ"

"တကယ်ပါ"

"ကဲ၊ ဒါဖြင့်လာ"

ဘယ်ရယ်လဲ မသိ။ သူသွားလိုရာ ပို့ရမည်ဟူသော အသိပါ ပါ၏။ ထို့ထက်သော်ကား သူနှင့် ပူးကပ်လာရသည်ကို သာယာမိသည်လည်း အမှန်။ မိုးသည်းသည်ကိုပင် ကျေးဇူးတင်မိသည်။ ထီးမလုံတလုံမှာ ပူးကပ်လာမိသည်။ သူက လက်မောင်းကို တွဲမိသည်။ ကြည့်စမ်း၊ ကိုလွန်းမောင်အဖို့ တခါ တဆစ်မျှ မကြုံဖူးသော အတွေ့အထိ။ လက်တဖက်က သူ့ပခုံးကို အလိုလို သိုင်းဖက်မိသည်။ အခြားလက်တဖက်က ထီးကို သူ့

www.burmeseclassic.com



ဖက်မှာ ပိုမိုးပေးမိသည်။ သည်တော့ သူက ကိုလွန်းမောင့် ခါးကို ဖက်သည်။ ကိုယ်ချင်းပူးကပ်သည်။ အမှောင်ရိပ်တွေထဲမှာ ဖြတ်၍ ဖြတ်၍ လာခဲ့သည်။ ဘယ်ကို ရောက်သနည်း မသိ။

မေသက်နှင့် စတွေ့သည်မှာ မိုးကြီးရွာသော ည ဟူ၍သာ ကိုလွန်းမောင် သိထားလိုက်သည်။

သည့်ထက် ပို၍ မေသက် ဘာလဲ ဟူသည်ကိုပင် သူ မသိချင်။ တွေးလည်း မတွေးမိခဲ့။

မည်သို့ဖြစ်စေ၊ ထိုညက မေသက်ရင်ခွင်သည် နွေးထွေးသည်။ ရိဝေယစ်မူးသော အရှိန်နှင့် မိုးတွေ လေတွေကြားမှာ နွေးနွေးထွေးထွေး နေရသည်ကို သူ သာယာမိသည်။

"အကိုကြီး ထတော့လေ" ဆိုခါမှ သူ ဘယ်ကို ရောက် နေသနည်း ပြန်လည် ဆန်းစစ်ရသည်။ မေသက်ကို မြင်ပါမှ သို့ပေမယ့် ရုတ်တရက် အဖြေရှာမရ။

"အကိုကြီး ပြန်မှာ မဟုတ်လား။ ဒါမှ မဟုတ်၊ မနက်မှ ပြန်မလား" ဆိုလာသည်အထိ ကိုလွန်းမောင် နားမလည်သေး။ သူ့အဖြစ်ကိုသာ သူ အံ့ဩ ထိတ်လန့်နေမိသည်။

အတန်ကြာ တွေဝေနေပြီးမှ

"ကျနော် မှားသွားတယ် ထင်တယ်နော်" ဝမ်းပန်းတသ နည်း ပြောမိပြန်သည်။

သို့ပါလျက် ထိုအမျိုးသမီး တခိခိ ရယ်နေနိုင်သည်ကိုကား ကိုလွန်းမောင် ရုတ်တရက် သဘောမပေါက်။

"ခင်ဗျား ဘာဖြစ်လို့ ရီနေတာလဲ"

"အမှန်က အကိုကြီးကိုယ်ကို အကိုကြီး ရီဘို့ ကောင်းတာ"

"ခု ကျနော်၊ အော် ကျနော် သတိရပြီ"



မေသက် အဖို့ကား အမှန် ရယ်စရာပင်။ ထို့ကြောင့်ပင် ကိုလွန်းမောင် ဘေးမှာ ထိုင်ချလိုက်ယင်း

"နေပါအုံး အကိုကြီးရဲ့။ အကိုကြီးသောက်လာတဲ့ အရက် က ဘယ်လောက်များ များလို့လဲ"

ယခု ပြန်တွေးမိပါပြီ။ နန်းယုက ဘီယာနှစ်လုံး၊ ကျော်ဝင်း မောင်၊ အရာရှိ၊ ရုံးကား၊ မှတ်တိုင်က မိန်းကလေး။

"စောစောက အကိုကြီး ဒီလောက် မမူးပါဘူး"

ကိုလွန်းမောင် ဘာမျှ မပြောနိုင်တော့။ ခေါင်းငိုက်စိုက် ချထားရလေပြီ။ သည်ကြားမှ မေသက်ကို ခိုးမကြည့်ဘဲလဲ မနေနိုင်။ ရင်ထဲမှာကလည်း တလှပ်လှပ်နှင့်။

"ခု အမူးပြေပြီ မဟုတ်လား"

"ပြေပါပြီ။ ကျနော် စဉ်းစားနေတာက"

"ဘာလဲ။ အိမ်မပြန်တော့ဘူး ပြောမလို့လား။ ဒါကတော့ အကိုကြီး သဘောဘဲ။ မေသက်တို့ကတော့ ဘသူ့ကိုမှလဲ မနှင် ချင်ဘူး။ ဘသူ့ကိုမှလဲ ဆွဲမထားနိုင်ပါဘူး။ မေသက်တို့ဆီ လာချင်တဲ့လူက လာတယ်။ ပြန်ချင်တဲ့အချိန် ပြန်တယ်။ တခါ တခါ ဘသူမှ မလာရင် မေသက်တို့ကဘဲ သွားခေါ်ရပြန်ရော။ ဒီတော့လဲ တခါတခါ မခေါ်တဲ့ လူက ဇွတ်လိုက်မယ် လုပ် ပြန်ရော။ တကယ်တော့ ဒါတွေက အရေးမကြီးပါဘူး။ မေသက်တို့က အောက်ဆုံးအဆင့် ထားတွက်ရတာဘဲ။ နောက်ဆုံး တန်ရာတန်ကြေး ဆိုပါတော့"

"ခင်ဗျာ" ကိုလွန်းမောင် ရုတ်တရက် သဘောပေါက်သလို ဖြစ်ရလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

မှန်ပါသည်။ ကိုလွန်းမောင် မေသက်နှင့် တွေ့ရသော အဖြစ်ကို မမေ့သလို၊ မေသက်ကိုလည်း ဘယ်သူဘယ်ဝါဟု သိတန်သလောက် သိခဲ့ရပါ၏။ ဒါတွင် မဟုတ်သေး။

"ဒါပေမယ့် အကိုကြီးနဲ့ ပတ်သက်လို့တော့ မေသက် ကျေးဇူးဆပ်တယ်ဘဲ ထားပါလေ။ ဘာဖြစ်လို့လဲဆိုတော့ အကိုကြီး အိတ်ထဲမှာက ပိုက်ဆံဆိုလို့ နှစ်ကျပ်ကျော်ကျော်ကလေး ရှိတော့တာ။ အိမ်ပြန်ဘို့ စရိတ်မှ လောက်ရဲ့လား။ မလောက်ရင်လဲ မေသက် ပေးလိုက်ပါ့မယ်။ ဒါပေမယ့် မေသက်အကိုကြီးကို နှင်တာ မဟုတ်ဖူးနော်။ အကိုကြီး အိမ်က ဆူမှာ စိုးလို့ ပြောနေတာ။ အကိုကြီး မိန်းမ ကို မကြောက် ရဘူး ဆိုရင်တော့ အကိုကြီး မေသက်တို့ဆီမှာ ညအိပ်လို့ ရတယ်။ ဟုတ်ပလား။ ဒီမှာက မေသက်နဲ့ မေသက် ဒေါ်လေးဘဲ ရှိတာ။ ဒေါ်လေးက ကုလားကား သွားကြည့်တယ်။ ဆဲ့နှစ်နာရီ လောက်မှ ပြန်လာမယ်။ ကဲ၊ ဒီတော့ အကိုကြီး သဘော"

မေသက် ရှန်းရှန်းဝေ ပြောနေသလောက် ကိုလွန်းမောင် အရှက်ကြီး ရှက်နေရပြီ ဖြစ်သည်။ လူတကိုယ်လုံးလည်း ထူ နေပေပြီ။ စောစောက နှောင်တကြောင့် ထိတ်လန့်ရသည်။ ယခုမူ ရှေ့ဆက် ဘာလုပ်ရမည် မသိ ဖြစ်ရသည်။

"ကျနော် တောင်းပန်ပါတယ်ဗျာ"

"ဘာတွေ တောင်းပန်နေရတာလဲ"

"ခု ကျနော် ဘာလုပ်ရမလဲ ဟင်"

"အမယ်လေး၊ အကိုကြီးရယ်။ ကျနော်တွေ ဘာတွေ သုံးလို့ သုံးနဲ့။ ဘာလုပ်ရမလဲ ဟုတ်လား။ ကျမက ဘယ်လိုပြောရမှာလဲ။ ခုဘဲ မေသက် ပြောပြီးတယ်" မေသက် ရယ်ပြန်သည်။



ကိုလွန်းမောင့် ရင်ထဲမှာ နှလုံးသားသည် ဆတ်ဆတ်ခါပြီး သည်။

"ကျနော် ဘာမှ မသိလို့ပါဗျာ"

"ကဲပါ၊ အကိုကြီးရယ်။ ခု သိပြီ မဟုတ်လား"

"ဟုတ်၊ ဟုတ်၊ ဟုတ်ကဲ့။ ဒါပေမယ့် "

"ဒါပေမယ့် ဘာဖြစ်ရပြန်တာလဲ"

ကိုလွန်းမောင် မေသက် အခန်းမှ ပြန်လာသည်အထိ မေသက်ရယ်သံက အကြားအာရုံမှာလှိုင်းခတ်ပါလာခဲ့လေသည်။

ထိုအခါ ကျော်ဝင်းမောင့် ပြဿနာ ဘယ်ဆီသို့ရောက်လေ သနည်း၊ မဆိုနိုင်တော့။

—၆—

"ကိုလွန်းမောင်ရယ်"

မေသက်ရယ်သံသည် လွင့်စဉ် သွားလေပြီ။ ကိုလွန်းမောင် သည် တကာယ့် လောကသို့ ပြန်ရောက်လာသည်။ မခင်မြိုင်၏ အသံသည် တုန်ယင်နေသည် ဖြစ်သော်လည်း ကိုလွန်းမောင် သတိမပြုမိ။ သို့သော် သူ့ အပါးသို ရောက်လာသော မခင်မြိုင် ကိုကား သူ တချက် လှည့်ကြည့်မိသည်။

"သမီးလေး ကိစ္စကို ဘာမှ မစဉ်း စား တော့ ဘူး လား ကိုလွန်းမောင်ရယ်"

"ဘာစဉ်းစားစရာလိုလို့လဲကွာ" အသံသည် ခြောက်သွေ့ လှစွာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျမကို စိတ်ဆိုးနေသလားဟင်" မခင်မြိုင်သည် ငိုးငိုမ်ထိတ်လန့်နေဟန်လည်းရှိသည်။

"ခု အချိန်မှာ ငါ ဘာသူ့ကိုမှ စိတ်မဆိုးချင်ဘူး မမြိုင်။ စိတ်ဆိုးခြင်း ဆိုးရင် ငါ့ကိုယ် ငါဘဲ ဆိုးမိလိမ့်မယ်"

"ကျမတို့ သမီးကလေး ဒီလိုနဲ့ဘဲ လူညွန့်တုံးရမှာလား ကိုလွန်းမောင်"

သည်တခါတော့ ကိုလွန်းမောင် ဘာမျှ မတုံ့ပြန်နိုင်တော့။ မခင်မြိုင်သည် ကိုလွန်းမောင်ဆီက စကားပြန်ကို အတန်ကြာ စောင့်ပြန်သည်။ ကိုလွန်းမောင်၏ အတွေးများသည် ဟိုသည် လွင့်ပြန့်နေသည်။ သမီးဆီသို့လည်း ရောက်သွား၏။ မေသက် ဆီကလည်း အပြီးပိုင် ရုန်းထွက်၍ မရ။

မှန်သည်။ စ စ ကတည်းက မေသက်နှင့် ကိစ္စ အပြီးအပြတ် ဆိုလျှင် မေသက်သည် သူ့ဘဝတွင်းသို့ ဝင်မလာနိုင်ဟု တခါ တခါ တွေးခဲ့ဖူးသေးသည်။ တခါ တခါတော့လည်း မိမိ ကိုယ်တိုင်က မေသက်ဘဝထဲကို ဝင်သွားနေသလားဟုလည်း တွေးသည်။ပြီးတော့လည်း အားလုံးဖြစ်နိုင်သည်ဟု တွေးဖူး၏။ အဆုံးတွင်ကား ဒါတွေ တွေးနေစရာ မလိုတော့ဟုလည်း သူ့ ဖာသာ အဆုံးအဖြတ် ပေးပြန်သည်။

စင်စစ် မေသက်နှင့် ပထမ အကြိမ် တွေ့ခဲ့ရခြင်းသည် အိပ်မက်တခု၊ သာမန်အိပ်မက်မျိုးမဟုတ်၊ သာယာညွှတ်နူးဖွယ် သော အိပ်မက် သို့မဟုတ် စိတ်နှလုံးချောက်ချားတုန်လှုပ်ဖွယ် သော အိပ်မက်ဟုလည်း သူထင်ခဲ့ဖူးသည်။ မေသက်ဆီမှ ပြန် လာသောအခါ သူ့စိတ်သည် မလုံလဲ။ သူ့ကိုယ် သူ ထိတ်လန့် သည်။ တခါတခါ စက်ဆုပ်သည်။ အိမ်ရောက်သောအခါ



ဘာသူ့ကိုမျှ ရဲရဲ ရင်မဆိုင်မိ။ ဘယ်သူ့မျက်နှာကိုမျှ မကြည့်ရဲ။ ညက အလုပ်ခွင်မှာ အချိန်ကုန်ခဲ့သည်ဟု ပြောကာ အိပ်ရာသို့ ဝင်သည်။ ရုံးသို့ နောက်ကျပြီး သွားသည်။ အိပ်ရာမှ နိုးသော အခါ မေသက်ကပင် ချောက်လှန့်သည်။ သည်လိုလည်း မဆို သင့်သေး။ မေသက်ကို သတိရသည်။ ထိတ်လန့်သည်။ သံဝေဂ ရသလိုလည်း ခံစားသည်။ မေသက် ဘယ်လို မိန်းမစားဖြစ် သည်ကို သူ သိသည်ဟု ထင်သည်။ ဘာပြောပြော ညက အဖြစ်ကို ပြန်သတိရသောအခါ ကျေးမြို့မကောင်းသူလို ဖြစ်ရ ပြန်သည်။ အမှန်ပင် မေသက်ကို အခကြေးငွေ ပေးရမည်ဟု သတိရသည်။ ထို့ကြောင့် ပိုက်ဆံအပို ထည့်လာသည်။ ရုံးက ပြန်လျှင် မေသက်ဆီ ဝင်မည်။ ညက အတွက် အခကြေးငွေ ပေးမည်။ ဒါဘဲ။ သည်မျှသာ အတွေးရှိသည်။

သို့ပါလျက် ရုံး နေ့ခင်းပိုင်းမှာပင် မေသက်ဆီသို့ လာ သည်။ညကအတွက် အခကြေးငွေပေးရန် ဖြစ်သည်။မေသက်နှင့် တကယ်ရင်ဆိုင်သောအခါ သူ ဘာမျှ မပြောနိုင် ဖြစ်ရသည်။ မေသက်က သူ့ကို မအူ မလည် ကလေးငယ် တယောက်လို ဆက်ဆံနေသည်ဟု ထင်သည်။ ပထမတွင် အောင့်သက်သည်။ ပြီးမှပင် အမှန်တကယ် သူသည် သနားစရာ့ သတ္တဝါကလေး တယောက်ဟု သူ့ဖာသာ ထင်ခဲ့သည်။

ဟုတ်သည်။ သူ့ဘဝမှာ သူ့ကို မည်သူကမျှ မသနားခဲ့။ သူကသာ သနားခဲ့ရသည်၊ သူကသာ ငဲ့ညှာခဲ့ရသည်၊ သူကသာ သူများအတွက် စွန့်လွှတ်ခဲ့ရသည်ဟုလည်း ထင်လာသည်။

ကြည့်စမ်း၊ ထိုစဉ်က သူ ပိုက်ဆံပေးသည်ကို မယူခဲ့။ မယူရုံ မျှလျှင် ကိစ္စမရှိ။

www.burmeseclassic.com

www.burmeseclassic.com



"အော်၊ ကိုကို သနားစရာကြီးရယ်။ မေသက် အကိုကြီးဆီက ပိုက်ဆံလိုချင်ရင် ညကတည်းက တောင်းမှာပေါ့။ ပိုက်ဆံမပါမှန်း သိသားဘဲ၊ ကြေးစာရင်း မှတ်မှာပေါ့။ တခုတော့ အကိုကြီး နားလည်အောင် ပြောရအုံးမယ်။ မေသက်တို့က ငွေရှာတဲ့လူပါ။ ဒါပေမယ့် တခါတခါ ငွေမလိုချင်ဘူး အကိုကြီးရဲ့။ ယုံရဲ့လား"

ယုံခဲ့ပါ၏။ သို့ပေမယ့် နားမလည်ခဲ့။

"တခုတော့ ရှိတယ်ပေါ့ အကိုကြီးရယ်။ အခု အကိုကြီး ပိုက်ဆံကို မယူ မနေရ ယူရမယ် ဆိုရင်တော့ ယူထားလိုက်မယ်။ အဲဒါ မေသက်ဆီမှာ အကိုကြီး ကြွေးရှိတယ်လို့ မှတ်ထားပေါ့။ ဟုတ်လား။ အကိုကြီး အဲဒီကြွေး ပြန်လိုချင်တဲ့ အချိန် လာခဲ့ပေါ့"

သည်စကားကိုတော့ နားလည်သလို ရှိခဲ့သည်။ ထို့ကြောင့်ဟု ဆိုရမည်လား မသိ။ မေသက်ကို ငွေငါးဆယ် ပေးခဲ့သည်။ သည့်နောက်တော့ သူကဘဲ မေသက်ဆီက ရစရာရှိသလို၊ မေသက်ကိုဘဲ သူက ပေးစရာ ရှိသေးသလိုလို ထင်နေပြန်သည်။ သို့ဖြင့် မေသက်ဆီသို့ သူ ရောက်ပြန်သည်။

ပင်လယ်ရေဟု မဆိုချင်ပါ။ ငန်သော အရသာဟုလည်း မယူဆပါ။ သို့သော် သောက်၍ကား မပြေ။

သို့ဖြင့် မေသက်၌ ကိုလွန်းမောင် ငြိတွယ်ခဲ့ရလေပြီ။

"ပြောစမ်းပါ ကိုလွန်းမောင်ရယ်"

ရုတ်တရက် ငိုက်မျည်းသွားဟန် တူသည်။ ယခုတခါ ဖြုန်းကနဲ နိုးရပြန်ပြီ။

"ငါ ဘာပြောရမလဲ မမြိုင်"



"သမီးကလေး ကိစ္စ"

"အဲဒါ ငါ ဘာလုပ်ရမလဲ"

"သမီးကလေးကို ရှာဖို့ ကိစ္စ"

"ခက်တယ် မမြိုင်။ ဒီကိစ္စဟာ ခက်တယ်။ ခုဟာ သူ ချစ်သူနောက် လိုက်သွားတယ်လို့ အတိအလင်း စာရေးထားတယ်။ လိုက်မရှာဘို့လဲ ပြောတယ်။ ဘာဖြစ်ဖြစ် ဒို့ရှာမတွေ့တဲ့ နေရာမှာ သူ ပုန်းနေမှာဘဲ။ ကဲ၊ ရှာလို့ တွေ့ပါပြီတဲ့။ သူ့ချစ်သူနဲ့ သူ ခွဲနိုင်ပါဘူး ဆိုရင် ဒို့က ဘာတတ်နိုင်မှာလဲ" ကိုလွန်းမောင့် နှုတ်ဖျားက စကားလုံးများသည် အစီအစဉ်မရှိ ဖရိုဖရဲ ထွက်သွားနေသည်ဟု သူ့ဖာသာ အထင်ရောက်ပြန်သည်။

မခင်မြိုင်သည် သူ့လင်သား၏ မျက်နှာရိပ် မျက်နှာကဲကို ငုမ်းကြည့်ပြန်သည်။ အမှောင်တွင်း၌ သူ့လင်သား၏ မျက်နှာထားကို မမြင်နိုင်။

"ကျမတို့ ဒီအတိုင်းဘဲ နေနေရမှာလား ကိုလွန်းမောင်"

"ဒို့ဟာ စစကတဲက ဒီတိုင်းဘဲ နေလာခဲ့ကြရတာ မဟုတ်လား မမြိုင်ရာ" လွှတ်ကနဲ ထွက်သွားသော သူ့စကားကို သူ ပြန်ပြီး ကြားလိုက်သလို ဖြစ်သွားသည်။ ပြီး ထိုစကားလုံးများသည် နားဝ မှာပင် ပဲ့တင် ရိုက်နေသည် ထင်၏။ ထိုအခါ ထိတ်ထိတ် လန့်လန့် ဖြစ်သွားသည်။ အတွေးသည် ထွေ့စဉ်သွားပြန်သည်။

သူ့ဘဝသည် သူဖန်တီးချင်သလို မဖန်တီးနိုင်ဘဲ ဖြစ်သမျှ အကြောင်းတွေနှင့်သာ ရင်ဆိုင်ခဲ့ရသည်ဟု သူ ထင်ခဲ့သည်မှာ ကြာပေပြီ။ ထို အထင်အမြင်သည် မေသက်နှင့် တွေ့သောအခါ ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာပြောပြော သည်မိ သည်သား သိုက်သိုက် ဝန်းဝန်း သည် ပျော်စရာ ဖြစ်ဖို့ကောင်းသည်။ ယခုကား အားလုံးသော ပြဿနာတွေမှာ စိတ် ညစ်ညူးဖွယ်ရာချည်း ဟု ထင်ထင်လာ သည်။ ငွေရေးကြေးရေး ကိစ္စ၊ သားရေးသမီးရေးကိစ္စ၊ ပြ မယား ကိစ္စ၊ ယောက္ခမကိစ္စ၊ မိဖကိစ္စ။ ဒါတွေက အိမ်မှာ ရုံးကျတော့လည်း ပြဿနာစုံ။ ဘာကိုမျှ ပြီးပြီးပြတ်ပြတ် မ ရှင်းနိုင်ခဲ့။ ရုံးမှာလည်း ပြဿနာစုံနှင့် အိမ်ရောက်တော့လည်း ပြဿနာစုံနှင့်။

ရက်ကန်းစင်က လွန်းသည် တဖက်သို့ ပြေးခဲ့ရပါ၏။ ထိုအခါ လွတ်မြောက်တော့မည် ထင်၏။ ညာလက်သည် ဗယ်ဖက် တွန်းထိုး လွှတ်လိုက်ပြန်လည်း။ ဗယ်သို့ ရောက်လျှင် လွတ် ထင်ရ၏။ မလွတ်သေး၊ ဗယ်လက်က အသင့်စောင့်ပြီး ညာဖ သို့ တွန်းလွှတ်ပြန်ချေသည်။ လွန်းသည် ဟိုသို့ ပြေးချေ သည် သို့ ပြေးလာချေ။

သူ့ဘဝလည်း ဤသို့ပင်ဟု သူထင်ခဲ့သည်မှာ ကြာပြီ။

သည်အခြေအနေတွင် သူ မေသက်ထံသို့ ရောက်ခဲ့ခြ ဖြစ်သည်။ မေသက်သည် ချည်မျှင်တန်း မဟုတ်။ ရက် ကန်း လွန်းနှယ် ရက်ရှယ်စရာ အကြောင်း မရှိ။ ထို့ထက်သော်ကာ မေသက်သည် နားခိုရာ။ သူ့ကိုကြင်နာသူသည် မေသက် သူ့ကို နားလည်သူသည် မေသက်။ သူ့ကို ကရုဏာထားသူသည် မေသက်။ သူ့အပေါ် စာနာသူသည် မေသက်။ ဤသို့ ယူဆလာသည်။

သည်တော့ သူမေသက်ရင်ခွင်မှာသာ အမြဲ ခိုဝင်နေသင့် သည်ဟု သူထင်ခဲ့သည်မှာ ကြာပေပြီ။ သည်အခါ မယာ



မျက်နှာကို မြင်ယောင်လာတတ်ပြန်သည်။ သားမျက်နှာကို မြင်ယောင်လာသည်။ သမီးမျက်နှာကို မြင်ယောင်လာသည်။ အဖေနှင့် ယောက္ခမကိုလည်း ထောက်ထားစရာဟု မြင်လာ သည်။

ဒါကိုက ရက်ကန်းစင်က လွန်းလို အဖြစ်မျိုး ဟုလည်း တခါတခါ အတွေးပေါက်ပြန်သည်။

သည်လိုနှင့် သူ့ဘဝသည် ဖြစ်သမျှ အကြောင်းမှာချည်း နေလာခဲ့ရသည်ဟု အထင်ရောက်ပြန်ကာ တခါတခါ ကိုယ့် အခြေအနေကို ကိုယ်တိုင်ဖန်တီးချင်စိတ် ပေါ်လာသည်။

"အေးလေ။ တကယ်တော့ သူ့ဘဝကို သူ ကောင်းမယ် ထင်လို့ ဖန်တီးလိုက်တာဘဲ မမြိုင်ရာ"

"သမီး ငယ်ပါသေးတယ် ကိုလွန်းမောင်"

"ဒီအရွယ်ကို ငယ်တယ်လို့ မပြောနိုင်ဘူး မမြိုင်။ ခုဆို သမီး ဆဲ့ရှစ်နှစ် ကျော်လာပြီ မဟုတ်လား။ ဒီအရွယ်မှာ သူ့ ဘဝကို သူ ဖန်တီးတာကို ဒို့ဘယ်လို စွက်ဖက်နိုင်ပါ့မလဲ"

"သမီး ပညာသင်တုန်းပါ"

"သူ့အနေနဲ့က အိမ်ထောင်ပြုသင့်ပြီလို့ ထင်ချင် ထင်နေ မမြိုင်"

"သူ ဘယ်လိုလူနဲ့ လိုက်သွားတယ်ဆိုတာကအစ ကျမတို့သိ သေးတာ မဟုတ်ဖူး"

"သိရတော့ကော ဒို့ဘာတတ်နိုင်မှာလဲ မမြိုင်ရာ"

"ရှင်ပြောနေတာတွေ မဟုတ်သေးဘူး ထင်တယ် ကိုလွန်း မောင်" ငိုသံအက်အက် ပါလာလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ မမြိုင်။ မင်း သွားအိပ်ပါ။ ငါ ယာ စကတဲက ဘာမှ တတ်နိုင်ခဲ့တာ မဟုတ်ဖူး။ ခုဆို ငါ ပိုပြ တောင် မတတ်နိုင်တဲ့ အခြေအနေရောက်နေရတယ်ဆိုတာ မင် အသိဆုံးပါ။ ကဲ၊ သွား၊ သွား။ မင်းအိပ်တော့" စင် သူ့မှာ ပြောစရာ စကား မဆုံးသေးပါ။ 'တကယ်ကတော မမြိုင်ရာ။ မင်းရော ငါရောဟာ ဒီ့ကိစ္စတွေမှာတောင် ဒီ ဘာ မတတ်နိုင်ခဲ့တဲ ဒီသား ဒီသမီးတွေကိစ္စကျတော့မှ ဘာ မျ တတ်နိုင်အုံးမှာလဲ' ဟု ပြောလိုက်ချင်သေးသည်။ သူ မပြေ တော့။

မခင်မြိုင်ဆီမှ ရှိုက်သံ ထွက်လာပေပြီ။ မခင်မြိုင် ရှိုက်သံ သူ့ရင်ထဲသို့ စူးကနဲ စူးကနဲ ထိုးဝင်နေသည်ဟု ထင်မြန်သည် သည်တော့ နေရာမှ ထပြီး ထွက်ပြေးသွားချင်သည်။ စော ကလို မေသက် ရင်ခွင်မှာဆိုလျှင် မေသက်၏ ရယ်သံသော မှာ အရာရာကို မေ့စွမ်းသည် မဟုတ်လား။

"ကဲပါ၊ မမြိုင်ရယ်။ ကိုယ့်ကို ထပ်ပြီး ဒုက္ခပေးမနေပါ တော့။ မင်း သွားအိပ်ပါ။ ကိုယ်တို့ ဘာလုပ်ရမယ်ဆို ဆက်စဉ်းစားကြသေးတာပေါ့" အတန်ကြာ နှုတ်ဆိတ်နေပြီ ထိုစကားကို ပြောသည်။

မခင်မြိုင်သည် လင်သားဖြစ်သူလည်း အမှန်တကယ် စိ ထိခိုက်နေပြီဟု သဘောပေါက်သွားပုံ ရလေသည်။

လင်သားဖြစ်သူသည် ယခုအလော စိတ်ညစ်စရာ ကြ တိုင်း အိမ်ပေါ်မှ ဆင်းဆင်းသွားတတ်သည်ကို မခင်မြိုင် နေရပြီ ဖြစ်သည်။ ထို့ကြောင့် လင်သားဖြစ်သူအား ယ



ကပ်ပို၍ စိတ်ဒုက္ခမပေးသင့်ဟု ယူဆလာသည်။ ထို့ကြောင့် နေရာမှ ထကာ အိပ်ခန်းသို့ ဝင်ခဲ့ပြန်သည်။

ကိုလွန်းမောင်၏ စိတ်သည် ဖရိုဖရဲ လွင့်ပြန့်နေဆဲ ဖြစ် သည်။ တခါတရံ အတွေးသည် သမီးဆီသို့ ရောက်သည်ကား ခဏပါ၏။ သို့ပေမယ့် သူ အိမ်သို့ တူရူ ပြန်လာကတည်းက အတွေးမှာ မေသက် ပါလာခဲ့သည်။ သူ့အတွေးမှာ မေသက်ကို နှုန်မထားခဲ့နိုင်။

လွန်ခဲ့သော နှစ်လသုံးလလောက်ကပင် သူ မေသက်ကို ပြောခဲ့သည်။

"မေသက် ဒီအလုပ်ကို မလုပ်ပါနဲ့တော့လားကွယ်"

သည်တော့ မေသက်က ရယ်သည်။

"တကယ်ပြောနေတာ မေသက်ရယ်"

"ဟင်း၊ ဟင်း။ အကိုကြီးဟာလေ။ မေသက် ထင်တာ နှော်။ မေသက်ထက် အသက်နှစ်ဆလောက်ရှိမယ်"

"ဘာဆိုင်လို့လဲကွယ်" ကိုလွန်းမောင် ရှက်ပြန်သည်။

"မေသက်က အကိုကြီးကို မေသက်ရဲ့ အဖေအရွယ်လို့မှ ပြောသေးဘဲ"

"ကြည့်စမ်း။ မင်းလေး ဘာဖြစ်လို့ ဒီလို ပြောချင်ရတာလဲ"

"မပြောသေးပါဘူးလို့ ဆိုနေမင့်ဟာ"

"ကဲပါ မေသက်ရယ်။ အရွတ်အနောက်တွေ မပြောပါနဲ့"

"အကိုကြီး ပျော်စေချင်လို့ပါ"

"တကယ်လား"

"နှစ်ကယ်ပေါ့"

"ကဲ၊ ဒါဖြင့် အကိုကြီးပြောတာ နားထောင်"

www.burmeseclassic.com

www.burmeseclassic.com



"နွားကအမြဲထောင်နေတာ အကိုကြီးရဲ့"

"မအောက်နဲ့ကွယ်"

"ကြည်သားဟာ"

"သူနော် ပြောလေ ကဲလေ။ ကောင်းကောင်းနားထော
စမ်းပါကွယ်"

"ဘာလဲ၊ မေသက် ဒီအလုပ် မလုပ်နဲ့ ပြောအုံးမှာ မဟု
လား။ နောက်ပြီးတော့ အကိုကြီး ဆက်ပြောမှာတွေ မေသ
အကုန်သိတယ်"

"ကဲ၊ ဒါဖြင့် ပြော"

"မေသက်ရယ်၊ မင်း ဒီအလုပ်နဲ့ အသက်မမွေးပါနဲ့
ဟုတ်ဖူးလား။ ဒါ အကိုကြီး ပြောတတ်တဲ့စကား"

"အင်း "

"အဲဒီတော့၊ မေသက်က ပြောရော။ ဖြင်မလား အကိုကြ
ရယ်။ မေသက်တို့ ဘဝက ဒီလိုဘဲ ဖန်တီးလာတာ ခုလို
အသက်မွေးရမှာပေါ့လို့"

"ဒါပေမယ့် "

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ အကိုကြီးဘာပြောမယ်
တာ မေသက်သိပြီးသားဘဲဟာ။ အဲဒီလိုမေသက်ကပြောတော
အို ကွယ်။ ဘာဖြစ်လို့ဒီလို အသက်မွေးရမှာလဲ။ ခု မေသ
အကိုကြီးနဲ့ တွေ့ရပြီဘဲ။ မေသက်ဘဝကို အကိုကြီး ကယ်တ
မယ်၊ ဘာမယ် ညာမယ်။ အကိုကြီး အဲဒါပြောမှာဘဲ မဟု
လား"

"ဘာလဲ၊ မေသက် မယုံဘူးပေါ့"



"ဘဲ့နဲ့ မယုံရမှာလဲ အကိုကြီးရယ်။ မေသက်ကလေ
သူပြောပြော ယုံတာဘဲ"

"ဘသူပြောပြောနဲ့ အကိုကြီးပြောတာနဲ့ တူသလား"

"မထူးလှပါဘူး အကိုကြီးရယ်။ ဒါပေမယ့် တကယ့်တကယ်
ကျတော့ ဒီလူတွေက မေသက်ကို ကယ်တင်မယ်၊ မေသက်
ဘဝကို ဖန်တီးပေးမယ်လို့သာ ပြောနေတာနော်။ တကယ့်
တကယ်ကျတော့ အဲဒီလူတွေ ကိုယ်တိုင် ကိုယ့်ဘဝကို ကိုယ်
ဖန်တီးနိုင်၊ မကယ်တင်နိုင်ကြပါဘူး အကိုကြီးရာ"

သည်တော့လည်း ရှုတ်တရက် တွေတွေငိုင်ငိုင် ဖြစ်ပြန်သေး
သည်။

အမှန်ပင် သည်တုန်းကလည်း မိမိဘဝကို မိမိ မဖန်တီးနိုင်
သော အဖြစ်၊ မိမိကိုယ်ကို မိမိ မကယ်နိုင်သော အဖြစ်ကို ထိတ်
လန့် တုန်လှုပ်ခြင်း ဖြစ်ရပြန်သေးသည်။

သို့ဖြင့် မိမိဘဝ ကယ်တင်ရေး၊ မိမိဘဝ မိမိ ဖန်တီးရေးကို
ကြိုးစားသင့်ပြီဟုလည်း အတွေးပေါက်ခဲ့၏။ မှန်သည်၊ ယခု
အခြေအနေမှာ မိမိကိုယ်ကို ကယ်တင်ရေး၊ မိမိဘဝကို မိမိ ဖန်
တီးရေး၊ ထို့ထက်သော်ကား မေသက်ဘဝ ကယ်တင်ရေးကို
ပါ ကြိုးစားရမည်ဟု ယူဆလာသည်။

ထို့ကြောင့် လွန်ခဲ့သော ထိုကာလပိုင်းမှစ၍ မေသက်အ
ပေါ်ဆိုကာ ကိုလွန်းမောင်သည် လစဉ် တရာမျိုး၊ နှစ်ရာမျိုး
ထောက်ပံ့ခဲ့သည်။ မေသက် ရုတ်တရက် လက်မခံခဲ့။ ငြင်းပေး
သည်။

သည့်နောက် လွန်ခဲ့သော ရက်ပိုင်းကမူ သူ့မှာ စိတ်ကူး
အမ်းစ ပေါ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း၊ ယခု ထိုစိတ်ကူးသည် ပြန်လည် ထင်ဟပ်လာ ပြန်ချေသည်။

ဘာပြောပြော သမီးငယ်သည် စွန့်ဝံ့သူဖြစ်သည်ဟု ထင်လာ ပြန်သည်။ သမီးငယ်ကို ချီးကျူးချင်စိတ် ပေါ်လာသည်။ မိသားစု၏ ဒုက္ခဘေးမှ လွတ်မြောက်လမ်း ဦးစွာ တွေ့သူ သမီးငယ်ဖြစ်သည်ဟူသော အယူအဆ ဝင်လာပြန်သည်။

မိမိသည် အဘယ်ကြောင့် ဤသမီးငယ်၏ စွန့်စားမှုမျိုး မပြုဝံ့ရသနည်း။

မေသက်ရင်ခွင်မှာ မိမိ ပျော်နိုင်သည်။ သည့်အတူ မေသ ကို မိမိ ကယ်တင်ရမည်။

ထိုအခါ မမြိုင့်မျက်နှာကို မြင်ယောင်လာပြန်သည်။ မမြိုင် ရှိုးသားသော၊ မသိနားမလည်သော မျက်နှာသည် ညိုးငယ် လှစွာ၏။

ထိုမျက်နှာကိုသာမက ကျော်ဝင်းမောင်ကို ထားဦး၊ အဖေ ကိုလည်း မေ့ချန်ထားပါဦး၊ အတွတ်ကလေး မျက်နှာက ရှိသေး၏။ ဟိုရက်ပိုင်းကဆို သမီးငယ်၏ မျက်နှာပေါ် ပေါ်သည် ယခု သမီးကို ထည့်မစဉ်းစား ဆိုလျှင် ဖြစ်နိုင်သည်။ သူ တော့ မမြိုင်နှင့် အတွတ်ကလေးတို့ မျက်ရည်ကျရမည့် အဖြစ် သူ မရှုစိမ့်နိုင်ပြန်။

မမြိုင်၏ မျက်နှာ ညိုးငယ်ငယ်နေရာတွင် မေသက်၏ မျက်နှာ ညိုးငယ်ငယ် ထင်လာပြန်ချေသည်။

ထိုအဖြစ်ကား လွန်ခဲ့သော ရက်များအတွင်း သူ့ကို ဝင် လာသော အဖြစ်အပျက်များတည်း။



ကိုလွန်းမောင်သည် လွန်ခဲ့သော အနှစ်နှစ်ဆယ်ပဏ်ဝန်း ကျင်က ကြည့်ခဲ့ဖူးသော ရုပ်ရှင်ကားတခုကို သတိရလာသည်။ ဒေါက်တာ အောင်ကျော်ဦး။ ထိုဇာတ်ကား၌ ဆရာဝန်ကြီး ဒေါက်တာအောင်ကျော်ဦး အဖြစ် မောင်မောင်တာက သရုပ် ဆောင်သည်။ မောင်မောင်တာ၏ ဇနီးအဖြစ် မေသစ်က သရုပ် ဆောင်သည်။ သားငယ်တယောက်လည်း ပါ၏။ မှုန်ဝါးဝါး နိုင်လှသည်။ သားငယ်တယောက်၊ သမီးငယ်တယောက်လား မသဲကွဲတော့။ မည်သို့ ဖြစ်စေ၊ သူတို့ အိမ်ထောင်စုသည် ချမ်း မြေ့ သာယာသော အိမ်ထောင်စုကလေးဟူ၍ကား ကိုလွန်း မောင် အမှတ်ရမိသည်။

ထို အခြေ အနေ မျိုးတွင် ဒေါက်တာ အောင်ကျော်ဦး၏ ဆေးခန်းသို့ မေရီမြင့် ရောက်လာခဲ့ခြင်း ဖြစ်သည်။ ထိုဇာတ် လမ်း၌ မေရီမြင့်သည် ကခြေသည်မကလေးလား၊ မိန်းမပေါ့ ကလေးလားဟူသော အဖြစ်ကိုလည်း ကိုလွန်းမောင် ကောင်းစွာ မမှတ်မိ။

သို့သော် တခုကိုကား သူ ကောင်းကောင်း မှတ်မိသည်။ ဒေါက်တာအောင်ကျော်ဦး အဖြစ် သရုပ်ဆောင်သော မောင် မောင်တာက မေရီမြင့်ကို စွဲလမ်းရာမှ မယားကြီးနှင့် သားသမီး တို့ကို စွန့်ခွာရန် ကြံစည်ပုံ၊ မိမိကို အများက သေဆုံးပြီဟု အထင်ရောက်အောင် ဖန်တီးလိုက်ပုံ၊ သို့ဖြင့် အများက ဒေါက် တာ အောင်ကျော်ဦး သေပြီဟု အထင်ရောက်ကြသောအခါ တွင် ဒေါက်တာအောင်ကျော်ဦးသည် မေရီမြင့်နှင့် ပေါင်း သင်းခဲ့ပုံ။ ဤ အဖြစ်တို့က သူ့ကို ချောက်လှန့် လာခဲ့သည်မှာ ကြာပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် သူ ဒေါက်တာအောင်ကျော်ဦး လမ်းစဉ်ကို လိုက်၍လျှင် ကောင်းလေမည်လားဟု စိတ်ကူးပေါက်သည်။ သူ့ကိုယ်ကို သူ သေလူ လုပ်ပစ် လိုက်မည်။ သူ့ ပတ်ဝန်းကျင်က၊ သူ့မယားက၊ သူ့သမီးနှင့် သားတွေက သူ့ကို သေပြီဟု ယူဆရမည်။ ထိုအချိန်၌ သူသည် မေသက်နှင့် အတူ ကမ္ဘာသစ်တခုမှာ နေနေလိုက်မည် စသည်ဖြင့် စိတ်ကူးပေါက်ခဲ့သည်။

ယခု ထိုစိတ်ကူးသည် ပြန်၍ပေါ်လာပြန်ပေပြီ။

ဖြစ်နိုင်ပါမည်လား၊ တွေးပြန်သည်။

သည်လိုဆို သည်အကြံအစည်ကို မေသက်အား ပြော၍လျှင် ကောင်းမည်လား ဆန်းစစ်ပြန်သည်။ မေသက်လက်ခံပါမည်လား အမေး ပေါ်ပြန်သည်။

မေသက်က လက်ခံပြီဘဲထားပါ။ ပထမဦးဆုံး မိမိသေဆုံးပြီဖြစ်ကြောင်း မည်သို့ အထောက်အထား ဖြစ်စေရမည်နည်း။ ရုပ်ရှင်ပိတ်ကားတို့ ဝတ္ထု စာမျက်နှာတို့မှာ ဆိုလျှင်ကား မထောင်းတာ။ လက်တွေ့မှာကား မလွယ်။

အတွေးဝင်္ကပါမှာ ရစ်ဝဲနေပြန်လေပြီ။ ကိုလွန်းမောင် မောလာသည်။ အတွေးဝင်္ကပါမှ ရုန်းမထွက်နိုင်သေးမီမှာပင် ဆေးလိပ်တိုကို ကောက်ကိုင်မိပြန်သည်။

မျက်နှာသည် အိမ်ခန်းဖက်သို့ ရောက်ပြန်၏။ အခန်းတခုလုံးကို အမှောင်က လွှမ်းထားသည်။ တဖက် အဖေနှင့်သား၏ အိပ်ခန်းဆီမှ အဖေ့ ဟောက်သံ သဲ့သဲ့ကို ကြားမိနေပြန်သည်။ သား ကျော်ဝင်းမောင်သည် အတွေးထဲသို့ ဖြတ်ဝင်လာပြန်သည်။ သမီး မရှိတော့သော အခန်းဆီသို့ အာရုံရောက်ပြန်သည်။ ပြီး မိမိတို့ အိပ်ခန်းသို့ ရောက်ပြန်သည်။ အရာရာသည်



အမှောင်ထဲတွင် မှုန်းနစ်နေဟန် ရှိသည်။ ဟောက်သံ သဲ့သဲ့များကို ညည်းညူသံတွေဟု ထင်လာသည်။

အမှန်တကယ် အရာရာ တိတ်ဆိတ်နေသည်ဖြစ်လျက် ဤအိမ်ခန်းတခုလုံးမှာ ညည်းညူသံတွေ ပိုမိုပြီး လွှမ်းမိုးလာသည်ဟု ထင်လာပြန်သည်။ သမီးငယ်သည် ဤညည်းညူသံများကြားမှ ထွက်ပြေး လွတ်မြောက်သွားခြင်း ဖြစ်သည်ဟုလည်း ယူဆပြန်သည်။

မိမိကိုယ်တိုင် အမှောင်ကို ကြောက်လာသည်။ ညည်းညူသံတွေကို ထိတ်လန့်လာသည်။

ယခုပင် မေသက်ဆီသို့ ပြန်ပြေးချင်သည်။ မေသက် ရယ်မောသံ ခိုးခိုးခစ်ခစ်မှာ အားလုံးကို မေ့ပြစ်လိုက်ချင်သည်။

အမှန်ပင် မေသက် ရင်ခွင်သည် သာယာသည်။ ကြည်နူးသည်။

ထိုနေရာ၌ အမိန့်သည် မရှိ။ ညွှန်ကြားလွှာသည် မရှိ။ ဝေဖန်ချက်များ၊ ထင်မြင်ချက်များလည်း မရှိ။ မကျေနပ်မှုများ၊ အပြစ်တင်သံများကိုလည်း မကြားရ။ ပြီး မေသက်၏ ရင်ခွင်၌ ပိုက်ဆံအိတ်ကို လက်ဖြင့် စမ်းကြည့်စရာ မလို။ အဖွားကြီး၏ ဈေးပြန် ညည်းသံကိုလည်း မကြားရ။ ထိုနေရာ၌ ဒန်စလို ပြဿနာလည်း မရှိ။ ကျော်ဝင်းမောင် အတွက် အလုပ်ရှာပေးရာလည်း မလို။ သမီး လင်နောက် လိုက်သွားသည့် ကိစ္စကိုလည်း မစဉ်းစားရ။

သည့်အတူ ထိုရင်ခွင်မှာပင် နေလိုက်မည်ဟု ကိုလွန်းမောင် ဆုံးဖြတ်ချက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် ဒေါက်တာ အောင်ကျော်ဦး လို မိမိ ဘဝကို ဖျောက်ပစ်၍ကား မရနိုင်ဟူသော အသိက ဝင်လာပြန်သည်။

ကိစ္စမရှိပါ။ ယခုအခြေအနေ၌ ဘာမျှ လှည့်ဖြား နေစရာမလို။

ယခု မိမိကြုံရသော အခြေအနေကိုပင် ကြည့်ပါ။ သမီးငယ်၏ စောစောက စာကိုပင်ကြည့်ပါ။ သူ့စာမှာ ရိုးရိုးရှင်းရှင်းပင်။ သူ့ ချစ်သူနှင့်အတူ ဘဝတခုကို ဖန်တီးကြရန်အတွက် ချစ်သူနောက် လိုက်သွားပါပြီတဲ့။ ဖေဖေတို့ မေမေတို့ စိတ်အနှောက်အယှက် မဖြစ်ပါနဲ့ တဲ့။ သမီးတို့ကိုလည်း အပင်ပန်းခံပြီး ရှာမနေပါနဲ့တော့တဲ့။ မကြာခင် သမီးတို့ကိုယ်တိုင်သာပြီးကန်တော့ပါမည်တဲ့။

သမီးသည် မည်မျှ ပြတ်သားပါသနည်း။

မိမိလည်း ဤသို့ပင် တကြိမ်က ပြတ်သားဟန် ပြုခဲ့ဖူးသည် မဟုတ်လား။ နောက်ဆုံး အဖေ့ဩဇာရိပ်က လွမ်းလာသော အခါ မိမိသည် ချစ်သူကို စွန့်လွှတ်ခဲ့ရသည် မဟုတ်လော။ ယခု မိမိသမီးအား မိမိကဲ့သို့ အဖြစ်မျိုး ကြုံစေ၍ သင့်ပါမည်လော။

ကိုလွန်းမောင်၏ အတွေးများတွင် အမေးများ ပါလာသည်။ ထိုအမေးအားလုံးအတွက် အဖြေတို့သည်လည်း အသင့်။

သည်လိုဆို မိမိရွေးရေးအတွက်လည်း မိမိ ပြတ်ပြတ်သားသား ဆုံးဖြတ်သင့်သည်ဟု ယူဆပြန်သည်။

ကြည့်၊ စောစော ညဦးပိုင်းကပင်

"အကိုကြီး မေသက်ကို ဒီအတိုင်း လွှတ်မထားနိုင်တော့ဘူးကွယ်"

"မေသက်က ဘာတွေများ ဆိုးနေလို့လဲ အကိုကြီးရယ်"



"အင်း၊ မေသက် ဘာတွေ ဆိုးနေတယ်၊ ဆိုးမနေတယ် ဆိုတာတော့ အကိုကြီး မသိဘူး။ ဒါပေမယ့် အကိုကြီး ဝေဒနာတနေ့တခြား ဆိုးဆိုးလာနေတာကိုတော့ အကိုကြီး သိတယ်"

"အကိုကြီးမှာ ဘာရောဂါရှိလို့လဲ ဟင်"

"အကိုကြီးကို မကလိချင်ပါနဲ့ မေသက်ရယ်။ အကိုကြီးဘဝက ပေါက်ကွဲလုလု မီးတောင်လို အခြေအနေမျိုးပါ"

"ဒီလိုဆိုရင် မေသက် အကိုကြီးနဲ့ ဝေးဝေးနေမှာဘဲ"

"တော်တော့ မေသက်" သံကုန် ဟစ်အော်မိသည် ထင်ပါ၏။ မျက်နှာထားကိုက မှုခံမရပ်နိုင်မှု အပြည့်ပါသည် ထင်သည်။

မေသက် အပြုံးကလေး ချက်ချင်း ညှိုးရသည်။ မျက်နှာကလေး မဲ့လာသည်။

"အကိုကြီး တကယ် စိတ်ထိခိုက်နေသလား ဟင်။ အကိုကြီးဘာဖြစ်လာလဲ ဟင်။ ရုံးမှာ အထက်အရာရှိနဲ့ စကား များလာပြန်ပြီလားကွယ်"

"အကြောင်းရင်းတွေကို မေးမနေနဲ့ မေသက်။ အကိုကြီးအိမ်မှာလဲ စိတ်ညစ်ရတာဘဲ၊ ရုံးမှာလဲ စိတ်ညစ်ရတာဘဲ။ ဒီအခြေအနေမှာ အကိုကြီးဘဝကို သက်သာမှုပေးတာဟာ မေသက်ရဲ့ ရင်ခွင်တခု ရှိတယ် မေသက်"

"ဒီစကားအတွက်တော့ မေသက် ကျေးဇူးတင်ပါတယ်"

"ဒါဟာ ကျေးဇူးတင်ရုံနဲ့ မပြီးဘူး မေသက်။ အကိုကြီး မေသက်ကို လက်ထပ်ချင်ပြီ"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောနေတာ မေသက်။ အကိုကြီး မေသက်နဲ့ အပြီးပိုင် ပေါင်းသင်းနေချင်တယ်"

"မဖြစ်နိုင်တာဘဲ အကိုကြီးရယ်"

"ဖြစ်နိုင်ရမယ် မေသက်။ အကိုကြီးဘဝမှာ အကိုကြီးဟာ မဖြစ်နိုင်တာတွေ အောက်မယ် ခေါင်းညွတ် အရှုံးပေးခဲ့ရပေါင်း များပြီ။ ဒီတခါတော့ အကိုကြီး အားလုံးကို အနိုင်ယူရလိမ့်မယ်။ အကိုကြီးဖြစ်ချင်တာတွေကို ဖြစ်အောင် လုပ်ရလိမ့်မယ် မေသက်"

သည်ကတည်းက ကိုလွန်းမောင်သည် သူ့စိတ်ကူးကို သူ အမှန်ပင် အကောင်အထည်ဖော်မည်ဟု ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ သို့ပေမယ့် မည်သို့မည်ပုံ အကောင်အထည်ဖော်ရမည် ဟူသော ပြဿနာကား မပြီးပြတ်သေး။

ကိုလွန်းမောင်၏ စိတ်အာရုံသည် ဤအမှောင်ခန်းမှ အဝေးသို့ ထွက်ပြေးသွားပြန်ပြီ။

ယခုအကြိမ်သည် အမှန်ပင် သူ ဤအခန်းကလေးမှ အပြီးပိုင် ထွက်ခွာသွားခြင်း ဖြစ်သည်ဟုလည်း မှတ်ယူလိုက်ပြန်သည်။

မောတော့ အမောသားပင်။

မည်သို့ ဖြစ်စေ၊ မေသက်ရင်ခွင်သို့ ရောက်လျှင် အမောပြေလိမ့်မည်ဟူသော အထင်နှင့်။

— ၇ —

ခပ်ရွယ်ရွယ် လူကြီး သုံးဦးသည် အခန်းထဲသို့ ဝင်လာသည်။

ဦးဘအုန်းသည် ထိုလူ သုံးယောက်ကို ကောင်းကောင်း မှတ်မိသည်။ သူတို့ ရောက်လာတိုင်း ဦးဘအုန်း စကားဝင်ပြီး စွက်ဖက်တတ်သည်။ ဒါကို မည်သူကမျှ မနှစ်သက်။ သို့ပေမယ့် သည်အခြေအနေကို ဦးဘအုန်း ဂရုမစိုက်။ သူ့စိတ်ထဲ ရှိတာ သူ ပြောလိုက်ရလျှင် ကျေနပ်သည်။

ယနေ့ သူ့စိတ်ထဲမှာ သူ ပြောစရာတွေ အများကြီး ရှိနေသည်ဟု သိသည်။ သို့ပေမယ့် ပြောမထွက်။ ရင်ထဲမှာသာ ပြည့်ကျပ်နေသည်။

အမှန်ဆို ခင်လေးနွယ် ကိစ္စမှာကတည်းက သူ မပါလျှင် မဖြစ်ဟု ယူဆသည်။ သို့ပါလျက် သည်တအိမ်လုံးက သူ့ကို လူရာ မသွင်းချင်ကြ။ ခင်လေးနွယ် လင့်နောက် လိုက်သွားပြီး နောက်မနက်မှာ သူ ခင်လေးနွယ် ရှာပုံတော် ဖွင့်သင့်သည်ဟု ယူဆသည်။ ပထမ ခင်လေးနွယ်နေသော ကျုံရှင်ကျောင်းကို သူ လိုက်သွားရမည်ဟု ယူဆသည်။ ထို့ကြောင့် ခင်လေးနွယ် နေသော ကျုံရှင်ကျောင်း ဘယ်မှာ ရှိသည်ကို မေးသည်။ ချွေးမက မသိဟု ဆိုသည်။ သားက "ဒီကိစ္စထဲ အဖေ ဝင် မပါပါနှင့်"ဟု ပြတ်ပြတ် ပြောသည်။ ကျော်ဝင်းမောင်ကမူ "ဒါ ဖိုးဖိုး ကိစ္စ မဟုတ်ပါဘူး"ဟု ပြောသည်။

သည်ကတည်းက ဦးဘအုန်း အားလုံးကို မကျေမနပ် ဖြစ်ခဲ့သည်။ သူ့ကို တမင် ပစ်ပယ်တာဘဲဟု ယူဆသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုညက ကိုလွန်းမောင် အိမ်သို့ ပြန်မလာ။ သမီးကို စုံစမ်းယင်း ခရီးလွန်နေသည်ဟု ယူဆသည်။ နောက်နေ့တွင် ကျော်ဝင်းမောင်သည် ခင်လေးနွယ်သတင်း စုံစမ်းရသလို တစ္ခန်းတစ ကြားသည်။ သူ ဝင်ပြီး စုံစမ်းသေး၏။ မည်သူကမျှ သူ့ကို အဖက်လုပ်ပြီး ပြောချင်ပုံ မရ။

ဒုတိယည ကိုလွန်းမောင် အိမ်ပြန်မလာသောအခါ သည်အခန်းမှာ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

"နေစမ်းပါအုံး၊ ဒီ လွန်းမောင်ဆိုတဲ့ ကောင်က ညကလဲ ပြန်မလာဘူး။ ဒီညလဲ ခုထိ မရောက်သေးဘူး။ ဒါ ဘာသဘောလဲ"

သူ ဗျစ်တောက် ဗျစ်တောက် လုပ်နေသည်အထိ မည်သူကမျှ သူ့ကို အရေးလုပ်ပုံမပေါ်။

"ဟဲ့မိခင်မြိုင်။ နှင့်သမီး ကိစ္စကော စုံစမ်းလို့ ရပတဲ့လား"

"ကျမတော့ ဘာမှ မသိဘူး ဦး။ သားကတော့ သတင်း အစအန ရထားပြီ ပြောတာဘဲ"

"ဘယ်မှာတဲ့လဲ"

"ကျော်ဝင်းမောင်က ဘာမှ အပြည့်အစုံ မပြောဘူး"

"ဘာလဲ၊ ဒီကောင်က သူ့နှမ လင်ယူတာ သဘောတူသတဲ့လား"

"ဒီမယ် ဖိုးဖိုး။ ဒီကိစ္စဟာ ဖိုးဖိုးကိစ္စ မဟုတ်သလို ကျနော့် ကိစ္စလဲ မဟုတ်ဖူး"

ကျော်ဝင်းမောင် အခန်းထဲက ထွက်လာ ပြောသောအခါ ဦးဘအုန်း ထောင်းကနဲ ဒေါသထွက်ရပြန်သည်။



"ဟေ့ ကျော်ဝင်းမောင်။ မင့်က မင်းနှမကို မင့်နှမလို သဘောမထားနိုင်ပေမယ့် ဒါဟာ ငါ့မြေးကွ၊ ငါ့မြေး"

"ဖိုးဖိုး ပြောတာ မှန်တယ်။ ခင်လေးနွယ်ဟာ ဖိုးဖိုးမြေးဆိုတာလဲ မှန်တယ်။ ကျနော့် နှမဆိုတာလဲ အမှန်ဘဲ၊ ဒါပေမယ့် ခုဟာက ခင်လေးနွယ် လင်ယူသွားတာ။ ဒီအချိန်မှာ သူ့ကို သူ့လင်က လွဲပြီး ဘာသူမှ မပိုင်ဘူး"

"မင်း စကားပြောတာ ရမ်းကားလှချည်လား ကျော်ဝင်းမောင်"

"ဒီစကားကလွဲပြီး ကျနော် ဘာပြောရမှာလဲ"

ဦးဘအုန်းသည် ကျော်ဝင်းမောင်နှင့် ဆက်ပြီး စကား မပြောချင်တော့"

"နေအုံး မိခင်မြိုင်။ ဟို အကောင်ကကော ဘယ်ရောက်နေတာလဲ။ ဘာဖြစ်လို့ အိမ်ကို ပြန်မလာတာလဲ"

"ကျမ ဘာမှ မပြောတတ်ဖူး ဦး "မခင်မြိုင့် အသံသည် တုန်ဟုန်ယင်ယင် ဖြစ်နေလေပြီ။

"ဟဲ့၊ မပြောတတ်ဖူး ဆိုရုံနဲ့ ပြီးမလား။ ရှဲ့ကို ဖြစ်ဖြစ် လိုက်ပါအုံးလား"

သည်တော့ မခင်မြိုင် ဘာမျှမပြောတော့။ အိမ်ထဲသို့သာ ဝင်လေသည်။

"ဒီမယ် ဖိုးဖိုး။ ဒီကိစ္စတွေမှာ ဖိုးဖိုး ဘာမှ ဝင်မပါချင် ကောင်းမယ်"

"ဟေ့ ကျော်ဝင်းမောင်။ ငါ မင်းကို ဘာစကားမှ မပြောဘူး။ မင်း ငါ့ကို ဘာမှ ပြောစရာ မလိုဘူး"

www.burmeseclassic.com

www.burmeseclassic.com



နှစ်ရက်နှင့် သုံးည ရှိပေပြီ။ ဤအခန်းကလေးတွင် ပြဿနာစုံကို ပေါ်ပေါက်နေသည်မှာ။ ထိုပြဿနာစုံကို ဦးဘအုန်း သိချင်သည်။ ဒေါ်ရွှေမယ်ထံမှာ စုံစမ်းပြန်တော့လည်း ဘာမျှ မသိရ။

ထို့ကြောင့် သည့်မနက်မှာ သူကိုယ်တိုင် ကိုလွန်းမောင် အလုပ်လုပ်သော ရုံးသို့ လာခဲ့သည်။ သားဖြစ်သူ လွန်းမောင် ရုံးမှ လုပ်သက်ခွင့် တလ ယူသွားသည်ဟုသာ သိရသည်။ သည့်ထက် ဘာမျှ မသိ။

သမီးတယောက်လုံး လင့်နောက်လိုက်သွားသော အရေးကိစ္စမှာ အဖေသည် လျစ်လျူရှုခဲ့သည်။ ရုံးမှ ခွင့်ရက်ရှည် ယူသည်။ အိမ်သို့လည်း ပြန်မလာ။

ဦးဘအုန်း ကိုလွန်းမောင်ကို ဒေါသဖြစ်သည်။ အိမ်သို့ ပြန်လာသည်။ သူ စုံစမ်းလာသော သတင်းကို သတင်းဦးအဖြစ် ပေးသည်။

"ကျမလဲ ဘာမှ မသိဘူးဦး။ သား ကျော်ဝင်းမောင် မနေ့ကတဲက ရုံးလိုက်သွားပြီး စုံစမ်းလို့ ခွင့်ယူသွားတယ် ဆိုတာလောက်ပဲ သိခဲ့ရတာ"

"ဒါဖြင့် ရုံးမှာ မရှိတာ နင် သိပြီးသားပေါ့"

"ဟုတ်တယ် ဦး"

"ဒါဖြင့် ငါ့ကို ဘာလို့ မပြောကြတာလဲ"

"ပြောလို့ ဦး စိတ်မကောင်းရုံပဲ ရှိမှာပဲ။ ဦး ဘာတတ်နိုင်မှာလဲ"

"ခက်လိုက်တာ မိခင်မြိုင်။ နင်တို့ ငါ့ကို ပစ်ပယ်ထားဘို့ပဲ သိတယ်။ ဒီအိမ်မှာ ဘာဖြစ်ဖြစ် ငါ့ကို အသိမပေးချင်ဘူး"



ဤသို့လျှင် ဦးဘအုန်း မကျေမနပ် ဖြစ်နေစဉ် ခပ်ရွယ်ရွယ် လူကြီးသုံးဦး အိမ်တွင်းသို့ ဝင်လာခြင်း ဖြစ်သည်။ ထိုအခါ ဦးဘအုန်း မကျေနပ်သမျှသည် ထိုလူကြီး သုံးဦးဆီသို့ ရောက်ပြန်သည်။

"ကဲ၊ ဆိုကြစမ်းပါအုံး ကွာ။ ဘာ အလှူခံ လာကြပြန်တာလဲ"

လူကြီးသုံးယောက်သည် ဦးဘအုန်း အကြောင်းကို သိပြီးဖြစ်ဟန်နှင့် ပြုံးပြုံးပြီး ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ သူတို့သည် ဤအခန်းကလေးတွင်းက အခြေအနေကို ဘာမျှ သိပုံ မရ။ သိဖို့လိုသည်ဟုလည်း ယူဆပုံ မပေါ်။

"ဦးလွန်းမောင် ပြန်မလာသေးဘူး ထင်တယ်" မခင်မြိုင် ဖက်သို့ လှမ်းမေးသည်။

"ဟုတ်ကဲ့ရှင်" မခင်မြိုင့်အသံ တုန်နေသည်ကိုလည်း သူတို့ သဘောပေါက်ပုံ မပေါ်။

"ဘာလဲကွ။ လွန်းမောင်ဆီ အလှူခံ လာရင် လာတယ်ပေါ့" ဦးဘအုန်းက ကြားဝင်ပြန်သည်။

"အလှူခံ မဟုတ်ပါဘူး ဦး။ ခုဟာက ရပ်ရေးရွာရေးပါ"

"ဒါဘဲပေါ့ကွ။ တလောကဘဲ သတင်းကျွတ် မီးထွန်းပွဲ၊ ပြီးတာနဲ့ တန်ဆောင်တိုင်၊ ဒါတွေဟာ အလှူခံတာဘဲပေါ့။ ဒီခေတ် ဒီအခါ လူတွေ ဘယ်လောက် ဆင်းရဲကြပ်တည်းကြတယ် ဆိုတာ မင်းတို့ အသိဘဲ။ မင်းတို့ကဘဲ ခြိုးခြံကြပါ၊ ချွေတာကြပါ ပြောတယ်။ မင်းတို့ဘဲ ပျော်ပွဲရွှင်ပွဲတွေ လုပ်လိုက်ကြ၊ အရပ်ထဲ အလှူခံလိုက်ကြ။ ခုလဲ ဘာလဲ၊ ဒီဇင်ဘာ အားကစား ပြေးခုန်

www.burmeseclassic.com

www.burmeseclassic.com



ပစ်ပွဲ လုပ်အုံး မလို့လား၊ လွတ်လပ်ရေးပွဲ အတွက်လား” ဦး
အုန်းက ဒလစပ် ပြောချလိုက်သည်။

“မဟုတ်ပါဘူး ဦး။ လူတွေ ဆင်းရဲကြပ်တည်းတာ ကျွန်
တို့ သိပါတယ်။ ဒါကြောင့်လဲ ကျွန်နော်တို့ဟာ အကြောင်
အလှူခံနေတာ မဟုတ်ပါဘူး။ ခုကိစ္စက ရပ်ကွက် လုံခြုံရေး
ကိစ္စပါ”

“ဘာလဲ၊ ကင်းစောင့် ခေါ်အုံးမယ် ဆိုပါတော့”

“ကိုယ့်ရပ်ကွက် လုံခြုံရေး ကိုယ် တာဝန်ယူရမှာ ဖြစ်
တယ် ဦး” တယောက်က ဖြည်းဖြည်းသာသာ ဝင်ပြောသ

“ဒါဘဲပေါ့ကွ။ ရပ်ကွက်ထဲ သန့်ရှင်းရေးလဲ ရပ်ကွက်
တာဝန်ယူ၊ ကင်းစောင့်တာလဲ တာဝန်ယူ။ ဘာလဲ၊ မင်းတို့
စီပယ်တို့ ရဲတို့က ဘာအလုပ်မှ လုပ်စရာ မလိုတော့ဘူးလား”

“ဒီမယ်ဦး။ ဒါဟာ စုပေါင်းတာဝန်ယူမှုပါ။ ကိုယ့်ရပ်ကွ
သာယာရေးတို့ လုံခြုံရေးတို့ဆိုတာ လူတိုင်းနဲ့ဆိုင်ပါတယ်”
ဝဝ၊ ခပ်ပုပုလူက ခပ်ပြတ်ပြတ် ဝင်ပြောလိုက်သည်။

“ဟေ့၊ ဒီမယ် မောင်ရင်။ မြင်းအလုပ်ကို နွားလုပ်လို့ အ
မပြေဘူးလို၊ နွားအလုပ်ကို မြင်းလုပ်လို့လဲ အဆင်မပြေဘူးကွ

“ဦးရယ်။ ဒီကိစ္စဟာ ရပ်ရွာ ကိစ္စပါ။ ကဲ၊ ကဲ။ ဦး
အောင်တို့ လာရင်းကိစ္စ ” မခင်မြိုင် မဝင်လျှင် မဖြစ်တော
ယူဆသဖြင့် ဝင်လိုက်ရလေတော့သည်။

“အော်၊ ကျွန်နော်တို့က ဦးလွန်းမောင် ကင်းစောင့်နိုင်မယ
လို့ပါ။ ခုကိစ္စက ဒေါ်ခင်မြိုင်လဲ သိတဲ့အတိုင်း မြေပေါ်
အောက် လက်ဝဲလက်ယာ အဖျက်သမားတွေက ကျွန်နော်တို့ဆ
ဖျက်နည်းစုံနဲ့ ဝင်ပြီး ဖျက်ဆီးနေကြတယ် မဟုတ်လား”



“ညတိုင် ရဲမတ်တရောင် မရှိဘူးလားကွ” ဦးဘအုန်းက ဝင်
ပြောသေးသည်။

သို့သော် ဦးတင်အောင် ဆိုသူသည် ဦးဘအုန်းအကြောင်း
ကို သိပြီးဖြစ်ဟန်ဖြင့် သူ့စကားကိုသာ သူ ဆက်ပြောနေလေ
တော့သည်။

“ပြည်သူ့ရဲအဖွဲ့ဝင်တွေ ရှိတာ မှန်ပေမယ့် ကနေ့ အခြေ
အနေမှာရဲအဖွဲ့ဝင်တွေ အနေကလဲ တာဝန်ယူတာ များပါတယ်။
ဒီအချိန်မျိုးမှာ ကျွန်နော်တို့ တဖက်တလမ်းကနေပြီး တာဝန်
ယူရမယ် မဟုတ်လား။ ဒီတော့ ဒီလိုပါ ဒေါ်ခင်မြိုင်။ မနက်ဖြန်
ညပါ။ ကင်းလှည့်ရှိပါတယ်။ အဲဒါ ဦးလွန်းမောင် တာဝန်
ယူဘို့ပါ။ ဒီအတွက် နောက်တနေ့ ရုံးတက်စရာ မလိုပါဘူး။
ဒါကို ကျွန်နော်တို့က အဲဒီည ကင်းစောင့်တဲ့အတွက် နောက်နေ့
ရုံး အွန်ဂျူတီလုပ်ပေးဘို့ စီစဉ်ရပါမယ်”

“ဟုတ်ကဲ့ရှင်”

“အဲဒါ ဦးလွန်းမောင် ဒီတပတ် ကင်းတာဝန်ယူနိုင် မယူနိုင်
သိချင်လို့ပါ။ ဒီတပတ် အဆင်မပြေလဲ နောက်တပတ် ”

“နေစမ်းပါအုံး ကိုတင်အောင်ရဲ့။ မောင်တို့ဥစ္စာ ရုံး အမှု
ထမ်းတယောက် ညကင်းစောင့်ပြီ နောက်နေ့ ရုံးတက်စရာ မလို
ဘူးဆိုတာ ရုံးက ခွင့်ပေးသလား”

“ပေးရပါမယ် ဦး။ ဒါဟာ အွန်ဂျူတီပါ”

“အေး၊ ဒီလိုဆိုလဲ ကောင်းသားဘဲကွယ်။ လွန်းမောင်
ပြန်လာရင် ညတိုင်း ကင်းစောင့်ခိုင်းမယ် ကိုတင်အောင်ရေ့၊
ဝိတ်သာချ”

www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်အထိ မခင်မြိုင် ဘာပြောရမည် မသိသေး။ အမှန်ပင် လင်သားဖြစ်သူ ဘယ်ဆီ ဘယ်စခန်း ရောက်နေသည်ကို မသိနိုင်သော အခြေအနေတွင် မခင်မြိုင်အဖို့ လင့်သား၏ ရပ်ကွက်တာဝန်ကို မည်သို့ တာဝန်ယူ ပြောနိုင်ပါမည်နည်း။

"အဲဒါပါ ဒေါ်ခင်မြိုင်။ ဦးလွန်းမောင် ပြန်လာရင်သာ ဒီကိစ္စ ပြောပြပေးပါ။ ဒါဟာ မစောင့်မနေရသေးဘော မဟုတ်ပါဘူး။ စောင့်နိုင်ရင်သာ မနက်ဖြန် ဟောဒီက ဦးလှသိန်း အခန်းကို အကြောင်းပြန်ဘို့ပါ"

"ဟုတ်ကဲ့ရှင်"

"နောက်တခုကတော့ အဲဒါ ကင်းစောင့်ရင်း ကင်းသမားတွေ ညပိုင်းမှာ အပျင်းပြေ ချက်ပြုတ်စားဘို့လဲ စီစဉ်ထားပါတယ်"

"နေပါအုံး ကိုလှသိန်းရဲ့။ မင်းတို့ဟာက ကင်းစောင့်မှာလား ပျော်ပွဲစားထွက်မှာလားကွယ့်"

"အော်၊ ဦးကလဲ" မခင်မြိုင် အနေရ ကျုံ့နေပေပြီ။ ထို့ကြောင့် ဦးဘအုန်းဖက် လှည့်ပြောပြီး ကိုလှသိန်းဖက်လှည့်၍

"အဲဒီတော့ ကျမတို့က"

"အော်၊ ဒီလိုပါ။ ဒါကလဲ ကျနော်တို့ အခန်းတိုင်း ကောက်ခံတာ မဟုတ်ပါဘူး။တတ်နိုင်တဲ့ အခန်းက ဆန် တတ်နိုင် ဆန်၊ ကြက်သွန်တဥ၊ ငရုပ်တတောင့် စသည်ဖြင့်ပေါ့ ခင်ဗျာ"

"ဒါထက် ကိုလှသိန်းတို့ ကြက်သွန်စျေး၊ ငရုပ်စျေး သိပါတယ်နော်"



"ဟုတ်ပါတယ် ဦး။ ဒါ့ကြောင့်လဲ ကျနော်တို့ တတ်နိုင်တဲ့ အခန်းလို့ ပြောတာပါ။ ပိုက်ဆံဖြင့်လဲ တမတ် ငါးမူးက အစ စေတနာရှိသလောက်ပေါ့ခင်ဗျာ"

"အေးကွယ့်။ ဒို့ ဗမာလူမျိုး စေတနာ ကတော့ ရှိကြတာချည်းဘဲ ကိုလှသိန်းရေ။ဒါပေမယ့် ကိုယ်ကိုယ်တိုင် စားစရာမရှိတော့ "

"ဦးရယ် တော်ပါတော့။ ကဲ၊ဦးလှသိန်းတို့ကိုလဲ အားနာပါတယ်ရှင်။ ကင်းကိစ္စလဲ ကျမ ကိုလွန်းမောင် လာရင် ပြောပါမယ်။ မစောင့်ဖြစ်ရင်ရော့လဲ "

"မစောင့် မဖြစ်တော့လဲ မဟုတ်ပါဘူး ခင်ဗျာ။ ဒါဟာအသိဝိတ်ခေတ်ပါဘဲ"

"ဟုတ်ပါတယ်ရှင်။ ဟုတ်ပါတယ်။ ဒါ့ကြောင့်လဲ ကိုလွန်းမောင် မအားတောင် ကျမတို့သား ကျော်ဝင်းမောင်ကို လွှတ်ပေးပါ့မယ်။ ဒီကလေးကလဲ ခုထိပြန်မလာဘူး။ ပြီးတော့ ခုနက စားဖို့ သောက်ဖို့အတွက်လဲ ကျမ ငွေတကျပ် ထဲ့ပါမယ်။ ဖြစ်ပါတယ်နော် ဦးလှသိန်း"

"ဟုတ်ကဲ့ ဖြစ်ပါတယ်" သုံးယောက်စလုံး ပြိုင်တူပြောလိုက်စဉ်မှာပင်

"အမေရေ၊ ကျပ်တန်တရွက် ခဏပေးပါ" အခန်းတွင်းသို့ လှမ်းပြောလိုက်သည်။

ဒေါ်ရွှေမယ် ထွက်မလာ။ အေးရင် ငွေတကျပ်ကိုကိုင်လျက် ထွက်လာသည်။

လူကြီး သုံးယောက် အခန်းတွင်းမှ ထွက်သွားသည်အထိ

www.burmeseclassic.com

www.burmeseclassic.com



ဦးဘအုန်း ဗျစ်တောက် ဗျစ်တောက် ပြောနေရာမှ အေးရင် သူ့အခန်းတွင်း ဝင်သွားမည်ကို မြင်သဖြင့်

"ဟဲ့၊ သမီး အေးရင်" ဦးဘအုန်း၏ ဒေါသနှင့် မကျေနပ်မှုသည် ဖြတ်ကနဲ လွင့်စဉ်သွားလေတော့သည်။

"ရှင်၊ ဘဘကြီး"

"ခု နင် ဘာလုပ်နေလဲ"

"မေမေကြီးက အတွက်ကို ပုံပြောနေတာ နားထောင်နေတာပါ"

"အမယ်လေး အေးရင်ရယ်။ နင့်အရွယ်က ပုံနားထောင်တဲ့ အရွယ်လား။ လာစမ်း၊ လာစမ်း။ ဘဘကြီး ခြေထောက်တွေက အေးလာရင် တယ် ကိုက်ကိုက်ကွယ်။ ဘဘကြီးကို တချက် နှစ်ချက်လောက် နင်းပေးစမ်းပါကွယ်"

သည်ကတည်းက အေးရင့် ရင်ထဲမှာ ထိတ်ကနဲ ဖြစ်ရပြန်သည်။

ခက်တော့လည်း အခက် သား ပင်။ ဤအိမ်သို့ စင်စစ် အေးရင် ရောက်လာခဲ့သည်မှာ ငါးနှစ်ကျော်ပြီ။ အေးရင် ဆဲ့နှစ်နှစ် သမီးသာသာလောက်က စသည်။ သည်တုန်းက တော့လည်း အေးရင် ကလေးအရွယ်။

အေးရင် ဤအိမ်သို့ ရောက်လာရသည့် အကြောင်းခံမှာလည်း ဘဘကြီး ဖြစ်သည်။ ဘဘကြီးသည် သူနေခဲ့သော မြို့သို့ ရောက်သောအခါ အေးရင့် မိဘတွေနှင့် တွေ့သည်။ အေးရင့် မိဘတွေမှာ နကိုက လယ်လုပ်ခဲ့သည်။ သို့ပေမယ့် မူလကတည်းက လယ်ပိုင် ရှိခဲ့သည် မဟုတ်။ ထို့ကြောင့် လယ်ကို စွန့်ခဲ့ရသောအခါ မြို့သို့ တက်ခဲ့ရသည်။



စင်စစ် သည်အခြေအနေကို အေးရင် မသိ။ မြို့သို့တက်ပြီး အဖေ ဆိုက်ကားနင်းသည်၊ အမေက မုန့်ရောင်းသည်။ ထို ဝင်ငွေဖြင့် သားသမီး ငါးယောက် ကျွေးမွေးနိုင်ရေးမှာ မလွယ်။ သည်ထဲ သမီးအကြီးဆုံး အေးရင် ဆဲ့နှစ်နှစ်သမီးကလည်း ဘာမျှ အရာရောက်သေးသည် မဟုတ်။ မနှစ်က လေးတန်းအောင်ဖြင့် ကျောင်းမှ ထုတ်ပြီး အိမ်မှုကိစ္စကို တာဝန်ယူခိုင်းရသည်။ ဖြစ်ဖြစ်မြောက်မြောက် မဟုတ်ပေမယ့် မောင်ငယ်၊ ညီမငယ်များကို ထိန်းသည်။ ထမင်းချက် ဖော်၊ အဝတ်လျှော်ဖော် ရသည်။ ဝင်ငွေ ရှာပေးနိုင်သည့် အခြေ အနေကား မဟုတ်။

ဤအခြေအနေ မျိုးတွင် ဦးဘအုန်းသည် အေးရင့်မိဘများထံ ရောက်လာကာ

"ရန်ကုန်မှာ ဆိုတာက အိမ်ဖော်မရှိလို့ကလဲ မဖြစ်ဖူး မဟုတ်လား စံထွန်းရ။ အိမ်ဖော်ဆိုပြန်တော့လဲ ရန်ကုန်မှာ လုပ်ချင်တဲ့ လူတွေကတော့ ပေါပါရဲ့။ ဒါပေမယ့်လဲ မင်းတို့သိတဲ့ အတိုင်း ကိုယ်ထဲ ကိုယ်ဟာ မဟုတ်တော့လဲ စိတ်မချရပြန်ဘူးကွယ့်။ အဲဒါ ငါ့တဲ ဒီပြန်လာပြီး လူစုံစမ်းရတာဘဲ။ ဒီက ကိုယ်ထဲ ကိုယ်ဟာထဲက ရရင် ခေါ်ရအောင်ပေါ့ကွယ်။ ဒါထက် မင့်းသမီး အကြီးမလေးက ကျောင်းနေတုန်းလား"

"မနေပါဘူး ဆရာကြီး။ အိမ်တာဝန်ဘဲပေါ့။ ကျောင်းက မနှစ်ကဘဲ ထုတ်လိုက်ရတယ်"

"အင်း။ ဒါဖြင့်လဲ မင့်းသမီးရင် ထဲ့လိုက်ပါလား"

"ဖြစ်မထင်ပါဘူး ဆရာကြီးရယ်။ အေးရင်က ငယ်သေးငယ်၊ အလုပ်ကလဲ ဘာမှ မယ်မယ်ရရ တတ်တာ မဟုတ်တော့"

www.burmeseclassic.com

www.burmeseclassic.com

"ကိစ္စမရှိဘူးကွာ။ ဟိုမှာကလဲ ကြီးကြီးကျယ်ကျယ် မလုပ် ရပါဘူး။ ခင်မြိုင်ကလဲ ခလေးပေါက်စတဖက်နဲ့ ဆိုတော့ ခလေး ကျွတ်ထိန်းဖော်ရရင်ဘဲ မနဲဘူးပေါ့ကွာ။ ငယ်ငယ်ရွယ်ရွယ်ဆိုတော့ ပိုတောင် ကောင်းတာပေါ့"

"ဒီမှာကလဲ သူမရှိလို့ မဖြစ်ဖူး ဆရာကြီး။ သူ့အမေကလ မုန့်ရောင်းထွက်နေရတာ ဆိုတော့"

"ဒါတော့ ဒါပေါ့ကွာ။ ဒီမှာက ဘာ လုလားမြောက် မလဲ။ ခုဟာ ဒို့ဆီလိုက်နေရင် မင့်သမီးကို တသေ့တအေ ဖြစ်အောင်လဲ ကျွေးမွေးပြုစုအုံးမယ်။ လခလဲ လစဉ်ပေးအုံး မယ်။ အေးလကွာ။ အဲဒါ မင်း ခင်လှနဲ့လဲ တိုင်ပင်ကြည့် ငါလဲ ရုတ်တရက် မပြန်သေးပါဘူး။ လေးငါးရက်တော့ နေ အုံးမှာ။ ဒါပေမယ့် တခုတော့ ရှိသကွ။ မင့်းသမီး မထဲ့နိုင် ရင်လဲ ငါ တခြားတော့ ရှာရအုံးမယ်။ မင့်းမိန်းမ ခင်လှ တောသွားပြီး ဖြစ်ဖြစ် ရှာခိုင်းရမှာဘဲ"

ဤသို့သော အခြေအနေအထိ အသေးစိတ်ကိုကား အေးရင် သိခဲ့ရသည် မဟုတ်။ နောက်ဆုံး အမေဖြစ်သူ ကိုယ်တိုင်က

"ရန်ကုန်လို မြို့ကြီးမှာ ဆိုတော့ သမီး လူတလုံး သူတလုံး ဖြစ်တာပေါ့ကွယ်။ အမေ့အနေကတော့ သမီးကို ဘယ်ထဲ့ချင် မလဲ။ သမီးကောင်းစားဘို့ ကိစ္စမို့သာကိုး။ ပြီး ဆရာကြီး ဦးဘအုန်းတို့ ဆိုတာကလဲ အမေတို့ကို ဟိုစဉ်က စောင့်ရှောက် တာ။ ခုလဲ သမီးကို အဝတ်ဆင် ထမင်းကျွေးမယ့်အပြင် သမီး တလတလ သုံးဆယ်ချမယ်။ ခုလောလောဆယ် အမေတို့ သုံး ဘို့လဲ ငွေတရာပေးခဲ့အုံးမယ်။ အဲဒါပါဘဲ သမီးရယ်။ အမေ တို့လဲ သမီးဆီ မကြာမကြာ လာမှာဘဲဟာ" ဖြောင်းဖြပြော



ဆိုလာသည်အထိ သည်မိ သည်ဖ သည်မောင် သည်ညီမ တွေနှင့် ခွဲရမည်အတွက် အေးရင် ဝန်လေးခဲ့သည်ကား အမှန်။ သို့ပေမယ့် အမေတို့ကိုယ်တိုင်က သင့်သည် တော်သည် ဆိုသော အခါ အမေတို့ စေရာသို့ လာခဲ့ရသည်။ တကာယ်တမ်း အဖေ၊ အမေ၊ မောင်ငယ်၊ ညီမငယ်တို့နှင့် ခွဲရသောအခါ အေးရင် ငိုချင်းချခဲ့မိသေးသည်။

ဤသို့ဖြင့် အေးရင် ဆဲ့နှစ်နှစ်သမီးတွင် ဘဘကြီးနှင့်အတူ ဤအိမ်သို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။ သည်တုန်းကတော့ ကလေးစိတ်။ မိသားစုနှင့် ခွဲခွာခဲ့ရ၍ ပူဆွေးခဲ့ရသည်။ အေးရင် ရန်ကုန်ရောက်၍ ခြောက်လအကြာ အမေလာတော့ အေးရင် ပျော်ပြန်သည်။ သည်တနှစ်အကုန် အမေတို့အတွက် ငွေသုံးရာ ကျော် ရှာပေးနိုင်သည့်အတွက်လည်း အေးရင် ဝမ်းသာမဆုံး ဖြစ်ခဲ့ရ၏။ သို့ပေမယ့် ထိုအချိန်က မောင်အငယ်ဆုံးလေး ဆုံး သည့်အဖြစ်ကို ကြုံရတော့ အေးရင် စိတ်မကောင်း။ အိမ်ကို နောက်ဆံတင်းပြန်သည်။ သို့ဖြင့် ရန်ကုန် ပြန်လာခဲ့ပြီး မကြာ၊ အမေ နေမကောင်းဖြစ်သည် ဆိုသောအခါ အေးရင် မြို့ကို ပြန်ချင်ခဲ့သည်။ သို့ပေမယ့် ပြန်လာစရာ မလို ဆို၍ အမေ့ အတွက် ဆေးဖိုးဝါးခ ငွေတရာပို့နိုင်သည်ကိုပင် ကျေနပ်ခဲ့ရ လည်။ သည့်နောက် လေးငါးလ[illegible]ကြာမှာ အဖေရောက်လာ တော့ ပထမ ဝမ်းသာသည်။ အမေဆုံးပြီ ဖြစ်ကြောင်း သိရ တော့ အေးရင် ရှိုက်ကြီးတငင် ငိုခဲ့ရသည်။ အဖေနှင့်အတူပြန် လိုက်မည်ဟု ပြောသေး၏။

"ဒီမှာဘဲနေ သမီး။ ဟိုမှာက သမီး ဆင်းရဲမယ်" အဖေ အတန်တန်တားသဖြင့် နေခဲ့ရပေမယ့် အေးရင်စိတ်က မောင်

www.burmeseclassic.com

www.burmeseclassic.com



ငယ် ညီမငယ်တွေ ရှိရာသို့သာ ပြန်ချင်ခဲ့သည်။ အမေကွယ်လွန်သည်ကိုပင် မမြင်လိုက်ရသည့်အတွက် အေးရင် တသသ ဝမ်းနည်းခဲ့ရသည်။

သည်တော့ အေးရင့်အသက် ဆဲ့လေးနှစ်ထဲရောက်ပြီ။အေးရင် သိတတ် ဆင်ခြင်တတ်လာသည်။ မောင်ငယ်ညီမငယ်တွေ၏ တာဝန်ကို သူ့တာဝန်ဘဲဟု ယူဆလာသည်။ သည်ကြားကပင် ညီမဖြစ်သူ တယောက် မြို့တွင် လာပြီး အမှုထမ်းသော ဆရာဝန်လင်မယားထံ ဝင်၍ အလုပ်လုပ်သည်ဟု ကြားရသော အခါ ထိုညီမအတွက် စိတ်အေးရသလို ခံစားခဲ့ရသည်။ သည်ကြားမှာပင် အဖေ နောက်အိမ်ထောင်ပြုပြီဟူသော သတင်းကို ကြားရသောအခါ အေးရင် အဖေ့ကို မျက်ခဲ့ရသေး၏။ ထိုအခါ ကျန်ရစ်သော မောင်ငယ်နှင့်ညီမငယ်အတွက် ပူပန်ရပြန်သည်။ မောင်ငယ်နှင့်ညီမငယ်ကို သူ့ဆီမှာ ခေါ်ထားဖို့ အကြံဖြစ်သည်။ မမေကြီးဒေါ်ရွှေမယ်ကို ဖွင့်ပြောမိသည်။

ထိုအချိန်က မမေကြီးနှင့်အတူ မြို့သို့ တခေါက်ပြန်ဖြစ်သေး၏။ သည်တော့ ဆရာဝန် လင်မယားဆီ ရောက်နေသော ညီမငယ်သည် ထို ဆရာဝန်လင်မယားနှင့် အတူ တမြို့တကျေး ရောက်သွားသည်ဟု သိရသည်။ ထိုအခါ ထိုညီမအတွက် ပူပင်ရပြန်သည်။ သည်ကြားကပင် အဖေနှင့်ပတ်သက်၍ မကျေမချမ်းစရာကို စ၍ ခံစားခဲ့ရသည်ဟု ထင်သည်။ အေးရင် မြို့ရောက်သောအချိန်မှာ မောင်ငယ် မရှိ။ မောင်ငယ်နှင့်ပတ်သက်၍ အေးရင် ဘာမျှ ရေရေရာရာ မသိရ။

"ဒီမယ် သမီး။ နှင် ခု ကောင်းကောင်းမွန်မွန် နေရတယ် မဟုတ်လား။ ဒါဆိုရင် ပြီးရောပေါ့။ နှင့်မောင်အတွက် နှင်



ဘာမှ ပူစရာ မလိုဘူး။ အေးတင်လဲ ဆရာဝန်လင်မယားဆီမှာ ဘာမှ မပူရ မပင်ရ။ နှင်လဲ ဆရာကြီးတို့ဆီမှာ နေရ ထိုင်ရတာ အဆင်ပြေတယ် မဟုတ်လား။ ဒီတော့ ဒို့အတွက် နှင် ဘာမှ မပူနဲ့။ အေး၊ ခု နှင်ရတဲ့ လခကိုလဲ နှင့်ညီမအငယ်ဆုံး အေးခင်အတွက် နှင်ပေးနိုင်တဲ့ အခါ ပေး။ မပေးနိုင်လဲ ကိစ္စမရှိဘူး" အဖေ့စကား ကြားရတော့ ရင်ထဲက နာတတ်လာသည်။

"ကျမတော့ ဘာမှ မသိဘူး။ ကိုငြိမ်းက လူဆိုးလို့ ပြောတာဘဲ။ အဖေက ကိုငြိမ်းကို သိပ်စိတ်ဆိုးတယ်။ အဲဒါ ကိုငြိမ်း လူဆိုးလုပ်လို့ အဖမ်းခံရပြီး ထောင်ကျတယ် ပြောတာဘဲ" မောင်ငယ်နှင့်ပတ်သက်၍ ညီမငယ်ဆီက သိရသမျှ။

အေးရင် စုံစမ်းပါသေး၏။ ဘာမျှ အတိအကျ မသိရ။ ကလေးထောင် ရောက်နေသည် ဆိုတာလောက်သာ သိရသည်။ သည်ထဲ မိထွေး အပေါ်မှာလည်း သဘောမတွေ့စရာက ကြုံရသည်။ ထို့ကြောင့် ဤ ညီမငယ် အေးခင်ကို ခေါ်ဘို့ စိတ်ကူးပေါက်သေးသည်။ သို့ပေမယ့် အဖေက မထည့်။

သည်တုန်းကတော့လည်း သို့ဖြင့် အမေမရှိသည့်နောက် သူတို့ ညီအစ်မတတွေ မောင်နှမတတွေ ဖရိုဖရဲ ပြိုကွဲကြရပြီဟု အထိ အေးရင် မတွေးမိခဲ့သေး။

တခုတော့ အေးရင် ဆုံးဖြတ်ခဲ့သည်။ မြို့ကို မပြန်တော့ဟူ၍။

သည်နောက် တနှစ် အေးရင် အဖေ့ဆီသို့ ငွေပို့ဘို့ ကြိုးစားပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ပို့နေမလဲ အေးရင်ရယ်။ နင့်အဖေလိုရင် နင့်ဆီလာမှာပေါ့။ ပို့လိုလဲ နင့်ညီမ မသုံးရဘဲ နင့်မိထွေးဘဲ သုံးမှာပေါ့" မေမေကြီး ပြောလာသောအခါ ငွေပို့ဘို့ ဝန်လေးလာသည်။ "အေး နင့်ငွေဟာ နင့်ငွေဘဲပေါ့။ ဒီတော့ မေမေကြီးဆီမှာ နင့်ငွေရှိတယ်လို့ မှတ်ထား။ နင့်အဖေလာလို့ ပေးချင်တော့မှ မေမေကြီးဆီကတောင်း" ဆိုသောအခါ စုငွေသဘော အမှတ်ထားခဲ့သည်။

သည်အထိ အေးရင် အဖေ့ဆီသို့ စာရေးခဲ့သေးသည်။ပထမတခါနှစ်ခါ အေးရင်ဆီက အဖေ့ အနေနှင့် ရေးသော စာကိုဖတ်ရသေးသည်။ သည်နောက်တော့ အဆက်ပြတ်ခဲ့ကြသည်မှာ ယခုအထိ။

သို့ဖြင့် အေးရင်သည် သူ့ဘဝကို သူ သည်အိမ်က မိသားစုတယောက်ပမာ အမှတ်ထားလာခဲ့သည်။အားလုံးကိုပင် ဆွေရင်းမျိုးချာတွေလို ထင်မှတ်လာသည်။ မေမေကြီး ဒေါ်ရွှေမယ်ကိုအားကိုးသည်။ သူ့ထက် လပိုင်း၊ အလွန်ဆုံး နှစ်ပိုင်းသာ ကြီးမည့် ခင်လေးနွယ်ကိုလည်း အစ်မရင်းလို မှတ်ယူလာသည်။ မမကြီး ဒေါ်ခင်မြိုင်ကိုလည်း တွယ်တာသည်။ အကိုကြီးကိုလွန်းမောင်ကိုကား လေးစားသည်။ အကိုလေး ကျော်ဝင်းမောင်ကိုလည်း ခင်သည်။ အတွတ်ကိုလည်း တွယ်တာသည်။ ဘဘကြီးကိုကား အေးရင် လေးစားရင်း ရှိပြီးဖြစ်သည်။

သို့ပေမယ့် ယခုတလော ဘဘကြီးနှင့် ဆက်ဆံရသည်ကို အေးရင် ရှိုးသလိုလိုဖြစ်မိသည်ကား အမှန်။

တကယ်ဆို အေးရင်သည် ဘဘကြီးကို ငယ်စဉ်ကတည်းက နှင်းနှိပ်ပေးခဲ့ရသည်။ မဆန်း။ ဘဘကြီးကလည်း သူ့ဖို့ဆို



စားစရာ အဆန်းအပြားကလေးကအစ တိုးတိုး ကျိတ်ကျိတ်ပေးတတ်ခဲ့သည်။ တခါတလေ၊ ဘာလေးညာလေးကအစ ဝယ်ခြမ်းပေးတတ်သည်။ သို့ပါလျက် ယခုတလော ဘဘကြီးနှင့် ဆက်ဆံရသည်ကို အေးရင် အလိုလို ရှိုးသည်။

တမျိုးတော့ တမျိုးပင်။ အကိုလေး ကျော်ဝင်းမောင်နှင့်ကျတော့ ရင်ခုန်ချင်သည်။ အကိုလေးကိုယ်၌က ဆန်းပြားသော အကြည့်နှင့် ကြည့်တတ်လာသည်လား၊ မိမိရင်ကိုက မလုံသည်လား အေးရင် မခွဲခြားတတ်သေး။ သို့ပေမယ့် အကိုလေး ကျော်ဝင်းမောင်နှင့် မျက်လုံးချင်းဆုံမိလျှင် ရင်ထဲက ဖိုလှိုက် ဖိုလှိုက်ဖြစ်ချင်သည်ကား အမှန်။

မေမေကြီးကမူ လွန်ခဲ့သော နှစ်နှစ်လောက် ကတည်းက "ညည်းလဲ ခလေးမဟုတ်တော့ဘူးနော်။ အပျို ဖြစ်နေပြီ။ နေတာ ထိုင်တာ ဆင်ခြင်" ဟု သတိပေးလာခဲ့သည်။

သည်ကတည်းက မိမိကိုယ်ကို အနေအထိုင် ဆင်ခြင်လာခဲ့သည်။ နောက်ဆုံး အကိုလေးကိုပင် စေ့စေ့ မကြည့်မိအောင် ဆင်ခြင်ခဲ့သည်။ မိမိစိတ် ထွေပြားချင်သည်ကား အမှန်။

သည်ကြားကပင် ဘဘကြီးက 'နင်းအုံးဟဲ့၊ နှိပ်အုံးဟဲ့' ဆိုသောအခါ လူက အလိုလိုနေရင်း ကတုန်ကယင် ဖြစ်လာသည်။ ဘဘကြီးစိတ်မှာ အရိုးခံဘဲဟု ထင်ရသည့် တိုင်အောင် မိမိစိတ်မှာကား ဟိုစဉ် ကလေးစိတ် ဘာမျှ မခံစား၊ မလှုပ်ရှားသည့် အဖြစ်မျိုး မဟုတ်။

ကြည့်။ ယခုပင် ဘဘကြီးက နင်းပေးစမ်းဆိုသောအခါ ပေါ်ရှုံ့ရှုံ့ ဖြစ်နေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လာ၊ လာ။ ဘဘကြီး အခန်းထဲဘဲ လာကွယ်" ဆို
အခန်းထဲ ဝင်လိုက်ခဲ့ရသည်အထိ ယောကျ်ားသား နှစ်ဦးထဲ
သော အခန်းထဲ ဝင်ခဲ့ရသည်ကအစ စိတ်ထဲမှာ မလုံလဲ။

မီးရောင် ထိန်ထိန်လင်းနေ၍သာ တော်တော့သည်။

"အား၊ အား။ သမီးက တနေ့ တခြား ကြီးလာတော
သမီးကိုယ်က လေးလေးလာတယ်။ နင်းတာတောင် မခံနိုင်တော
ဘူး။ အဲ၊ အဲ၊ အထက်နားလေး တက်။ ဟဲ့၊ ဟဲ့။ အမ
လေး၊ ကျွတ်၊ ကျွတ်၊ ကျွတ်။ ခြေထောက်တဖက်ထဲ နင်းကွယ်
အေး၊ အေး။ ဖြည်းဖြည်းနော် သမီး။ ဖြည်းဖြည်း။ အ
အား။ မဖြစ်ပါဘူးကွယ်။ ကဲ၊ကဲ သမီးဆင်းအုံး"

အဆင်က မပြေနိုင်။ ဆင်းဆိုတော့ ဆင်းရပြန်သည်။ တော
သေး၏။ အေးရင့်စိတ်က တာဝန်ပြီးပြီ ထင်သည်။

"သမီးလေး နင်းတာ မခံနိုင်ဘူး။ နှိပ်သာပေးပါတော့
ကွယ်"

သည်တော့ ခြေသလုံးကို နှိပ်ရပြန်သည်။

"ဒါထက် ဟိုနေ့က စလုံလေးလဲ ဟိုကောင် အတွက် ဖျ
ဆီး ပစ်လိုက်ပြီ ထင်တယ်"

"ဟုတ်ပါတယ် ဘဘကြီး"

"အင်း၊ ငါ့သမီးက လိုချင်တာ။ ဘဘကြီးက ဝယ်ပေ
မလို့ဟာ။ အေးလေ၊ သမီး တခြားမှာ တွေ့ရင်ပြော။ ကြာ
လား။ ဘဘကြီး ဝယ်ပေးမယ်"

"သမီး မလိုချင်တော့ပါဘူး"

"အဲဒီနားချည်း နှိပ်မနေနဲ့ကွယ်။အထက်နား တိုးပါအုံး"

အေးရင့် လက်က တွန့်သည်။



"အဲဒီ ပေါင်တွေက ပိုကိုက်တယ်။ အင်း၊ သမီးလေး ရှိပေ
လို့။ သမီးလေးကို ပြုစုဖော်ရလို့ ဘဘကြီး သုချရအုံးမယ်"

အေးရင့်လက်တွေ တုန်လာသည်။ ရင်ထဲက တချက်တချက်
ဒိတ်ကနဲ ဒိတ်ကနဲ မြည်နေသည်ဟု ထင်လာသည်။

"သမီးကို ဘဘကြီး ပြောရအုံးမယ်။ အေး၊အေး အဲဒီနား
အဲဒီနား၊ နာနာကလေး ဖိနှိပ်လိုက်စမ်းပါကွယ်။ အင်း။ သမီး
အတွက် ဘဘကြီး တခုခု ဝယ်ပေးမလို့။ အဲဒါ ဘသူမှတော့
မပြောနဲ့။ ကြားလား"

"ဟုတ်၊ ဟုတ်၊ ဟုတ်ကဲ့" အာခေါင်က ခြောက်သွေ့လု
စွာ၏။

"ဘဘကြီးမှာ ပိုက်ဆံတွေရှိတယ်ဆိုတာ ဘသူမှ မသိစေနဲ့
ကြားလား။ အထက်နား တိုးအုံးကွယ့်။ တိုးအုံး။ အေး၊ဟုတ်
ပြီ။ အဲဒီ နားကို လက်ဖနောင့် ကလေးနဲ့ ဖိထားလိုက်၊ ကြာ
ကြာလေး ဖိကွယ့်။ အပူထုတ် "

"ဝုန်း"

အေးရင့် ကိုယ်လုံးသည် သိမ့်ကနဲ ခါသွားသည်။ ဖိနှိပ်
ထားသောလက်ကိုလည်း ရုတ်လိုက်မိသည်။

ဦးဘအုန်းသည် အသံကြောင့် စကားစ ပြတ်သွားသည်။
စာအုပ်တွေကို တဖက် အိပ်ယာပေါ်သို့ ဆောင့်ကြီးအောင့်ကြီး
ပစ်ချလိုက်သော ကျော်ဝင်းမောင်ကို မြင်ရသောအခါ ဒေါသ
ဟုန်းကနဲ ထရပြန်သည်။

"ကဲ၊ ကဲ။ သမီး တော်ပါပြီကွယ်။ ဘဘကြီး ဖုရားရှိခိုး
ရအုံးမယ်" ဒေါသကို ချုပ်ပြီး ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဝင်းမောင်သည် ဦးဘအုန်းနှင့် အေးရင်ကို ဘာမျှ ဂရုမစိုက်ဟန်ဖြင့် နှစ်ယောက်စလုံးကို ကျောခိုင်းပြီး အပေါ် အင်္ကျီကို ချွတ်နေသည်။ သို့ပေမယ့် သူမှာက ဒေါသနှင့်။

အမှန်တော့လည်း ဖြစ်နိုင်လျှင် သူ သည်အိမ်သို့ ပြန်မလာ ချင်။

သည်မိသားစုတွင် သူသည် သားကြီးဖြစ်သည်။ အဖေမှ လွဲလျှင် သူသည် ဤအိမ်နှင့် ပတ်သက်၍ တာဝန်ယူရမည့်သူ ဖြစ်သည်။ သို့ပေမယ့် ယခုအခြေအနေတွေ အထိ သူ ထိထိ ရောက်ရောက် တာဝန်ယူခဲ့ရသည်ကား မဟုတ်။ ထိုသို့ ထိထိ ရောက်ရောက် တာဝန်ယူဖို့ မဟုတ်သည့်တိုင်အောင် ဤအိမ်တွင် တောင်မရောက် မြောက်မရောက် အနေအထားဖြင့် နေနေရ သည့် မိမိဘဝကိုကား မိမိမကျေနပ်။

တာဝန်မဲ့ နေထိုင်သည်လည်း မဟုတ်၊ တာဝန်ကို သိတတ် လွန်းလှသည်လည်း မဟုတ် စေကာမူ လူတယောက်အဖို့ အတန်း ပညာ ဆုံးခန်းတိုင်ပြီးသည်၏ အခြားမဲ့၌ အသက်မွေး ဝမ်း ကျောင်း အလုပ်တခုကို ဝင်ရောက် လုပ်ကိုင်ရမည် ဟူ၍ကား ကျော်ဝင်းမောင် သိသည်။ ထို့ထက်သော်ကား ယနေ့ မိမိတို့ အိမ်ထောင်စု အခြေအနေကို ကျော်ဝင်းမောင်သိသည်။ ထို့ ကြောင့် မိမိသည် လုပ်ငန်းခွင်သို့အမြန်ဆုံး ဝင်ရမည်။ မိသားစု တာဝန် ကို မိမိ တတ်နိုင်သမျှ ထမ်းရွက်ရမည် ဟူသည်ကိုကား ကျော်ဝင်းမောင် သိသည်။

သို့ပါလျက်၊ မိမိ အခြေအနေသည် မပေး။ စင်စစ် မိမိထက် ပညာရည် ထူးချွန်သူများပင် အလုပ်တခု အလွယ်နှင့် မရနိုင် သည်ကို ကျော်ဝင်းမောင် သိပါ၏။ သို့အတွက် မိမိ အလုပ်မရ



နိုင်သည်ကို ကျော်ဝင်းမောင် ဖြေနိုင်ပါ၏။ သို့ပေမယ့် ကျောင်း မှထွက်ခဲ့ပြီး အခြေမဲ့ အနေမဲ့ မရေမရာ အဖြစ်ဖြင့် တနှစ်နီး ပါး ကြာလာသောအခါ မိမိ ဘဝကို မိမိ စိတ်ပျက်ချင်သလို ဖြစ်လာသည်။ မယုံမကြည် ဖြစ်လာသည်။ အားငယ်ချင်သလို သည်း ဖြစ်လာသည်။

တခု ခံသာသည်ဟု ဆိုရမည်။ ကျော်ဝင်းမောင် ဘဝကို စိတ်မပျက်ချင်ပါ။ တခု မဖြစ်လျှင် တခု ဖြစ်ရမည်ဟု ယုံကြည် သည်။ ထို့ကြောင့် မိမိမှာ ဝါသနာ ပါရင်းစွဲဖြစ်သော စာပေ လောကတွင်းသို့ တိုးဝင်ကြည်မည်ဟု အကြံဖြစ်ပြန်သည်။ စင်စစ် လွယ်မှန်း သိပါ၏။ သို့ပေမယ့် အလကားနေ အလကားဘဲ ဟု ယူဆသည်။ ထို့ကြောင့် ကဗျာစပ်သည်။ ဆောင်းပါး အတိုအထွာရေးသည်။ တခါတခါ ပန်းချီဆွဲသည်။

ဒါနှင့်ပတ်သက်၍လည်း တခါတခါ မိမိ ကိုယ်ကို ဟုတ်မှ ဟုတ်ရဲ့လား သံသယ ဖြစ်သည်။ စင်စစ် ကျော်ဝင်းမောင်သည် သူ့ကိုယ်ကို သူ အနုပညာသမား ဟူ၍ကား ဘယ်အခါကမျှ မမှတ်ယူခဲ့။ အနုပညာ၌ မွေ့လျော်သည်ကား အမှန်။ ထို့ကြောင့် ပန်းချီဆွဲသည်။ ကဗျာစပ်သည်။ သို့ဖြင့် အနု ပညာလုပ်ငန်းသည် မိမိဆန္ဒရှိတိုင်း ပေါက်မြောက် အောင်မြင် နိုင်သည့် လုပ်ငန်းမျိုး ဖြစ်သည် ဟူ၍ကား သူ မယုံ။ အနု ပညာနှင့် ပတ်သက်၍ သူ သည်လောက်တော့ နားလည်သည်။

သည်ကြားမှာပင် ယခုတလော အနုပညာလုပ်ငန်းကို အား ထုတ်သော လုပ်ငန်းတခုလို သဘောထားလာကြသည်ကို တွေ့ ရပြန်သောအခါ မိမိသည်လည်း အကြံကုန်၍ ဂဠုန်ဆားချက် နည်းမျိုး ဖြစ်နေပြီလောဟုလည်း ဆန်းစစ်ကြည့် ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အနုပညာနှင့် ပတ်သက်၍ သူ့တွင် ပြင်းထန်သော ခိုင်မာသော ယုံကြည်ချက်မျိုး မရှိသည့် တိုင်အောင် အနုပညာလုပ်ငန်း ခုတုံးသဘော၊ ခရီးကြုံသဘော၊ လက်တည့်စမ်းသဘော၊ အခြေ အနေမဲ့ဖြစ်သည့်အခါ စခန်းချသည့် သဘောမျိုး မလုပ် ဟူ၍ကား သူ နားလည်သည်။ ထို့ကြောင့် အနုပညာလုပ်ငန်း ကို သူ လုပ်နေရသည့်တိုင်အောင် စိတ်ပါ လက်ပါကြီး ရှိ သည်ကား မဟုတ်။

မည်သို့ဖြစ်စေ၊ သူ ဖြစ်သည်နည်းနှင့် အလုပ်ခွင်သို့ ဝင်ခဲ့ သည်။ သည်မှာ အေးရင့်ပြဿနာလည်း ပါသည်။

နှလုံးသားရေးရာနှင့် ပတ်သက်လျှင် သူသည် တည်ငြိ အေးချမ်းလှသည်ဟု သူ့ကိုယ် သူ ယူဆခဲ့သည်။ သည်အရွယ် နှစ်ဆယ်ကျော်လာသည်အထိ သူ ချစ်သူ မရှာခဲ့ဖူးသေးသည် တော့ အမှန်။ အထက်တန်း ကျောင်းသား ဘဝကတည်းက သူ့အပေါင်းအဖော်ထဲက တချို့တချို့ အတွဲအဖက်တွေ ရှိလာ ကြသည်အထိ သူ အားမကျခဲ့။ တယောက်ယောက်ကြောင့် သူ့နှလုံးသားလှုပ်ခါခဲ့ရသည်လည်း မကြုံခဲ့။ သည့်အတွက်ကာ သူ့ကိုယ်ကို သူ ကျေနပ်ခဲ့သည်။

ထို့ကြောင့်လည်း အေးရင်နှင့် ပတ်သက်၍ သူ့နှလုံးသာ လှုးလှုန့်လှုပ်ရှားလာပြီ ဆိုသောအခါ သူ့ရင်ထဲက အကြောင်း ကို သူ တတ်နိုင်သမျှ သိနိုင်အောင် ကြိုးစားကြည့်ခဲ့သည်။

အေးရင်နှင့်ပတ်သက်၍ သူ ကရုဏာက စသည်ဟု ယူဆ သည်။ စစကတည်းက အေးရင်ကို သူ ညီမ ခင်လေးနွယ်နှ တန်းတူ အမှတ်ထားခဲ့သည်။ သူတို့ ညီအစ်ကို မောင်နှမတွေ တယောက်. အပါအဝင် ဟုလည်း သဘောထားခဲ့သည်။ သို့ပေ



လျက် ဤမိသားစုတွင် အေးရင့်ဘဝသည် အိမ်စေမကလေး အသွင် ခိုင်းဖတ် သဘောမျိုးဆက်ဆံနေကြသည်ကို မြင်ရသော အခါ သူ့ရင်ထဲက မချိ။ ဖေဖေ၊ မေမေ၊ ဖိုးဖိုး၊ ဖွားဖွား တို့က အေးရင်ကို မည်သို့ ဆက်ဆံစေကာမူ ခင်လေးနွယ်က အစ အနိမ့်ထား ဆက်ဆံသည်မျိုး ကိုကား သူ သဘော မတွေ့ခဲ့။ ဤကိစ္စနှင့်ပတ်သက်၍ သူ ညီမဖြစ်သူအားပင် မကြာ မကြာ သတိပေးခဲ့သည်။ သည်နေရာမှာ သူနှင့် ခင်လေးနွယ် ခြားနားသည်ဟု သူ မှတ်ယူခဲ့သည်။

သူ့မှာ အိမ်စေပြဿနာနှင့် ပတ်သက်လျှင် စာဖတ်သိ၊ အ ကြားသိ ရှိသည်။ ထို့ကြောင့် အေးရင်တို့လို လူတွေကို သူ ကရုဏာထားခဲ့ရင်းစွဲ ဖြစ်သည်။ ယခု အေးရင် မိမိတို့ မိသားစု အကြားတွင် နေရသော အဖြစ်ကို မြင်သောအခါ သူ ကိုယ် တွေ့ ကရုဏာထားခဲ့မိသည်။ အေးရင့် အဖြစ်ကို သိရသော အခါ သူ ပို၍ ပို၍ သနားခဲ့သည်။

ဤသည်ပင် အေးရင့်နှင့်ပတ်သက်၍ သူ့နှလုံးသား လှုပ်ခါ စေရသော အကြောင်းခံဖြစ်သည်ဟု သူ ယူဆသည်။

မှတ်မှတ်သားသား ဆိုရလျှင် လွန်ခဲ့သော တနှစ်ကျော် လောက်ကမှ စ၍ သူ အေးရင်နှင့် ပတ်သက်ပြီး စိတ်လှုပ်ရှား လာတတ်ခြင်းဟု ထင်သည်။ အစက အေးရင့်ကို သနားသည်၊ အေးရင် နေပုံ ထိုင်ပုံ လုပ်ပုံ ကိုင်ပုံကို သူ သဘောကျသည်။ အေးရင်ကို ညီမငယ်ပမာ အမှတ်ထားသည်။ လွန်ခဲ့သော နှစ်က မှ အေးရင့်အလှကို သူ ရှုမှတ် တတ်လာခဲ့သည် ထင်သည်။ အေးရင့် စကားပြောပုံကို သူ သဘောကျသည်။ အေးရင့် လှုပ် ရှားဟန်မှာ သူ ကြည်နူးတတ်သည် အေးရင့်အလှ နုမျှင်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်ကို သူ နှစ်သက်တတ်လာသည်။ ထို့ကြောင့် သူ အေးရင်ကို ကြိုက်နေပြီဟု ယူဆလိုက်သည်။

ထိုအခါ အိမ်စေကလေးနှင့် အိမ်ရှင်သား ငြိတွယ်တတ်သော အဖြစ်များကို ဝတ္ထုများမှ အသိဖြင့် သူ ဆင်ခြင်ကြည့်ပြန်သည်။ မိမိကိုယ်တိုင် အိုးချင်းထား၍ အိုးချင်း ထိသည့်သဘောလားဟုလည်း ပြန်လည် ဆင်ခြင်သည်။ မည်သို့ဖြစ်စေ သူ အေးရင်ကို ချစ်သည်ဟု ပိုင်ပိုင် ဆုံးဖြတ်ခဲ့သည်။

သို့ပေမယ့် သူ့ရင်ထဲက အကြောင်းကို သူ အေးရင်အား မပြောသင့်ဟု ယူဆသည်။ မပြောရက်တာလည်း ဖြစ်နိုင်သည်ဟု ထင်သည်။ ယခုနေ၌ သူပြောလျှင် အပေါစီးက ပြောတာမျိုး ဖြစ်မည်ဟု သူသဘောရသည်။ အေးရင်ကို သူချစ်နေပြီဟု သူ့ကိုယ်ကို သူ ယူဆကတည်းက သူ အမှန်တကယ် အေးရင်ကို လက်ထပ်ယူနိုင်သော အခါမှသာ ပြောသင့်သည်ဟုလည်း ဆုံးဖြတ်သည်။ အေးရင်ကို သူချစ်သည်မှာလည်း လက်ထပ်ယူလိုသော အချစ်မျိုးဟု မှတ်ယူထားသည်။ ထို့ကြောင့် သူ အလုပ်တခု လုပ်ရမည်။ ပြီးလျှင် သူ အေးရင်ကို လက်ထပ်ယူမည်ဟုလည်း သူ ဆုံးဖြတ်ထားသည်။

မည်သို့ ဖြစ်စေ၊ အေးရင်သည် သူ့ရင်ထဲက အကြောင်းတွေကို သိတန်သလောက် သိနေပြီဟုလည်း ယူဆသည်။ အမှန်ဆိုရလျှင် အေးရင် လူလားမမြောက်မီ သူ လူပျိုဖော်ဝင်စမှာ စတွေ့ရခြင်း ဖြစ်သည်။ သူတို့ဆက်ဆံရေးတွင် အဟန့်အတားမရှိခဲ့။ အမှန်ပဲ မောင်နှမရင်းချာတွေလို ဆက်ဆံလာခဲ့သည်ဟု သူထင်သည်။ သို့ပါလျက် သူ့စိတ်မှာ စပြီး ဆန်းပြားလာ



သည်က စ၍ အေးရင်နှင့် သူ့ဆက်ဆံရေးမှာ အလိုလို အဟန့်အတား ဖြစ်လာသည်ဟုလည်း ထင်လည်း။ သူကိုယ်တိုင်က ထိန်းချုပ်မျို့သိပ်ထားရမည်ဟူသော သိစိတ်ကြောင့် သူတို့ နှစ်ယောက် ဆက်ဆံရေးတွင် ရှေးကလောက် လက်ပွန်းတတီး မရှိတာ ဖြစ်မည်ဟုလည်း တွေးဖူးသည်၊ တကြောင်းလည်း ရှိနိုင်သည်ဟု တွေးခဲ့သည်။ အေးရင် ကိုယ်တိုင် အပျိုကြီး ဖားဖား ဖြစ်လာ၍ မိမိကိုယ်တိုင်ကလည်း လူပျိုကြီးဖားဖား ဖြစ်လာ၍ ရှေးကလို ပုတ်လား ခတ်လား ဘုရင်းတနှီး ဆက်ဆံရေးသည် အလိုလို အဟန့်အတား ဖြစ်လာခြင်းဟူ၍။ သို့ဘိုင်အောင် အေးရင်နှင့် သူ စိမ်းသွားသည်ဟူ၍ကား သူ မတွေး။ ကြည့်ပါ။ ဟိုစဉ်ကလည်း အေးရင်နှင့် သူ မျက်လုံးချင်း အကြိမ်ကြိမ်ဆုံဖူးပါ၏။ တယောက်တယောက်က တခုတ်တရ လွှဲဖယ်ပစ်ရသည် မရှိခဲ့။ ယခုကား မျက်လုံးချင်း ဆုံမိလျှင်ပင် ရင်ထဲက လှုပ်ချင်ခါချင်သည်။ အေးရင့် မျက်လုံးတွေက ပိုပြီး ရွှန်းတောက်သည် ်လဲ ထင်ရသည်။ ပြီး တယောက်တယောက်က မျက်လုံးကို ဦးစွာ လွှဲတတ်ပြန်သည်။ ဒါကို တယောက်ရင်ထဲက အကြောင်း တယောက် သိနေတာပဲဟု ကျော်ဝင်းမောင် ယူဆလိုက်သည်။

သည်တော့ ဘာပြောပြော ဖိုးဖိုးကို ပို၍ ပို၍ မကျေမနပ် ဖြစ်သည်။ စင်စစ် ကျော်ဝင်းမောင် ဖိုးဖိုးကို အစဦးကတည်းက မကျေနပ်ခြင်းဖြစ်သည်၊ ဖိုးဖိုး ဩဇာပေးတတ်လွန်းသည်ကို ကျော်ဝင်းမောင် မကြိုက်။ ဖိုးဖိုး အရာရာ စွက်ဖက်တတ်လွန်းသည် ကိုလည်း မကြိုက်။ ဖိုးဖိုး တွန့်တိုတတ်လွန်းသည် ကိုလည်း သဘော မတွေ့။ ထို့ထက် ထို့ထက် သော်ကား

www.burmeseclassic.com

www.burmeseclassic.com



အေးရင်အပေါ် ဖိုးဖိုး စိုးပိုးလွန်းသည်ကို စကတည်းက ကျော်ဝင်းမောင် သဘောမကျခဲ့။

ဖိုးဖိုးအကြောင်းကို သူ သိတန်သလောက် သိသည်ဟု ကျော်ဝင်းမောင်ထင်သည်။ ဖိုးဖိုးသည် ဘသူ့ကိုမဆို သူ့ထက် အဖက်ဖက်တွင် နိမ့်ကျသူဟု မြင်တတ်သည်၊ ဆက်ဆံတတ်သည်။ ဖိုးဖိုးသည် အမြဲတမ်း အပေါ်စီးက ဆက်ဆံတတ်သည်ဟု ကျော်ဝင်းမောင်ယူဆသည်။ သည်လို ဆက်ဆံတတ်သည့်တွင် အေးရင့်အပေါ်မှာ ပိုပြီးဖိနှိပ်ဆက်ဆံသည်ဟု သဘောရသည်။ အေးရင်ကို 'ဟဲ့ မိအေးရင်' 'ဟဲ့ ကောင်မလေး' ခေါ်သည်က အစ ကသဘောမကျ။ သည်လိုဘဲ သူ့အမေကို 'မိခင်မြိုင်' ခေါ်တာကိုလည်း သဘောမကျ။ သူ့ကို 'ဟဲ့ကောင်'ဟု သုံးနှုန်းသည်ကိုလည်း သဘောမကျ။ အေးရင်နှင့် ပတ်သက်လာသောအခါ ပိုပြီး ခံပြင်းသည်။

ခု နောက်ပိုင်း အေးရင်ကို 'သမီး သမီး' ခေါ်လာပြန်သောအခါမှာလည်း ကျော်ဝင်းမောင် သဘောမကျ။ သည်ကတည်းက သူ့ဖိုးဖိုးကို သူ သံသယ ထားခဲ့သည်။ ဘာပြောပြော အေးရင်သည် ဟိုတုန်းကလို မိန်းကလေးမဟုတ်တော့။ အေးရင် အပျိုဖြစ်လာပြီ။ သည်အရွယ်မှာ နင်းစမ်းဟဲ့၊ နှိပ်စမ်းဟဲ့ ခိုင်းသည်ကို မသင့်ဟု သူ ယူဆသည်။ မနာလိုတာ မရှုစိမ့်တာ ဖြစ်ချင် ဖြစ်နိုင်မှန်းလည်း သူ တွေးသည်။ သည် လို တွေးလျှင်လည်း မှန်သည်ဟု ကျော်ဝင်းမောင် ယူဆသည်။

စင်စစ် ဖိုးဖိုး အရွယ်မှာ သင်းချိုင်းကုန်း ခြေလှမ်းစပြုသော အရွယ်ဖြစ်သည်ကို ကျော်ဝင်းမောင် သိပါ၏။ ထို့အတူ ဖိုနှင့် မ ဖြစ်တတ် ပျက်တတ်သော သဘောကိုလည်း ကျော်ဝင်းမောင် စာသိလောက်တော့ သိပါ၏။ အတွေ့ အထိ၌ မိန်းမူးတတ်သော သဘောကိုလည်း ကြားဖူးပါ၏။ သည်လို သက်ကျားအိုနှင့် မိန်းမပျိုတို့ မှောက်မှားသည့် အဖြစ်မျိုးကိုလည်း ကြားဖူး၊ သိဖူး၊ ဖတ်ဖူးပါ၏။ ထို့ကြောင့် ဖိုးဖိုးက အေးရင်ကို သမီး၊ သမီး ခေါ်လာသည်ကို ကျော်ဝင်းမောင် မကြိုက်။ နင်းစမ်း၊ နှိပ်စမ်း ခိုင်းသည်ကိုလည်း မကြိုက်။

ခုတလောမှာမှ ဖိုးဖိုး အခြေအနေ ပိုမိုဆိုးလာသည်ဟု ထင်ပြန်သည်။ ဖိုးဖိုး အမှန်တကယ်ပင် အေးရင်အပေါ် ဖောက်လွဲဖောက်ပြန်စိတ် မွေးနေသည်ဟုလည်း ထင်လာသည်။ ထို့ကြောင့် တခါတခါတော့ ကျော်ဝင်းမောင် အရွဲ့တိုက်သည်။ ဖိုးဖိုး အကြံကို သိသည်ဟု ထုတ်မပြောရုံတမယ် စကား ပက်ပက်စက်စက် ပြောချင် ပြောချလိုက်သည်။ ဖိုးဖိုးနှင့် အေးရင့်ဆက်ဆံရေးကြားမှာ တမင် ကပြက်ယပြက် လုပ်ပစ် သည် လည်း အကြိမ်ကြိမ်။

ခုဘဲကြည့်။ နကိုကမှ သူ့မှာ ဝေဒနာစုံနှင့်။ အထူးသဖြင့် သည်တရက်နှစ်ရက်အတွင်းမှာ သူသာ မဟုတ်။ သူတို့ တမိသားလုံး ဝေဒနာစုံ ခံစားနေရသော အခြေအနေ။

ပထမကတော့ ခင်လေးနွယ်ကိစ္စကို သူ အမှန်ပဲ သူ့စိတ်ထဲ ရှိသည့်အတိုင်း မှန်သည် ထင်သည့်အတိုင်း သူ ပြောချခဲ့ခြင်းပဲဟု ယူဆသည်။ မှန်သည်။ သူ့ကိစ္စကို ကြိုတင်မှန်းဆ၍သာ မဟုတ်။ ချစ်ရေး ကြိုက်ရေးကိစ္စသည် ပုဂ္ဂလိက အရေးဟု သူ ယူဆသည်။ အရွယ်ရောက်လာသော လူငယ်တိုင်းသည် မိမိတို့ ချစ်ရေးကြိုက်ရေးကို မိမိတို့ သဘောကျ ဆုံးဖြတ်ပိုင်ခွင့်ရှိမည်ဟု သူ ခံယူထားသည်။ ထို့ကြောင့် ခင်လေးနွယ် လင့်နောက်

www.burmeseclassic.com



လိုက်သွားသည့်ကိစ္စတွင် မည်သူမျှ မစွက်ဖက်သင့်ဟု ယူဆသည်။ ပြီး ခင်လေးနွယ့်အရွယ်သည် အိမ်ထောင်ပြုနိုင်သော အရွယ်ဖြစ်သည်ဟုလည်း သဘောရသည်။ သည်အရွယ် ခင်လေးနွယ် ပညာသင်ဆဲမှာ လင်ယူသွားမွေး လုပ်သည်နှင့် ပတ်သက်၍ မသင့်ဟု ယေဘုယျ ယူဆနိုင်ကောင်း ယူဆနိုင်မည်ဖြစ်သော်လည်း ယခုလောက် ဆယ်တန်းစာမေးပွဲကို ကြိုးစားခဲ့ပြီးလည်း ဖြစ်၊ မိမိကိုယ်တိုင် ပညာသင်ယူရေးနှင့် ပတ်သက်၍ ယုံကြည်ချက် ကင်းမဲ့လာသည်လည်း ဖြစ်ရာ ခင်လေးနွယ် စာသင်ခန်းမှ ထွက်ပြီး လင့်နောက် လိုက်သွားသည်ကို မှန်သည်ဟု ကျော်ဝင်းမောင် ယူဆခဲ့ခြင်း ဖြစ်သည်။

သို့ပေမယ့် တကယ်တမ်း စဉ်းစားမိသောအခါ မေမေပူပန်သည်ကို သဘောပေါက်လာသည်။ မိမိကိုယ်တိုင် ခင်လေးနွယ် အတွက် စိုးရိမ်လာသည်။ ဘာဘဲ ဖြစ်ဖြစ် ယခုအခြေအနေ၌ မိမိ ကြားမဝင်သင့်ဟု ယူဆသည့်တိုင်အောင် ခင်လေးနွယ် ဘယ်လိုလူနှင့် လိုက်သွားသနည်း၊ ခင်လေးနွယ် မစဉ်းမစား လုပ်သွားသည်လား၊ ဖြားယောင်းသွေးဆောင် ခံရသည်လား အတွေးစုံနှင့် ပူပန်လာပြန်သည်။ ခင်လေးနွယ့်အခြေအနေကို သိချင်လာသည်။

ရှက်စိတ် မှန်စိတ်လည်း ပါမည်လား မဆိုနိုင်။ ဒေါသဖြစ်သလိုပင် ခံစားလာရပြန်သည်။ ခွင့်လွှတ်သင့်သည် ဟုလည်း တွေးသည်။ ညီမဖြစ်သူနှင့် ပတ်သက်၍ ဝေဒနာစုံ ရိုက်ခတ်ခြင်းကို ခံရသည်။ သည်တော့ ခင်လေးနွယ့်ကိစ္စကို စုံစမ်း ဖြစ်သည်။

သည်ကြားကပင် အဖေ့ပြဿနာက တမျှောင့်။ပထမတော့



အဖေ့ကို ကျော်ဝင်းမောင် စာနာကြည့်သည်။ သနားသည်။ သည့်မိသားစု တာဝန်ကို ထမ်းနေရသော အဖေ့အတွက် ကျော်ဝင်းမောင် အဖေ့ဝန်ကို တတ်စွမ်းသမျှ ထမ်းယူနိုင်ဖို့ အခါခါ တွေးဖူးသည်။ အိမ်အတွက် ပူရသော အဖေ၊ မိမိ အလုပ်ရရေးအတွက် ပူရသော အဖေ့ အဖြစ်ကို သဘော ပေါက်ခဲ့သည်။ သည်ကြားမှာပင် သမီးကိစ္စ ပေါ်လာသော အခါ အဖေ ဘယ်လောက်ပင် ဟန်ဆောင် ဟန်ဆောင်၊ မိမိ စိတ်လိုက်မာန်ပါ ပြောခဲ့သလို အဖေ ပြောခဲ့သည့်တိုင်အောင် တကယ့်တကယ်တွင် အဖေ့မှာ မိမိထက် ပို၍ပင် ခံစားရရှာ မည်ဟုလည်း ကျော်ဝင်းမောင် တွေးခဲ့ပါ၏။

ထို့ကြောင့် ပထမည အဖေ ပြန်မလာသောအခါ ခါ တိုင်းလည်း သည်လိုပင် တခါတရံ ပြန်မလာဘဲ နေခဲ့သည့် အတွေ့အကြုံအရ ယခုလည်း အဖေ စိတ်ထိခိုက်ပြီး မူးယစ် သောက်စားကာ မိတ်ဆွေတယောက်ယောက်အိမ်မှာ အိပ်နေ လိမ့်မည်ဟု တွေးခဲ့သည်။ သို့ပေမယ့် ထိုနေ့က ခင်လေးနွယ်နှင့် ပတ်သက်၍ မိမိ စုံစမ်းရသမျှကိုကား အဖေ့ဆီသို့ အကြောင်း ကြားသင့်သည်ဟု ယူဆသည်။ သို့ဖြင့် နောက်နေ့တွင် အဖေ့ ရုံးသို့ ဖုန်းဆက်ခဲ့ခြင်း ဖြစ်သည်။

သည်တော့မှ အဖေ့ပြဿနာက တမျှောင့်ဝင်လာသည်ဟု သဘောရသည်။ အဖေ ခွင့်တလယူသွားသည်၊ ရုံးမတက် ဆို သောအခါ ကျော်ဝင်းမောင် နားမလည်တော့။ အဖေ ရုံးသို့ လိုက်ရသည်။ မည်သူ့ဆီကမျှ အဖေ့အကြောင်းကို မရရေ ရာရာ မသိရ။ သည်တော့ နေ့ခင်းပိုင်းမှာ အိမ်သို့ တခေါက် ပြန်လာသေးသည်။ အဖေ အိမ်ပြန်ရောက် မရောက်စုံစမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေ့ကိစ္စ အမေ ဘာမျှ မသိဆိုသောအခါ အဖေ့အတွက် ပူပန်လာသည်။ ညီမငယ် ဘယ်မှာ ရှိသည်ကို စုံစမ်းသိရကြောင်း အမေ့ကို ပြောခြင်းဖြင့် အမေ့ကို နှစ်သိမ့်သည်။ ပြီး အဖေ့ကိစ္စ စုံစမ်းရပြန်သည်၊ ရုံးမှ ငွေချေးသွားသည်ဟု သိရသည်။ ချေးသွားသော ငွေမှာလည်း နှစ်ထောင်။

အဖေ့ပြဿနာက ပိုပြီး ရှုပ်ထွေးလာသည်။ မိန်းမတယောက်နှင့် ရှမ်းပြည်ဖက် ထွက်သွားသလိုလို သတင်းသဲ့သဲ့ ရသည်။ ကျော်ဝင်းမောင် မယုံ။ သို့ပေမယ့် အိမ်မှာ ခင်လေးနွယ် ပြဿနာ ထိပ်တက်နေစဉ် အဖေ မည်သူ့ကိုမျှ အသိမပေးပဲ ရုံးမှ ခွင့်ယူ ပျောက်ဆုံးသွားခြင်း၊ ငွေနှစ်ထောင် ချေးသွားခြင်းတို့အတွက် ကျော်ဝင်းမောင် အဖေ့ကို မျက်လာသည်။ အဖေ့ပြဿနာ စဉ်းစားမရလေလေ အဖေ့ကို ပို၍ ပို၍ မျက်ရလေလေ ဖြစ်လာသည်။ သည့်တော့ မိုးကြီးချုပ်မှ သည်ညီမကို မျက်နှာချင်းဆိုင်ရမှာ ဝန်လေးသည့်ကြားက သူ သွားမတွေ့သင့်၊ တွေ့ချင်း တွေ့လျှင် မနက်ဖြန်မှ ဖွားဖွား သို့မဟုတ် မေမေ့ကို သွားတွေ့စေမည်ဟု ဆုံးဖြတ်ထားသည့်ကြားက ထိုညီမ ရှိသည်ဆိုသော ရန်ကုန်သစ်သို့ လာခဲ့သည်။ ညီမ ရှိနေသည် ဆိုသော အိမ်ကို စုံစမ်းခဲ့သည်။ ညီမကို တွေ့ခဲ့သည်။

ညီမနှင့် ယောက်ဖကို ရုတ်တရက် ရင်ဆိုင် လိုက်ရ သော အဖြစ်ကို ကျော်ဝင်းမောင် မစဉ်းစားအား။ ညီမကိုသာ ဒေါသနှင့် ရင်ဆိုင်မည် စိတ်ကူးလာခဲ့ခြင်းဖြစ်သည်။

တကယ်တမ်း မျက်နှာချင်းဆိုင် မိသောအခါ ညီမမျက်နှာ ထိတ်ထိတ်ပျာပျာ အဖြစ်ကို ကြုံရသောအခါ ဒေါသအဟုန် သည် လျော့ကျသွားခဲ့သည် ထင်၏။ ယောက်ဖဖြစ်သူ၏ မျက်နှာကိုကားသူ မကြည့်ခဲ့၊ တဲပုတ်သာသာ အခန်းကိုကြည့်ပြီး ညီမကို သနားဖက်မိသည်လည်း ဖြစ်နိုင်၏။ ရုတ်တရက် ဘာ ပြောရမှန်းပင် အစရှာမရ။ မျက်ရည်ကလည်ကလည် ဖြစ်နေ သော ညီမမျက်နှာကိုပင် စေ့စေ့ မကြည့်ရက်ပြန်။



"နင် ဒီလို လုပ်သွားတာ ကောင်းသလား"

စကားစ ပြတ်သွားခဲ့သည်။ ညီမဆီက စကားပြန်စောင့်တာ လည်း ဖြစ်နိုင်၏။ သို့ပေမယ့် ခဏကလေး အချိန်ကပေမယ့် ပင်ပန်းလိုက်သည်မှာ အလွန်။ ရင်ထဲမှာလည်း ဒေါသက လှိုင်း ပြန်ခတ်လာသည် ထင်၏။

"အိမ်က လူကြီးတွေ ဘယ်လောက် စိတ်ပူနေတယ် ထင် သလဲ"

"လေးနွယ် ပြန်လာမှာပါ ကိုကို"

"ဘာဖြစ်ဖြစ် နင်လုပ်တာ မကောင်းဘူး" ဒိထက်လည်း မပြောတတ်ခဲ့။

"နက်ဖြန်ကျ လေးနွယ်တို့ လာခဲ့ပါမယ် ကိုကို"

သည်တုန်းကတော့လည်း "လေးနွယ်တို့" ဆိုသော အသုံး အနှုန်းကိုပင် မစဉ်းစားခဲ့။ သူ့ရှေ့ ကြာကြာနေလျှင် ဒေါသ ပေါက်ကွဲလာမည်လား ထင်လာသည်။ ဖေဖေ့ကိစ္စ ပြော လိုက်မိမှာလည်း စိုးရိမ်သည်။ ဘာဖြစ်ဖြစ်၊ ညီမ စိတ်သောက မရောက်စေချင်ပါ။ ပြီး သူ နက်ဖြန် လာမည်ဆိုလျှင် မေမေ စိတ်ချမ်းသာရမည် မဟုတ်လား။

သည်အတွေးဖြင့် ကျော်ဝင်းမောင် အိမ်သို့ ပြန်လာခဲ့ခြင်း ဖြစ်သည်။ သည်အခါ ညီမကိစ္စ စိတ်အေးရသလို ဖြစ်သည်။ အဖေ့ကိစ္စက အတွေးမှာ မွှေနှောက်ပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေ့ကိစ္စကို အမေ့အား အသိမပေးသင့်သေးဟုလည်း ယူဆသည်။ ယခု အခြေအနေတွင် မိမိ မှန်မှန်ကန်ကန် တွေးရမည်၊ မှန်မှန်ကန်ကန် ဆောင်ရွက်ရမည်၊ ညီမနှင့် ပတ်သက်၍ မိမိတာဝန် ဆုံးခန်းတိုင်ပြီ၊ မေမေတို့ဆက်၍ စီစဉ်ကြမည်၊ မိမိကိစ္စမှာ အဖေ့ပြဿနာ ဆက်လက် စုံစမ်းရမည်သာ ဖြစ်သည် စသည့် အတွေးတွေ တလမ်းလုံး ယောက်ယက်ခတ်ခဲ့သည်။ အဖေ့ကိုလည်း ဒေါသ ဖြစ်လာသည်။

တနေကုန် ပင်ပန်းနွမ်းနယ်သည်မှာလည်း အမှန်။ စိတ်နှလုံး နောက်ကျုလာခဲ့သည်မှာလည်း အမှန်။

တို့ကြောင့် အိမ်ခန်းတွင်း ရောက်ရောက်ချင်း ဧည့်ခန်းမှာ အမေ့ကို မတွေ့ရသဖြင့် မိမိအား တံခါး လာဖွင့်ပေးရင်း ဖွားဖွားက "မင်း ဘယ်တွေ ရောက်ခဲ့သေးသလဲ ကျော်ဝင်းမောင်" ဟူသော အမေးကိုပင် တုံ့ပြန်မဖြေအားပဲ မိမိအခန်းတွင်းသို့ တန်းဝင်ခဲ့သည်။

သည်မှာ ဖိုးဖိုးနှင့် အေးရင်ကို တွေ့ရတော့ တနေ့လုံး အောင့်အည်းခဲ့ရသော ဒေါသက ဝုန်းကနဲ ပေါက်ကွဲရလေတော့သည်။

အေးရင် လှစ်ကနဲ ထွက်သွားသည်ကိုပင် သတိမထားလိုက်မိ။

ထို့ကြောင့် ပင်လား မဆိုနိုင်။ ရင်ထဲမှာ ဆို့ဆို့နင့်နင့် ခံစားရပြန်သည်။

ဖိုးဖိုးကိုကား လှည့်၍ပင် မကြည့်ချင်တော့။

## — ၈ —

ဆောင်းနံနက်ခင်းသည် စောစီးစွာ နိုးထလာခဲ့လေသည်။ အတွတ်ပင်လျှင် လမ်းပေါ်တွင် ပြေးဆော့နေလေပြီ။ ကျော်ဝင်းမောင်သည် လမ်းလျှောက် ထွက်သွားရင်း အဖေ ရှိနိုင်သော နေရာဖက်သို့ ရောက်သေး၏။ သို့သော် အဖေ့ကို ယခုအထိ ရှာမတွေ့နိုင်သေး။

အဖေ အိမ်မှထွက်သွားသည်မှာ ဆယ်ရက်ကျော်ပေပြီ။ အဖေ နောက်မိန်းမယူသွားသည်ဟူသော သတင်းသည် ပျံ့နှံ့သည်ထက် ပျံ့နှံ့လာခဲ့သည်။ ခိုင်မာသည်ထက်လည်း ခိုင်မာလာခဲ့၏။ အဖေယူလိုက်သော မိန်းမသည် မိန်းမကောင်းတယောက် မဟုတ်ဟူသော အချက်မှာမူ မခိုင်မာလှသေး။

စင်စစ် ထိုသတင်းစကားတို့ကို ဦးစွာ ကြားသိလာသူမှာ မိမိသာ ဖြစ်သည်ဟု ယုံကြည်သည်။ မှန်သည် လွန်ခဲ့သော လေးငါးရက်ကပင် ကျော်ဝင်းမောင်သည် အဖေ နောက်မိန်းမယူသွားသည် ဟူသော သတင်းကို အခိုင်အမာပြုနိုင်ခဲ့၏။ ထိုမျှသာမက အဖေ့မိန်းမနေသော အိမ်ကိုပါ သူ သိခဲ့သည်။ ထိုစဉ်ကတည်းကပင် ကျော်ဝင်းမောင်သည် အဖေ့ကို ပို၍ပို၍ တွေ့ချင်ခဲ့သည်။

ထိုရက်များ အတွင်းကပင် ကျော်ဝင်းမောင်သည် သူ့အဖေ နောက်မိန်းမယူရသည့် ပြဿနာကို အပြန်ပြန် အဖန်ဖန်

www.burmeseclassic.com



တွေးကြည့်ခဲ့သည်။ အဘယ်ကြောင့် အဖေသည် သည်မိသည်ဖ သည်သားသည်သမီးတို့ကို စွန့်ခွာ၍ နောက်အိမ်ထောင် ပြုရသနည်း။ ကျော်ဝင်းမောင် သိချင်ခဲ့သည်။ ယခုလိုအိမ်ထောင် တခုလုံး အကြပ်အတည်းမျိုးစုံနှင့် ရင်ဆိုင်ရချိန် ပြဿနာတို့နှင့် ရင်ဆိုင်ရချိန် အဖေ လုပ်သွားသည်ကို နားမလည်ရုံသာမဟုတ် ဒေါသလည်း ဖြစ်ခဲ့ရသည်။ ထို့ကြောင့် အဖေ့ကို တွေ့လျှင် ပြစ်တင်စကားတွေ ဆိုချင်ခဲ့သည်။ အကြောင်းရင်းကို စုံစမ်း သိချင်ခဲ့သည်။ သို့ဖြင့် အဖေနှင့် တွေ့လျှင် ပြောမည့်စကားတွေကို စုဆောင်းခဲ့သည်။ ထိုစဉ်မှာပင် အဖေယူသော မိန်းမသည် မိန်းမကောင်း မဟုတ်ဟု သိရပြန်သောအခါ ထပ်မံ တုန်လှုပ်ရသေး၏။ ပြီးတော့မှ ဤကိစ္စမှာ အဓိကမဟုတ်ဟု ယူဆပြန်သည်။ တဆက်တည်း အဖေသည် အမှန်တကယ် မိမိတို့ကို စွန့်ခွာသွားခြင်း ဖြစ်သည်ဟုလည်း မှတ်ယူလိုက်သည်။ သို့ဖြင့် ဤအိမ်ထောင်၏ တာဝန်ကို မိမိ ထမ်းပိုးရမည် ပါကလားဟုလည်း အပြီးပိုင် ယူဆခဲ့သည်။ ထို့ကြောင့် ကျော်ဝင်းမောင်သည် အလုပ်တခု အမြန်ဆုံး ရရေးကိုလည်း အပူတပြင်း ရှာဖွေခဲ့ရ၏။ ပြီး အဖေ ယူလိုက်သော မိန်းမနေသည့် အိမ်သို့လည်း သူ ရောက်ခဲ့၏။

ထိုအချိန်အထိ ကျော်ဝင်းမောင်သည် သူ့အဖေ ယူသွားသော အမျိုးသမီး၏ အမည်ကိုလည်း မသိ။ ထိုအမျိုးသမီးနှင့် ပတ်သက်သော နောက်ခံကိုလည်း ရေရေရာရာ မသိ။ ယုတ်စွအဆုံး၊ သူ့အဖေသည် ထိုအိမ်မှ အမျိုးသမီးနှင့် အမှန်တကယ် လက်ထပ် သွားသည်ဆိုခြင်းကိုပင် အခိုင်အမာ သိသေးသည် မဟုတ်ပေ။



သို့ပါလျက် ထိုရက်မတိုင်မီ ညပိုင်းမှာ ဖိုးဖိုးသည် ကိုလွန်းမောင် နောက်အိမ်ထောင်ပြုသွားသည်ဟူသောသတင်းကို အိမ်တွင် ဖော်ထုတ်ခဲ့ပြီးဖြစ်သည်။ ပြီး သူကြားရသမျှ သတင်းစုံကိုလည်း ပြောပြခဲ့၏။ ခိုင်မာသည်၊ တိကျသည် မဆိုနိုင်သေးစေကာမူ ဖိုးဖိုးသည် သူ့အကြား သူ့အသိတွေကို ပြောပြလိုက်ခြင်း ဖြစ်သည်။

ထိုသတင်းတွေကို ကျော်ဝင်းမောင်လည်း သိပြီးဖြစ်၏။ သို့ပေမယ့် ကျော်ဝင်းမောင် အခိုင်အမာဟု မယူချင်သေး။ မိမိစိတ်က မဖြစ်စေလိုသော အဖြစ်မို့ အခိုင်အမာ မယူတာလည်း ဖြစ်နိုင်၏။ အဖေနှင့်ပတ်သက်ပြီး အဖေသည် သည်မျှ ပြုရက်နိုင်စွမ်းသည့် လူမဟုတ်ဟု ယုံကြည်ထားသောကြောင့်လည်း ဖြစ်နိုင်၏။ မည်သို့ ဖြစ်စေ၊ အဖေနှင့် မတွေ့ရသေးသမျှ၊ အဖေ့ဆီမှ အကြောင်းစုံ မသိရသေးသမျှ အဖေ့အကြောင်းကို အိမ်တွင်းမှာ မပျံ့စေချင်သေးပေ။

အထူးသဖြင့် အမေ့စိတ်ကို မထိခိုက်စေချင်ပါ။

ခင်လေးနွယ် အိမ်ပြန်ရောက်လာသော နေ့က အမေ မျက်နှာ သာခဲ့သေးသည် မှန်၏။ ခင်လေးနွယ် ပြန်သွားသောအခါ အမေ မျက်နှာ ညှိုးပြန်သည်။ အထူးသဖြင့် ခင်လေးနွယ် အိမ်ထောင်ဖက် ပြုလိုက်သော အမျိုးသားနှင့် ပတ်ဆက်၍ အမေ အလိုမကျနိုင်ခြင်း ဖြစ်သည်ကို ကျော်ဝင်းမောင် နားလည်နိုင်ပါသည်။

"ဘာဘဲ ဖြစ်ဖြစ်ပေါ့ အမေရယ်။ သူကြိုက်လို့ သူ ယူပြီဘဲ ကျနော်တို့ ဘာတတ်နိုင်မလဲ။ တခုပါ၊ သူ့အမျိုးသားဟာ သူရိုးလူကောင်း တယောက်လို့ ကျနော်တို့ သိရတာကိုဘဲ ဝမ်း

www.burmeseclassic.com

www.burmeseclassic.com



သာရမှာပါ။ အလုပ်အကိုင်တို့ ငွေဂုဏ် ပစ္စည်းဂုဏ် ပညာဂုဏ်တို့ ဆိုတာကတော့ ဒီခေတ်ကြီးမှာ သိပ်ပြီး ထည့်တွက်လို့မှ မရတာ”

ကျော်ဝင်းမောင် ဖြောင်းဖြစကား ဆိုခဲ့သေး၏။

“ဟော့ ကောင်း။ မင်းတို့ ဒါဘဲ။ မင်းတို့ခေတ်က လင်တယောက်ရတာ အဟုတ်ထင်နေတာ။ အင်း၊ ဆန်းတော့ မဆန်းပါဘူး။ ဒီ လေးနွယ်ဆိုတဲ့ ဟာမကလဲ ဆယ်တန်းရှုံး၊ သူ့လင်ကလဲ ဆယ်တန်းရှုံးဆိုတော့ လိုက်ပါတယ်။ လုပ်တဲ့အလုပ်က စာစီသမားတဲ့။ ဟင်း။ လိုက်လဲ လိုက်သကွာ။ မှဲ့ချင်တဲ့ခွေး ပြာပုံတိုးတယ်ဆိုတာ ဒါမျိုးပေါ့” ဖိုးဖိုးသည် သူ့ထုံးစံအတိုင်း မီးလောင်လေပင့် လုပ်ပြန်သည်။

အမှန်ကတော့လည်း ဖိုးဖိုးသည် ဟိုနေ့ ခင်လေးနွယ်တို့ လင်မယား လာကတည်းက မပြောသင့်သော စကားတွေကို ပြောခဲ့လေပြီ။

စင်စစ် ခင်လေးနွယ်တို့ လင်မယားသည် အမိ အဖအိမ်ကို အတီအလင်း အကြောင်းကြားသည့် သဘော လာခဲ့ကြခြင်း ဖြစ်သည်။ ပြီး ခင်လေးနွယ်မှာ လင့်နောက်လိုက်သွားသည် ဆိုစေကာမူ အဝတ်အထည်က အစ ပါသွားသည် မဟုတ်။ ထို့ကြောင့်သာ ခင်လေးနွယ်တို့ ရောက်လာခြင်း ဖြစ်သည်။ ထိုသို့လာခဲ့ရစေကာမူ ခင်လေးနွယ်တို့ နှစ်ယောက်စလုံး ခေါင်းမော့ပြီး လာခဲ့ကြသည်ကား မဟုတ်ပေ။ သူတို့အပြစ်ကို သူတို့ ဝန်ခံပြီး ဖြစ်သည့် အလား ခေါင်းငုံ့လာခဲ့ကြခြင်း ဖြစ်လေသည်။



သည်ကတည်းကပင် ဖိုးဖိုးသည် ခင်လေးနွယ်၏ အမျိုးသားအကြောင်းကို အမေ့ထက်ပင် စုံတကာ စေ့အောင် စုံစမ်းခဲ့လေသည်။ မိဖတွေက ဘယ်သူတွေလဲ၊ ဘယ်မှာနေသလဲ၊ ဘာလုပ်သလဲ စသည်ဖြင့်။

ထိုအချိန်က ခင်လေးနွယ်သည် သူ့အမျိုးသားနှင့် ပတ်သက်၍ သူ့မိခင်အား အိမ်ခန်းတွင်း၌ တိုးတိုးကျိတ်ကျိတ် ပြောနေပြီး ဖြစ်၏။ သို့ပါလျက် ဖိုးဖိုးကမူ သူ့ထုံးစံအတိုင်း ဟောင်ဒွာဖွာ လုပ်သည်။ ထိုမျှနှင့်မနေ။ ချက်ချင်း ဝေဖန်သည်။ ပြစ်တင်ရှုတ်ချစကား ဆိုသည်။

“မင်းမှာ မိဖမရှိဘူး ဆိုတော့ ဘယ်သူက တောင်းရမ်းပေးမှာလဲ” ဟူသော အမေးကိုလည်း မေးသည်။

“ရိုးတက် လက်မှတ်ထိုး ရအောင် ခင်လေးနွယ်ဟာ အုတ်ကြားမြက်ပေါက်မှ မဟုတ်ဖဲ”

“စာစီသမားဆိုတော့ မင့်အလုပ်က ကူလီသာသာ အလုပ်ပဲ”

စသည်ဖြင့် ချိုးနှိမ်သော ဖိနှိပ်သော စကားတို့ကို ဆိုခဲ့၏။

သည်တုန်းကမူ ကျော်ဝင်းမောင် အခန်းတွင်းမှနေပြီး ဖိုးဖိုးကို ဒေါသဖြစ်ခဲ့ရ၏။ ခင်လေးနွယ်တို့ ပြန်သွားမှ ညောင်ခန်းမှ ထွက်၍ အမေ့ကို နှစ်သိမ့်စကားဆိုခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း အမေ့ သဘောမတူနိုင်သည့်အဖြစ်ကို ကျော်ဝင်းမောင် သိပါသည်။ ခင်လေးနွယ့်လင်သားနှင့် ပတ်သက်၍ အမေ သဘောမတူနိုင်သလို အဖေကလည်း သဘောတူနိုင်မည် မဟုတ်

www.burmeseclassic.com



မှန်း ကျော်ဝင်းမောင် သိ၏။ ထို့အတူ ဖွားဖွားတို့ ဖိုးဖိုးတို့ မကျေနပ်နိုင်မှန်းလည်း သိ၏။

သို့ပါလျက် ခင်လေးနွယ်တို့ အိမ်မှ ဆင်းသွား၍ လမ်းထိပ်မှ ရောက်သေးပုံ မပေါ်။ ဖိုးဖိုးနှင့်ဖွားဖွားက ခင်လေးနွယ် လင်မယား ခွဲရေးကို အဓိကထား ဆွေးနွေး လာသည် ကိုကား ကျော်ဝင်းမောင် မကျေနပ်။ ထိုအချိန်အထိ အမေ့တွင် စိတ်ထိခိုက်ရသည်မှအပ ဘာမျှ အဆုံးအဖြတ် ရှိသေးဟန် မတူပေ။ ထိုကြောင့်လည်း ဧည့်ခန်းထဲသို့ ကျော်ဝင်းမောင် ရောက်လာ နှစ်သိမ့်စကား ဆိုရခြင်းဖြစ်၏။ ဖိုးဖိုးကမူ သူ့ထုံးစံအတိုင်း ချိုးနှိမ်ပြောဆိုနေခြင်း ဖြစ်သည်။

“နေစမ်းပါအုံး။ ဒီသမီး ဒီလိုဖြစ်နေတာ မောင်လွန်းမောင် တယောက်ကကော ဘယ်ရောက်နေတာတဲ့လဲ”

“မသိပါဘူး အမေရယ်။ ကျမတော့ ဘာလုပ်လို့ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး။ ဒီသမီး မိုက်တယ်၊ မိုက်တယ်။ အဲ ဘာမှမစဉ်းစားဘူး” အမှန်ပင် မခင်မြိုင် ဘာလုပ်ရမှန်း မသိ။ သမီးကို မတွေ့ရမီက စိုးရိမ်ပူပန်စိတ်ဖြင့် သောက ရောက်ခဲ့ရ၏။ ယခု တွေ့ရပြန်သော အခါမှာလည်း စိတ်ထိခိုက်ရ ပြန်သည်။ ယခု တကြိမ်တွင်ကား ဆုံးရှုံးရသည့် အတွက် ယူကျုံးမရခြင်း အလို မတူ နိုင် သဖြင့် ဒေါသ ဖြစ် ရခြင်း စသည့် ဝေဒနာ စုံ ပြွမ်းတီးနေလေပြီ။

“အေး၊ ငါ့သဘောကတော့ အလိုမတူဘဲ ဆွေးဆောင် ဖြားယောင်းတယ် ဆိုပြီး ရဲကို တိုင်တာဟာ အကောင်းဆုံးပဲ ထင်တယ်” ဦးဘအုန်းက သူ့သဘောထားကို တင်ပြသည်။

“ဒီလို လုပ်တော့ ကိုကြီးဘအုန်း မြေးက သူ့ကို ဆွေးဆောင် ဖြားယောင်းတာပါလို့ ပြောအုံးမှကို”

“ဖိုးဖိုးတို့ ဖွားဖွားတို့ ပြောနေကြပုံတွေ မဟုတ်သေးဘူး ထင်တယ်”

“ဟေ့ကောင်၊ ဒီကိစ္စမှာ မင်း ဘာမှ ဝင်ပါစရာ မလိုဘူး။ ဒါ လူကြီးတွေ အလုပ်ကွ။ မင်း ပြောရင် ဒါဘဲ။ ဒါ လူတွေကွ၊ တောင်းစုတ်ခွက်စုတ် လမ်းဘေး ရောက်တာလို ပေါ့ပေါ့ ပြောလို့ မရဘူး”

ထိုနေ့ကလည်း ခင်လေးနွယ့်ပြဿနာနှင့် ပွက်လောရိုက်ခဲ့ရပြီ ဖြစ်၏။

မခင်မြိုင် အဖို့တော့လည်း ဘာမျှ ဆုံးဖြတ်ချက် မချနိုင်။ သမီးကို တွေ့ရပြီးသောအခါ လင်သားကို အမြန်ဆုံး တွေ့ရရေးသည် အဓိကနှင့် အခြေခံ ပြဿနာ ဖြစ်လာခဲ့ပြန်သည်။

ဤအခြေအနေမျိုးတွင် ဦးဘအုန်းသည် သူ ကြားသိလာသော သတင်းကို ဆုပ်ကိုင်ကာ

“ဟေ့၊ ဒီမယ် မိခင်မြိုင်။ နင့်လင်က နောက်မယားယူသွားတယ် ဆိုပါကလား။ အေး၊ ယောကျ်ားတယောက် နောက်အိမ်ထောင်ပြုတယ်ဆိုတာ လက်ရှိ မိန်းမကို အလိုမကျနိုင်တာဟာ အဓိကအကြောင်းဘဲ” ဟောဟောဗိုင်းဗိုင်း ပြောချလိုက်ခြင်း ဖြစ်သည်။

ထိုအခါ ကျော်ဝင်းမောင် မနေနိုင်တော့။ အိမ်ရှေ့ခန်းသို့ ထွက်ခဲ့ရပြန်သည်။

“နေပါအုံး ဖိုးဖိုးရဲ့။ ဒါကို ကျနော်လဲ ကြားပါတယ်။ ဒါပေမယ့် ဘာမှ သေချာသေးတာမဟုတ်ပါဘူး”

www.burmeseclassic.com

www.burmeseclassic.com



"အိုကွာ မင်းနှယ်။ ခြေရာတွေနေမှ ဘာကောင်လဲ မေးနေရ အုံးမှာလားကွ။ ကဲ ပြောစမ်းပါအုံး မိခင်မြိုင်။ နင်တို့ ဘာတွေ ဖြစ်နေကြတာလဲ"

ဦးဘာအုန်းဆီက စကားကို ကြားလိုက်ရကတည်းက ထိတ်ထိတ်ပျာပျာ ဖြစ်သွားရသော မခင်မြိုင်အဖို့ ထူထူပူပူဖြစ်နေစဉ် ဦးဘားအုန်းထပ်ဆင့်မေးလာသောအခါ မခင်မြိုင် ဘာပြေရမည်မသိ။

"ကျ ကျ ကျမတော့ ဘာမှ မပြောတတ်တော့ဘူး ဦး"

"ဖိုးဖိုးရယ်။ ဒီစကားဟာ ဒီအချိန်မှာ မပြောသင့်သေးပါဘူးဗျာ။ ဒီမယ် ဖိုးဖိုး။ ဖိုးဖိုး ဟိုစပ်စပ် ဒီစပ်စပ် ဝင်ဝင် ပါလွန်းတာ မကောင်းဘူး။ ဒီကိစ္စ ကျနော် ရေ ဆုံး ရေ ဖျား လိုက်ပါမယ်။ သေချာတာလဲ မဟုတ်သေးဘဲနဲ့" ကျော်ဝင်းမောင်သည် အဖေ့ သတင်း ကို သိုးသိုးသန့်သန့် ကြားရကတည်းက သည်သတင်း အမေ့နား ရောက်လာမည်ကို စိုးရိမ်ခဲ့သည်။ ထိုသတင်း ကြာရှည်ဖုံးဖိထား၍ မရနိုင်မှန်း သိပါသည်။ သို့ပေမယ့် အဖေနှင့်တွေ့ပြီး အခြေအနေစုံ သိရမှသာ အမေ့နားသို့ ရောက်စေချင်သည်။ ယခုလို အဖိုးဖြစ်သူ ဟောဟော ဒိုင်းဒိုင်း ပြောလာသည်ကို မကြိုက်။

ဦးဘာအုန်းကျတော့လည်း သူ့သား နောက်မယားယူသည်ဆိုကတည်းက ချွေးမ အသုံးမကျ၍ဟု ယူဆ ပစ်လိုက်သည်။ အလားတူပင် သားကိုလည်း ဒေါသ ဖြစ်သည်။ တချိန်တည်းမှာပင် ယူသွားသော မိန်းမ၏ မြူဆွယ်နိုင် စွမ်းကိုလည်း ရွှတ်ချသည်။



"အေး၊ ငါဝင်မပါလို့ ဖြစ်မလား။ ဒီအိမ်မှာ ငါရှိနေသေးလို့ပေါ့။ မင်းတို့လို ကောင်မျိုးတွေနဲ့ချည်းဆို ငါးပါးမကဘူးဟေ့၊ သံဃာစင်ပါ မှောက်တယ်။ မင်း ဘာသိသလဲ။ မင့်အဖေအကြောင်း မင်းဘာသိတာ ရှိသလဲ။ ဒီအိမ်မှာ ဘာဖြစ်နေတယ်ဆိုတာကိုရော မင်း သိလို့လား။ ခက်တယ်၊ ခက်တယ်။ ငါ့ခပြောချင်လို့ဟေ့။ ခု ငါ မသေသေးဘူး။ ငါသေရင် နင်တို့ ဒီထက် ဖရိုဖရဲ ဖြစ်အုံးမယ်။ ဒီမယ် မိခင်မြိုင်။ အစစအရာရာ နင့် တာဝန်ချည်းဘဲ။ နင် ဘာမှ မသိဘူး။ နင်သိတာ ဈေးကြက်သွန်ဈေး၊ သားငါးဈေးဘဲ သိတယ်"

"အိုတော်။ ဒီခေတ်မှာ အိမ်ရှင်မ တယောက်အဖို့ ဒါက လွဲပြီး ဘာသိစရာလိုသေးလို့လဲ"

ဒေါ်ရွှေမယ်ကလည်း သမီးကို ထိလာတော့ မခံနိုင်။

"ဒါပေါ့။ အဲဒါတွေဘဲ သိနေလို့ ခု သမီးက လင့်နောက်လိုက်၊ လင်က နောက်မယားယူ ဆိုတာမျိုး ဖြစ်ကုန်တာ မဟုတ်လား"

"ဒီမယ် ကိုကြီးဘာအုန်း။ ကိုကြီးဘာအုန်းပြောတာ လွန်လာပြီ"

"ငါ ဘာလွန်သလဲ။ နင့်သမီး နင် မေးကြည့်စမ်းပါ"

"အို၊ ဘာမှ မေးစရာ မလိုပါဘူး။ ကျမသမီးအကြောင်း ကျမ သိတယ်။ ကျမက နောက်ကြောင်းတွေ ဘာမှ မပြောချင်လို့ နေ၁။ ခုအချိန် ခုအခါမျိုးမှာ ဘယ်အိမ်ရှင်မကမှ ကိုယ့်လင် ကိုယ့်သား ဘာကလေးကြိုက် ပါလား၊ ဘယ်လိုလေး ငယ်ချက်လိုက်မဟဲ့၊ ဘာဟဲ့ ဆိုတာမျိုးက အစ စဉ်းစား နိုင်တာ မဟုတ်ဘူး။ ဒါတွေကိုလဲ ယောကျ်ားလုပ်တဲ့ လူက နား

www.burmeseclassic.com

www.burmeseclassic.com



လည်ဘို့ လိုသေးတယ် ရှင့်။ အဲဒီတော့ ကျမသမီးကိုချည်း အပြစ်တင်နေလို့ ဖြစ်မလား။ ရှင့်သားကတော့ကော။ နှလုံးကတည်းက ။ အို ကျမ ပြောရရင် မကောင်းဘူး”

“ဘာမှ မကောင်းစရာ မလိုဘူး မယ်ရွှေမယ်။ နင်သဘောတူချည့် ဆိုပြီး ပေးစားခဲ့တာ”

“ဒါပေမယ့် ရှင့်သား မိန်းမတယောက်ခိုးသွားတဲ့အချိန်မှာ ကျုပ် မပေးစားနိုင်ဘူးလို့ ပြောသေးတယ် မဟုတ်လား”

“ဒါတွေ ဘာမှ ပြောစရာ မလိုဘူး”

“တော်ကြပါတော့ အမေတို့ရယ်။ ဘေးအိမ်နားနီးချင်းကြားလို့တောင် မကောင်းပါဘူး” မခင်မြိုင် မျက်ရည် စမ်းစမ်းနှင့် ကြားဝင်ရပြန်သည်။

ထိုအခါ ဦးဘအုန်း၏ ဒေါသသည် ဖက်ပြောင်းပြန်၏။

“မဟုတ်ပါဘူး။ ငါပြောနေတာက ဒီကောင် ခွေးလိုတိရစ္ဆာန်လို အကောင်ကို ငါ ထဲ့မပြောဘူး။ ဒီခေတ် မိန်းမတွေကိုကလဲ မိန်းမတွေဘဲ။ ယောကျာ်းမျှားဆို ငန်းငန်းတက်။ ဒါကလဲ မဆန်းဘူး။ ကြည့်စမ်း။ ဒီခွေးကောင် ယူသွားတဲ့ မိန်းမ ”

“ဒီမယ် ဖိုးဖိုး။ ကျနော် ဒီတခါ ဖိုးဖိုးကို အလေးအနက် တောင်းပန်ပါတယ်” ကျော်ဝင်းမောင်သည် အတော်ပင် စိတ်ပျက်လာသဖြင့် ကြားမဝင်တော့ပဲ ပြောစကားတွေကို နားစွင့်နေရာမှ ဦးဘအုန်း စကား ကျွံလာတော့မည်ကို သိသဖြင့် ဦးဘအုန်း ပြောနေဆဲမှာပင် ဇွတ် ကြားဖြတ်ဝင်ကာ “ဖိုးဖိုး ဘာမှ မပြောပါနဲ့အုံး။ ခု ဖိုးဖိုး သိထားတာတွေ အားလုံး ကျနော် သိပြီးသားတွေပါ”



“ဘာကွ၊ ဘာ ”

“ဟုတ်ပါတယ် ဖိုးဖိုး။ ဒီကိစ္စဟာ အားလုံး စိတ်ထိခိုက်ရမယ့် ကိစ္စ၊ စိတ်မကောင်းစရာ ကိစ္စ ဖြစ်နေလို့”

“ဟေ့ကောင်”

“ကျနော် ဖိုးဖိုးကို တောင်းပန်နေပါတယ်။ ကဲ၊ မေမေနဲ့ ဖွားဖွားတို့ အိမ်ထဲသာ ဝင်နေကြပါတော့။ ကျနော် အားလုံး စီစမ်းနေပါတယ်။ အားလုံးသေချာရင် ကျနော် ပြောပါမယ်။ ခု အထိ ဘာမှ သေချာသေးတာ မဟုတ်ပါဘူး အမေ။ ကဲ၊ ဖွားဖွား၊ အမေ့ကိုသာ ခေါ်သွားပါ။ နောက် ကျနော် အေးအေး ဆေးဆေး ပြောပါမယ်”

ယခုလောက်အထိ ဖိုးဖိုး ပြောနေသည်ကိုပင် ကျော်ဝင်းမောင် မကြိုက်။ ထိုကမှတဆင့် ဖိုးဖိုးသည် အဖေယူသွားသော မိန်းမ မိန်းမကောင်းမဟုတ်ဟု ဆိုလာမည်ကိုကား ကျော်ဝင်းမောင် မတားဘဲ မဖြစ်တော့ဟု ယူဆသည်။

သို့ဖြင့် အဖေ့ပြဿနာ အမြန်ဆုံး ဖြေရှင်းရေးကို ကျော်ဝင်းမောင် အရေးတကြီးကိစ္စအဖြစ် သဘောထားကာ နောက်တနေ့မှာပင် အဖေနှင့် ပတ်သက်သည်ဆိုသော အမျိုးသမီး၏ အခန်းသို့ လာခဲ့ခြင်းဖြစ်လေသည်။ ထိုအခန်းတွင် တွေ့ရသော အသက်ငါးဆယ်ပတ်ဝန်းကျင်ရှိမည့် အမျိုးသမီးကြီးအား သူမည်သူ မည်ဝါဖြစ်သည်ကို စတင်ပြောပြ လိုက်သည်။

“အော်၊ မောင်လွန်းမောင့် သားကိုး”

“ဟုတ်ပါတယ်”

“ထင်တော့ ထင်သားဘဲကွယ်။ ဒါပေမယ့် အဒေါ်တို့က

www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီကိစ္စတွေထဲ ကိုယ်ဝင်ပါလို့လဲ မဖြစ်ဖူး မဟုတ်လား။ ဒီတော့ ဖာသီးဖာသာဘဲ နေလိုက်တာဘဲ”

“ဟုတ်ကဲ့။ ကျနော် ” ကျော်ဝင်းမောင် ရုတ်တရက် ဘာပြောရမှန်းမသိဘဲ စကား ထစ်အနေပြန်သည်။

“အင်း။ သားက ဖအေ့ကိစ္စအတွက် လာတယ်ထင်ပါရဲ့”

“ဟုတ်ပါတယ်။ အဖေ အိမ်ပြန်မလာတာ ကြာနေတော့ အိမ်မှာလဲ စိတ်ပူကြရတာနဲ့”

“အင်း၊ အင်း။အဒေါ်တော့ ဘာမှ နားမလည်ဘူး သူငယ်ရေ့။ ဟုတ်တာပေါ့။ မောင်လွန်းမောင်ကလဲ သားကြီး မယားကြီးတွေ စိတ်ဆင်းရဲအောင် မလုပ်သင့်တာတော့လဲ အမှန်ဘဲ”

“ကျနော် သိချင်တာ တခုက ” စကားသာ စမိသည်။ ဆက်လက် စုံစမ်းရမည့်အတွက် ကျော်ဝင်းမောင် နှုတ်ရှိနေပြန်သည်။ သိချင်သည်ကား အမှန်။ အဖေ ယူသွားသော မိန်းမသည် မည်သို့သော မိန်းမစားနည်း။

ဒါကို အမျိုးသမီးကြီးသည် ရိပ်စားမိပုံ ရလေသည်။

“အေး။ သူငယ်တို့တတွေ တခု စိတ်ချမ်းသာအောင်တော့ ပြောလိုက်ပါမယ်။ အမှန်တော့လဲ အဒေါ့်တူမဟာ သူငယ့်အဖေနဲ့ ပတ်သက်လို့ သားကြီး မယားကြီးရှိတယ်ဆိုတာ သိပြီးနေမှာ ပါဘဲ။ ဒီကြားထဲက မောင်လွန်းမောင်ကို အရယူခဲ့တာတော့ မဟုတ်ဖူး။ အဒေါ့် တူမ အကြောင်း အဒေါ် သိတာပေါ့ကွယ်။ မောင်လွန်းမောင်က အဒေါ့်တူမကို လက်ထပ်ယူမယ်ဆိုတောင် အဒေါ့်တူမဟာ လက်ခံနိုင်မှာ မဟုတ်ပါဘူး။ လက်လဲ မခံပါဘူး။ အဲဒီတခုတော့ စိတ်သာချသူငယ်”



“ခင်ဗျာ” ဆိုစကားကို ကြားရပြန်သောအခါ ကျော်ဝင်းမောင် အံ့သြရလေတော့သည်။

“ခုလဲ အဒေါ့်အထင်တော့ မောင်လွန်းမောင် စိတ်ချမ်းသာအောင်သာ အဒေါ့်တူမ လိုက်သွားတာပါ။ ဒါလဲ ကြာကြာ နေလို့ မဖြစ်ပါဘူး။ မောင်လွန်းမောင်က နေချင်အုံး အဒေါ့်တူမက ဘယ်နေနိုင်မလဲ။ ဒီတော့ အလွန်ဆုံး ကြာလှလေးငါး ဆယ်ရက် ပေါ့။ အဲဒီ ကျ ရင် မောင် လွန်းမောင် သူ့အိမ် သူ ပြန်ရောက်မှာပါဘဲ။ ဒီတော့ သူငယ် စိတ်အေးအေးနဲ့သာ ပြန်သွား။ မောင်လွန်းမောင်က အဒေါ့်တူမကို တသက်လုံး ပေါင်းမယ်ဆိုတောင် အဒေါ့်တူမက မပေါင်းနိုင်ပါဘူး”

သည်တော့ စိတ်အေးရသလို ခံစားရသည်ကား မှန်၏။ ထို့ကြောင့်လည်း ထိုနေ့က အမေ့နားသို့ ကပ်၍ အဖေနှင့်ပတ်သက်၍ စိတ်မပူရန် တိုးတိုး ကျိတ်ကျိတ် ပြောခဲ့ရသေး၏။ သို့ပေမယ့် အမေသည် ကျော်ဝင်းမောင်စကားကို ကောင်းစွာ သဘောပေါက်ခဲ့ပုံကား မပေါ်။

“ကျနော် အဖေယူသွားတယ်ဆိုတဲ့ မိန်းမအိမ်ကို ရောက်ခဲ့တာပါ အမေ။ အဲဒီမိန်းမရဲ့ အဒေါ်ထင်တာဘဲ။ သူနဲ့ တွေ့ခဲ့တာပါ” သူ သိခဲ့သမျှ သတင်းကို ပြောခဲ့၏။ အမေ စိတ်ချမ်းသာ စေချင်ခဲ့၏။

သို့ပေမယ့် အမေ တကယ်တမ်း စိတ်ချမ်းသာမှု မရနိုင်သေးသည်ကိုကား ကျော်ဝင်းမောင် ရိပ်စား မိပါသည်။ သူကိုယ်တိုင်လည်း တကယ်တမ်း နားလည် သဘောပေါက်သေးသည်ကား မဟုတ်။ ထို့ကြောင့် နောက်ရက်များတွင် ထိုအခန်းသို့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ခေါက် ရောက်ခဲ့သေးသည်။ သို့ဖြင့် သူသိချင်လှသော အဖေ ယူသွားသည့် အမျိုးသမီးအကြောင်းကို သူ ပို၍ပို၍ သိလာခဲ့ရခြင်း ဖြစ်လေသည်။

ဒေါ်ခင်တင့်သည် မေသက်နှင့် ပတ်သက်သော ဝေဒနာစုံတို့ကို ရင်မှာ မျိုသိပ်ထားရသည်ဟု ယူဆသည်။ မေသက်အကြောင်းကို တွေးမိတိုင်း ရင်ထဲမှာနင့်နင့်သွားသည်ဟုလည်း ထင်သည်။ တခါတခါတော့ မေသက်အကြောင်းကို ပုံပြင်တခုလို ပြောပြလိုက်ရလျှင် သူ့ရင်ထဲက ဝေဒနာသည် ပေါ့သွားမည်ဟုလည်း အထင်ရောက်သည်။

သို့ပေမယ့် နှုတ်က ပြောမထွက်။

သည်လို ပြောမထွက်လေလေ၊ ပို၍ပို၍ ပြောချင်လေလေ ဖြစ်သည်။

စင်စစ် မေသက်သည် သူ့ကျေးဇူးရှင်။ တူမဆိုရစေကာမူ တကယ်တမ်း သွေးနီးသော တူမ မဟုတ်။ စပ်နိုင်ပါမှ လင့်ဖက်ကတော်သော တူမဖြစ်သည်။ သို့တိုင်အောင် တရင်းတနှီး ဆက်ဆံနေထိုင်ခဲ့ကြဖူးသည် မဟုတ်။ မိမိကိုယ်တိုင် မုဆိုးမဘဝနှင့် သားအမိနှစ်ယောက် နေထိုင်ခဲ့ရာမှ သားဖြစ်သူ လူသတ်ခံရပြီး အထီးကျန် ဒုက္ခရောက်နေစဉ် လွန်ခဲ့သော လေးငါးနှစ်ကမှ ပြန်လည်တွေ့ဆုံခဲ့ရခြင်း ဖြစ်သည်။

သို့ဖြင့် ဒေါ်ခင်တင့်သည် မေသက်တို့အိမ်ပေါ်သို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်က မေသက်တို့ လင်မယားမှာ ညားခါစ ဖြစ်သည်။ မေသက်က သူ့အပေါ် အဒေါ်ရင်းပမာ အားကိုးတကြီးပြုသလို မေသက်၏ခင်ပွန်းကလည်း အား



ကိုးတကြီးပြုသည်ကို တွေ့ရတော့ ဒေါ်ခင်တင့်အဖို့ မေသက်ကို ပို၍ ကျေးဇူးတင်ခဲ့ရလေသည်။ သူ ဒုက္ခပင်လယ်ဝေခဲ့ရသမျှတို့သည် မေသက်တို့ လင်မယားထံ ရောက်လာသော အခါ ကြည်နူးသာယာမှု ပြန်ရခဲ့သည်ဟု ထင်သည်။

"အေးအေး ဆေးဆေး နေပါ ဒေါ်ဒေါ်။ အိမ်အလုပ်တွေကို မေသက် အားလုံး လုပ်နိုင်ပါတယ်။ ဒေါ်ဒေါ့်ကို ခေါ်ထားတာ အိမ်အလုပ် လုပ်ဖို့ ခေါ်ထားတာမှ မဟုတ်တာ"

"ကျနော်တို့မှာကလဲ နှစ်ယောက်စလုံး မိဘ ရှိကြတာမှ မဟုတ်တော့ ဒေါ်ဒေါ်ဘဲ ကျနော်တို့ မိဘပေါ့။ အိမ်မှာ လူကြီးတယောက်ရှိတော့ ဘာ ဖြစ် ဖြစ် တင့်တယ်တာပေါ့။ ဒေါ်ဒေါ်ရယ်"

"အခါတွင်း ဒေါ်ဒေါ် ဖုန်းကြီးကျောင်းသွား ဥပုသ်စောင့်ပေါ့။ မောင်လဲ အလုပ်အားတုန်း အိမ်မှာ အဖော်မလိုပါဘူး"

သည်လို လင်မယား နှစ်ယောက်စလုံးက မိဖရင်း သဖွယ် အမှတ်ထား ဆက်ဆံသဖြင့် ဒေါ်ခင်တင့်အဖို့ သည်လင်မယားကိုပင် သားရင်း သမီးရင်း မှတ်ယူလာခဲ့သည်။

အမှန်ပင် ထိုစဉ်ကတော့လည်း မေသက်တို့ အိမ်ထောင်မှာ သာယာပျော်ရွှင်ဖွယ်အတိ ဖြစ်လေသည်။ စင်စစ် မေသက်ယောကျ်ားမှာ စက်ရုံအလုပ်သမားတဦးသာ ဖြစ်လေသည်။ ဝင်ငွေ များစားလှသည် မဟုတ်။ သည့်အတွက် ချောင်ချောင်လည်လည်ကြီး နေထိုင် စားသုံးနိုင်သည်ကား မဟုတ်။ သို့ပေမယ့် ခြိုးခြိုးခြံခြံနှင့်ပင် သည်အိမ်ထောင်တာဝန်ကို ထမ်းရွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ဒေါ်ခင်တင့် မေသက်တို့အိမ်ရောက်ခဲ့ပြီး တနှစ်ကျော်ကျော်၊ မေသက်တို့ လက်ထပ်ပြီး နှစ်နှစ်နီးပါးတွင် မေသက်တို့၏ သာယာသော အိမ်ထောင်ကလေးမှာ ပြိုကွဲ ပျက်စီးဖွယ် အကြောင်း ဖန်လာခဲ့ခြင်း ဖြစ်လေသည်။

မေသက်၏ ခင်ပွန်း ဘသောင်းကို ဒေါ်ခင်တင့် လူရိုးလူအေးတယောက်ဟု နားလည် သဘောပေါက်ထားပြီး ဖြစ်သည်။ စိတ်ကောင်းရှိသူ တယောက်ဟုလည်း ယုံကြည်ထား၏။ သည်လို လူတယောက် စက်ရုံတွင်း ပစ္စည်းများ ခိုးထုတ်မှုဖြင့် အဖမ်းခံရသည် ဆိုသောအခါ ဒေါ်ခင်တင့် လုံးဝ နားမလည်။ ယုံလည်း မယုံနိုင်။

"ဘဲ့နဲ့ တတ်နိုင်မလဲ ဒေါ်ဒေါ်ရယ်။ ကျနော် တို့မှာ အကာအကွယ် မရှိဘူး ။တခုတော့ ပြောနိုင်တာပေါ့ ဒေါ်ဒေါ်ရယ်။ ကျနော်တို့ ခိုးတာက ငတ်လို့ ခိုးတာ။ ကားတစီးကနေ နှစ်စီး စီးရအောင် ခိုးတာ မဟုတ်ဖူး။ တိုက်တလုံးကနေ နှစ်လုံး ဆောက်ရအောင် ခိုးတာ မဟုတ်ဖူး။ ထမင်း တနပ်ထဲ စားပြီး အသက်ရှင် မနေနိုင်လို့ ခိုးတာဘဲ။ ဒါတောင် ကျနော်တို့က အရိုးအရင်း ကိုက်ရတာပါ" ဘသောင်း ပြစ်ဒဏ် စီရင်ချက်ချခံရသော နေ့က ပြောခဲ့သည့် စကားတွေကို ဒေါ်ခင်တင့် အမြဲကြားယောင်နေခဲ့သည်။ ထိုနေ့က ဘသောင်း ထိုစကားကို ပြောရင်း တရှိုက်ရှိုက် ငိုနေသည့် မေသက်ဖက် လှည့်ပြောသည့် စကားတွေကိုလည်း ဒေါ်ခင်တင့် မမေ့နိုင်။

"မငိုနဲ့ မေသက်။ မငိုနဲ့။ မောင်တို့ ဘဝက ငိုနေရုံနဲ့ ပြီးတဲ့ ဘဝ မဟုတ်ဖူး။ ဟင်း " သက်ပြင်း ရှည်ကြီးကို မှုတ်ထုတ်ရင်း အံကို ကြိတ်ထားသည့် ဘသောင်း မျက်နှာကိုလည်း



ဒေါ်ခင်တင့် မေ့ဖျောက်၍မရ။ "မောင် တခုဘဲ စိတ်မကောင်းတာပါ မေသက်ရယ်။ မောင့်ကြောင့် မေသက်တို့ ဒေါ်ဒေါ်တို့ ခုလို ဒုက္ခရောက်ရောက်တာကိုဘဲ မောင် စိတ်မကောင်းတာပါ။ မောင့် အနေကတော့ ဘာ အရေးလဲ။ လုပ်မိမှတော့ ခံရမှာဘဲပေါ့။ ခံတော့ ခံပြင်းသပေါ့။ အဆီကိုစား အသားကို မျိုကြရတဲ့ အပေါ်က လူတွေ လွတ်အောင် ရှောင်နိုင်သလို၊ အကာအကွယ်တွေ ရှိနေသလို မောင်တို့လို လူတွေအဖို့ ဆောက်သမျှ ဘေးဒဏ် ပုဏ္ဏားချည်း ခံဆိုတာ အတွက် မောင် ခံပြင်းတယ်။ အမှန်ဘဲ"

ထိုစကားတွေကို မေ့၍မရသည်သာ ရှိသည်။ အဖြစ် အပျက် အလုံးစုံကိုကား ဒေါ်ခင်တင့် နားမလည်ခဲ့။ သဘောမပေါက်ခဲ့။ စက်ရုံပစ္စည်းများ ခိုးထုတ်လာသည်မှာ ကြာပြီ။ ထိုပစ္စည်း ခိုးသူများတွင် ဘသောင်း ပါသည်မှာလည်း မှန်သည်ဆိုခြင်းကိုကား ဒေါ်ခင်တင့် နားမလည်ခဲ့၊ မယုံခဲ့။

"ဒါကတော့ ဒေါ်ဒေါ်ရယ်။ ကိုယ့်အထက် လူကြီးက ခိုင်းတာလဲ ဖြစ်၊ ကိုယ့်အဖို့ ထိုက်သင့်သလောက် စားရမယ်လဲ ထင်လို့ သူ ခိုးမိတာ ဖြစ်မှာဘဲ။ ဒါပေမယ့် ဒီအမှုမှာ သူ့အထက် လူကြီး ပါတယ်ဆိုတာ ကျတော့ မယုံကြတော့ဘူး။ မောင် ဒေါသ ဖြစ်တာကလဲ ဒါပါ ဒေါ်ဒေါ်။ နောက်ပြီး ဘာပြောပြော မောင့်အနေနဲ့ ဒီလို လုပ်ရတာကလဲ အကြောင်း အမျိုးမျိုး ရှိမှာပါ။ နကိုတာမှ လခက နဲ၊ ဒီထဲ အထက် လူကြီးကိုယ်တိုင်ကပါ တာဝန်ယူမယ် ဆိုတော့ သူပါ မိတာပေါ့။ ဘဲ့နဲ့တတ်နိုင်မလဲ ဒေါ်ဒေါ်ရယ်။ မရှိဆင်းရဲသား

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာမျိုးကတော့ ဘယ်ဘက်ကဘဲ ကြည့်ကြည့် ခံကြရမှာဘဲ”

မေသက်က ရှင်းပြခဲ့ပါသေး၏။

မည်သို့ဖြစ်စေ၊ ဒေါ်ခင်တင့်သည် ဘသောင်းကို ခွင့်လွှတ်ခဲ့ပြီးဖြစ်၏။ ဤကိစ္စမှာ ဝဋ်ကိစ္စ၊ ကံကြမ္မာကိစ္စဘဲဟုသာ မှတ်ယူခဲ့လေသည်။

သည်လိုဘဲ၊ မေသက်ကိစ္စမှာလည်း ဒေါ်ခင်တင့်သည် ဝဋ်နှင့်ကံကြမ္မာကိုသာ ယိုးစွပ်ထားခဲ့ခြင်းဖြစ်သည်။

ဘသောင်း ထောင်ထဲရောက်စကတော့လည်း မေသက်ရော ဒေါ်ခင်တင့်ပါ ဘာလုပ်၍ ဘာကိုင်ပြီး စားသောက်ရမည်ပင် မသိ ဖြစ်ခဲ့သည်။

“အရင်းအနှီးကလေး အနည်းအပါး ရှိရင်တော့ ငါရင် ဈေးရောင်းပါရဲ့ မေသက်ရယ်” ဒေါ်ခင်တင့် ပြောခဲ့ပါသေးသည်။ သူ့မှာလည်း သည်ထက် ပို၍ အကြံမရှိခဲ့။

“ဖြည်းဖြည်းပေါ့ ဒေါ်ဒေါ်ရယ်။ မေသက်လဲ တခုခု လုပ်ရအောင် စိတ်ကူးနေတာဘဲ။ အရင်းအနှီးမှ ရှိရင် တော့လဲ ဒေါ်ဒေါ် ဈေးထွက်စရာ မလိုပါဘူး။ မေသက်ကိုယ်တိုင် လုပ်မှာပေါ့။ ဒီအချိန်မယ် ထောင်ထဲရောက်နေတဲ့လူ စိတ်ချမ်းသာဘို့ကလဲ ရှိသေးတယ် မဟုတ်လား”

မှန်သည်။ မေသက်သည် သူ့လင်သား စိတ်ချမ်းသာရေးကိုကား ဘယ်တော့မျှ မမေ့ခဲ့။ မကြာခင် မေသက် အရင်းအနှီးကလေးရ၍ အရောင်းအဝယ်ကလေး ဖြစ်လာပြီ ဆိုသော အခါ



“ဒေါ်ဒေါ်ရေ။ မေသက် ကနေ့ တခေါက်ပြေးလိုက်အုံးမယ်။ အဲဒါ တနင်္လာနေ့ကလဲ မောင့်ဆီသွားရမယ့်နေ့။ မေသက် ပြန်ရောက်မှာက တနင်္ဂနွေညနေမှဆိုတော့ ဈေးဝယ်ချိန်က ရမယ် မထင်ဘူး။ ဒီတော့ ဒေါ်ဒေါ်ဘဲ မောင်ကြိုက်တတ်တဲ့ ဆိတ်အူဝယ်ပြီး ချက်ထားနှင့်ပေးပါ။ ဒီအချိန် ဒူးရင်းသီး ပေါ်ဦးပေါ်ဖျား ဆိုတော့ မေသက် ဒီတခေါက်အပြန် ဒူးရင်းသီးလဲ ဝယ်ခဲ့မယ်” သူ့လင်သူ့သားအတွက် အမွန်အမြတ်ကလေးတွေ ဝယ်လာတတ်ပြီး ပို့တတ်သည်။ သူ့လင်ကြိုက်တာကလေးတွေရှာပြီး ပို့တတ်သည်။

“ဘဲ့နှဲ့တတ်နိုင်မလဲ ဒေါ်ဒေါ်ရေ။ တယောက်ကတောင် မယားကျေးမှု သားကျေးမှု အတွက် ထောင်အကျခံခဲ့ရပြီဘဲ။ မေသက်အနေကလဲ ကိုယ့်လင်ကိုယ့်သားအတွက် အရာရာ စွန့်လွှတ်ရမှာပေါ့”

သည်အထိ မေသက်ဘဝ ဘယ်အခြေဆိုက်နေပြီနည်း ဒေါ်ခင်တင့် နားမလည်။ သည်လိုဘဲ၊ အများသူတကာ မော်လမြိုင် ရန်ကုန်ခရီး ခေါက်တုံ့ ခေါက်ပြန် ပြေးဟယ် လွှားဟယ်နှင့် အရောင်းအဝယ်လုပ်နေကြသည်ကိုကား ဒေါ်ခင်တင့် နားလည်ပါ၏။ ထိုခရီး၌ အရှာအဖွေ အဖမ်းအဆီး များလှသည်ကိုကား ဒေါ်ခင်တင့် သိသည်။ ထို့ကြောင့်

“ဒေါ်ဒေါ်ဖြင့်လေ ငါ့တူမကြီး အိမ်က ထွက်သွားကတည်းက ဆုတောင်းလိုက်ရတာ။ ရှာဖွေရေးတွေနဲ့ မတွေ့ပါစေနဲ့၊ ပစ္စည်းတွေ အဖမ်းမခံရပါစေနဲ့၊ လူ အဖမ်းမခံရပါစေနဲ့ ဆိုဆိုပြီး မနက် ပန်းကပ်လဲ ဒီဆုဘဲ တောင်းရတယ်။ နေ့ဆွမ်းကပ်သဲ ဒီဆုဘဲ၊ ည ဘုရားရှိခိုးလဲ ဒီဆုဘဲ။ အင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဒီဆုချည်း တောင်းရတော့ နိဗ္ဗာန်မဂ်ဖို ရက်တိုတိုနဲ့ ရောက်ရ ပါလို၏ဖုရား ဆိုတဲ့ ဆုတောင် တောင်းဘို့ မေ့နေရော”

သည်တော့ မေသက် လှလှကလေး ပြုံးရယ်လျက်

“ဒေါ်ဒေါ်နှယ်။ လုပ်တဲ့ အလုပ်က မှောင်ခို အလုပ် ဒေါ်ဒေါ်ရဲ့။ အဲဒါဘဲ့နဲ့ ဖုရားဆီမှာ အဖမ်းမခံရပါစေနဲ့ ရှာဖွေရေးနဲ့ မတွေ့ပါစေနဲ့ ဆုတောင်းလို့ ရပါ့မလား”

“အိုအေ၊ မရှိလို့ ရှာဖွေ လုပ်ကိုင် စားသောက်ကြရမှန်း ဖုရား ကိုယ်တော်မြတ်ကြီးက သိမှာပါ”

“ဒါပေမယ့် ရှာဖွေရေးတို့ ဘာတို့က ဒါတွေ စဉ်းစားတာ မဟုတ်ဖူး ဒေါ်ဒေါ်ရေ”

“ဟင်၊ ဒါဖြင့် ဒေါ်ဒေါ်တူမလေး ”

“ဒီလိုဘဲပေါ့ ဒေါ်ဒေါ်ရယ်။ တခါတခါ လူတွေဟာ ကိုယ်မလုပ်ချင်တာတွေ လုပ်ကြရတယ်။ ကဲ၊ တခြား မကြည့် ပါနဲ့။ မောင့်ကိုဘဲ ကြည့်။ မောင်ဟာ ခိုးချင်ပါ့မလား။ မခိုး ချင်ပေမယ့် ခိုးခဲ့ရပြီ။ ထောင်ကျချင်ပါ့မလား။ ဟော၊ ခု ထောင်ထဲရောက်ရပြီ။ ဒီလိုဘဲပေါ့ ဒေါ်ဒေါ်ရယ်”

သည်အထိလည်း ဒေါ်ခင်တင့်သည် သူ့တူမ ဘယ်အခြေ ရောက်နေခဲ့သည် မသိ။

နောက်ဆုံး သည်မှောင်ခိုလောကမှာ တနှစ်ကျော် ကျင် လည်ခဲ့ပြီး မေသက် အသွားအလာ မလုပ်တော့ပဲ ဝင်ငွေကလေး ဖြိုးနေသည်အထိ ဒေါ်ခင်တင့်သည် တူမဖြစ်သူ၏ မလုပ်ချင်ပဲ လုပ်၊ မဖြစ်ချင်ပဲဖြစ်နေရသော အခြေအနေကိုကား နား မလည်ခဲ့။

“အင်း။ အဲဒါဘဲ သူငယ်ရေ။ ဒေါ်ဒေါ့်တူမကတော့ ရှင်းပြ ပါတယ်။ သူ မှောင်ခိုလုပ်တော့လဲ အရင်းအနှီးထုတ်ပေးတဲ့ လူက ငွေလဲ အမြတ်ယူ၊ လူကိုလဲ အမြတ်ယူ၊ တခါ ရှာဖွေရေးကျတော့ လဲလူကို ရင်းရပြန် ဆိုတော့ အင်း၊ သူ့အဆိုကတော့ ဘာထူး သေးလဲပေါ့။ တဖက်က ငွေလဲ ရှာပေးရ၊ လူလဲ ပေးရတာ အတူတူ လူပေးပြီး ငွေရတဲ့ အလုပ်ပဲ လုပ်ရတော့ တာဘဲတဲ့။ အမှန်ကတော့ ဒါတွေဟာ ဝဋ်ပါပဲကွယ်။ ဒို့ဖုရားသခင် ကိုယ် တော်မြတ်ကြီးတောင် ဝဋ်နဲ့ ကင်းခဲ့တာမှ မဟုတ်ဖဲကလား။ ဒေါ်ဒေါ့်ရင်ထဲကတော့ မချိဘူး ပေါ့ကွယ်။ နို့ပေမယ်လဲ ဘာတတ်နိုင်တော့မလဲ။ တခါတခါတော့ ဒေါ်ဒေါ် ပြောပါ တယ်။ ‘တူမရယ် ဒီအလုပ်နဲ့ဖြင့် ဒေါ်ဒေါ် ထမင်းမစား ပါရစေနဲ့ကွယ်’လို့။ ဒီတော့ သူ ဘာပြော တတ်တယ် ထင် သလဲ။ ဒီမယ် ဒေါ်ဒေါ်။ မေသက်တို့က ခိုးလဲမခိုးဘူး လုလဲ မလုဘူး ခေါင်းပုံလဲ ဖြတ်တာ မဟုတ်ဖူး၊ ဒါဟာ အရောင်းအ ဝယ် လုပ်ငန်းတခု သက်သက်ပဲ၊ ဒါပေမယ့် အမြတ်ကြီးစားလို့ တော့ မခေါ်နိုင်ပါဘူး ဒေါ်ဒေါ်ရယ်’တဲ့။

“အဒေါ့်ရင်ထဲမှာတော့ မချိဘူးပေါ့ကွယ်။ ဘာတတ်နိုင် မလဲ။ အဒေါ့် အဖို့ကတော့ အဒေါ့်တူမလေး ဒီဝဋ်က မြန်မြန်ကျွတ်ပါစေလို့ ဆုတောင်းရတာဘဲ။ သူတော်ကောင်း ကလေးပါကွယ်။ သူတော်ကောင်းကို နတ်ကောင်းမ [illegible]တဲ့။ အင်းပေါ့လေ၊ သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များကလဲ ကြည့်နေကြမယ် မဟုတ်ပါဘူး။ တကယ် ဂိုဏ်းကောင်းရှိတဲ့

www.burmeseclassic.com



မိန်းက လေး ပါ သူ ငယ်ရယ်။ ခု မောင်လွန်းမောင့် ကိစ္စ
သူ အဖြစ်မှန်သိရင် ဒီလောက်တောင် ကြာကြာနေမယ် မထင်
ပါဘူး။ ဘာဖြစ်ဖြစ် သူ ကြာကြာမနေပါဘူး။ သူ့ ယ
ထောင်ဝင်စာတွေဘာကြောင့်ကလဲ ရှိသေးတာကလား။ သူ ဘယ်သွ
သွား၊ ဘသူနဲ့ နေနေ သူ့လင်ကို မေ့တာ မဟုတ်ပါဘူး။
တော့ သူ ပြန်လာမှာပါ”

ကျော်ဝင်းမောင်သည် မေသက်တို့လင်မယား တူအရီး
တွေအကြောင်းကို ကြားရပြီးနောက်တွင် ထိုအိမ်ခန်းသို့ နေ
တကြိမ် သွားချင်သည်လည်း ဟုတ်၏။ သွားရမှာလည်း
လေးလာခဲ့သည်။ သူ ဒေါ်ခင်တင့်နှင့် ရင်ဆိုင်ရပြီး နောက်
ဒေါ်မပွချင်တော့။ ပထမ မေသက်ဘဝကို သူ သနားခဲ့မိသည်
ပြီး ဘသောင်းဘဝကို စာနာကြည့်သည်။ အဆုံး၌ သူ အ
လုံးကို ဒေါ်သဖြစ်ရလေတော့သည်။ သူ့ကိုယ်ကို သူပါ ဒေါ
ဖြစ်လာရသည်။ သူ့အဖေကိုကား ဒေါ်သ အဖြစ်ဆုံး။

ထို့ကြောင့် ထိုရက်များတွင် ကျော်ဝင်းမောင်သည် ဤအိ
ခန်းနားသို့ ရောက်ရုံသာ ရောက်သည်။ လှမ်းမျှော် ကြည့်သည်
သူ့အဖေ ပြန်ရောက်ပြီလား၊ မေသက် ပြန်ရောက်ပြီလား
သိချင်သည်။ သူတို့ရောက်လာမှ ထိုအခန်းသို့ သွားမည်ဟု
ဆုံးဖြတ်ထားသည်၊ သူ့အဖေအတွက် ပြောစရာ စကားတွေ
ဒေါ်သနှင့်ယှဉ်သော နာကျည်းမှုနှင့်ယှဉ်သော ခံစားမှုတွေ
အဖေ့ရှေ့မှာ ဖွင့်ဟ ချချင်သည်။

အမှန်ပင် ယခု သူ့မှာ နာကျည်းမှုတွေဒေါ်သတွေ တ
တခြား များ၍ များ၍ လာနေရပြီဟု ထင်လာခဲ့သည်။ အ
က သူတို့မိသားစု၏ ဒုက္ခကို ရောမဒုက္ခကြီးဟုထင်ခဲ့သည်။



အလုပ် ရနိုင်သည်ကို ရောမ အကျပ်အတည်းကြီးဟု ယူဆခဲ့၏။
ယခုကား ဒုက္ခတွေကို ဒုက္ခဟုသာ မြင်သည်၊ အကျပ်အတည်းကို
အကျပ် အတည်းဟု မြင်သည်၊ အကြောင်း အရင်းကို မရှာ၊
ထွက်ရပ်လမ်းကို မရှာခဲ့သည့် မိမိ အဖြစ်ကို မိမိဒေါ်သဖြစ်လာ
သည်။ သည်လိုဆို ခင်လေးနွယ်ကမှ သတ္တိရှိသေးသည် ဟုပင်
ထင်လာသည်။

ယနေ့ မနက်လည်း သူ လမ်းလျှောက်ရင်း မေသက်တို့ အခန်း
ရှေ့သို့ ရောက်ခဲ့သည်။ အရိပ်အခြည်ကို လေ့လာခဲ့သည်။
မေသက်တို့ ပြန်ရောက်သေးပုံ မပေါ်။

သို့ဖြင့် အပြန်လမ်းတွင် ယနေ့ နေ့လယ် သူငယ်ချင်း
တယောက်နှင့် တွေ့ပြီး အလုပ်တခုလုပ်ရန် ကိစ္စကို စဉ်းစား
လာရသည်။ ဘသောင်းသည် ခိုးမှုဖြင့် ထောင်ကျရပြီ၊ မေသက်
လည်း သူ့ဘဝ ရပ်တည်ရေးအတွက် ကြေးစား ဖြစ်နေရလေ
ပြီ၊ ဤလို အခြေအနေမျိုးတွင် သူ အလုပ်တခုကို ရွေးချယ်
နေသင့်သည် မထင်တော့။ အလုပ်သမားရုံးကိုချည်း လုံးဝ
အားထားနေ၍ မဖြစ်တော့ဟု ယူဆသည်။ သူ့ သူငယ်ချင်း
တစု ဆေးမှောင်ခို ရောင်းဝယ်နေသည့် အလုပ်တွင် သူ ပါဝင်
ရပေမည်။ မတတ်နိုင်တော့။ မှောင်ခိုလုပ်ငန်းသည် လုပ်အပ်
သော လုပ်ငန်း မဟုတ်သည်ကို သူ မသိမဟုတ်။ မေသက်သည်
ယနေ့ သူငွေရှာနေရသော အလုပ်ကို မကောင်းမှန်း မသိမဟုတ်။
သို့သော် မရှောင်သာသောအခါ မေသက်သည်ပင် နွံထဲရောက်
နေရသေးသည် မဟုတ်လော။ ဤအဖြစ်သည် မှန်ကန်သော
ထွက်ရပ်လမ်း မဟုတ်မှန်းကိုကား မေသက် သိနိုင်ပါ၏။ မိမိ
သည်းသိ၏။ သို့သော် အခြား ဘယ်မှာ လမ်းရှိသနည်း။

www.burmeseclassic.com



"ဟေး၊ ကိုကိုကြီး ပြန်လာပြီ။ အတွတ်လဲ ပြန်တော့မယ်" လမ်းပေါ်တွင် ကစားနေသော အတွတ်သည် ကျော်ဝင်းမောင်၏ လက်ကို ဖမ်းဆွဲပြီး သူငယ်ချင်းတွေကို နှုတ်ဆက်လိုက်သည်။

အတွတ် မြူးနေသော်လည်း ကျော်ဝင်းမောင်မှာ အတွေးမပြတ်သေး။ ထိုအခါ အတွတ်၏ ပြုံးမြူးမြူး မျက်နှာကလေးသည်ပင် မှိုင်သွားပြန်သည်။

"ကိုကိုကြီးရယ် ဖေဖေကလဲ ခုအထိ ပြန်မလာသေးဘူး" အိမ်ပေါ်အတက်တွင် အတွတ် ထိုစကားကို ပြောလိုက်မိသည်။ သည်တော့မှပင် ကျော်ဝင်းမောင်သည် အတွတ်ကို လှည့်ကြည့်မိသည်။ အတွတ် ဤမေးခွန်းကို အဘယ်ကြောင့် မေးလာသနည်း သတိပြုမိသည်။

"ပြန်လာခါနီးပါဘီ အတွတ်ရယ်"

"မမလဲ မလာပြန်ဘူးနော်"

အတွတ်၏ ဒုတိယ စကားကို ကြားရပြန်သောအခါ ကျော်ဝင်းမောင် ခင်လေးနွယ်ကို သတိရလာပြန်သည်။ သူ တလောက အိမ်ကို လာသေး၏။ အားလုံးကပင် မျက်နှာသာ မပေး၍လားမဆိုနိုင်။ သူ ထပ်မလာ။ အဖေ့ ပြဿနာကို သူ ဘာမျှ မသိပေ။

ထိုကလေး၌ အိမ်တွင်းဝေဒနာ ကူးစက်နေပြီဟု ကျော်ဝင်းမောင် ခန့်မှန်းမိသည်။

သူတို့သည် အိမ်တံခါးဝသို့ ရောက်လာသော အချိန်တွင် တခက်ခန်းမှ အတွတ်နှင့်ရွယ်တူ ကလေးငယ်သည်လည်း အခန်းဝသို့ ရောက်နေပြီး ဖြစ်သည်။



"ဟေ။ စိုးစိုးက စောစော စီးစီး ရေနံဆီ ပုလင်းနဲ့ ပါလား"

"ဟုတ်တယ် ကိုကိုကြီး။ ရေနံဆီ အဈေး ဆပ်ခိုင်း၍။ ညကတဲက ကိုကိုကြီးတို့အိမ်မှာ ရေနံဆီကုန်နေတယ် အဈေးပြန်ဆပ်ပါသို့ ညက ဖွားဖွားလာပြောလို့"

"အေးပေါ့ကွာ အေးပေါ့" ကျော်ဝင်းမောင်သည် စိုးစိုး စကားကြွယ်တတ်မှန်းသိပြီး ဖြစ်သောကြောင့် ရှေ့ဆက် စကား မကြွယ်နိုင်စေရန် တံခါးကို ခေါက်လိုက်သည်။

အိမ်ထဲသို့ ခြေလှမ်းဝင်မိသည်နှင့် ပြဿနာသစ်ကို ရင်ဆိုင်ရပြန်သည်။

—၉—

နေဦးပေါက်လာပေပြီ။ ထိုအခါ ရှက်ဟောင်းတို့ ကြွေကြလေပြီ။

သို့တိုင်အောင် ဦးဘအုန်းသည် အေးရင်ကို စွဲလမ်းသော စိတ်ကို ချေဖျက်၍ မရနိုင်သေးပေ။

စင်စစ် အေးရင်နှင့် ပတ်သက်သော မျှော်လင့်ချက်သည် အရာမထင်နိုင်သည့် သဘော ဖြစ်နိုင်သည်ကို မဆွကပင် သူ သိနိုင်ပါသည်။

ကြည့်ပါ။ အိမ့်ရှေ့ မြေပြင် သဲပုံထက်၌ ကစားနေသော အတွတ်ကိုပင် ကြည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အတွတ်သည် သဲပုံတွင် အဆန်းဆန်း အကြယ်ကြယ်သော အသွင် သဏ္ဌာန်တို့ကို ဖန်တီး ဆောက်လုပ်နေသည်။ ဝင်းထရံ သဖွယ် သဲပုံတန်းကိုလည်း လုပ်၏။ အလယ်တွင် သဲပုံအိမ်ကို လည်း ဆောက်သည်။ တနေရာမှ ယူလာသော သစ်ကိုင်းငယ် တို့ကိုလည်း ဟိုနေရာ သည်နေရာ အနှံ့ စိုက်ထိုးနေဘိသည်။

သူ ဆောက်လုပ် ဖန်တီးနေသော သဲပုံ အဆောက်အအုံ အတွက် သူ့ဖာသာ သူ ကျေနပ်နေဟန် ရှိလေသည်။

ဦးဘအုန်း၏ မျက်လုံးအစုံသည် အတွတ်၏ သဲပုံ ဆောက် လုပ်ရေး စခန်း၌ တည်နေစေကာမူ စိတ်အာရုံကမူ အဝေးသို့ လွင့်ပါး နေမိသည်။

မှန်သည်။ သူ့၌ ငွေတသောင်းကျော် အထုပ်အထည်သည် ယခုတိုင် မယိုမယွင်း ရှိသေး၏။ ဒါကို မည်သူမျှ မသိစေရ။ သို့သော် သူသည် အေးရင်ကိုကား အသိပေးရန် ကြိမ်ဖန်များ စွာ ကြိုးစားခဲ့လေသည်။

လွန်ခဲ့သော ဆောင်းရာသီသည် အလွန် အေးလှစွာ၏။ နေ့ခင်းများ၌ပင် အေးလွန်းလှဘိသည်။ ထိုအခါ ဦးဘအုန်း သည် နွေးထွေးသော အငွေ့ကို တောင်းတခဲ့၏။ ထိုနေ့ခင်း များတွင် သူ့ အခန်းတွင်း၌ ကျော်ဝင်းမောင် မရှိတတ်ပေ။ ကျော်ဝင်းမောင်သည် အဖေ့ကိစ္စ၊ သူ့ကိစ္စနှင့် မရပ်မနား အလုပ်များနေခဲ့သည်။ ဤအခြေအနေကို ဦးဘအုန်း သဘော ကျသည်။ ကျော်ဝင်းမောင်ကို မာရ်နတ်ဟု သူ အမြဲတမ်း ယူဆခဲ့သည်။ တခါတခါ သူ့ စိတ်ကူး အကြံအစည်တို့ ကျော်ဝင်းမောင် သိနှင့်နေသလားဟု ဦးဘအုန်း မလုံမ



ဖြစ်ခဲ့သည်။ ထို့အတူ ကျော်ဝင်းမောင်သည် သူ့အကြံအစည် ကို ဖျက်လို ဖျက်ဆီး လုပ်နေသည်ဟုလည်း သူထင်ခဲ့သည်။

ဘာပြောပြော ဒီကောင် အမြန်ဆုံး အလုပ်တခုရဖို့လိုသည်။ အလုပ်မရသမျှ အခန်းတွင်းအောင်းပြီး ၊ ပုံဆွဲ၊ ကဗျာ စပ်လို့ စပ်နှင့်။ ဒီကောင် ရှိနေသမျှ မိမိအဖို့ မလွတ်လပ်။ အမှန် ပင် ဦးဘအုန်းသည် ကျော်ဝင်းမောင်ကို မျက်နှာချင်း မဆိုင် ချင်။ ထို့ကြောင့်လည်း ကျော်ဝင်းမောင် ရှိနေသော အချိန် များတွင် ဦးဘအုန်းသည် အိမ်ရှေ့ဝရံတာမှာသာ အနေများ ခဲ့သည်။ ဆောင်းတွင်းမှာ တုန်းက အိမ်ရှေ့ဝရံတာမှာ နေ၍ မဖြစ်။ အေးလွန်းသည်။ ထို့ကြောင့် အခန်းတွင်းမှာ အောင်း ရသည်။ ကျော်ဝင်းမောင် မရှိသဖြင့် အဆင်ပြေသည်။

ထို့ကြောင့် အေးရင်ကို ခေါ်ပြီး အနှိပ်အနယ်ခိုင်းခွင့် ရ သည်။ ထိုအခါတိုင်း ဦးဘအုန်း၏ စိတ်တို့သည် ဖောက်ပြန်မြဲ ဖြစ်၏။ အေးသော၊ ထုံကျင်သော အသားဆိုင်တို့သည် အေးရင်၏ အတွေ့အထိနှင့်ကြုံရသော် နွေးထွေးသည်။ နိုးထ ရှင်သန်လာ သည်။ သွေးသည် လျင်မြန်စွာ လှုပ်ရှားလာသည်။ သို့ဖြင့် ဦးဘအုန်းသည် အေးရင်နှင့်ပတ်သက်၍ စိတ်လှုပ်ရှားလာရမြဲ ဖြစ်၏။

စင်စစ် ထိုစိတ်ကို ဖောက်ပြန်သောစိတ်ဟု ဦးဘအုန်း မယူ ဆခဲ့ပေ။

မှန်သည်။ သူ့တွင် အေးရင်နှင့်ပတ်သက်၍ ပိုင်းပိုင်းပြတ်ပြတ် ဆုံးဖြတ်ပြီး ဖြစ်သည်။ ယခုတိုင် အထုပ်မဖြေပဲ ထားသော၊ ငါးပြားတစေ့ မပွန်းရလေအောင် သိုသိပ်ထားသော ငွေထုပ်ကအစ အေးရင်ဖို့။ တခါတခါတော့ သူ တွေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဲစ်လေးနှယ် လင်ယူသွားခြင်း၊ သားဖြစ်သူ လွန်းမောင် နောက် မိန်းမ ယူသွားခြင်း စသည်များကို ကောင်းသည်ဟု ကို တွေး ခဲ့ဖူးသည်။ ဤအိမ်တွင် သားဖြစ်သူ မရှိသည်၏ အခြားမဲ့၌ သူ တွယ်တာစရာ ဆို၍ အေးရင်သာ ရှိတော့သည် ဟုလည်း ထင်ခဲ့ဖူးသည်။ သားမရှိသောအခါ ချွေးမနှင့် မြေးများလည်း ဤအိမ်မှ ဆင်းသွားကြပါက မည်မျှ ကောင်းပါသနည်းဟု လည်း စိတ်ကူးပေါက်ခဲ့၏။ သို့ဖြင့် ဤအိမ်တွင် သူနှင့်အေးရင် နှစ်ယောက်ထဲ ကျန်ခဲ့ပါက သူသည် သူ့ငွေထုပ်ကို အေးရင့် လက်သို့ အပ်မည်။ သို့ဖြင့် သူနှင့်အေးရင်တို့၏ နှစ်ယောက် တည်းသော လောက ကလေးတခုကို တည်ဆောက်နိုင်လိမ့်မည် ဟုလည်း မျှော်လင့်သည်။

ထို့ကြောင့်လည်း တခါတွင်

"ဟဲ့၊ အေးရင်။ ငါ့ကို ဘဘကြီး၊ ဘဘကြီးလို့ မခေါ် စမ်းနဲ့"

နှိပ်နယ်ပေးရသော အေးရင့်လက်များသည် ရုတ်ကနဲ တွန့် သွားသည်။ အဖိုးကြီးကို လှမ်းကြည့်မိသည်။ အဖိုးကြီး မျက် လုံးတွေက သူ့ကို စူးစိုက်ထားသည်။ သည်မျက်လုံးတွေကို အေးရင် မျက်လုံးချင်း မဆိုံချင်ပါ။

တကယ်ဆို အေးရင် သည်အိမ်ရောက်စ ကတည်းက ထို အဖိုးကြီး အရွယ်ကို ဘဘကြီး ခေါ်ရမည့် အရွယ်ဖြစ်၍ ဘဘ ကြီး ခေါ်ခဲ့သည်။ လေးငါးခြောက်နှစ်ပင် ကျော်လာပြီ။ အ ဆန်းမဟုတ်တော့။ ယခုမှ ဒါကို အဆန်းလုပ်လာသည့်အတွက် အေးရင် တအံ့တဩ ဖြစ်ရသေးပြီ။



"အိုး။ မိန်းခလေးနှယ်။ ဘာလို့ ရပ်ထားရပြန်တာလဲ။ ပေါင်ရင်းကို နာနာကလေး ဖိပေးစမ်းပါကွယ်" ဦးဘအုန်း လေသံမှာ မောဟိုက်နေပုံရသည်။

အေးရင် ဘာမျှ မပြော။ ခပ်နာနာ ခပ်သွက်သွက် ဖိနှိပ် လိုက်သည်။

"အား၊ အား၊အား။ ဖြည်းဖြည်းလုပ်ပါ မိန်းခလေးရယ်။ အေး၊ ဒါထက် ငါပြောတာ ကြားတယ် မဟုတ်လား"

"ဟုတ် ဟုတ် ကဲ့"

"ဒါဖြင့် မင်း ငါ့ကို ဘယ်လို ခေါ်မလဲ"

အေးရင် ဘာမျှ မပြောတတ်တော့။

"ဘဘကြီး ဘဘကြီးနဲ့ ခေါ်တာ မကောင်းဘူးကွယ့်။ ဥပမာ ဆိုပါတော့ကွယ်။ အကိုကြီး ဖြစ်ဖြစ် ပေါ့။ အဲဒီလို ခေါ်ကြည့်စမ်း"

"အို၊ ဘဘကြီးကလဲ"

"ဟော၊ ကြည့်စမ်း။ ဘဘကြီး ခေါ်ပြန်ပြီ။ ဒီမယ် အေး ရင်။ မင်းကလေး မငယ်တော့ဘူး"ဦးဘအုန်းသည် သူ့ရင်ထဲ က စကားတွေ အလွယ်တကူထွက်မလာနိုင်သည်ကို မကျေမနပ် ဖြစ်နေပြန်သည်။ ထို့ကြောင့် စိတ်ကိုတင်းပြီး "မင်း အကို ကြီးနဲ့ နေရတာ ပျော်သလား အေးရင်" ပြောကြည့်လိုက် သည်။

အေးရင်သည် အဖိုးကြီးကို တချက်ကြည့်မိ ပြန်သည်။ အလို လိုနေရင်း ရင်ထဲက ဖိုလာသည်။

"အကိုကြီးမှာလေ၊ ငွေတသောင်းရှိတယ် ဆိုတာ ဘသူမှ မပြောဘူး။ ခု အေးရင်ကို ပထမဆုံး ပြောတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အေးရင် သွားတော့မယ် ဘဘကြီး"အေးရင်သည် ကတုန်ကယင် ဖြစ်လာသော လက်တွေကို ဦးဘအုန်း၏ ပေါင်သားများပေါ်မှ ရုတ်သိမ်းလိုက်ပြီး တုန်တုန်ယင်ယင် ပြောလိုက်သည်။

"အို။ ဘာလို့ သွားရမှာလဲ။ မိန်းခလေး အကိုကြီးနားနေရတာ မပျော်ဘူးလား။ ဒီအိမ်မှာက ဟောဒီ အခန်းကလေးကလွဲလို့ ဘယ်အခန်းမှ စိတ် ချမ်းသာစရာ မရှိဘူး မိန်းခလေး ရဲ့။ မင်းကို ဆိုရင် ဟောဟို မယ်ရွှေမယ် ဆိုတဲ့ မိန်းမကြီးကလဲ သြဇာပေးဘို့ဘဲ တတ်တယ်။မဟုတ်ဖူးလား။ နှိပ်ပေးပါအုံးကွယ်။ အကိုကြီး ပေါင်တွေထဲက ကိုက်လွန်းလို့ပါ။ မိန်းခလေး နှိပ်ရင်း နားထောင်ပေါ့"

"အေးရင် အဝတ်တွေ လျှော်ရအုံးမယ် ဘဘကြီး"

"ဟော၊ ခေါ်ပြန်ပြီ ဘဘကြီး ဆိုတာ။ မခေါ်နဲ့ မခေါ်နဲ့။ ခု အကိုကြီးက အေးရင်အတွက် စကားပြောမလို့။ မိန်းခလေး နားထောင်နော်"

အေးရင့် ခန္ဓာကိုယ်သည် ကတုန်ကယင် ဖြစ်လာသည်။

ဦးဘအုန်းသည် ပက်လက်လှဲနေရာမှ ခန္ဓာကိုယ်ကို မတ်လိုက်သည်။ အေးရင်သည် အလိုလို နောက်ဆုတ်မိလျက်သား ဖြစ်သွားသည်။

"အိုး၊ ဘာဖြစ်လို့ နောက်ဆုတ်သွားရတာလဲ ခလေးမရဲ့။ ကဲ၊ ပေးစမ်း ဒီလက် ကလေးတွေ။ ဟုတ်ပါရဲ့။ မိန်းခလေးမှာ အဝတ်လျှော်ရ၊ ထမင်းချက်ရနဲ့ လက်ဖဝါးကလေးတွေတောင် ကြမ်းကုန်ပြီ။ အဲဒီ ပေါင်သားကလေးတွေကို နှိပ်စမ်းပါကွယ်" အေးရင့်လက်တွေကို ဆုပ်ကိုင်ပြီး သူ့ပေါင်သားပေါ် တင်



ပေးသည်။ အေးရင့်လက်ချောင်းကလေးတွေ တုန်တုန်ယင်ယင် ဖြစ်နေသည်ကို သတိပြုမိသည်။ ထို့အတူ မိမိလက်တွေ တုန်တုန်ခါခါ ဖြစ်နေသည်ကိုလည်း ဦးဘအုန်း သတိပြုမိ၏။ သို့ပေမယ့် ဦးဘအုန်းသည် စိတ်ကို တင်းထားသည်။ စကားပြောရတာကအစ မောနေသည်ကိုကား အံ့ားမရ။ "အကိုကြီး ငွေတသောင်း သိမ်းထားတယ်ကွယ့်"

အေးရင် ထပြေးချင်ပါပြီ။ မျက်နှာလည်း မထားတတ်တော့။

"အဲဒါ၊ မိန်းခလေးကို ပေးမလို့။ မဖြစ်ဖူး၊ ဒီအိမ်မှာ ခုလေးနှယ်ကလဲ လင်ယူသွားပြီ၊ လှန်းမောင်ဆိုတဲ့ အကောင်လဲ နောက်မိန်းမ ယူသွားပြီ။ ဒါတွေကို မိန်းခလေး သိတယ် မဟုတ်လား"

အေးရင် စိတ်ညစ်လာပေပြီ။ သည်အဖိုးကြီး ဘာတွေပြောနေသနည်း။ သည်အရွယ်နှင့် ငယ်မူပြန်နေသည်ကို ကြောက်လည်း လာသည်။

"ဟိုကောင် ကျော်ဝင်းမောင်က မရှိးဘူး။ မိန်းခလေးကို သူ ရိသဲ့သဲ့ လုပ်ချင်တယ်။ မဟုတ်ဖူးလား"

အေးရင့်လက်တွေသည် အနှိပ်အနယ်ပြုနေရစေကာမူ အေးရင့် စိတ်က အခန်းပြင်သို့ ပြေးလေပြီ။

"ဟဲ့၊ မိန်းခလေးရဲ့။ ပြောလေ။ ဘာဖြစ်လို့ တေမို လုပ်နေတာလဲ။ ဒီပါးစပ်ကလေးက စကားပြောစမ်းပါကွယ်"

"အို"အေးရင်သည် သူ့ပါးစပ်ဆီသို့ လှမ်းလာသော အဖိုးကြီးလက်ကို လွှဲဖယ် ပစ်လိုက်သည်။

"မင်း ငွေတသောင်း မလိုချင်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘဘကြီးကလဲ ဘာတွေ ပြောနေမှန်း မသိဘူး"

"ဟော၊ ခေါ်ပြန်ပြီ ဘဘကြီး"

"အေးရင် သွားတော့မယ်" ထဟန်ပြင်လိုက်သည်။

ဦးဘအုန်းက လက်ကို ဆွမ်းဆွဲသည်။

"နေပါအုံး မိန်းခလေးရယ်။ ဘာလဲ၊ မင်းကလေး အကိုကြီးနဲ့ နေရတာ မပျော်ဘူးလား"

"ဘဘကြီး ဘာတွေ ပြောနေတာလဲ" အေးရင် မောနေပေပြီ။ ကြောက်စိတ်နှင့် စက်ဆုပ်ရွံရှာစိတ်တို့သည် လှိုင်းခတ်နေလေပြီ။

"မင်းကို အကိုကြီး လက်ထပ် ယူမလို့"

"အို" အေးရင်သည် ဦးဘအုန်း ဆုပ်ကိုင်ထားသော လက်ကို ဆတ်ကနဲ ရုန်းထွက်လိုက်သည်။ ဦးဘအုန်း၏ အခြားလက်တဖက်က အေးရင့် ခန္ဓာကိုယ်ကို သိုင်းဖက်နှင့် သည်။ "အို၊ ဘဘကြီး ဘယ်လို လုပ်တာလဲ ဖယ်ပါ၊ ဖယ်ပါ"

"မဖယ် မဖယ် မဖယ်ဘူး။ ဒီ ဒီ မင်း မင်းကလေးကို အကိုကြီး အကိုကြီး"

အေးရင်သည် သူ့ခန္ဓာကိုယ်ကို အားယူပြီး အဖိုးကြီး ဖက်ထားရာမှ ရုန်းထွက်သည်။ သူ့လက်နှစ်ဖက်ဖြင့် အဖိုးကြီး ခန္ဓာကိုယ်ကို ဇွတ်တွန်းလှဲပစ်လိုက်သည်။ အဖိုးကြီး၏ ခန္ဓာကိုယ်သည် အိပ်ရာပေါ်သို့ လဲကျသွားသည်။ အေးရင် အခန်းပြင်သို့ ထွက်လာ၏။

သို့တိုင်အောင် သူ့အဖို့ လွတ်လမ်း မမြင်သေး။ ဘယ်ကို သွားရမည်နည်း။ အဖိုးကြီး နောက်က လိုက်မလာ မှန်း အေးရင် သိသည်။ လိုက်လာရဲမည် မဟုတ်သည် ကိုလည်း



အေးရင် သိသည်။ သို့ပေမယ့် အေးရင့် ခန္ဓာကိုယ်သည် ဆတ်ဆတ်ခါ နေသည်။

သည်အဖိုးကြီး စိတ်တွေ ဖောက်လွဲ ဖောက်ပြန် ပြုနေသည်ကို အေးရင်သည် ကာလ အတန်ကြာကပင် သိခဲ့သည်။ ထို့ကြောင့်လည်း အတတ်နိုင်ဆုံး ရှောင်သည်။ အနှိပ်အနယ် ခိုင်းတာက အစ အဖိုးကြီး စိတ်တွေမရိုးဖြောင့်ရုံ သက် သက် မဟုတ်။ တခါတခါ သည်အဖိုးကြီးမှာ စိတ်ညစ် စိတ်ယုတ်တွေ မွေးနေမှန်း အေးရင် သိသည်။ ထို့ကြောင့်လည်း အဖိုးကြီး၏ ဖုရားရှိခိုးသံကိုပင်လျှင် အေးရင် စက်ဆုပ်ရွံရှာ မိခဲ့သည်မှာ ကြာပေပြီ။

ထို့ကြောင့်လည်း တခါတခါတော့ အေးရင် ဤအိမ်မှ ထွက်သွားရန်ပင် စိတ်ကူးခဲ့ဖူး၏။ သို့ပေမယ့် အေးရင် ဤအိမ်မှ ခွာ၍ ဘယ်ကို ပြေးရပါမည်နည်း။

ဘဘကြီး စိတ်တွေ ဖောက်လွဲ ဖောက်ပြန် ဖြစ်လာသည်ကို သတိပြုမိသည်မှ စ၍ ဘဘကြီးအပေါ် အကြည်ညို အလေးစား ပျက်လာခဲ့သည်မှာ မှန်၏။ သို့ပေမယ့် ဤအိမ်သို့ ခေါ်လာသူမှာ သည်အဖိုးကြီးပင် ဖြစ်သည်ဟူသော အချက်ကို အေးရင် မမေ့။ ပြီး ထိုအဖိုးကြီးကို အကြောင်းပြု၍ ဤတအိမ်သားလုံးနှင့် ပတ်သက်ရသည် မဟုတ်လား။ သူ့မှာ တွယ်တာစရာဆို၍ ဤမိသားစုသာ ရှိသည် မဟုတ်လား။

သည်အိမ်မှ မနေလိုတော့ဆို၍ သူ ဘယ်သို့ပြေးရမည်နည်း။ အဖေသည် ဘယ်မှာနည်း။ ညီမနှင့် မောင်ငယ်တို့သည်လည်း ဘယ်အရပ်တွင် ရှိသနည်း။ ဒါတွေကို တွေးမိတိုင်း အေးရင် အားငယ်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တခါတခါတော့ ဘဘကြီး၏ မရိုးဖြောင့်သော စိတ်တွေ တယောက်ယောက်အား ဖွင့်ဟ အသိပေးထားဖို့ သင့်သည် ဟူသော စိတ်ကူးမျိုးလည်း ပေါ်ခဲ့ဖူးပါ၏။ သို့ပေမယ့် သူ မည်သူ့ကို ပြောပြရမည်နည်း။ မည်သူကကော ယုံပါမည်နည်း။ အကောင်အထည် ပြနိုင်သည်မှ မဟုတ်သေး။

ယခုပင်ကြည့်။ အဖိုးကြီး စိတ်ရိုင်းဝင်လာပြီ။ ဆွဲလား လွဲလား လုပ်သည်အထိ ဖောက်ပြန်လာပေပြီ။ ကဲ၊ သည်အဖြစ်ကို မည်သူ့အား ပြောရမည်နည်း။

အထူးသဖြင့် ယခုလို သည်တအိမ်လုံးမှာ ခင်လေးနွယ့် ပြဿနာ၊ အိမ်ထောင် ဦးစီး ကိုလွန်းမောင့် ပြဿနာတို့နှင့် စိတ်မကောင်း ဖြစ်နေကြချိန်တွင် သည်အဖိုးကြီး သည်မျှ ကြဲ စည်လာသည်ကို အေးရင် ပို၍ပို၍ ရွံမုန်းလာသည်။ ကြောက် လန့်လာသည်။ ဘာဖြစ်ဖြစ်၊ သူ သည်အိမ်မှ အမြန်ဆုံး ထွက် ပြေးမှ ဖြစ်တော့မည်ဟု စိတ်ကူးပေါက်လာပြန်သည်။

ထိုအခါ အတွတ် မျက်နှာသည် အေးရင့် အမြင်အာရုံမှာ ထင်လာပြန်သည်။ အတွတ်ကို တကယ်တမ်း ခွဲခွာရမည်ဆိုသော အခါ ဝမ်းနည်းလာသည်။ ပြီး ကျော်ဝင်းမောင့် ရုပ်သွင်က လည်း အမြင်အရုံမှာ ပေါ်လာပြန်သည်။

အကိုလေး ကျော်ဝင်းမောင် သူ့ကို ချစ်နေလေသလားဟု အေးရင် မကြာ မကြာ တွေးဖူးပါ၏။ ထိုအတွေးဖြင့်လည်း အေးရင် ရင်ခုန်ဖူးပါ၏။ ပြီး အကိုလေးကျော်ဝင်းမောင်ကိုပင် အားထားစရာ အဖြစ်လည်း တွေးကြည့်ခဲ့ဖူးပါ၏။ ပြီးတော့ လည်း ထိုအတွေးအားလုံးသည် စိတ်လှုပ်ရှားမှု သက်သက်တွေပဲ ဟု ယူဆပစ်လိုက်ရသောအခါ အေးရင်ပဲ ဝမ်းနည်းရသည်။ မှန်



သည်။ အကိုလေးကျော်ဝင်းမောင့် မျက်လုံးတွေသည် သူ့ ရင်ကို ခုန်စေသည်မှာ မှန်ပါ၏။ ဒါ မိမိကိုယ်က အကဲဆတ် လွန်းနေတာ ဖြစ်မည်ဟု တွေးမိပြန်သောအခါ ရှက်ပြန်သည်။ ဝမ်းနည်းပြန်သည်။

စင်စစ် သည်တမိသားစုလုံး ပြဿနာ၊ သည်တအိမ်ထောင် လုံး အရေးကိစ္စတွေကို အေးရင် စေ့စေ့ငငမဟုတ်သည့်တိုင် အောင် သာမန်အားဖြင့် နားလည်ခဲ့သည်။ အထူးသဖြင့် ဤ မိသားစုအတွင်း စီးပွားရေး အခက်အခဲ ပေါ်လာသည် လွန်ခဲ့ သည့်နှစ်ပိုင်း အခြေအနေကအစ အေးရင် သိသည်။

အေးရင်အတွက် လခအဖြစ် ဟိုစဉ်က ငွေပေး ခဲ့သည်။ အေးရင် အိမ်ကို ထောက်ပံ့နိုင်ခဲ့သည်။ အေးရင်အိမ်နှင့် အဆက် ပြတ်သွားသောအခါ အေးရင်အတွက် လခဆိုကာ ဒေါ်ရွှေမယ် ကပင် သတ်မှတ် စုဆောင်းပေးခဲ့သည်။ ငွေ အတော်အတန်စုမိ လျှင် နားကပ်ကလေးအစ၊ လက်ကောက်ကလေးအစ၊ ဆွဲကြိုး ကလေးအစ ရွှေထည်ကလေးတွေ ဝယ်ပေးခဲ့သည်။လွန်ခဲ့သော နှစ်ပိုင်းကမူ "ညည်း အတွက် လခကို မှတ်ထားနော်။ မေမေ ကြီးဆီမှာ ရှိတယ်။ နောက်တော့ မေမေကြီး ညည်းဘို့ တခုခု ဝယ်ပေးမှာပေါ့" ဟုသာ ဆိုလာခဲ့သည်။ ငွေလည်းမရ။ ဟို ယခင်နှစ်များကလို ရွှေထည်လည်းမရ။ သည့်အတွက် အေးရင် မည်သို့မျှ မခံစားခဲ့ရ။ သူ့ကိုယ် သူ သည်မိသားစု အတွင်းက လူတယောက်ဟုသာ ယူဆထားခဲ့သည်။ သည့်နောက် "အေးရင် ရေ။ ညည်းလက်ကောက်ကလေး တရုံဟာ ဝတ်တာလဲ မဟုတ် ဖူး။ ဒီတော့ မေမေကြီးတို့မလဲ ကျပ်တည်းတုန်း ခဏ ပေးပါ ကွယ်။ မေမေကြီး ချောင်လည်တော့ ပြန်ရွေးပေးမယ်" ဆိုလာ

www.burmeseclassic.com

www.burmeseclassic.com



သောအခါမှာလည်း အေးရင် လက်မနှေးခဲ့။ သို့ဖြင့် အေးရင် လက်ကောက်ကလေး တစုံနှင့် ဆွဲကြိုးကလေးတကုံးပင် ယခု အခါ ဘယ်ဆီသို့ ရောက်နေပြီနည်း မသိနိုင်။ နားကပ်ကလေး တော့ နားမှာရှိသေးသည်။ သည့်အတွက်လည်း အေးရင် မည် သို့မျှ မခံစားမိ။ နောက်ဆုံး သည်မိသားစုတွင်း စီးပွားရေး ပို၍ ပို၍ ဆိုးလာသည်ကို သိသောအခါ အေးရင်သည် သူ့အ တွက် လစာကိုပင် မမျှော်လင့်ခဲ့တော့။

ယခုကား ပြဿနာတို့သည် ပို၍ ပို၍ ရှုပ်ထွေးလာလေပြီ။ ခင်လေးနှင့်ယှဉ် ပြဿနာ၊ အကိုကြီး ကိုလွန်းမောင့် ပြဿနာ။ ထားပါ၊ ဒီပြဿနာတွေကြားမှာ အေးရင် ဖာသီးဖာသာ နေ မည်ဆို ဖြစ်နိုင်ပါ၏။ ယခုမူ အဖိုးကြီး ပြဿနာကပါ ဝင်စွက် လာပေပြီ။ ထို့ကြောင့်လည်း အေးရင် သည်အိမ်မှ ထွက်ခွာဖို့ ကြံစည်လာရတော့သည်။ လမ်းစ ရှာရတော့သည်။

မျက်နှာချင်း ဆိုင် တိုက်က သူ့လို မိန်းကလေးမျိုးဆီမှ လမ်းစ တွေ့ဖူးပါ၏။ ထိုမိန်းကလေးမှာ ကလေးထိန်းရှိသက် သက် ခြောက်ဆယ်ရသည် ဆို၏။ သူတို့ကို အလုံဖက်ရှိ တာဝန် ယူပေးသော အမျိုးသမီးကြီး တဦးက တဆင့် တာဝန်ယူပြီး နေရာချထားပေးသည် ဆို၏။ ဒါကို အေးရင် စိတ်ဝင်စားလာ သည်။

သည်အတွင်း အဖိုးကြီးပြဿနာက ဆင့်ကဲဆင့်ကဲ ဖြစ်လာ သည်။ ထို့ကြောင့် အေးရင် ဤအိမ်မှ စွန့်ခွာရေးကို ဆုံး ဖြတ်ရသည်။

သို့ပေမယ့် အေးရင် ဇွတ်တရက် မစွန့်ခွာရက်။ အထူးသဖြင့် ပြဿနာတွေ ရှုပ်ထွေးချိန်မှာ သူ မစွန့်ခွာသင့်ဟု ယူဆသည်။



စွန့်ခွာရမည်ကိုလည်း ဝန်လေးသည်။ အကြောင်းပြစရာလည်း ရှာမရ။

မတတ်နိုင်တော့။ အေးရင်သည် အိမ်မှာ ဆက်နေ၍ မဖြစ်။ အဓိကမှာ အဖိုးကြီး ပြဿနာ။ သို့ပေမယ့် ဒါကို ထုတ်ပြောဖို့ မသင့်ဟုလည်း ယူဆသည်။

ထို့ကြောင့်လည်း ထိုအိမ်ထောင်စုတွင် ပြဿနာစုံနှင့် ရင် ဆိုင်ရစဥ်မှာပင် အေးရင့် ပြဿနာ ပေါ်ပေါက်လာခဲ့သည်ကို မည်သူမျှ နားမလည်နိုင်။ ခြွင်းချက်ကား ရှိပါ၏။ ဦးဘအုန်း။

ယခု အေးရင် ဤအိမ်မှ ဆင်းသွားသည်မှာ နှစ်လကျော် ပေပြီ။

"ဘဲ့နှဲ့ တတ်နိုင်မလဲ။ ဒို့ကလဲ သူ့ ကို လခမပေးနိုင်။ ဒီထဲ သူ့ဝယ်ပေးထားတဲ့ ရွှေထည်ကလေးတွေတောင် ဒို့က ယူပေါင်ထားရတယ် မဟုတ်လား။ အင်း။ သူ ဒို့အိမ်ကို စွန့် ခွာချင်မယ်ဆိုလဲ စွန့်ခွာချင်မှာဘဲ လေ။ ဒါပေမယ့် ဒီမှာ စိတ် မကောင်းစရာတွေ ဖြစ်နေတုန်း သူ နှုတ်လို ဘာမပြော ညာ မပြော ဆင်းသွားတာ အတွက်တော့ စိတ်မကောင်းဘူးပေါ့" ဒေါ်ရွှေမယ်၏ အယူအဆ။

"ငါကတော့ ညည်းကို ကျေးစွပ်တာဘဲလို့ မပြောချင် ပါဘူး။ ဒို့မှာကလွဲ မတတ်နိုင်ရှာတော့ဘဲကို။ အေးပေါ့လေ။ ညည်းမှ မနေချင်တာ ဒို့က ဇွတ်တားလို့တော့ ဘယ်ရမလဲ။ ဒါပေမယ့် ဒီမှာကတော့ ညည်းနဲ့ ပတ်သက်လို့ တာဝန်ရှိ တယ်။ ဘာဖြစ်လို့လဲဆိုတော့ ညည်းအဖေ့ဆီက ဒို့ခေါ် လာခဲ့တာ မဟုတ်လား" မခင်မြိုင် အဖို့တော့လည်း သည့်ထက် ပို၍ ဘာမျှ မပြောတတ်။

www.burmeseclassic.com



အေးရင် အိမ်မှ ဆင်းတော့မည်ဟူသော အဖြစ်ကို ရုတ်တရက် ကြုံလိုက်ရသော ကျော်ဝင်းမောင်လည်း ဘာမျှ နားမလည်နိုင်ခဲ့။

"နေပါအုံး အေးရင်ရာ။ နင် ဒီမှာ မနေတော့ဘူးဆိုတော့ ဘယ်မှာ သွားနေမှာလဲ"

တချိန်လုံး ငိုလို့ချည်း နေသော အေးရင်သည် ရုတ်တရက် ရောက်လာသော ကျော်ဝင်းမောင်ကို လှမ်းကြည့်မိသေးသည်။

"ဘာလဲ ဟင်၊ ဘာလဲ။ မမအေးရင် ဘာဖြစ်လဲဟင်" အတွက်သည် အခြေအနေကို ဘာမျှ မသိသေး။ သူ့မမအေးရင် ယခုပင် ဤအိမ်မှ ဆင်းတော့မည် ဆိုသောအခါ အတွက်သည် အေးရင်ကို ဖက်၍ ဖက်၍ ငိုခဲ့သေးသည်။

အဖိုးကြီးကမူ အေးရင် အဘယ်ကြောင့် ဤအိမ်ကို စွန့်ခွာရန် ဆုံးဖြတ်ပြီး ဖြစ်ရသည်ကို သိပြီး ဖြစ်၏။ ထို့ကြောင့် အစပိုင်းတွင်

"မဟုတ်တာဘဲ မိန်းခလေးနှယ်။ ဘာဖြစ်လို့ တခြားသွားရမှာလဲ" ပြောခဲ့သည်။ အမှန်တကယ် ဤအိမ်မှ ဆင်းတော့မည် ဆိုသောအခါ

"ဘယ်ဖြစ်ပါ့မလဲ။ နင့်ကို ငါ တာဝန်ယူပြီးခေါ်လာတာ နင် ဆင်းချင်တိုင်း ဆင်းလို့ ဖြစ်မလား" အကြပ်ကိုင်ခဲ့သေး၏။

သည်ကြားကပင် အေးရင် ဤအိမ်မှ ဇွတ်ဆင်းသွားခဲ့ခြင်း ဖြစ်လေသည်။ အေးရင့်အဖြစ်ကို မည်သူမျှ နားမလည်နိုင်ခဲ့။

ယခု အေးရင် ဤအိမ်မှ ဆင်းသွားသည်မှာ နှစ်လကျော်ပေပြီ။



ဦးဘအုန်း စိတ်တွေသည် အေးရင့်ဆီသို့သာ လွင့်ပါးနေ၏။ အေးရင့်နောက်ကို လိုက်ပြီး အေးရင်ကို တောင်းပန်ရမည်လား စိတ်ကူး ပေါက်သေးသည်။ လွန်ခဲ့သော တလက အေးရင် ဤအိမ်သို့ အလည်လာသေးသည်။

ထိုအချိန်၌ ဤမိသားစုတွင်း၌ ပြဿနာအချို့ ဖြေရှင်းစပြုလာပြီဟု ယူဆရသည်။

မှန်သည်။ မေသက်နှင့်အတူ ပေါင်းသင်းနေထိုင်တော့အံ့ ဟူသော ဆုံးဖြတ်ချက်ဖြင့် အိမ်မှ ဆင်းသွားသော ကိုလွန်းမောင်၏ စိတ်ကူးများသည် အစကတည်းက ကြည်လင်ပြတ်သားခဲ့သည်ကား မဟုတ်။

အစကတော့လည်း သူသည် ရုံးမှ ငွေနှစ်ထောင်ကို ချေးပြီး မေသက်နှင့်အတူ သူ့ဘဝကို ဖျောက်နေလိုက်တော့မည်၊ ဤနည်းဖြင့် ဒေါက်တာ အောင်ကျော်ဦး ဇာတ်လမ်း ခင်းမည်ဟု ဆုံးဖြတ်ခဲ့သည်။ ရုပ်ရှင်ဇာတ်လမ်းကို သူ တကယ့်ဖြစ်ရပ်အဖြစ် ဖန်တီးမည်ဟုလည်း စိတ်ကူးခဲ့၏။ သို့ပေမယ့် တကယ့်တကယ် မိမိကိုယ်ကို လောကကြီးမှ ပျောက်ကွယ်သွားအောင် လုပ်ဖို့ကိစ္စက အစ မလွယ်မှန်း သိလာ၏။

သို့ပေမယ့် သည်အထိလည်း သူ့အဖို့ အရေးကြီးသည်ဟု မထင်။ သူ အိမ်ကို စွန့်ခွာခဲ့ပြီ။ မေသက်နှင့်အတူ သူတို့သည် လက်ထပ်ပြီးစ ချစ်သူတွေလို ပျားရည်ဆမ်း ခရီး ထွက်ခဲ့ပြီ။ မေသက် ရင်ခွင်၌ သူ အလုံးစုံ မေ့ပျောက်နိုင်သည်ဟု သူ ထင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် သူတို့သည် အလွန်ချမ်းအေးသော ရာသီတွင် ဗေလော်မြို့ကလေးသို့ ရောက်ခဲ့ကြခြင်း ဖြစ်သည်။ တခါတခါ သူ့စိတ်အာရုံတွင်းသို့ သူ့မိသားစု ကိစ္စတွေ ဝင်လာတတ်သည်ကား မှန်၏။ သို့ပေမယ့် သူ ကြိုးစားပြီး မေ့ပစ်သည်သာ။

"နေပါအုံး အကိုကြီးရယ်။ ခု အကိုကြီး ဇွတ်ခေါ်လာလို့ အကိုကြီး စိတ်ချမ်းသာပါစေဆိုပြီး မေသက် လိုက်လာတာနော်။ ဒါပေမယ့် မေသက်စိတ်ထဲမှာ မရှင်းတာတွေအားကြီး"

စင်စစ် ကိုလွန်းမောင်၏ အခြေအနေ၊ ကိုလွန်းမောင့် ဘဝ၊ ကိုလွန်းမောင့် အဖြစ်အပျက်တွေကို မေသက် အလုံးစုံ သိထားသည်ကား မဟုတ်။ ဒါသည် သူ့အလုပ်ဟုလည်း မေသက် မယူဆ။ မေသက်သည် သူ့ဘဝကို သူ နားလည်ပြီး ဖြစ်သည်။ သူ့အခြေအနေကို သူ လက်မခံနိုင်ခဲ့စေကာမူ သူ နားလည်နိုင်အောင်လည်း ကြိုးစားခဲ့၏။ သူ့အခြေအနေကိုက သူ့ကိုယ်သူနှင့် ထောင်တွင်းရောက်နေသော သူ့လင်သား အခြေအနေမှအပ ဘာကိုမျှ နားလည်စရာမလိုဟု သူ ယူဆထားသည်မှန်သည်။ သူ့အခြေအနေ၊ သူ့ဘဝတွင် ယောကျ်ား တယောက်နှင့် ဆက်ဆံရာ၌ ထိုယောကျ်ား၏ နောက်ခံကို သူ နားလည်စရာ မလို။ ထို့ကြောင့် ကိုလွန်းမောင့်အကြောင်းကိုလည်း သူ နားလည်စရာ မလိုဟု ယူဆခဲ့၏။

ပထမကတော့လည်း သူသည် ကိုလွန်းမောင်ကို သာမန် ကျေးဇူးတုံ့ပြန်မှု သဘောဖြင့် ကျေးဇူးဆပ်ခဲ့သည်ဟု သဘော ထားသည်။ သည်ကြားကပင် ကိုလွန်းမောင် သူ့ကို စွဲငြိလာသည်ဟု ထင်၏။ ဒါတောင် မေသက်စိတ်က သာမန်ယောကျ်ား တယောက်၏ တပ်မက်သော သဘောဘဲဟု ယူဆထားခဲ့သည်။



သို့ကြောင့် ကိုလွန်းမောင်ကိုလည်း တခြားယောကျ်ားတွေလိုပင် မေသက် သဘောထားခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့်လည်း

"အကိုကြီး မေသက်ကို လက်ထပ်ပါရစေလားကွယ်" ဟု စကားဆိုလာသောအခါ

"ဟော၊ ဟော၊ အကိုကြီး ဖောက်လာပြီ" ပြက်ရယ်ပြုခဲ့သေး၏။

"တကယ်ပြောတာ မေသက်။ အကိုကြီးလေ၊ မေသက်ဘဝကို ကယ်တင်ချင်တယ်"

"ကြားဖူးလှပါပြီ အကိုကြီးရယ်။ တကယ်က မေသက်ကသာ လူတွေရဲ့ဘဝကို ကယ်တင်ခဲ့ရတာပါ။ မေသက်ကို ကယ်တင်နိုင်တယ်ဆိုတဲ့ လူမျိုး မရှိခဲ့ဘူးပါဘူး"

"ဒါပေမယ့် အကိုကြီးမေသက်ကို ကယ်တင်မယ်။ အကိုကြီး မေသက်ကို ယူမယ်။ တကယ်ကို လက်ထပ်ယူမယ်"

"တော်ကြာနေ၊ အိမ်က အမျိုးသမီးလိုက်လာလို့ မေသက် ပြေးပေါက်တွေ မှားနေပါအုံးမယ် အကိုကြီးရယ်"

ပြောမည့်သာ ပြောရသည်။ မေသက် ဒီလောက်တော့ သိပါသည်။ ဘာ ဖြစ်ဖြစ် ကိုလွန်းမောင်တို့လို အရွယ် ကိုလွန်းမောင်တို့လို လူတွေမှာ သူငယ် နှပ်စား အပျော်သမားတွေမဟုတ်၊ ကိုယ့်သား ကိုယ့်မယားနှင့် လူတွေ ဖြစ်ရမည်၊ မယားနှင့် အလိုမကျ၍ သို့မဟုတ် အလိုမပြည့်၍သာ မိမိဆီ ရောက်လာခြင်း ဖြစ်ရမည်၊ ယခုပြောနေသည်တို့မှာ သာမန်အပျော်ယံ စကားတွေသာ ဖြစ်သည် ဟူသော အချက်လောက် ကိုတော့ မေသက် ခန့်မှန်းနိုင်ပြီး ဖြစ်သည်။

www.burmeseclassic.com



သည့်ကြားကပင်

"မေသက်နဲ့ အကိုကြီးတို့ တနေရာရာကို ခရီးထွက်စို့လား ကွယ်" ဆိုလာသောအခါမှာလည်း မေသက် အလေးအနက် မထားခဲ့။

"အမယ်လေး အကိုကြီးရယ်။ မေသက်တို့က ညားခါစ လင်မယားမှ မဟုတ်တာ ဘာဆိုင်လို့ ခရီးထွက်ရမှာလဲ"

"ဘာဆိုင်ဆိုင်ပေါ့။ အကိုကြီးနဲ့ မေသက် လက်ထပ်မယ်။ ပြီးတာနဲ့ ခရီးထွက်မယ်"

ကိုလွန်းမောင် ဇွတ်လုပ်လာပြီ ဆိုသောအခါ မေသက် နားမလည်တော့။ သို့ပေမယ့် နားလည်အောင် ကြိုးစားဖို့ လို အပ်သည် မထင်။ နောက်ဆုံး၌ လက်ထက်ရေး ကိစ္စကိုကား မေသက် အကျောက်အကန် ငြင်းရသည်။ ထိုအခါ ခရီးထွက် ရေးကိုကား လိုက်လျောခဲ့၏။ ဘာ ဖြစ်ဖြစ်၊ မေသက်လဲ ကလောလို မြို့မျိုးကိုကား ရောက်ဖူးချင်သည်။ ယောကျ်ား တကာနှင့် ဆက်ဆံနေရသည်ထက် ယခုလို တယောက်တည်းနှင့် ဆက်ဆံရသည်က ဘာပြောပြော မိမိအဖို့ စိတ်တော့ ချမ်းသာ သည်ဟုလည်း ယူဆသည်။ ထို့ကြောင့်ပင် ကိုလွန်းမောင်နှင့် အတူ ကလောသို့ လိုက်ခဲ့သည်။

သို့တိုင်အောင် ကိုလွန်းမောင်နှင့်ပတ်သက်၍ သိဖို့ မလို၊ နားလည်ဖို့ မလိုဟု ယူဆထားသော အကြောင်းတွေမှာ ယခု တော့လည်း သိဖို့ နားလည်ဖို့ အသင့်အတင့်တော့ လိုအပ်လာ ပြီဟု ထင်သည်။

"မေသက်ရယ်၊ ဘာတွေများ မရှင်းမရှင်း ဖြစ်နေတာလဲ ကွယ်"



"ခုလို အကိုကြီး ထွက်လာတာ အကိုကြီး အမျိုးသမီးကို ဘယ်လို ပြောခဲ့လဲဟင်"

"ဒါကို ဘာလို့ မေးမေး နေရတာလဲ မေသက်ရယ်"

"မေးရမယ် အကိုကြီး၊ မေးရမယ်။ အစကတော့ မေသက် ဒါတွေသိဖို့ မလိုဘူး၊ သိလဲ မသိအပ်ဖူး ထင်ခဲ့တယ်။ ဒါပေ မယ့် ခု အကိုကြီးအဖြစ်က သိပ် သိပ်ပြီး ထူးခြားနေတယ်"

"ဘာများ ထူးခြားလို့လဲကွယ်"

"ကဲ၊ မေသက် ပထမ တခု မေးမယ်။ ခု အကိုကြီး မေသက်ကို ဒီကို ဘာလို့ခေါ်လာရတာလဲ"

"အကိုကြီး မိန်းမခိုးလာတာ"

"အိုး"

"ဘာ့နှ့် အိုးလဲ။ တကယ်ပြောနေတာ"

"မဟုတ်တာ အကိုကြီးရယ်"

"ဟုတ်ပါတယ် ဆိုနေမှ"

"အကိုကြီးမှာ သားကြီး မယားကြီးနဲ့ဟာ"

"ဒါ ဘာဆိုင်လဲ"

"ဘာ့နဲ့ မဆိုင်ရမလဲ အကိုကြီး။ အကိုကြီးဟာ သူငယ် နပ်စားကလေး မဟုတ်ဖူး။ ပြီးတော့ မေသက်ဟာ ဘယ်လို မိန်းကလေးဆိုတာလဲ အကိုကြီး သိတယ်"

"မဆိုင်ပါဘူး မေသက်ရယ်။ မေသက် ဘာဖြစ်တာ၊ အကို ကြီး ဘာဖြစ်တာတွေ အကိုကြီး မစဉ်းစားချင်ဘူး။ ဒီမယ် မေသက်၊ အကိုကြီး မေသက်ကိုချစ်တယ်။ အဲဒါကို ယုံသလား"

"ကြားဘူးလှပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ခုဟာ အကိုကြီး အလေးအနက် ပြောနေတာ"

"ဒါက အကိုကြီး အမျိုးသမီးကို တချိန်က ပြောခဲ့တာ ဖြစ်ပါလိမ့်မယ်"

"မဟုတ်ဖူး မေသက်။ ကဲ၊ အကိုကြီး ရှင်းရှင်း ပြောမယ်။ အကိုကြီးမှာ မိန်းမရှိတယ်၊ သားသမီးရှိတယ် ဆိုတာလဲ အမှန်ဘဲ။ အကိုကြီးမှာ သားသမီး သုံးယောက်ရခဲ့ပြီး သမီးဖြစ်တဲ့လူ သူချစ်တဲ့လူနောက် လိုက်သွားခဲ့တဲ့အထိ အကိုကြီးဟာ အကိုကြီးမိန်းမကို ခု မေသက်ကို ပြောသလို ချစ်တယ်ဆိုတဲ့ စကားမျိုး မပြောခဲ့ဘူးဘူး"

"မဟုတ်တာဘဲ အကိုကြီးရယ်"

"တကယ် ပြောတာ မေသက်"

"ဒါနဲ့များ အကိုကြီးတို့ ညားလာကြသေးတယ်နော်"

"အဲဒါပေါ့။ တကယ်တမ်းကျတော့ မေသက်ရယ်။ အချစ်နဲ့ပတ်သက်ပြီး အကိုကြီး ခံစားတတ်တာဟာ မေသက်နဲ့ တွေ့မှပါကွယ်"

"ကဲ၊ ဒါဖြင့် အကိုကြီး ခလေးသုံးယောက်ရတယ်အထိ ဘယ်လိုပေါင်းသင်းလာခဲ့ကြလဲ"

"ရှင်းရှင်းလေးပါ မေသက်ရယ်။ လူကြီးတွေက ဒီမိန်းမ ဒီမိန်းမဖြင့် ယူရမယ်ဆိုလို့ ယူခဲ့တာဘဲ"

"လွယ်လိုက်တာနော်"

"တကယ်ပြောနေတာ မေသက်"

သည့်ကုန်းက မေသက် နှုတ်ဖျားမှာ စကားတစ လျှံတက်လာခဲ့သေးသည်။ အပျော်အပြက်သဘော ပြောလိုက် မိအုံးမလို့။ 'ဟင်း ဟင်း။ ဒီလိုဆိုတော့လဲ မေသက်တို့နဲ့ ဆက်ဆံသလို အဖိုးစားနားတောင် မပြောဘဲနဲ့ ဆက်ဆံလိုက်ကြတာဘဲပေါ့နော်' ဟူသော စကားမျိုး။



မည်သို့ဖြစ်စေ၊ ကိုလွန်းမောင် အနေကတော့လည်း သူ့ရင်မှာ မေသက်နှင့်ပတ်သက်၍ တကယ် ခံစားနေရသည်ဟု ထင်သည်။ သူ့ဘဝသည် မေသက် အပျော်အပြက် မပြော၍သာ။ တကယ်တမ်း သူ့အိမ်ထောင်ရေးသည် မေသက်ပြောချင်သလို အပေါစား၊ ကြေစား ဆက်ဆံရေးထက် နိမ့်ကျသော အပေါစား အိမ်ထောင်ဖက်မှုမျိုးဟု မတွေးမိစေကာမူ အချစ်မပါသော၊ ခံစားမှုကင်းမဲ့သော အိမ်ထောင်ရေး နွံတွင် နစ်မွန်းခဲ့ရခြင်း ဖြစ်သည်ဟု သူ တွေးထင်လာခဲ့သည်မှာ ကြာပေပြီ။

သို့ဖြင့် ကိုလွန်းမောင်သည် သူ့ဘဝ၏ ကြေကွဲဖွယ်အဖြစ်အလုံးစုံကို မေသက်အား ပြောပြလိုက်သည်။ ပြီး သူ့စိတ်ကူးထဲက ဒေါက်တာ အောင်ကျော်ဦး ဇာတ်လမ်းကိုလည်း ပြောပြခဲ့၏။

မေသက် ဒါတွေကို ဆက်မကြားချင်တော့ပါ။ တကယ်တမ်း ကိုလွန်းမောင် အလေးအနက် ပြောလာနေတော့ မေသက် တုန်လှုပ်လာသည်။

တခါတခါတော့လည်း ကိုလွန်းမောင့် ဝေဒနာကိုပင် သူမှ ယူခံစားလာသည်ဟု ထင်သည်။ ထိုအခါ မောင့်မျက်နှာကို မြင်ယောင်တတ်ပြန်သည်။ ထို့ကြောင့်လည်း ဘာဖြစ်ဖြစ် ရန်ကုန်ကို အမြန်ဆုံး ပြန်ဖို့ လိုအပ်သည်၊ ကိုလွန်းမောင်နှင့် အမြန်ဆုံး ခွဲခွာဖို့ လိုအပ်သည်ဟု ယူဆလာသည်။

"မေသက်တို့ ရန်ကုန်ကို ပြန်ကြစို့လား အကိုကြီးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် မေ သက်။ ရန် ကုန် ကို ပြန် မယ်။ ဟုတ်လား"

"ဟုတ်တယ် အကိုကြီး။ မေသက်တို့ ရန်ကုန်ကို မြန်မြန် ပြန်မှဖြစ်မယ်"

"အကိုကြီး မေသက်ကို ခေါ်လာတာ တသက်လုံး ပေါင်းသင်းဘို့ ခေါ်လာတာ မေသက်"

"ဒါပေမယ့် မေသက် ရန်ကုန်ကို မပြန်လို့မှ မဖြစ်တာ"

"ဘာဖြစ်လို့"

"ဟိုမှာ ဒေါ်ဒေါ်တယောက်ထဲရယ်"

"အမယ်လေး မေသက်ရယ်။ အကိုကြီးဟာ၊ အဖေ့ကိုရော မိန်းမကိုရော၊ သားတွေသမီးတွေကိုရော စွန့်ပြီး လာခဲ့တာပါ"

"ဒါပေမယ့် မေသက် ဒေါ်ဒေါ့်ကို မစွန့်နိုင်ဘူး"

"ဒါဖြင့် မေသက် အကိုကြီးကို မချစ်ဖူးပေါ့"

"ရှင်းရှင်းလေးပါ အကိုကြီးရယ်။ မေသက်ဟာ ပိုက်ဆံပေးတဲ့ ယောကျ်ားတိုင်းက ချစ်သလား မေးရင် ချစ်တယ်လို့ ဖြေဘို့ ဝန်မလေးပါဘူး။ အင်း၊ ဒါပေမယ့် မေသက်နဲ့ တွေ့တဲ့ ယောကျ်ား တော်တော်များများဟာ မေသက်ကို ချစ်တယ်လို့ ပြောတာ အလွန်နဲပါတယ်။ တချို့တော့ ရှူးရှူးမူးမူးနဲ့ ချစ်လိုက်တာ မေသက်ရယ်လို့ ညည်းညည်းညူညူ ပြောချင် ပြောတတ်ပါရဲ့။ အဲ၊ ချစ်သလားဆိုတာမျိုး မေးတဲ့လူကတော့ သိပ်ရှားဘဲ။ မေးရင်တော့လဲ ပါးစပ်ဖျားက ပြောမှာဘဲ။ ချစ်တယ်လို့။ ဒါပေမယ့် မှန်မှန်ကန်ကန် မေးတဲ့ လူက ရှားပါတယ်။ မှတ်မှတ်ရရ ပြောရရင် တယောက်မှ မတွေ့သေးဘူး"

"ခု အကိုကြီး မေးနေတယ်လေ"



"ဒါဆို မေသက် ဖြေရမှာပေါ့။ အကိုကြီးက မေသက်ကို ပိုက်ဆံပေးတယ် မဟုတ်လား"

"မဆိုင်ပါဘူး"

"ဆိုင်တာပေါ့ အကိုကြီးရယ်။ ဟော၊ ခု မေသက်က အကိုကြီးကို ဖြေမယ်။ မေသက်လဲ ချစ်တာပေါ့ကွယ်လို့။ ကဲ၊ ဒီလိုဆို အကိုကြီး ကျေနပ်ရော မဟုတ်လား"

"ပြောင်ချော်ချော် မလုပ်နဲ့ မေသက်။ အကိုကြီး အလေးအနက် မေးနေတာ"

"ကိုယ့်စိတ် ကိုယ် ဘာလို့ လှဲစားနေရတာလဲ အကိုကြီးရယ်"

"ဘာလှဲစားလို့လဲ"

"ကဲ၊ ဒါဖြင့် မေသက်မေးတာ မှန်မှန်ပြော။ မေသက်ဟာ ဘာလဲ"

"အကိုကြီး မယား"

"အိုး"

"ကဲ ဒါဖြင့်"

"ရှင်းရှင်းလေးပါ အကိုကြီး။ မေသက်က ကြေးစား"

"တော်တော့"

"ဒီလိုဆို မေသက်တို့ ရန်ကုန်ပြန်ကြစို့"

မေသက် ခပ်တည်တည် ပြောသောအခါ ကိုလွန်းမောင် အံ့သြရလေတော့သည်။

"မေသက် ဘာဖြစ်သွားတာလဲကွယ်"

"အကိုကြီး ပြန်ပြန် မပြန်ပြန် မေသက် မနက်ဖြန် ပြန်ရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ဖြစ်ရတာလဲကွယ်"

"ဘယ်လိုမှ မဖြစ်ဖူး အကိုကြီး၊ မေသက်ဟာ ကိုယ့်ကိုယ်ကို သိတယ်။ သူများကို မသိဘူး။ အကိုကြီးကျတော့ သူများကို တလွဲသိတယ်။ ကိုယ့်ကိုကျတော့ ဘာမှ မသိဘူး"

"ဘာ ဘာ ဘာ ပြောတယ်"

"ဘာပြောရမလဲ။ အင်းလေ၊ မေသက် မပြောတာဘဲ ကောင်းပါတယ်။ မေသက် ခုဘဲ ဘူတာသွားမယ်၊ နက်ဖြန်အတွက် ရထားလက်မှတ် ဝယ်ရလိမ့်မယ်"

အမှန်ပင် သည်အထိ ကိုလွန်းမောင် ဘာမျှ မသိ။ မေသက် တကယ်ဘဲ ပြန်တော့မည်ဆိုသောအခါ သူ မေသက်နှင့် ခွဲပြီး တယောက်တည်း မနေနိုင်ဟု မှတ်ယူဆဲ။ သို့ဖြင့် ရန်ကုန်ရောက်သည်အထိ မေသက်နှင့် အမြဲနေမည် စိတ်က ဆုံးဖြတ်ဆဲ။ သို့ပါလျက် မေသက်ကိုယ်တိုင်က

"ကဲ၊ အကိုကြီး ပြန်တော့"တုံးတိတိ ပြောလာသည်အထိ ဘာမျှ နားမလည်။

"တယ်ခက်ပါလားနော်။ ကဲပါအကိုကြီး။ အကိုကြီးဟာ မေသက်ထက် အသက်လဲကြီးတယ်၊ ပညာလဲ ပိုတတ်တယ်။ ဒါပေမယ့် အကိုကြီးဟာ ခုထိ ကိုယ့်ဘဝကို ကိုယ် မှန်မှန် မမြင်သေးဘူး။ဒီမှာ မေသက် အပြစ် ဖြစ်နေရပြီ"

"မဆိုင်တာ"

"သိပ်ဆိုင်တာပေါ့။ အကိုကြီး စိတ်က မေသက်ဆီမှာ နေရရင် မေသက်နဲ့နေရရင် ပျော်တယ် စိတ်ချမ်းသာတယ်။ ဒီလိုဘဲ ထင်နေတယ်"

"ဟုတ်သားဘဲ"



"အဲဒါ မေသက်အပြစ်ပဲ"

"မဟုတ်"

"နောက်မနေနဲ့ အကိုကြီး။ မေသက်ကြောင့် အကိုကြီး အိမ်ထောင်ပြိုကွဲမှု ဖြစ်ရတာမျိုးကို အဖြစ်မခံနိုင်ဘူး"

"မဆိုင်ပါဘူးကွယ်"

"သိပ်ဆိုင်တယ် အကိုကြီး။ ဒီထက် တိကျအောင် ပြောရရင်တော့ မေသက်ကြောင့် အကိုကြီးအိမ်ထောင် ပြိုကွဲတာမျိုး မေသက် အဖြစ်မခံနိုင်သလို အကိုကြီးကြောင့် မေသက် အိမ်ထောင်ရေး ပြိုကွဲမှာကိုလဲ မေသက်မခံနိုင်ဘူး"

"ဘာ ဘာ ဘာပြောတယ်"

ဤသို့ဖြင့် ကိုလွန်းမောင်သည် မေသက် အဖြစ်စုံကို သိလာရလေတော့သည်။

ပထမတော့လည်း အိပ်ရာမှ လန့်နိုးသူလို ခံစားရသည်။ သို့တိုင်အောင် အိပ်မှုံစုံမွှား အဖြစ်သည် ရုတ်တရက် မပျောက်။ မေသက်က အိမ်ပေါ်မှ နှင်ချခံရသည်အထိ သူ့အဖြစ်ကို သူ နားမလည်။ လမ်းပေါ်သို့သာ ရောက်လာသည်၊ သူ ဘယ်သွားရမည် မသိ ဖြစ်နေခဲ့သေး၏။

နောက်ဆုံး မိမိအိမ်သို့ မိမိ ပြန်လာခဲ့သည်အထိ မေသက်ဆီသို့ အာရုံရောက်ဆဲ။

သည်အထဲမှာပင် သားဖြစ်သူက

"ဒီမယ် အဖေ။ ဒီအိမ်တအိမ်လုံး ကပြောင်းကပြန်ဖြစ်နေတာကို အဖေ အိမ်က ထွက်သွားရုံနဲ့ ကျနော်တို့ အိမ်ကြီး ပြန်တဲ့လာလိမ့်မယ်လို့ ထင်သလား။ ခုအထိ ဒီအခန်းထဲမှာ ပြဿနာ

www.burmeseclassic.com

www.burmeseclassic.com



တွေဟာ တခုပြီးတခု ထပ်ထပ်တိုးနေတာကို ကျနော်တို့ရှောင်နေလိုက်ရုံနဲ့ ပြဿနာက ပြီးရောလား" ဟူသော စကားလောက်ကို ဆိုလာသောအခါ သားမျက်နှာကိုပင် မကြည့်ဝံ့အောင် ရှက်ရပြန်သည်။

မှန်သည်။ မေသက်က သူ့ကို ပြန်ဘို့ ဇွတ်တိုက်တွန်းစဉ်က မေသက် အဒေါ် ဒေါ်ခင်တင့် ကြားဝင်၍ သားဖြစ်သူ ရောက်လာကြောင်းပြောခဲ့သည်။ သည်လိုဆို သည်သားသည် မေသက်နှင့် ပတ်သက်၍ အကြောင်းစုံ သိပြီး ဖြစ်ပေမည်။ ယခု ထိုအကြောင်းကို သည်သား ဘာကြောင့် မဆိုလာရသနည်း။

"အဲဒါပါဘဲ အဖေ။ ကျနော်တို့ဟာ ပြဿနာတွေက ထွက်ပြေးဘို့ထက် ပြဿနာတွေကို တခုပြီး တခု ဖြေရှင်းရလိမ့်မယ်"

သည်အထိ ကျော်ဝင်းမောင် ပြောနေသော ပြဿနာ ဆိုတာတွေကို ကိုလွန်းမောင် မစဉ်းစားမိခဲ့သေး။

ယခု အိမ်ရှေ့ ဝရံတာတွင် ထိုင်လျက် အောက်မြေပြင် သဲပုံထက်က အတွတ် တည်ဆောက်နေသော ကလေးကစားစရာ သဲပုံအဆောက်အအုံကို ငေးစိုက်ရင်း စိတ်အာရုံက အေးရင်ရှိရာသို့ လွင့်ပါးနေသည့် အဖေ့ပြဿနာကအစ ကိုလွန်းမောင် ယခုအထိ မစဉ်းစားမိသေးပေ။

အပြင်ဖက်တွင် ရှက်ဟောင်းတို့ ကြွေနေသော အဖြစ်ကိုလည်း သတိမမူမိသေး။

—၁၀—

ဤအခြေအနေမျိုးတွင် ခင်လေးနွယ် အိမ်သို့ ပြန်ရောက်လာခဲ့ခြင်း ဖြစ်သည်။

စင်စစ် ခင်လေးနွယ်သည် မိမိ မှားပြီဟူသော အသိကို လွန်ခဲ့သော ရက်များကတည်းကပင် ရခဲ့သည်။ တကယ်တမ်းကျတော့လည်း စစကတည်းကပင် လေးနွယ်စိတ်မှာ သံသယနှင့်။ အောင့်ရင်ခွင်သို့ ဝင်ခဲ့သော ညကတည်းက လေးနွယ်သည် မိမိ ပြုမူလုပ်ကိုင်လာခဲ့ပုံနှင့် ပတ်သက်၍ သံသယ မကင်းခဲ့။ အောင် အိပ်မောကျနေသော အချိန်မှာ လေးနွယ့် စိတ်သည် ယောက်ယက်ခတ် နေခဲ့လေသည်။

အောင့် အပေါ်မှာ သံသယ ထားသည် မဟုတ်။ မိမိကိုယ်ကိုသာ သံသယ မကင်းနိုင်ခြင်း ဖြစ်သည်။ ထိုအချိန် ကိုကို ရောက်လာ၍

"နင်လုပ်တာ နင် မှန်တယ်လို့ ဆုံးဖြတ်ပြီးရင် ငါ ဘာမှ ပြောစရာ မလိုဘူး လေးနွယ်။ နင့် ဘဝကို နင် ရဲရဲ ရင်ဆိုင်ဘို့ဘဲ လိုတာပါဟာ" ဆိုလာသော စကားကို ကြားရစဉ်က အလေးအနက် မတွေးခဲ့။

သို့သော်မယ့် တကယ်တမ်း အောင့်နောက်လိုက်ခဲ့စဉ်က သတ္တိမျိုးသည် ထိုစဉ်ကတည်းက အခြေမခိုင်ခဲ့ လေသလား ဆိုသည်ကိုလည်း ခင်လေးနွယ် မစဉ်းစားတတ်။ တခုဘဲ။ သူတို့လက်ထပ်ခဲ့သည်မှာ ဘာမျှ ကြာသေးသည် မဟုတ်။ လပိုင်း ကာလ ကျော်ရုံဘဲ ရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



တချိန်ကတော့လည်း လေးနွယ်သည် တနှစ်ကိုယ် တဲ့အိုပျက်မှာ နေရ တော့ပေါ့ မှာ စံရ ချစ်တာ ကြိုက်တာ ပမာန ဟူသော သီချင်းမျိုးကို ပါးစပ်က ဆိုညည်းကြည့်ခဲ့ဖူးပါ၏။ တကယ့်လက်တွေ့ကျတော့ ခင်လေးနွယ် သည် သူနေရသော တကယ့်တဲအိုအဖြစ်ကို လက်မခံနိုင်။ ခြားနားသော ပတ်ဝန်းကျင်မှာလည်း အထာမကျနိုင်။

"လေးနွယ်တို့ တနေရာရာ ပြောင်းကြစို့လားကွယ်" ဟူသော စကားကိုပင် ပြောခဲ့မိသေးသည်။

"ဘာဖြစ်လို့လဲ လေးနွယ်ရယ်။ ဒီနေရာမှာ မပျော်ဘူးလား။ နေရတာ ဆင်းရဲလို့လား"

"မဟုတ်ပါဘူး"ဟုသာ ပြောခဲ့သည်။ ဘာအကြောင်း ပြရမည်လဲ ဆိုတာက အစ အသင့်မရှိ။

တကယ်ဆို လေးနွယ်သည် အောင့်အခြေအနေကို မသိ မဟုတ်ပါ။ သိပါသည်။ အောင့်နောက် လိုက်ခဲ့ကတည်းက တိုက်ပေါ်မှ ဆင်း၍ တဲတွင်းသို့ ဝင်ရမည့် အခြေအနေကို လေးနွယ် သိပါ၏။ သို့သော် သူနေခဲ့သော တိုက်ခန်းသည် အနေအထားအရ အောင့် တဲတန်းလျားနှင့် စာလျှင် ခမ်းနားသည် မှန်စေ၊ စိတ်ညစ်ညူးဖွယ်ရာတို့ ပြွမ်းတီးသော တိုက်ခန်းထက် အောင့်တဲသည် သာယာနေပျော်ဖွယ် ဖြစ်မည်ဟု လေးနွယ်ထင်ခဲ့သည်။ လက်တွေ့တွင် လေးနွယ်မပျော်။

"လေးနွယ်တို့ သုဝဏ္ဏမှာ အိမ်ခန်း မရနိုင်ဘူးလား အောင်" အကြောင်းရင်းကိုသာ မပြတတ်သည်၊ ဆန္ဒကိုကား လေးနွယ် ပြောမိသည်။



သို့ပေမယ့် အောင်သည် အကြောင်းရင်းကို ချက်ချင်း နားလည်ခဲ့ဟန် တူပေသည်။ နိုင်လင်းအောင် ရုတ်တရက် စကားမပြန်။ တွေနေသေးသည်။ အတန်ကြာမှ

"ကိုအောင် နားလည်ပါတယ် လေးနွယ်ရယ်။ ကိုအောင် စာမေးပွဲ ဖြေပြီးရင် တခြားအလုပ် တခုခု ထပ်ရှာပါအုံးမယ်။ နေ့ဖက် အလုပ် ဖြစ်ဖြစ်ပေါ့။ အဲဒီ ကျရင်လေးနွယ် ခုထက် အနေသာတဲ့ နေရာမှာနေရအောင် ကိုအောင် စီစဉ်ပါ့မယ်"

သည်ကတည်းက အောင် မည်မျှ စိတ်ထိခိုက်ရသည်ကို လေးနွယ် ခံစားသိက သိသည်။ ထို့ကြောင့်လည်း

"ဖြည်းဖြည်းပေါ့လေ။ လေးနွယ်လဲ အလုပ်တခုခု ရရင် လုပ်မှာပေါ့" သည်စကား ပြောစဉ်ကတော့လည်း တကယ့်သတ္တိနှင့်။

သတ္တိဆိုတာမျိုးကလည်း ကြာလာတော့ လျော့လျော့သာခဲ့သည်လား မဆိုနိုင်။ တဖက်က မိမိ ရှုန်းထွက်လာခဲ့သော မိသားစု၏ အရေးကိစ္စတွေကိုလည်း မိမိ တကယ်တမ်း မေ့ပျောက်နိုင်သည် မဟုတ်ဟု ထင်လာသည်။

ကြည့်လေ။ ပထမအကြိမ် အမေတို့ဆီရောက်ခဲ့ပြီး ပြန်လာသောနေ့က အဟောင်းတို့သည် အသစ် ဖြစ်ကြရသည်။ အတိတ်ကိုလည်း သတိရသည်။ ဖေဖေနှင့် မေမေ့ကိုလည်း သတိရသည်။ အထူးသဖြင့် ဝေ့လာသော မျက်ရည်စကို အသက်ဖျားနှင့် ဌက်၍ ဆည်သိမ်းလိုက်သော အမေ့အဖြစ်ကို လေးနွယ်မေ့ပျောက်၍ မရ။ ဖွားဖွား မျက်နှာ ညှိုးငယ်နေရသည့် အဖြစ်ကိုလည်း လေးနွယ် ရိပ်စားနားလည်ခဲ့သည်။

www.burmeseclassic.com



သည်တော့ သည်မှီ သည်ဖ၊ သည်အိမ် ထောင်စုမှ ခွဲထွက်လာခဲ့သည်ကိုပင် အမှား ထင်ခဲ့သေးသည်။

“ဖြည်းဖြည်းတော့ လေးနွယ့် အမေတို့လဲ ကိုအောင်တို့ကို ခွင့်လွှတ်လာကြမှာပါ။ ခုတောင် အပြစ် ကြီးကြီးကျယ်ကျယ် ပြောတာမှ မဟုတ်ဘဲ” ကိုအောင်ပြောခဲ့ပါသေးသည်။

သည်တော့လည်း ဟုတ်သလို ထင်လာသည်။

သည့်နောက် တခေါက် လေးနွယ် အိမ်သို့ ရောက်သေးသည်။ အဖေနှင့် မတွေ့ရသေး၍ တွေ့ချင်သောကြောင့် ဖြစ်သည်။ သည်တကြိမ်မှာလည်း လေးနွယ် အဖေ့ကို မတွေ့ရ။

“သမီး အဖေ ဒီည ပြန်လာချင်မှ လာမှာ သမီးရဲ့။ ဒီတော့ နောက်မှဘဲ သမီးတို့ဆီ အမေတို့ လာခဲ့ပါမယ်ကွယ်” အမေ့ အသံ မှုမမှန်သည်ကို လေးနွယ် မရိပ်မိ။

“နေပါစေ မေမေ။ သမီးတို့ဘဲ လာခဲ့ပါမယ်။ သမီးလာတယ်လို့သာ ဖေဖေ့ကို ပြောပါ” အမှန်ဘဲ၊ မိမိနေထိုင်ရသော အဖြစ်ကိုကား အဖေရော အမေရော မသိစေ၊ မမြင်စေချင်ပါ။ တဲတန်းလျားတွင်းက မိမိအဖြစ်ကို မြင်၍ မရှုစိမ့်ဖြစ်ကြရမည်ကိုလည်း မဖြစ်စေချင်။ အပြစ်တင်စကား မဆိုသည့်တိုင်အောင် စိတ်မှာ အပြစ်တင်စကား ဖြစ်မည် ကိုလည်း မဖြစ်စေချင်။ အထူးသဖြင့် အောင်နှင့် ပတ်သက်၍ အထင်သေးရမည့် အဖြစ်မျိုးကို လေးနွယ် မခံချင်။ သည်လောက်တော့လည်း ခင်လေးနွယ်မှာ မာနရှိခဲ့သေးသည်။

သို့ပေမယ့် ခင်လေးနွယ် သည်နေရာ သည်ပတ်ဝန်းကျင်မှာ မပျော်သည်ကား အမှန်။

“လေးနွယ် မျက်နှာ ညှိုးနေသလားလို့။ ဘာလဲ၊ လေးနွယ်



စိတ်ညစ်ပြန်ပြီလား။ ကို လေးနွယ်အတွက် စိတ်ချမ်းသာစရာ တခုခု စဉ်းစားပေးရအုံးမလား ဟင်”

အောင့်ဆီက သည်စကားကိုကား ကြားရမြဲ။

“ဟို၊ ဟို။ မဟုတ်ပါဘူး။ လေးနွယ် အိမ်ကို စဉ်းစားနေတာပါ”

“ဘာလဲကွယ်။ လေးနွယ် အိမ်လွမ်းနေပြန်ပြီပေါ့။ ဟုတ်လား”

“ဒီလိုလဲ မဟုတ်ပါဘူး”

“ဘာလဲ လေးနွယ်။ လေးနွယ် ကိုနဲ့နေရတာ စိတ်ဆင်းရဲသလား။ အစားဆင်းရဲ အနေဆင်းရဲသလား”

“ဟုတ်ပါဘူး”

“မဟုတ်ရင်လဲကွယ်၊ လေးနွယ့် မျက်နှာက”

“ကို အလုပ်သွားနေတော့ လေးနွယ် တယောက်ထဲ”

“အော။ ကို မရှိရင် လေးနွယ် မနေတတ်ဖူးဆိုပါတော့”

“ဒါပေါ့၊ ဒါပေါ့”

အောင့်အလိုကျ တမင်ရည်ရွယ် ပြောရတာ မဟုတ်ပေမယ့် အောင့်အတွက် လေးနွယ် အလိုက်သင့် အလျားသင့် ပြောနိုင်ခဲ့သည်ကား အမှန်ပင်။ ဘာပြောပြော အောင့်ကို လေးနွယ် ချစ်ပါသည်။

ထို့ကြောင့်လည်း ယခုကဲ့သို့ အိမ်သို့ ပြန်လာရန် စိတ်ကူး ပေါက်လာခဲ့ခြင်း ဖြစ်သည်ဟု ထင်သည်။

“အောင်လဲ စာမေးပွဲအတွက် စာကြည့်ရမယ် မဟုတ်လား” စကားကို စခဲ့စဉ်က မဝံ့မရဲနိုင်သည်မှာ အမှန်ပင်။

မိမိကိုယ်တိုင် ကိုယ်ကလည်း မပြတ်မသားဖြစ်နေသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ထင်သည်။ ပြန်မတွေးချင်သာ။ တကယ်က လေးနွယ် အိမ်ပြန်ချင်စိတ် ပေါ်လာသည်မှာ ဘယ်က ဘယ်လို စခဲ့သနည်း မဆိုနိုင်။ အိမ်သို့ပြန်ချင်သည်။ ဒါက အစ။ သည်မှာအကြောင်းပြစရာက တွေ့သည်။

"ဒီတော့ အောင် စာမေးပွဲရက်တွေမှာ လေးနွယ် အိမ်ခဏ ပြန်နေရ ကောင်းမလားလို့"

ပထမတော့လည်း အောင် မျက်နှာ ပျက်သေးသည်။

"မကောင်းဘူးလား အောင်။ အောင့်အတွက်ပါ"

"လေးနွယ် မရှိရင် ကို လွမ်းနေမှာပေါ့"

"လေးနွယ်ရှိတော့လဲ ကို စာကြည့်ပျက်မှာပေါ့"

သည်လို သည်လို အကြောင်းပြချက်ဖြင့် အိမ်သို့ ပြန်ရောက်လာခဲ့ခြင်း ဖြစ်သည်။ ဤသို့ဖြင့် လေးနွယ် အောင်ကို ခွဲခဲ့ပြီဟု မထင်။ ခွဲတော့မည်ဟုလည်း စိတ်မကူး။

အိမ်ရောက်သောအခါ အမေကအစ လေးနွယ်ပြန်လာရင်း အကြောင်းကို စုံစမ်းသည်။ လေးနွယ် အမှန်ပင် ဖြေပါသည်။

"ကိုအောင့် စာမေးပွဲရက်မို့ သမီး ခဏ ပြန်လာတာပါ"

သို့ပါလျက်

"ငါ့မြေးလေး နေရထိုင်ရတာ မဆင်းရဲဘူးလား" အဖွားဖြစ်သူက ပြောလာသောအခါ လေးနွယ် တုန်လှုပ်သည်။

အမှန်ပင် သည်မိသားစုဘဝသည် ပြောင်ပြောင် လက်လက် မဟုတ်စေကာမူ တကယ်တမ်း မိမိ ယခု လောလောဆယ် ရင်ဆိုင်နေရသော ဘဝနှင့်စာလျှင်ကား မိသားစုဘဝက အခြေအနေ ပိုကောင်းသည်ဟု လေးနွယ်ထင်လာသည်။

"သမီး ယောကျ်ားဝင်ငွေနဲ့ သမီးတို့ စားလောက် သောက်



လောက်ရဲ့လား" အမေက မေးလာသောအခါ ဘာဖြေရမှန်း မသိ။

မည်သို့ဖြစ်စေ၊ လေးနွယ် သည်အခန်းကို ပြန်ရောက်စက အနေစိမ်းခဲ့သေးသည်။

"သူ စာမေးပွဲ ဖြေရက်မို့ လေးနွယ် ခဏပြန်လာပါတယ် ဖေဖေ" ဟူသော စကားကို အဖေဖြစ်သူအား မရဲမဝံ့ပြောခဲ့သေးသည်။ သို့ပေမယ့် အဖေ့ဆီက ဘာတုံ့ပြန် စကားမျှ မကြားခဲ့ရ။ သည်တော့ လေးနွယ် ဝမ်းနည်းသည်။

အဖိုးဖြစ်သူမှာ အိပ်ရာတွင် လဲနေသည်။ စစကတည်းက သည်အဖိုးနှင့် သင့်မြတ်သည်ကား မဟုတ်။ ထို့ကြောင့် အဖိုးဆီက မည်သည့် တုံ့ပြန်မှုမျိုးကိုမျှ လေးနွယ် မလိုချင်။ အဖိုးဆီက တုံ့ပြန်မှုသည် စိတ်ချမ်းမြေ့ဖွယ်သော တုံ့ပြန်မှုမျိုး မဖြစ်နိုင်သည်ကို လေးနွယ် နားလည်ထားပြီး ဖြစ်သည်။

"ဟာ။ မမ ပြန်လာတယ်။ ဟန်ကျတာဘဲ။ အတွတ် သိပ်ပျင်းနေတာ မမရဲ့။ မမအေးရင် ကလဲ မရှိတော့ဘူး မဟုတ်လား" အတွတ်ဆီမှ လှိုက်လှဲကြိုဆိုသော စကားကိုကြားရတော့ ဝမ်းလဲနည်းသည်၊ အားလဲတက်သည်။

ရောက်စညနေပိုင်းမှာ ကိုကို့ကို မတွေ့ရသဖြင့် အမေ့ကို မေးကြည့်သောအခါ

"အလုပ် လုပ်နေတယ်ပြောတာဘဲ။ ဘာအလုပ်လဲဆိုတာတော့ မေးမရဘူး။ သူလာမှဘဲ သမီး မေးကြည့်ပေတော့" ဆိုသဖြင့် ကိုကို ပြန်အလာကို စောင့်ခဲ့သည်။

ထိုနေ့က ကိုကိုသည် ညအတော်နက်မှ ပြန်လာသည်။ တွေ့တွေ့ချင်း လေးနွယ် ဘာမျှ မမေးရသေး။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့၊ နင် အချိန်မတော်ကြီး တယောက်ထဲလား" ဆိုသောအခါ လေးနှယ် ကြောင်စီစီဖြစ်ခဲ့ရသေးသည်။သူ့ကိုယ်သူလည်း နားမလည်ဖြစ်ရသည်။

"ဘာလဲ။ နင် ဟိုကောင်နဲ့ စကားများလာခဲ့ပြီပေါ့လေ" ဆက်တိုက်ပြောလာတော့ မိမိအဖြစ်ကို မိမိထိတ်လန့် ရပြန်သည် အမှန်ပင် မိမိသည် အောင့်ကို စွန့်ခွာလာခဲ့ခြင်း ဖြစ်သလောဟုလည်း တွေးရသည်။

သို့ပေမယ့် ပါးစပ်ကမူ

"မဟုတ်တာဘဲ ကိုကိုရဲ့" ဖြေလိုက်မိသည့် တိုင်အောင် ခင်လေးနှယ့် စိတ်သည် လှုပ်ရှားနေ၏။

သို့သော် ဤအခြေအနေသည် ကျော်ဝင်းမောင်အဖို့ အထူးတလည် စိတ်ဝင်စားဖွယ် မဟုတ်။

မှန်သည် ယခု အခြေအနေတွင် ကျော်ဝင်းမောင်အဖို့ အခြားစိတ်ဝင်စားဖွယ်တို့ဖြင့်သာ အလုပ်များနေသည်။ ပထမ သူ့အလုပ်။

ဘာဖြစ်ဖြစ် သူ အလုပ်တခု အမြန်ဆုံး ဝင်ရောက်လုပ်ကိုင်ဖို့ ဆုံးဖြတ်ခဲ့သည်မှာ ကြာပြီ။ နောက်ဆုံး သူငယ်ချင်းတွေ ပြောလာသည့်အတိုင်း မှောင်ခို လုပ်ရမည်လား စဉ်းစားသည်။ မလွဲသာသည့် အဆုံး လုပ်တော့မည်ဟု ဆုံးဖြတ်သည်။ သို့ပေမယ့် တကယ်တမ်း လုပ်ငန်းခွင် ဝင်မည်ဆိုသောအခါ သူ ထိတ်လန့်ရသည်။ လောလောဆယ် သူ့မှာ ငွေကို အထပ်လိုက် မဆိုထားနှင့် တရာ ငါးဆယ်ကိုပင် ကိုင်ပြီး သုံးနိုင်သော အခြေအနေမရှိ။ သူတို့ အိမ်မှာလည်း ဤသို့ ကိုင်၍ သုံးနိုင်သော အခြေအနေမျိုးကို မတွေ့ရသည်မှာ ကြာပေပြီ။ ယခုမူ သူ့ကို



ငွေရင်းထုတ်ပေးမည် ဆိုသူ၏ ရှေ့တွင် ငွေစက္ကူတွေ အထပ်လိုက်၊ အထပ်လိုက်။ သူ့ သူငယ်ချင်း လက်ဆွဲအိတ်ထဲ မှာလည်း အထွေးလိုက်။

ထိုအခါ ကျော်ဝင်းမောင်သည် ယနေ့ မှောင်ခိုလုပ်ငန်း၏ အခြေစိုက် စခန်းနှင့် ပတ်သက်သည့် ကြားဖူး နားဝ စကားကို ပြန်လည် ကြားယောင်ခဲ့သည်။ သူတို့ တိုက်ရှေ့ မလှမ်းမကမ်းက သမဝါယမဆိုင်ရှေ့မှ ကုန်ဝယ်စာအုပ် တခဏ ငှားယူနေသော မှောင်ခို သမား၊ သမဝါယမမှ ထုတ်ယူပြီး ဈေးကရက်၊ နို့ဆီကအစ တကယ်တမ်း ကိုယ့်အဖို့ မရှိ မဖြစ် သုံးစွဲရမည့် ဆပ်ပြာတောင့် အလယ်၊ မဲပေါက်သည့် အထည်အဝတ်အဆုံး ဆိုင်ထဲက ထွက်လျှင် ထွက်ချင်း အရောင်းအဝယ် လုပ်နေကြသော အဖြစ်၊ ဆယ်ရပ်ကွက်ဈေး၊ ကြည့်မြင်တိုင်ဈေး၊ သံဈေး၊ ဗိုလ်ချုပ်ဈေး၊ လပွတ္တာပြင်ဈေးတို့မှ မှောင်ခိုလုပ်ငန်း အလုံးစုံကို မည်သူတို့က ချုပ်ကိုင်ထားသနည်း။

ချက်ချင်းပင် သူ့အာရုံတွင် အတွေးများ ယောက်ယက်ခတ်ခဲ့လေသည်။

ယနေ့ ဤမှောင်ခို လုပ်ငန်းကြီးထွားလာရသောအကြောင်း၊ ဤမှောင်ခို လုပ်ငန်းကြောင့် အခိုက်အတန့် အားဖြင့် ချောင်လည်သည်ဟု ထင်ရသော သဘော၊ အခြား မကြည့်နှင့်၊ မိမိအိမ်တွင်းသို့ပင် မှောင်ခိုလုပ်ငန်း ဝင်ရောက် အခြေစိုက်လာသော အဖြစ်၊ ရသည့် နို့ဆီ၊ သကြားကအစ ရောင်းချလိုက်ခြင်းဖြင့် မိမိတို့ မိသားစုအဖို့ အပိုဝင်ငွေကလေးရသည်မှာ မှန်၏။ ဤအပိုဝင်ငွေကလေးဖြင့် တရိပ်ရိပ်တက်နေသော ကုန်ဈေးနှုန်းကို

www.burmeseclassic.com

www.burmeseclassic.com



သော ခံသာ ဖြစ်စေရသည်ဟု အဖွား ပြောသည့်မှာ လည်း မှန်၏။

သူ့အတွေး မပြတ်ခင်မှာပင် ငွေရှင့်ရှေ့မှ သူတို့ပြန်ခဲ့သည်။ ထမ်းဘောင် သူငယ်ချင်းဖြစ်သူက

"ဘာနဲ့လဲ ကျော်ဝင်းမောင်။ မင်း လုပ်မယ် မဟုတ်လား။ ခုလောလောဆယ် ဒို့ တောပိုင်း တက်ပြီး ဆေးဝယ်နိုင်ရင် မဆိုးဘူးကွ"

"ဒါပေမယ့် ငါ စဉ်းစားချင်သေးတယ် သူငယ်ချင်း"

"ဘာများ စဉ်းစားစရာ လုပ်သေးလို့လဲ။ မင်းဘဲ လုပ်မယ် ဆိုပြီး။ ခုရက်က တောပိုင်းမှာက ပို့အဆင်ပြေတယ်ကွ။ စပါး ရောင်းတဲ့ ဦးကြီးတွေကို ဆေးတွေ ထုတ်ပေးနေတယ်။ မင်း မှိုရိယာမင်ကအာစ ကိုမီသာဇင်အထိ။ အေး၊ ကိုမီသာဇင်ဆိုလို့ ပြောရအုံးမယ်။ ကိုမီသာဇင်ကို မင်းသိတယ် မဟုတ်လား"

"အင်း"

"အဲဒါ ချောင်းဆိုးပျောက်ဆေးကွ။ ထုတ်တာက နှစ်ကျပ် ကျော်ကျော်ဘဲ ကျတယ်။ ခု ရန်ကုန်ဆိုင်တွေမှာ မရဘူး။ တောပိုင်းမှာရတယ်။အဲဒါ အနည်းဆုံး ငါးကျပ်နဲ့ ကောက်အုံး၊ ဒီမှာက တရာ့သုံးဆယ် တရာ့ငါးဆယ်ဈေး ရှိတယ်ကွ"

"ဘာ။ နှစ်ကျပ်တန်က တရာ့သုံးဆယ် ဟုတ်လား" အမှန် ပင် သူ အံ့သြရသည်။

"တရာ့သုံးဆယ်၊ တရာ့ငါးဆယ်ဆိုတာ ဆယ်ပုလင်းဈေး ကွ။ ဒါက သွင်းဈေး ရှိသေးတာ။ လက်လီမှာက တပုလင်း နှစ်ဆယ်လောက် ဖြစ်နေတာ"

"မလွန်ဘူးလားကွာ"



"အဲဒါကြောင့် ပြောတာပေါ့။ တောပိုင်းမှာ ကိုမီသာဇင် ပုလင်းတရာလောက် ကောက်ခဲ့အုံး၊ရန်ကုန်ရောက်ရင် တထောင် လောက် မြတ်နိုင်တာကွ"

"မဟုတ်သေးပါဘူး သူငယ်ချင်းရာ။ ဒီချောင်းဆိုးပျောက် ဆေးကတောင် ဒီလောက် ဈေးတက်နေရသလား"

"မင်း မြင်တာက ချောင်းဆိုးပျောက်ဆေးကိုကွ။ ရန်ကုန် မှာ ကျတော့ ဒါက ဆေးတမျိုးကွ"

"ဘာဆေးလဲ"

"ဘာဆေးရမလဲ။ ဟီရိုးအင်းသမားတွေဟီရိုးအင်း ဝယ်မရ ရင် ဒီကိုမီသာဇင်ကို တပုလင်း နှစ်ပုလင်း သောက်ပြီး ငြိမ့်နေ ကြတာ ကျော်ဝင်းမောင်ရဲ့"

"ဟေ"

"အေးလေ၊ ဒါ့ကြောင့်လဲ ကိုမီသာဇင် ရှားသွားတာ ပေါ့"

ကျော်ဝင်းမောင် ပို၍ ပို၍ ထိတ်လန့်လာရ ပေပြီ။ ထို့ ကြောင့်လည်း သူငယ်ချင်း ဖြစ်သူအား ယနေ့တည စဉ်းစား ပါရစေဦး ဆိုခဲ့စေကာမူ နောက်နေ့တွင် သူငယ်ချင်းဆီသို့ သူ မသွားခဲ့တော့။ ဖြစ်နိုင်သည်အထိ သူ မှောင်ခို လုပ်ငန်းကို ရှောင်မည်ဟု ဆုံးဖြတ်ခဲ့သည်။ မလွဲသာ၍ ဒူးယား စီးကရက် တလိပ် ဈေးရင်း ဆယ်ပြားတန်ကို လမ်းဘေးဆိုင်မှာ ပြားသုံး ဆယ်ပေး သောက်ခြင်းဖြင့် သူ မှောင်ခိုလုပ်ငန်းကို သွယ်ဝိုက် အားပေးနေပါကလား အသိဝင်သည့် တိုင်အောင် သူကိုယ်တိုင် သည်လုပ်ငန်းထဲ မဝင်မိအောင် ရှောင်ရမည်ဟု သူ့ကိုယ်သူ အပိုင်အနိုင် ဆုံးဖြတ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

သည်အတွင်းမှာပင် အဖေ့ပြဿနာ အေးရင့် ပြဿနာတို့ ဆက်တိုက် ပေါ်ခဲ့ခြင်းဖြစ်သည်။

အဖေ့ပြဿနာနှင့် စပ်လျဉ်းပြီး မသေက်အကြောင်းကို သူ သိခဲ့သည်။ အဖေ့ကို စက်ဆုပ်ရွံမုန်းသလို ဖြစ်ခဲ့သေးသည်။ ပြီးမှ အဖေ့ကို စက်ဆုပ်ရွံမုန်းသင့်သည်ထက် သနားသင့်သည်ဟု သူ ယူဆလာပြန်သည်။ အဖေသည် ပြဿနာများကို ရင်ဆိုင်ရေးအတွက် ပျော့ညံ့ နေခြင်းဘဲဟု သူ ယူဆ သည်။ သည့်အတွက် ပထမက အဖေ့ကို အထင်သေးသည်။ အထင်သေးရုံဖြင့် မပြီးသေး။ အကြောင်းရင်းကို ရှာသင့်သည်ဟု သဘောရလာပြန်သည်။ ထိုအခါ အဖေ့အကြောင်းကို သိဖို့ သူ ကြိုးစားပြန်သည်။

သည်အတွင်း ဖိုးဖိုးပြဿနာက ဝင်လာခြင်း ဖြစ်သည်။ ကျော်ဝင်းမောင်သည် သူ့အဖိုးအကြောင်းကို သူ သိသည်ဟု ထင်သည်။ ထိုအဖိုးက မွေးသော အဖေ့အဖြစ်ကိုလည်း သူ ခပ်ရေးရေး နားလည်လာသလို ထင်သည်။ သို့ပေမယ့် သူသည် မြေးတယောက် ဖြစ်သည်။ သားတယောက် ဖြစ်သည်။ မြေးက အဖိုးကို၊ သားက အဖေကို လမ်းကြောင်းပြရိုး မရှိ။ ထိုကြောင့်လည်း သူ ဘာမျှ ပြောစရာ မလိုတော့ဟု ယူဆသည်။

အဖေ အိမ်သို့ ပြန်ရောက်လာသောအခါ သူသည် အဖေ့ကိုရော အဖိုးကိုပါ ဘာမျှပြောစရာမလိုတော့ဟု သဘောထားသည်။ ပြောရမည်ဆိုလျှင် သူ့ရင်ထဲမှာ အပြည့်။

ဒါကို ငိုးဖိုး မသိစကျ ပြုပြီး နေနိုင်ကောင်း နေမည်။ သို့ပေမယ့် အဖေ နားလည်သဘောပေါက်လိမ့်မည်ဟု ကျော်ဝင်းမောင် ထင်သည်။ တကယ်တော့လည်း အဖေ့ အဖြစ်သည်



အတွက်နှင့် ခင်လေးနွယ်မှအပ သည်တအိမ်သားလုံး သိပြီးကိစ္စ ဖြစ်သည်။ သို့ပေမယ့် အားလုံးကပင် အဖေ့ကို ဘာမျှ မဖြစ်သည့် အနေမျိုးဖြင့် ကြိုဆိုခဲ့ကြသည်။ အဖေ့ ဇာတ်ဟောင်းကို မည်သူကမျှ ပြန်ပြောင်း၍ မပြော။ ကျော်ဝင်းမောင်လည်း မပြောချင်။

သို့ပေမယ့် အဖိုးကိစ္စကိုကား တခါတခါ သူ ပေါက်ကွဲသွားမည်လား သူ့ဖာသာ စိုးရိမ်ခဲ့ရသေးသည်။

အခိကမှာ အေးရင့် ပြဿနာ။

အေးရင် သူတို့မိသားစုမှ ခွဲခွာသွားရသော အဖြစ်မှန်ကို သူသာလျှင် သိထားသည်ဟု ကျော်ဝင်းမောင် ယူဆသည်။ အမှန်ဆို ဖိုးဖိုးသိနိုင်ဖို့ အကောင်းဆုံးပင်။ ဘာပြောပြော အခိက တရားခံမှာ ဖိုးဖိုး။

အေးရင့်ကိစ္စမှာတုန်းက သူ တားလျှင် ရမည်ဟု ကျော်ဝင်းမောင် ယုံကြည်သည်။ သို့ပေမယ့် တား၍ မဖြစ်တော့။ ဖိုးဖိုး ပြဿနာသည် တဖြည်းဖြည်း တက်လာနေပြီကို ကျော်ဝင်းမောင် သိသည်။ ထို့ကြောင့်လည်း အေးရင် အိမ်ပေါ်မှ ဆင်းသွားလျှင် ဆင်းသွားချင်း သူ အေးရင်ရှိရာကို လာခဲ့သည်။ ပထမတော့လည်း ဖိုးဖိုးပြဿနာ အသိသား ကြားကပင်

“ငါမေးတာ ပြောစမ်း အေးရင်။ အိမ်မှာ ဒီလောက် ပြဿနာတုံ တက်နေတဲ့ကြားက နင် ဒီလို လုပ်သွားတာ ကောင်းသလား” ဒေါနှင့် မာန်နှင့် မေးခဲ့သေးသည်။

အေးရင် ဘာမျှ ပြန်မဖြေခဲ့။

“ငါ မေးနေတာ မကြားဖူးလား အေးရင်”

ခေါင်းကို ငုံ့ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"တခြားအချိန် နှင် ဆင်းသွားရင် ငါ ဘာမှ မပြောဘူး။ နောက်ပြီး ဒို့အိမ်မှာ နှင့်အနေအထားကို နှင် ပြန်ကြည့်။ အိမ်ဖော်လို့သာ ဆိုရတာ နှင်ဟာ ဒို့မိသားစုထဲက တယောက်လို ဒို့အားလုံး သဘောထားခဲ့ကြတာ မဟုတ်လား"

အေးရင် မျက်ရည်ကျရပြီ။

"မေးနေတာ ပြောလေ။ နောက်ဆုံး ငါနှင့်အပေါ် ဘယ်လို သဘောထားတယ်ဆိုတာက အစ နှင်သိဘို့ အကောင်းဆုံးဘဲ" ရင်ထဲရှိသမျှတွေ ပြောလိုက်တော့မည် အထိ ဖြစ်ခဲ့သေးသည်။ မနည်းပင် ချုပ်တီးထားလိုက်ရသည်။

အေးရင့်ဆီက ရှိုက်သံသဲ့သဲ့ ကိုပင် ကြားရပြီ။

"ပြောစမ်း အေးရင်။ နှင် ဘာဖြစ်လို့ ဒို့ကို ခွဲသွားရတာလဲ"

"အေးရင်၊ အေးရင်၊ အေးရင် ဆက်နေရင် ဒုက္ခ ဒုက္ခ ရောက်မှာ"

"ငါ သိတယ် နှအေးရင်။ ငါသိတယ်။ နှင် ဖိုးဖိုး ရန်ကြောင့် အိမ်က ဆင်းတာ မဟုတ်လား"

အေးရင် ဘာမျှ မပြောနိုင်တော့။ ချုန်းမဲ့ချ၍ ငိုလေပြီ။

ကျော်ဝင်းမောင် အဖိုးဖြစ်သူကို ဒေါသ ဖြစ်ရလေတော့သည်။ သည်ကတည်းက အဖိုးနှင့် တခန်းတည်း နေရသော အဖြစ်ကို စက်ဆုပ်လာသည်။ အဖိုးနှင့်ကား မျက်နှာချင်းမဆိုင်တော့။ စကား ခွန်းကြီး ခွန်းငယ်လည်း မပြောတော့ အဖိုး အိပ်ရာထဲ လဲစပြုသည်ကိုပင် မသိစကျ လုပ်ပြီး နေလိုက်သည်။

အရေးကြီးသည်မှာ သူ့အဖို့ အေးရင့် ပြဿနာ။ အဖိုး



အန္တရာယ်ကြောင့် အေးရင် သည်အိမ်မှ ထွက်သွားသည်ကို သူ နားလည်နိုင်ပါ၏။ သို့ပေမယ့် အေးရင်တို့လို လူတွေအဖို့ အန္တရာယ်သည် လုံးဝ ကင်းပျောက်သွားပြီ ဆိုနိုင်အံ့လော။ သည်အိမ်မှ ဆင်း၍ သည်အိမ်က အန္တရာယ်နှင့် ဝေးသည်ကား မှန်ပါ၏။ ဟိုအိမ်မှာကော အခြား အန္တရာယ်တခုကို မတွေ့နိုင်ဟု ဆိုနိုင်ပါမည်လော။ သည်တော့ ဘာပြောပြော သူ အေးရင့်ကို အမြန်ဆုံး လက်ထပ်ရမည်ဟု ဆုံးဖြတ်ထားလိုက်သည်။

ထိုအခါ အလုပ်ပြဿနာသည် ရှေ့တန်းသို့ တက်လာပြန်သည်။

ပဌမ အလုပ် ရရမည်။ မိမိ ခြေထောက်ပေါ် မိမိ ရပ်တည်နိုင်ရေးသည် ပထမ။ ပြီးသည်နှင့် သူ အေးရင်ကို ဘယ်တုန်းကစ၍ ချစ်ခဲ့ကြောင်း ပြောမည်။ အေးရင် ယုံချင်မှ ယုံမည်။ ကိစ္စ မရှိ အေးရင်ကို သူ လက်ထပ်မည်။ အေးရင်နှင့် သူ တအိုးတအိမ်ထောင် ခွဲနေမည်။

သို့ဖြင့် သူ အလုပ်တခု ရခဲ့သည်။ သူငယ်ချင်း တယောက်ကို အကြောင်းပြု၍ ကျူရှင်ကျောင်းတခုတွင် ကျောင်းဆရာအလုပ်ရခဲ့သည်။ သူ့လို ထင်ပေါ်သူလည်း မဟုတ်သေး၊ သူ ကျွမ်းကျင်သည့် ဘာသာရပ်ကလည်း ကျူရှင်လောက၌ တကယ်တမ်း အရေးပါလှသော ဘာသာရပ်မဟုတ်သည့် အတွက် သူ ရသော အခကြေးငွေမှာ ပြောပလောက်သည်ကား မဟုတ်ပေ။ သို့ပေမယ့် သူ ကျေနပ်သည်။ မှောင်ခိုအလုပ်နှင့် စာလျှင် သည်အလုပ်က တော်သေးသည်။ စင်စစ် သည်အလုပ်မှာလည်း ငွေရှင် လက်ဝါးကြီးအုပ် စနစ် မရှိ မဟုတ်၊ ငွေရှင် လက်

www.burmeseclassic.com



ဝါးကြီးအုပ်စနစ်သာ မဟုတ်၊ ပညာတတ် ခေါင်းပုံဖြတ်စနစ်ပါ ရှိသော လောက ဖြစ်သည်။ သို့ပေမယ့် ယခုအခြေအနေတွင် ကျော်ဝင်းမောင် ဒါတွေ စဉ်းစားနေ၍ မဖြစ်။ ယခု အခကြေးငွေ နည်းသည်။ သည်တကျောင်းမှ နောက်တကျောင်း၊ နောက်တကျောင်းတိုး၍သင်ခွင့်ရလျှင် အခကြေးငွေပိုလာမည်။ ဒါဆို သူ အေးရင်ကို လက်ထပ်နိုင်တော့မည်။

ဤစိတ်ကူးဖြင့် သူ့ဘဝသူ အားတက်လာသည်။ အေးရင်ဆီသို့လည်း သူ မကြာ မကြာ ရောက်သည်။

ယခုအခြေအနေတွင် ကျော်ဝင်းမောင်အဖို့ အေးရင်နှင့် သူ့အလုပ်မှ အပ ဘာဆို ဘာကိုမျှ စိတ်မဝင်စား။

ထို့ကြောင့် ခင်လေးနွယ့် ကိစ္စကိုလည်း သူ စိတ်မဝင်စား။ အိပ်ရာတွင် လဲနေသော အဖိုး၏ အခြေအနေ ကိုလည်း သူ စိတ်မဝင်စား။ ကုန်ကုန်ပြောရလျှင် မိမိ အိမ်သားစုနေရာ အခန်းကလေးကိုပင် သူ ပြန်အိပ်ရုံမှအပ သည်ထက်ပို၍ ဘာမျှ အမှတ်မထားခဲ့။

ကြည့်စမ်း။ မိမိ ကျူရှင်ကျောင်း အလုပ်ဝင်၍ တလပြည့်သည် ဆိုရုံဘဲ ဆိုသေးသည်။ ကျောင်းတွေ ပိတ်ကြတော့မည်။ စာမေးပွဲတွေပင် စစ်တော့မည် မဟုတ်လော။ ဤရင်ဆိုင်ရအံ့သော အခြေအနေကိုပင် ကျော်ဝင်းမောင် မေ့လျော့နေခဲ့သည်။

ယခု ကျော်ဝင်းမောင် တုန်လှုပ်ရလေပြီ။

## —၁၁—

ဦးလွန်းမောင်သည် သား ကျော်ဝင်းမောင်၏ အခြေအနေကို စောင့်ကြည့်ဖို့လိုသည်ဟု ထင်ခဲ့သည်မှာ အိမ်သို့ ပြန်ရောက်စကပင်ဖြစ်သည်။ သို့ပေမယ့် သူ့စိတ်သည် ရုတ်တရက် မတည်ငြိမ်ခဲ့ပေ။ သား အလုပ်လုပ်နေသည်ဟု သိသောအခါ သူ ကျေနပ်သည်။ သည်လိုဘဲ၊ သူတို့ဘဝကို သူတို့ ဖန်တီးကြလိမ့်မည်ဟုလည်း ယူဆလာသည်။

ထိုအခါ သူ့နောက် မျိုးဆက်တဆက် အကြောင်းသည် အတွေးထဲသို့ ရောက်လာခဲ့သည်။

ခင်လေးနွယ့်အကြောင်း၊ ကျော်ဝင်းမောင့် အကြောင်း။ သူတို့အတွက် မိမိက ပူပန်နေရချိန်၊ စိုးရိမ်နေရချိန်တွင် သူတို့သည် သူတို့ဘဝကို သူတို့ ဖန်တီး သွားကြလေပြီ။

ထိုမှ တဆင့် မိမိအဖြစ်ကိုလည်း မိမိ ပြန်တွေးမိပြန်သည်။ မိဖသောင်းရိပ်အောက်မှ မလွတ်ခဲ့သော အဖြစ်။

သို့ဖြင့် မိဖထိန်းကျောင်းမှုအကြောင်း ဆက်စပ် အတွေးစသည်လည်း သွယ်တန်းခဲ့သည်။

ထိုအခြေအနေမျိုးတွင် ခင်လေးနွယ် အိမ်သို့ ပြန်ရောက်လာခဲ့ခြင်း ဖြစ်သည်။

"နေစမ်းပါအုံး မမြိုင်။ သမီး အိမ်ကို ပြန်လာတာ ဘာသဘောတဲ့လဲ" သမီးကိစ္စကို မယားထံတွင် စူးစမ်းခဲ့သေးသည်။

"သူ့ယောကျ်ားစာမေးပွဲဖြေတုန်းမို့ ပြန်လာတာယ်လို့ ပြော

www.burmeseclassic.com

www.burmeseclassic.com



တာဘဲ။ ကျမ သဘောကတော့ သမီးလေး ပြန်နေမယ်ဆိုရင် ပြန်ခေါ်ထားချင်တာဘဲ"

"ဖြစ်မလား မမြိုင်။ သူ့ သဘောကျလို့ သူတို့ချင်း လက်ထပ်ထားခဲ့ပြီးမှ ခွဲလို့ ဖြစ်မလား"

"ခမျာ ဟိုမှာ အနေဆင်းရဲ အစားဆင်းရဲ ထင်တာဘဲ။ ကိုလွန်းမောင်ဘဲ ရှင့်သမီးကို ကြည့်ကြည့်ပါလား။ ဒီတလ နှစ်လအတွင်း ဘယ်လောက်ပိန်သွားသလဲ"

"ဘာလဲ မမြိုင်။ သူ့ယောကျ်ားနဲ့ နေရတာ သူ မပျော်ဘူးပြောလို့လား"

"ဒီလိုတော့လဲ ဘယ်ပြောမလဲ။ ဒါပေမယ့် ရှင် စဉ်းစားကြည့်ပါ ကိုလွန်းမောင်။ သမီးခမျာ မိဖ သဘောမတူဘဲ လင်နောက် လိုက်သွားခဲ့တာ မဟုတ်လား"

"အေးလေ၊ သဘောတူတာ မတူတာဟာ ခုနေအခါ အကြောင်း ဟုတ်သေးလို့လား မမြိုင်ရဲ့"

"ကျမ ပြောနေတာက ဒါမဟုတ်ဖူး ကိုလွန်းမောင်။ အဲဒီလို သူ့သဘောကျ သူ လုပ်ခဲ့တဲ့ကိစ္စ ဖြစ်နေတော့ သမီးမှာ ဟိုမယ် အနေဆင်းရဲ၊ အစားဆင်းရဲ တော့ကော ပြောရဲမတဲ့လား"

သည်စကား ကြားရသောအခါ ဦးလွန်းမောင် တွေသွားပြန်လေသည်။

တကယ်တော့လည်း ဦးလွန်းမောင်သည် သူ့သမီး အကြောင်းကို သူ ကောင်းကောင်းသိသည်ဟု ထင်သည်။ ပြီး သည်သမီးသည် သူ အချစ်ဆုံး သမီး။

ထိုသမီးသည် အကောင်းကြိုက်သည်။ အရသာရှိသော အစာကိုကြိုက်သည်။ လှသော အဆင်ကို ကြိုက်သည်။ စိတ်ဆင်းရဲမှုဒဏ်ကို နည်းနည်းမျှ မခံနိုင်။

ယခု ထိုသမီးယူသော လင်သား၏ အခြေအနေကိုလည်း ဦးလွန်းမောင် သိတန်သလောက် သိပြီ။ သမီး၏ အခြေအနေကိုလည်း ခန့်မှန်းတန်သလောက် ခန့်မှန်းမိပြီး ဖြစ်သည်။

သည်တော့ မခင်မြိုင် ပူပန်ခြင်း ဖြစ်ရသကဲ့သို့ပင် ဦးလွန်းမောင်လည်း ပူပန်ရပြန်သည်။ သည်လိုဆို သမီးတို့ လင်မယားခွဲရေးကို မိမိ သဘောတူရအံ့လော။ ထိုအတွေး ဝင်လာပြန်သောအခါ ဦးလွန်းမောင် တုန်လှုပ်ရပြန်သည်။

သည်ထဲ အဖေ့ကိစ္စက တမျှောင့်။

သူ အိမ်ပေါ်သို့ ပြန်ရောက်စ ကတည်းက အဖေနှင့် အေးအေးလူလူ စကားပြောခဲ့ရသည် မရှိ။ သူ ကိုယ်ကလည်း အဖေနှင့် ရင်ဆိုင်ဖို့ ဝန်လေးခဲ့သည်။ ထိုအချိန်မှာပင် အဖေ တရှောင်ရှောင်နှင့် မမာစပြုသည်။

သို့ပေမယ့် အဖေ့ကိစ္စကို ပူပန်စရာဟု သူ မထင်ခဲ့။ မခင်မြိုင်ကို ကြည့်ပြီးတော့သာ သူ မောခဲ့သည်။

သည်အိမ်မှာ အေးရင် မရှိတော့သောအခါ မခင်မြိုင်နှင့် ဒေါ်ရွှေမယ်တို့မှာ တာဝန်တွေ ပိုလာသည်။ ယခု လူမမာ တယောက် ရှိလာပြီဆိုသောအခါ မခင်မြိုင်အဖို့ တာဝန်ထပ်၍ ပိုလာသည်။

ဦးလွန်းမောင်သည် အိမ်ပေါ် ပြန်တက်မည် ပြုသောအခါ မယားကို မည်သို့ မျက်နှာချင်းဆိုင်ရမည်ပင် မသိခဲ့။ ကိုယ့် မိသားစုသို့ ပြန်ဝင်လာခဲ့သည်တိုင်အောင် ခပ်အမ်းအမ်းဖြစ်နေခဲ့သေးသည်။ သို့ပေမယ့် မခင်မြိုင်က ဘာမျှ မဖြစ်သယောင်ဘာမျှ

www.burmeseclassic.com



မသိသလို အနေအထားနှင့် ရင်ဆိုင်လာတော့ ပထမတွင် သူ မခင်မြိုင်ကို နားမလည်။

ကြည့်စမ်း၊ ယခုမှပင် ကာလအတန်ကြာ ပေါင်းသင်းလာခဲ့သော ဇနီးဖြစ်သူအကြောင်းကို သူ နားလည်သဘောပေါက်စ ပြုလာခဲ့သည်ဟု သူ့ဖာသာ သဘောရသည်။

သူကသာ ပြဿနာတွေကြားမှာ မိမိဘာမျှ မစွမ်းဆောင်နိုင်တော့ဟု အထင်ရောက်ကာ ထိုပြဿနာတွေကို အထွေးလိုက် အရစ်လိုက် ထားပစ်ခဲ့ပြီး တိမ်းရှောင် ထွက်ပြေးခဲ့သည်။ ပြဿနာဟောင်းတွေကို ဖယ်ထားခဲ့ပြီး ပြဿနာ အသစ်ကို ဖန်တီးလိုက်ခြင်း ဖြစ်သည်ဟု ဟိုစဉ်က မတွေးခဲ့မိပေမယ့် ယခု ပြန်တွေးမိသောအခါ မိမိကိုယ်ကို ပြစ်တင်ရှုတ်ချမိပြန်သည်။ ထို့ထက် မခင်မြိုင်၏ အဖြစ်ကို မြင်ရသောအခါ မခင်မြိုင်ကို သနားသည်နှင့် အမျှ မိမိ၏ တာဝန် လွတ် အနေအထားကို မကျေမနပ် ဖြစ်လာသည်။

သည်မိသားစုတွင်း ပြဿနာတွေကို မိမိကသာ ရှောင်ဖို့ ကြိုးစားခဲ့သည်။ မိမိ ဇနီးကား ပြဿနာစုံကို ရင်ဆိုင်ဖြေရှင်း နေပါကလား။ မီးဖိုချောင်ကိစ္စမှအစ၊ သားရေးသမီးရေးအထိ။ ယခု မိမိအဖေ လူမမာကိစ္စကိုပါ တာဝန်ယူလာရသည်။

ထိုအချိန်အထိ မိမိလွှဲဖယ် မနေသင့်ဟုလည်း သဘော ပေါက်လာသည်။

ကြည့်ပါ။ လူမမာအတွက် နေ့စဉ်လို ဆရာဝန်ရောက်လာ ဆေးထိုး ကုသနေသည့် ကုန်ကျစရိတ်ကအစ မခင်မြိုင် ဘာမျှ မပြော။ မပြောပေမယ့် သည့်အတွက် ငွေကုန်မည်ကိုကား ဦးလွန်းမောင်သိသည်။ ထိုငွေကို အဖေ ကျခံမည် မဟုတ်သည်



ကိုလည်း ဦးလွန်းမောင်သိသည်။ ယခု မိမိလစာမှာ ချေးငွေ အဖြတ်တောက်ခံရသဖြင့် လျော့နေပြီ။ မူလ လစာနှင့်ပင် သည်မိသားစု စားဝတ်နေရေး မဖူလုံသည်ကိုလည်း ဦးလွန်း မောင် သိသည်။ ယခု လူမမာကိစ္စ ထပ်ဆင့်လာသောအခါ ကျန်ပစ္စည်းကလေးတွေ ထုတ်ရုံမှအပ ဘာမျှ မဖြစ်နိုင်။ ဒါတွေ ကုန်လျှင် ရှေ့ဆက် မည်သို့ စခန်းသွားမည်နည်း။

ယခု မခင်မြိုင်သည် အိမ်တွင်းအခြေအနေကို ခင်ပွန်းဖြစ်သူ အား ဘာမျှ မပြောတော့။

ဦးလွန်းမောင် မသိစကျ ပြုနေ၍ မဖြစ်တော့ပေ။

"နေအုံး မမြိုင်။ အဖေ့ အခြေအနေ ဘယ်နှယ် နေသတဲ့လဲ"

"ဆရာဝန်ကတော့ ဖြစ်နိုင်ရင် ဆေးရုံတင်ဘို့ ပြောတာဘဲ"

"ဟုတ်တယ်။ ကိုယ်လဲ အဲဒါ စဉ်းစားနေတာဘဲ။ အဖေ ကတော့လဲ ဆေးရုံ မတက်ချင်းဘူးချည်း ပြောနေတာဘဲ"

"ဒါတော့လဲ ဘယ်နှယ် တတ်နိုင်မလဲ ကိုလွန်းမောင်ရယ်"

"မတတ်နိုင်ဘူးဆိုပြီး ကြည့်နေလို့ ဖြစ်မလား။ လူကြီး ရောဂါဆိုတော့ ရောဂါ မယ်မယ်ရရရှိတာ မဟုတ်ပေမယ့် ခုနေ ရောဂါ တခုခု ရှုတ်တရက် ဝင်လာရင် မလွယ်ဘူး"

"ဆရာဝန်ကလဲ အဲဒါ ပြောတာဘဲ"

"ခုလို နေ့တိုင်း ဆရာဝန်ခေါ် ဆေးထိုးနေတော့ ဘာ ပြောပြော ပိုက်ဆံကလဲ ကုန်နေတာ မဟုတ်လား"

"နာရေးဘဲ ကိုလွန်းမောင်ရယ်။ မကုန်ချင်လို့ ရမတဲ့လား"

ဦးလွန်းမောင် နားလည်ရပေမည်။ မယားက သည်လောက် ပြောလာလျှင်ပင် သဘောပေါက်ရပေမည်။ ထိုအခါ အဖေ့ ကို ရင်ဆိုင်ရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘအုန်းသည် အေးရင် အိမ်ပေါ်မှ ဆင်းပြီ ဆိုကတည်းက စိတ်ဝေဒနာစုံ စတင် ခံစားခဲ့ရခြင်း ဖြစ်သည်။ နဂိုကပင် သည်အိမ်မှာ နေရပေမယ့် သည်အိမ်သားတွေနှင့် မိမိ တသီးတသန့်လို အနေအထားကို ဦးဘအုန်း သိသည်။ သို့ပေမယ့် အေးရင် ရှိ၍ ဖြေသာနိုင်ခဲ့သည်။ အေးရင်နှင့် ပြဿနာ ကြုံပြီးတိုင်း သူ့တွင် သံဝေဂ ကြီးစွာ ဖြစ်ရမြဲ။ ထိုအခါတိုင်း သူ စိပ်ပုတီးကို တွင်တွင် စိပ်သည်။ ဖုရားစာလဲ နှုတ်မှ မပြတ် ရွတ်သည်။ သို့ပါလျက် သူ့ အမြင်အာရုံတွင် အေးရင်သည် ရစ်ဝဲမြဲ။

ထို့ကြောင့်လည်း ဘာဘဲဖြစ်ဖြစ် သူ အေးရင်ကို အမှန် တကယ် လက်ထပ်ပေါင်းသင်းမည်ဟု အကြံဖြစ်ခဲ့ခြင်း ဖြစ်သည်။

ထိုအကြံသည် စိတ်ကူးအိမ်မက်တခုမျှသာ ဖြစ်ခဲ့သည် ဆိုခြင်းကိုကား ဦးဘအုန်း မဆင်ခြင်ခဲ့ပေ။ သို့ပေမယ့် အေးရင် အိမ်ပေါ်မှ ဆင်းသွားပြီ ဆိုသောအခါ ဦးဘအုန်း တုန်လှုပ်ရလေတော့သည်။ပထမတွင် အေးရင် ဆုံးရှုံးရခြင်းအတွက် နှမြောဝမ်းနည်းခြင်း ဖြစ်သည်။ ဤသည်ပင် အိပ်မက်တခု ဆက်လက်စွဲမက်နေခြင်းဟု သိလာသောအခါ မိမိစိတ်အာရုံမှ အေးရင်ကို ဖျောက်ဖို့ ကြိုးစားသည်။ သည်လို အေးရင်ကို စိတ်အာရုံမှ ဖျောက်ဖို့ ကြိုးစားယင်း မိမိပတ်ဝန်းကျင်ကို မိမိ ထိတ်လန့်လာသည်။

နဂိုကပင် သီးသီးသန့်သန့် နေခဲ့သော သည်မိသားစုသည် ယခုမှပင် မိမိကို ပိုမိုပစ်ပယ်လာသည်ဟု ထင်လာသည်၊အေးရင်နှင့် ပတ်သက်၍ မိမိအကြံအစည်ကို သူတို့ သိနေကြလေပြီလားဟုလည်း ထင်လာသည်။ အေးရင် အိမ်ပေါ်မှ ဆင်းသွား



ရခြင်း၏ အဓိက တရားခံမှာ မိမိဖြစ်သည်ဆိုသော အချက်ကို သူတို့သိနေကြပြီဟုလည်း ထင်လာသည်။

သည်တော့ ရှက်သည်၊ ထိတ်လန့်သည်။ ထိုဝေဒနာတို့မှ လွတ်မြောက်ရန် ကြိုးစားယင်း ဒေါသဖြစ်ရပြန်သည်။ ဒေါသကို ပြေစေ ဟူသော သဘောဖြင့် ပုတီးကို စွဲကိုင် ကြည့်ပြန်သည်။ ပုတီးလုံးတို့သာလျှင် တလုံးပြီး တလုံး တက်ချေ ဆင်းချေ ပြုကြသည်။ စိတ်မှာ ထွေပြားရဆဲ။ ရပ်တည်ရာမရ ဖြစ်ဆဲ။ တရားကို ရှာပါ၏။ တရားကို မတွေ့။

သည်အခန်းမှာ ဦးဘအုန်း အနေကျုံ့လာပေပြီ။ ဘာပြောပြော ယခင်က သူ့မှာ ဆက်ဆံစရာ ဆို၍ အေးရင် ရှိသည်။ ယခု မည်သူမျှ မရှိတော့။ သားပြန်လာသော်လည်း သားကပင် သူ့ကို စကား မပြောတော့။ သားပြန်ရောက် စကသားအဖြစ်ကို မေးမည် ပြုသေးသည်။ ထိုသားသည် နည်းနည်းကလေးမျှ အမေးမခံခဲ့။ သို့ဖြင့်သူ့မှာ စကားပြောဖော်ပင် မရှိတော့။ တခန်းထဲနေသော ကျော်ဝင်းမောင်သည်ပင် သူ အိပ်ပျော်ချိန်လောက်မှ ပြန်လာတတ်သည်။ တခါတရံ မလွှဲသာ၍ ကျော်ဝင်းမောင်နှင့် မျက်နှာချင်းဆိုင်ရလျှင် ကျော်ဝင်းမောင့် မျက်လုံးတွေက သူ့ကို ပြစ်တင်ရှုတ်ချနေဟန် ရှိသည်ဟု ထင်သည်၊ ဒါတွင်မက တအိမ်လုံးက လူတွေ၏ အကြည့်များသည်သူ့အပေါ် စယ်ဆုပ်ရွံရှာသော သဘောကို ဆောင်နေသည်ဟုလည်း ထင်လာသည်။ ထိုအခါ သူ့နယ်မြေသည် အလိုလို ကျဉ်းလာသည်။

သူ ညှော်ခန်းမှာ မထိုင် ချင်တော့။ မယ်ရွှေမယ်နှင့်လည်း မျက်နှာချင်း မဆိုင်ရဲ။ မခင်မြိုင်နှင့်လည်း မျက်နှာချင်း မဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ရဲ။ ထို့အတူ သားဖြစ်သူနှင့် မျက်နှာချင်းဆိုင်ရမည်ကိုပင် သူက ဝန်လေးသလား၊ သားက ဝန်လေးသလား မဆိုနိုင်။ ပုံမှန် မဟုတ်တော့။ ထိုအခါ ခါတိုင်း ထွက်ပြီး ထိုင်နေကျ ဝရံတာမှာပင် ဦးဘအုန်း မထိုင်ရဲတော့။ ထိုအခါ သူ့နယ်မြေသည် သူ့အိပ်ခန်းသက်သက် ဖြစ်လာသည်။

စိတ်ဝေဒနာသည် ခန္ဓာကိုယ်ကို ကူးစက်ပြီထင်သည်။ ကြည့်၊ ခြေက ကိုက်သလို၊ လက်က ကိုက်သလို ဖြစ်လာသည်။ ရှိသမျှနှင့် စားနေကျ ဆေးဝါးတို့ကို မှီဝဲပါသည်။ ဆေးတို့သာ ကုန်ကြသည်။ ဝေဒနာသည် စိုးစဉ်းမျှ မသက်သာ။

ထိုအတွင်း ခင်လေးနွယ် အိမ်ပေါ် ပြန်ရောက်လာသည်ကို သိသည်။ အကျိုးအကြောင်း စုံစမ်း ကြည့်ရမည်မှာ မိမိဝတ်တရားဟု သဘောထားပြီး စုံစမ်းကြည့်သေးသည်။ မည်သူကမျှ ဘာမျှ ပြောချင်ပုံ မပေါ်။

သည်လိုနှင့်ပင် အိပ်ရာမှ မထနိုင်တော့သည့် အခြေအနေသို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။ ထိုအခါ ပထမ မခင်မြိုင် လာကြည့်သည်။ ပြီး သားဖြစ်သူ ကိုလွန်းမောင် လာကြည့်သည်။ ဒေါ်ရွှေမယ်လည်း လာကြည့်သည်။ ကျော်ဝင်းမောင်ကမူ တခန်းတည်းနေ ဖြစ်လျက် မမေး။ အိမ်ပေါ် ရောက်နေသည့် ခင်လေးနွယ်လည်း မိမိထံ တခါမျှ မလာ။ အတွက်ပင်လျှင် မလာ။ သူတို့ မလာသည်ကိုပင် ကျေးဇူးတင်ရဦးမည်လား မသိ။ လွန်းမောင်၊ မခင်မြိုင်နှင့် မရွှေမယ်တို့ လာမေး ပြန်သောအခါ သူ့ကိုယ်ကို သူ တကယ့် လူမမာဟု ထင်မိသည်။ ထိုအခါ တုန်လှုပ်ရပြန်သည်။

စင်စစ် သူ မသေနိုင်သေး။ ထို့ထက် တိတိကျကျ ပြောရ



လျှင် မသေချင်သေး။ သေစရာ အကြောင်းလည်း ရှိသည်ဟု မထင်။ ယခုဝေဒနာသည် စစ်စစ် သာမန် ဝေဒနာသာ ဖြစ်သည်။ ခါတိုင်းလည်းသည်လိုပင် ကိုယ်လက်တို့ ကိုက်ခဲမြဲဖြစ်၏။ ထိုအခါ အေးရင် တချက်နှစ်ချက် နင်းလျှင် ပျောက်သွားမြဲ။

ယခု အေးရင် မရှိတော့။

"ဦး ဘဲ့နဲ့ နေသလဲ။ ဘာစားချင်သလဲ။ ဘာလုပ်ပေးရမလဲ" မခင်မြိုင် ဝင်လာ မေးတတ်ပါ၏။

ဦးဘအုန်း အဖြေပေးဖို့ အမြဲတမ်း ဖင့်နွဲ့မြဲ ဖြစ်သည်။

အမှန်ဆို မခင်မြိုင်အား နှိပ်နယ်ပေးရန် ခိုင်းလျှင် ရနိုင်သည်ကို သူ သိသည်။ သို့ပေမယ့် မခိုင်းချင်။ မလွှဲသာ၍ ဘာကလေး စားချင်သည်၊ ဘာကလေး လုပ်ပေးပါ ခိုင်းနေရပေမယ့် တယ်ပြီး မခိုင်းချင်။

မိခင်မြိုင် အကြောင်း မသိ မဟုတ်။ သိသည်။ ရိုးပုံ ရိုးလက်နှင့် လည်သည်။ တဆိတ်ရှိ မိမိအထုပ်ကို မျက်စောင်း ထိုးချင်သည်။ စောစောကတည်းက ဒင်းတို့နှင့် အကင်း အပြတ်နေမှ၊ မတော် ယခု သူပြုစုရသည်ကို အကြောင်းပြုပြီး မိမိဆီ ပိုက်ဆံ ချေးလာလျှင် မခက်လား။

မခင်မြိုင်နှင့် ပတ်သက်သော ဦးဘအုန်း၏ သဘောထား။ သည်ကြားမှာပင် ဝေဒနာသည် သက်သာသည် မရှိခဲ့။

"အဖေ ဆေးရုံတက်ချင် တက်ပါလား"

လွန်းမောင့် ဆီက စကား။ ထိုစကားကို မကြားချင်ဆုံး။ ဒီကောင်က အစ ဆေးရုံတက်ဖို့စကား အဘယ်ကြောင့်ဆိုလာရသနည်း။ ဘာလဲ။ မိမိကို ဆေးရုံပေါ် တင်ထားပြီး အိမ်မှာ ကျန်ခဲ့သည့် မိမိ အထုပ်ကလေးကို ဒင်းတို့ မွှေယူကြတော့

www.burmeseclassic.com

www.burmeseclassic.com



ညည်သား၊ ဖြစ်နိုင်သည်။ ခုအခါမှာ သားကအစ အဖေ့ အပေါ်တွင် သစ္စာရှိကြသည် မဟုတ်။

ငြိုး ဆေးရုံတက်ဖို့ ကိစ္စမှာ သူ့အလုပ် မဟုတ်။ သူ့ဝေဒနာသည် သေလောက်သော ဝေဒနာ မဟုတ်။ ဖြစ်တတ်မြဲ ခံစားတတ်မြဲ ဝေဒနာ။ ပြီး ခဏနေ ပျောက်သွားမည်ဘဲ။ ဆေးရုံတက်သည် ဆိုသည်မှာ သေလောက်သော ဝေဒနာဆို ဟုတ်သေးရဲ့။

“ကျမ ဆရာဝန် ခေါ်ထားတယ်” တနေ့တွင် မခင်မြိုင် ပြောလာသည်။

ဆရာဝန်ခေါ်တာကိုကား ဦးဘအုန်း သဘောကျသည်။ စောစောကတည်းက ဦးဘအုန်း ဆရာဝန် ခေါ်ပြီး ဆေးထိုးလိုက်ချင်သည်။ ဆေးထိုးလိုက်လျှင် အကိုက်အခဲပျောက်သည်။ အားဆေးထိုးလျှင် အားပြည့်လာမည်။ ဒါဆို အိပ်ရာထဲက ထနိုင်မည်။ လုပ်လုပ်ရှားရှား လုပ်နိုင်လျှင် အညောင်းအညာ အကိုက်အခဲတွေလည်း ပျောက်မည်။ ယခု ခါးစပ်က တောင့်တောင့်မာမာကြီး။

သို့ပေမယ့် ခက်သည်။ ဆရာဝန်ခေါ်သည် ဆိုသည်နှင့် ပိုက်ဆံက ကုန်တော့မည်။ ပိုက်ဆံ ကုန်ရမည် ဆိုလျှင် မိမိ အထုပ်ကလေး ဖြည်ရတော့မည်လား။ မဖြစ်သေး။

ထို့ကြောင့် ဦးဘအုန်း ဆရာဝန်ကို အခေါ်မခိုင်းခဲ့ခြင်း ဖြစ်သည်။

ယခု မိခင်မြိုင်က ဆရာဝန် ခေါ်လာပြီ ဆိုသည်။ ဒင်း ဆရာဝန် ခြေကြွခနှင့် ဆေးထိုးခ တောင်းတော့မည် ထင်သည်။ တောင်းလျှင်လည်း အမှန်အကန် တောင်းမည် မဟုတ်။ အပို



အဆောင်းကလေးက ပါဦးမည်။ သည်တော့ ဘယ်လိုမှ ပေးလို့ မဖြစ်။ မှတ်ထားပစေသော့။ နေကောင်းမှ မိမိကိုယ်တိုင် ဆရာဝန်နှင့် ညှိပြီး ကိုယ်တိုင်ပေးမည်။ ငွေရေး ကြေးရေး ကိစ္စ ဆိုတာ ကြားလူပါလာလို့ မသင့်။

တော်သေး၏။ မိခင်မြိုင်သည် ဆရာဝန်အတွက် အခ ကြေးငွေ စကား မဟလာ။ သည်လိုဆို ဒင်းကဘဲ စိုက်ပေးနေသလား မဆိုနိုင်။ တနေ့ ဆရာဝန်အလာမှာ ဆေးဖိုး ဝါးခ မေးမိသေးသည့်။ ဆရာဝန်က ကိစ္စမရှိဟု ဆိုသည်။ ဒါဆို အမှန်ဘဲ မိခင်မြိုင် စိုက်ပေးနေတာဖြစ်မည်။ နောက်မှ မိမိဆီမှာ တောင်းမည် ထင်သည်။ သည်လို တောင်းလျှင် ဒင်း အမှန် ကျသင့်တာထက် ပိုတောင်းမည်လား။

စဉ်းစားရ အခက်သားပင်။ ခုတလော မိခင်မြိုင် မိမိကို အထူး ဂရုစိုက်သည်။ မဟုတ်မှ လွဲရော။ ဒင်း မိမိမှာ ငွေထုပ် ရှိနေသည်ကို သိမည် အမှန်။ ဘယ်ရွေ့ ဘယ်မျှ ရှိသည်ကိုပင် သိနေသလား မဆိုနိုင်။ ဒါဖြင့် ဒင်း သည်လောက် ပြုစုနေသည်မှာ မိမိဆီက အမွေ လိုချင်၍လား။ ဝေးသေး။ သည် အထုပ်သည် သူတို့နှင့် ဘာမျှ မဆိုင်။ သို့ပေမယ့် လူဆိုတာ အပြောရအခက်သားပင်။ သူ့ကို မြန်မြန်သေအောင် မလုပ်ဖူး မပြောနိုင်။ ကပ်ကိုက ဆုတ်ကပ်။ ငွေ ငါးပြား ဆယ်ပြား နှင့်ပင် လူသတ်နေကြသော အခါမျိုး။ ယောက္ခမဆီက ငွေ တသောင်းအတွက် ချွေးမက ယောက္ခမကို သေကြောင်း မကြံဖူး မည်သူ ပြောနိုင်ပါမည်နည်း။

ခက်ကပြီ။ အေးရင်၊ အေးရင်။ သည်အခြေအနေမျိုးမှ ဒင်း အဘယ်ကြောင့် ဒီအိမ်ပေါ်က ဆင်းသွားရအံ့နည်း။ မိမိ

www.burmeseclassic.com

www.burmeseclassic.com



ို ဒင်း စိတ်ဆိုးသွားတာလား။ မဖြစ်နိုင်။ ဖြစ်နိုင်တယ်ဘဲ ာားဦး။ အေးရင်ကို ရှင်းပြချင်သည်။ ရှင်းပြနိုင်လျှင် အေးရင် ပဘောသဘောပေါက်သွားမည်မှာ အမှန်ပင်။ ခု အေးရင် ဘယ်မှာ ည်း။ တယောက်ယောက်ကို အေးရင်ခေါ်ပေးဘို့ ပြောရ ပျှင် မကောင်းလား။ သည်လိုဆို မည်သူ့ကို ပြောရအံ့နည်း။

သည်လို ဂယောက်ဂယက် အတွေးတွေ နေ့စဉ်၊ အချိန် ာလပ် ဖိစီးခဲ့သည်။ ကြည့်စမ်း။ သည်အခြေ အနေမျိုးမှာပင် သားဖြစ်သူ လွန်းမောင်က ဆေးရုံတက်ဖို့ ပြောလာပြန်ချေ းသားသည်။

"ငါဘာလို့ ဆေးရုံတက်ရမှာလဲ လွန်းမောင်"

"ဆရာဝန်က အဖေ့အခြေအနေဟာ ဆေးရုံတင်ဘို့ လို အပ်တယ်လို့ပြောပါတယ်"

"အေး၊ ဒါပေမယ့် ငါ့အခြေအနေကို ဆရာဝန်ထက် ငါ သိတယ်။ ငါမတက်နိုင်ဘူး" အားတင်းပြီး ပြောနေရစေ ကာမူ အသံက အားမရှိ။

အဘယ်မှာလျှင် ဆေးရုံတက်၍ ဖြစ်ပါအံ့နည်း။ သူ့ အဖို့ ဤအိမ်မှ ညအိပ် ညနေပင် ခွဲခွာသွားမြဲ မရှိ။ သူ့ ခတင် အောက်က သစ်တာကို သူ အဘယ်မှာလျှင် စွန့်ခွာ သွားနိုင် အံ့နည်း။ သူ ဆေးရုံတက်ရာသို့ သည်သစ်တာ ယူသွား၍လည်း မဖြစ်နိုင်။ ပြီး သူ့ကို ဆေးရုံပေါ်တင်ထားစဉ် သည်သစ်တာကို အိမ်က လူတွေ မလှုပ်ဖဲ နေမည်လား။

တကယ်က ဘာပြောပြော သူ မသေနိုင်။ အေးရင်နှင့်တွေ့ လိုသေးသည်။ သို့ပေမယ့် သူ့ကို ဆေးရုံပေါ်တင် ဆရာဝ



နှင့် ပေါင်းပြီး သေချာကြောင်း မကြံဖန်မှ မညီသူ ပြောနိုင် မည်နည်း။

မဖြစ်။ ဘယ်လိုမျှ မဖြစ်။ ဆေးရုံတက်၍ မဖြစ်။ ဘာပဲ ပြော အရေးကြီးသည်မှာ သူ အိပ်ရာမှ အမြန်ဆုံး ထနိုင်ဖို့။ အိပ်ရာမှ ထပြီး သွားနိုင် လာနိုင်လျှင် သူ အေးရင်ကို ရှာ မည်။ သည့်နောက် သူနှင့် ပတ်သက်သမျှ ကိစ္စအားလုံး ပြီးစီး ရမည်။ ယခုအနေတွင် ဆေးရုံတက်၍ မဖြစ်။

ဦးလွန်းမောင်သည် နဂိုကပင် စိတ်ပျက်လက်စ အဖေ့ကို ပို၍ပို၍ စိတ်ပျက်လာလေပြီ။

သည်ကြားမှာပင် သမီး ပြဿနာသည် ထင်သည်ထက် ပိုပြီး ရှုပ်ထွေးလာပုံရသည်။

လွန်ခဲ့သော ဆဲ့လေးငါးရက်က နိုင်လင်းအောင် ရောက် လာသည်။ ဤအကြိမ်သည် ဦးလွန်းမောင်အဖို့ သမက်ဖြစ်သူ ကို ပထမဆုံးအကြိမ် တွေ့ရခြင်း ဖြစ်သည်။ ကိုယ့်ဒူးကိုယ်ချွန် ကြိုးကြိုးစားစားသမား ရိုးရိုးသားသား အစားထဲက ဖြစ်မည်ဟု ခန့်မှန်းခဲ့သည်။ ဆင်းရဲနွမ်းပါးသော အဖြစ်ကိုလည်း ခန့်မှန်း နိုင်ခဲ့သည်။

ထိုနေ့က သမက်နှင့်သမီး ဧည့်ခန်းမှာ ဆုံကြသည်။ ဦးလွန်း မောင် အိမ်ပေါ်မှ ဆင်းခဲ့သည်။ ဘာတွေ ပြောနေကြသနည်း မဆိုနိုင်။ အထူးပြောစရာ ရှိလိမ့်မည် မထင်ပါ။ သမက်သည် စာမေးပွဲပြီးသဖြင့် သူ့ဇနီးကို သူ လာခေါ်ခြင်းပင် ဖြစ်သည် ဟု ထင်သည်။ ထို့ကြောင့် သူပြန်လာသောအခါ သူ့သမီး အိမ်မှာရှိလိမ့်မည် မဟုတ်ဟု ထင်သည်။

သို့ပါလျက် သူ ပြန်လာသောအခါ သမက်ကို မတွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



တော့စေကာမူ သမီး ရှိနေသေးသည်ကို မြင်ရသောအခါ သူ အံ့သြသည်။ သာမန်မျှ စုံစမ်းကြည့်ပါသေးသည်။

"သမီး ပြန်မလိုက်ချင်သေးလို့ပါ ဖေဖေ"

သည်ကတည်းက အခြေအနေကို ရိပ်စားမိခဲ့သည်။ သို့ပေမယ့် သည်ကိစ္စမှာ သူ တိုက်ရိုက် မဝင်သင့်သေးဟု ထင်သည်။ ပြီး ဤကိစ္စတွင် မယားဖြစ်သူနှင့် ယောက္ခမ ဖြစ်သူတို့သည် ဘယ်အချိုးက ဘယ်သို့ ပါဝင်နေကြမည်ကိုလည်း သူ မခန့်မှန်းနိုင်သေး။ ထို့ကြောင့် အိပ်ခန်းတွင်း ရောက်သောအခါ သူ မယားထံမှာ စုံစမ်းကြည့်ဖြစ်တော့သည်။

"သမီးဟာ သူ့ယောကျ်ားဆီ မပြန်ချင်ဘူး ပြောတယ် ကိုလှန်းမောင်"

"အို၊ မဟုတ်တာဘဲ။ ဘဲ့နဲ့ ယောကျ်ားတယောက်ယူထားပြီး ယောကျ်ားနဲ့ ခွဲနေလို့ ဖြစ်မလား"

"ခွဲမနေလို့ကလဲ ဖြစ်မလား ကိုလှန်းမောင်"

"ဘာဖြစ်လို့"

"နေရတာကလဲ ဆင်းရဲ၊ စားရတာကလဲ ဆင်းရဲ"

"မဆိုင်တာဘဲကွယ့်။ ဒါတွေကို သူ အစက မစဉ်းစားဘူးလား"

"အစကတော့ စိတ်လိုက်မာန်ပါ ဆုံးဖြတ်ခဲ့လို့ ရှိမှာပေါ့"

"မဟုတ်တာကွာ။ ဒီကိစ္စမျိုးဆိုတာ။ ဒီမယ် မမြိုင်၊ ဒီကိစ္စမှာ မင်းနဲ့ ဒေါ်ဒေါ်တို့ပယောဂ မကင်းဘူးလို့ ငါ ထင်တယ်"

"အော်၊ ကိုလှန်းမောင်နှယ်။ ကျမပြောတာကို ရှင် နားထောင်ပါအုံး။ ဘာပြောပြော ကျမတို့ ဘမီး ကလေး ဟာ အသက် နှစ်ဆယ်တောင် ပြည့်သေးတာမှမဟုတ်တာ"



"ဒါပေမယ့် လင်ယူပြီးပြီကွ"

"ကိုယ့်သမီးကို ဒီလိုလဲ မပြောပါနဲ့"

"မင်းတို့ဥစ္စာ မဟုတ်ကြသေးဘူး ထင်တာဘဲ"

"ကဲ၊ ကျမရှင်းပြမယ်။ သေသေချာချာ နားထောင်စမ်းပါ ကိုလှန်းမောင်။ ခုဟာ ရှင့်သမီးယူထားတဲ့ ယောကျ်ားက ညဖက် စာစီသမား။ တလ မှ ဝင်ငွေတရာ့ လေးငါးဆယ်လောက်တောင် အနိုင်နိုင် ရှာနေရတာ။ ဒီတရာ့လေးငါးဆယ်ဆိုတာကလဲ လစဉ် ရချင်မှ ရတာ။ ရတယ်ဘဲ ထားပါအုံး။ ဒီခေတ် ဒီအခါမှာ ဒီတရာ့လေးငါးဆယ်နဲ့က ဘာလုပ်မလဲ။ သူတို့လင်မယား စားလောက်မလား။ ဒီတော့ ရှင့်သမီးဟာ ဟိုမှာ နေနိုင်ပါ့မလား။ ကျမတို့ သဘောကတော့ ခုကိစ္စဟာ သူ့သဘောနဲ့ သူ ဖြစ်တာပါ။ ကျမတို့ ဘာမှ ပြောဖို့တောင် မလိုဘူး။ သူ သူ့ယောကျ်ားဆီ ပြန်မသွားချင်ဘူးတဲ့။ ဒီမှာဘဲ နေပြီး သူ စာမေးပွဲ ဆက်ဖြေဖို့ ကြိုးစားချင်တယ်တဲ့။ သူ့အမှား သူ သိလို့ ခုလို အချိန်မီ မြင်တာကို ဘာဘဲ ဖြစ်ဖြစ် ကျမတို့အနေနဲ့ ဝမ်းတောင်သာရမယ် မဟုတ်လား ကိုလှန်းမောင်"

သည်ကတည်းက သမီးပြဿနာသည် စဉ်းစားစရာ ဖြစ်ခဲ့သည်။

မှန်သည်။ ယခုတော့လည်း ဦးလှန်းမောင်သည် အရာရာကို ရင်ဆိုင်ရမည်ဟု ယူဆလာသည်။ ပြဿနာတွေကို မှန်မှန်ကန်ကန် ဖြေရှင်းပေးနိုင်ရမည်ဟုလည်း သဘော ထားလာသည်။ ထို့ကြောင့် ပြဿနာတိုင်းကို ဖက်စုံက ကြည့်ပြီး စဉ်းစားဖို့ လိုသည်ဟု ယူဆလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအတွင်းမှာပင် ကျော်ဝင်းမောင်သည် ပြဿနာသစ်ကို ယူလာခဲ့ခြင်း ဖြစ်သည်ဟု ဆိုရပေမည်။

—၁၂—

သို့ပေမယ့် ဤကိစ္စကို ကျော်ဝင်းမောင်သည် ပြဿနာဟု မယူဆ။

တခုတော့ ဆိုနိုင်သည်။ အေးရင့် ပြဿနာ။

အေးရင့်ဘဝသည် အိမ်စေ။ အေးရင် အရွယ်ရောက် ကတည်းက အိမ်စေဘဝနှင့် ရှုန်းကန်လာခဲ့ခြင်း ဖြစ်သည်။ ဒါကို ကျော်ဝင်းမောင် သိသည်။ သို့ပေမယ့် ကျော်ဝင်းမောင်သည် အေးရင် မိမိတို့အိမ်မှာ အိမ်စေလုပ်နေစဉ်က အကြောင်း မထူးခဲ့။ ယခု တပါးသူအိမ်မှာ အလုပ်လုပ်နေရပြီ ဆိုသောအခါ အေးရင့်ကို အိမ့်စေအဖြစ် မလုပ်စေချင်တော့။ မလုပ်မဖြစ်ဟု ဆိုလျှင် သူတို့ အိမ်မှာပင် ပြန်လုပ်စေချင်သည်။

"ဒီတော့ ငါ့သဘောကတော့ နင် ဘာဘဲဖြစ်ဖြစ် အိမ်ကို ပြန်လာစေချင်တယ်။ အတွတ်လဲ နင့်ကို လွမ်းနေတာပါ။ ခုဆို လေးနှယ်လဲ ရှိတယ်ဟ။ အဖေလဲ ပြန်ရောက်နေပြီဘဲ။ ဒီတော့ နင် အိမ်ပြန်လာပါ"

"ဘဘကြီးရှိနေသမျှ အေးရင် ပြန်မလာဘူး အကိုလေး။ အေးရင် အကိုလေးတို့ တအိမ်လုံးအပေါ်မှာ သံယောဇဉ် ရှိပါတယ်။ ဒါပေမယ့် အေးရင် ကြောက်တယ်"

"ငါ နားလည်ပါတယ် အေးရင်။ ဖိုးဖိုး နင့်ကို ဆက်ဆံပုံကို ငါလဲ မကြိုက်ပါဘူး။ ဖိုးဖိုးကိုဆို ငါက နင့်ထက်တောင် မုန်းသေးတယ်။ ဒါပေမယ့် အဖိုးကြီးလဲ လဲနေပါပြီ။ အဲဒါ ဆေးရုံတောင် တင်ချင် တင်ရမယ်"

သည်တော့ အေးရင် တွေနေပြန်သည်။ အေးရင် တခုခု ခံစားရပုံရသည်။ ဘာပြောပြော သည်မိန်းကလေးမှာ ဖြူစင် ရိုးသားသော စိတ်ရင်းရှိသည်ဟု ကျော်ဝင်းမောင် ယူဆသည်။ ထို့ကြောင့် ဖိုးဖိုးအပေါ် နာကျည်းသည်၊ စက်ဆုပ်ရွံရှာသည် မှန်စေ၊ ဖိုးဖိုး မကျန်းမာဟု ဆိုသောအခါ အေးရင် စိတ်မကောင်းတော့ ဖြစ်မိမည် အမှန်ပင်။ ထို့ကြောင့်ပင် ဖြစ်မည်။

"ဘဘကြီးက ဘာဖြစ်တာလဲဟင်"

"ဘာဖြစ်ရမလဲဟာ လူကြီးဘဲ။ လူကြီးရောဂါပေါ့။ ထားပါ၊ သူ့ကိစ္စက အရေးမကြီးဘူး။ နင် ပြန်လာဖို့ကသာ အရေးကြီးတာ"

"ဖြစ်မယ် မထင်သေးပါဘူး အကိုလေးရယ်"

ထို အေးရင့် ပြဿနာနှင့် အတူ မိမိပြဿနာကိုပါ စဉ်းစားရလေသည်။

ဘာဖြစ်ဖြစ် သူတနေ့တွင် အေးရင်ကို ယူမည်ဟု ဆုံးဖြတ်ထားပြီး ဖြစ်သည်။ ထိုအခါ အေးရင်သည် သူ့ကို ငြင်းပယ်လိမ့်မည် မဟုတ်ဟုလည်း ယူဆသည်။ အမှန်လည်း ငြင်းပယ်စရာ မလိုပေ။ ပြီး သူ့နှုတ်ကသာ ဖွင့်မပြောသည်၊ သူ့ရင်ထဲမှာ ဘာရှိသည်ကို အေးရင် သိနေလိမ့်မည်ဟုလည်း မျှော်လင့်သည်။ တခုဘဲ ပြောစရာရှိသည်။ ယခုနေ သူ အေးရင်ကို ချစ်ရေးဆိုသည် ဆိုပါစို့။ အေးရင် သူ့ကို ယုံစရာ ဘာမျှ မရှိနိုင်။ သို့ပေမယ့် မိမိလို လူတယောက်က အေးရင်လို လူ



www.burmeseclassic.com

www.burmeseclassic.com



တယောက်ကို လက်ထပ် ယူ၍ မဖြစ်နိုင်ဟု ထိုမိန်းကလေး အကြောင်း ပြကောင်း ပြနိုင်သည်။ ဒါလည်း ကိစ္စ မရှိ။ အေးရင်နှင့် ပတ်သက်လျှင် အားလုံး မီးသေ သဘောထား လိုက်သည်။

အရေးကြီးသည်မှာ မိမိရပ်တည်ရေး။

မှန်သည်။ ကျော်ဝင်းမောင်သည် သူ့ဘဝ ရပ်တည်ရေးကို သူ ကြိုတင်တည်ဆောက်ခဲ့သည်မှာ ကြာပြီ။ အရေးကြီးသည်မှာ ယခု တလ နှစ်လ။ သည်ကာလမှာ ကျောင်း ပိတ်ထားသည် မဟုတ်လား။ သူ ကျူရှင်ခ မရနိုင်။ ကျောင်း ပြန်ဖွင့်လျှင်ကား သူ အလုပ်ပြန်ဝင်ရမည်။ သည်နှစ်လလောက် ဝင်ငွေ မရှိဘဲ မိဖဆီ ကပ်စား နေ၍လည်း အကြောင်း မဟုတ်။ သို့ပေမယ့် မဖြစ်။ ဒသူ့ရပ်တည်ရေးအတွက် သူ အပြင်းအထန် အားထုတ်ရပေမည်။ သည်တော့ ရနိုင်သမျှ အလုပ်တွေကို ရှာသည်။ ရုံးတရုံးမှာ သုံးကျပ်ရှစ်ဆဲ့ငါးပြား လုပ်အားပေး အလုပ်ရသည်။ ရွေးမနေနိုင်။ ဝင်လုပ်ရမည်။ ကျောင်းပြန်ဖွင့်မှ ရောက်ရေး။

တကယ်ကျတော့ ထိုသုံးကျပ် ရှစ်ဆဲ့ငါးပြား ဝင်ငွေသည် ဘာမျှ အရာမရောက်။ ယခုကိုယ့်ဝင်ငွေနှင့် ကိုယ်ဆိုတော့ ကြိုက်တတ်သော ဒူးယားစီးကရက်ကအစ ဖြတ်ခဲ့ရပြီ။

ပထမကတော့ ဝင်ငွေ အပိုအလျှံ ကလေးရှိလျှင် အိမ်ကို ပေးမည်ဟု စိတ်ကူးခဲ့သည်။ တလနှစ်လ ပေးခဲ့သေးသည်။ များများ စားစားကား မဟုတ်။ လေးငါးဆယ်မျိုး။ ဒါကလည်း တကယ်ဆို ထမင်းလခဖိုးလောက်မျှပင် မရှိ။ ယခု လဆန်းဆို မပေးနိုင်တော့။



သည်အခြေအနေမှာ အေးရင့်ကိစ္စကိုပါ ထည့်စဉ်းစားလာရသောအခါ ခေါင်းနောက်လာသည်။ အမှန်ပင် အေးရင့်ကိစ္စကလည်း မစဉ်းစားလျှင် မဖြစ်တော့။

"အေးရင် တခုတော့ ပြောမယ်"

"ဘာများလဲ အေးရင်ရယ်"

တခါ၊ သူ အေးရင်ဆီ အသွားမှာ အေးရင်က စကား စ ဆိုလာခြင်း ဖြစ်သည်။

အမှန်တော့လည်း အေးရင် ဤအိမ်တွင် အလုပ်ဝင်ကတည်းက ကျော်ဝင်းမောင် ဤအိမ်သို့ ပြောင်ပြောင်တင်းတင်း ဝင်ထွက်သွားလာခဲ့သည်။

"ကျနော် အေးရင်နဲ့ မောင်နှမလို နေလာတာပါ။ ဒါကြောင့် အေးရင်ကို လာတွေ့တာပါ" ဒါ ပထမဆုံးအကြိမ် အေးရင်နှင့် လာတွေ့စဉ်က ပြောခဲ့သော စကား။ ပြဿနာရှိသည်ဟုလည်း မထင်။

သို့ပေမယ့် ဒုတိယခေါက် လာတွေ့သောအခါ အေးရင်က စပြီး သတိပေးသည်။

"ခုလို အကိုလေး လာတွေ့တာ အေးရင်ဝမ်းသာပါတယ်။ အားလဲ ရှိပါတယ်။ ဒါပေမယ့် သူတို့ တမျိုးမျိုး ထင်ရင် မကောင်းဘူး"

ယခုအကြိမ်ကား စတုတ္ထအကြိမ်။ ထိုစတုတ္ထအကြိမ်သည် တတိယအကြိမ်နှင့် ရက်တပတ်သာ ခြားသည်။ သည်တခါတွင်းက အေးရင် ဘာပြောလာမည်ကို ကျော်ဝင်းမောင် မှန်းလို့ ရနိုင်သည်။ သို့ပေမယ့် မမှန်းမိ။ အမှန်ဘဲ၊ အေးရင်နှင့် တွေ့

www.burmeseclassic.com

www.burmeseclassic.com



လျှင် ကျော်ဝင်းမောင် ပျော်သည်။ ထိုကြောင့် သတိလက်လွတ် ဖြစ်နေခဲ့သည်လား မဆိုနိုင်။

"အကိုလေး ဒီကို ခဏခဏ မလာပါနဲ့"

သည်တခါတော့ ကျော်ဝင်းမောင် အမှန်ပင် တုန်လှုပ်ချောက်ချားရလေတော့သည်။

"ဘာလဲ။ သူတို့က င့ါလာတာကို ပြောသလား"

သည်တော့ အေးရင် ခေါင်းညိတ်ရုံ ညိတ်သည်။

"ဘာဆိုင်လဲဟာ။ အကိုလုပ်တဲ့လူက ကိုယ့်ညီမဆီ ကိုယ်လာတွေ့တာ"

"ဒါပေမယ့် သူတို့" အေးရင် စကားစ ပြတ်ခဲ့သည်။

"အို၊ ဘာမှ မဟုတ်ပါဘူး။ အေးရင် အလုပ်ပျက်တယ်လို့ ထင်မှာပေါ့" ထိုစကားသည် အေးရင့်ဆီက လိုးလွဲလိုက်သော စကားမှန်း ကျော်ဝင်းမောင် သိသည်။

သည်ကတည်းက အေးရင့် ပြဿနာ ရှေ့တန်းတက်လာပြီဟု ကျော်ဝင်းမောင် ယူဆခဲ့သည်။ အေးရင်ကိုလည်း သည်ဘဝမှာ စိတ်မချတော့။ သည်အိမ်က လူတွေက သူ့ကို သက်ာမကင်း ကြည့်ကြသလို သည်အိမ်ကလူတွေအပေါ်မှာ သူ သက်ာမကင်းတော့။

ထို့ကြောင့် နောက်တကြိမ် တွေ့ရေးကို အေးရင်နှင့် ချိန်းရသည်။ သည်အိမ်မှအပ အခြားတနေရာတွင် တွေ့ရန်။

"အေး။ ဖြစ်တာ မဖြစ်တာ အရေးမကြီးဘူး။ ငါ နင့်ကို အရေးကြီးတဲ့စကား ပြောစရာရှိတယ်။ နင့်အိမ်က ငါလာတာ မကြိုက်ဖူးဆိုတော့ ငါ မလာချင်ဘူး။ ဒီတော့ ငါပြောတဲ့အတိုင်းသာ နင် အဲဒီနေ့ကျ တခုခု အကြောင်းပြပြီး နင့်အိမ်က



ထွက်ခဲ့။ နောက် တနင်္ဂနွေ မနက် ဆဲ့တနာရီ ငါ နင်တို့လမ်းထိပ်က လက်ဖက်ရည်ဆိုင်က စောင့်နေမယ်၊ ဒါဘဲ" အပြတ်အသား ပြောခဲ့သည်။

အေးရင် လာရမည်ဟုလည်း ယုံကြည်သည်။

သည်တော့ အေးရင်နှင့် ပတ်သက်၍ အစီအစဉ်တွေ လုပ်ရသည်။ ရင်ထဲမှာ မျိုသိပ်ထားရသော အကြောင်းကို ပြောမည်။ ဘာဖြစ်ဖြစ် အေးရင် အလုပ်မှ ထွက်ခဲ့ရမည်ဟု ရာဇသံပေးမည်။ အေးရင့်ကို တရားဝင် လက်ထပ်ယူမည်။

သည်အကြောင်းကို သူ အလုပ်လုပ်ခဲ့သော ကျူရှင်ကျောင်းအုပ်ဆီမှာ အကြောင်းစုံ ပြောပြရသည်။ လာမည့်နှစ် စာသင်ပေးမည့် အကြောင်း၊ စာပေး စာယူ သင်တန်းအတွက်လည်း စာရေးပေးဦးမည့်အကြောင်း၊ ယခုကိစ္စမှာ မရှောင်သာ မလွှဲသာ ကိစ္စဖြစ်၍ သူ့ကို အတတ်နိုင်ဆုံး ကူညီစေလိုကြောင်း။

အားလုံးသူ့ဖက်က သေချာပေါက် သဘောထားပြီး အကူအညီတောင်းခဲ့ခြင်း ဖြစ်သည်။

"ဒီလို လုပ်ပေါ့ကွာ။ မင်း ကြီးကြီး ကျယ်ကျယ် မင်္ဂလာတွေ ဘာတွေ မဆောင်ဘူး မဟုတ်လား"

"မဆောင်ပါဘူး"

"ဒီတော့ အရေးတကြီးက "

"အရေတကြီးက နေစရာ အိမ်ငှားဘို့ပါ။ အဲဒီလောက် ကူညီရင်ဘဲ ကျနော့်အဖို့ မဆိုးဘူး ဆိုရမှာပေါ့"

"ဒါဖြင့် ဒီလိုလုပ်ကွာ။ လောလောဆယ် အိမ်ရှာဖို့ ဆိုတာ ဘာလဲ မလွယ်ဘူး။ ဒီတော့ ကျောင်းလဲ ပိတ်ထားတုန်းကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ခန်းလုပ်ထားတဲ့ အောက်ထပ်မှာ ခဏတဖြုတ် နေပေါ့။ ဖြည်းဖြည်းတော့ အိမ်ရှာကြည့်သေးတာပေါ့”

သိနိုင်ပါသည်။ ငွေအလုံးအခဲ ထုတ်ပေးဖို့ ဝန်လေးနိုင်သည့် သဘောကို ကျော်ဝင်းမောင် သိနိုင်ပါသည်။ ဘာဖြစ်ဖြစ် ဒါဆိုလဲ မဆိုးဟု သဘောထားသည်။ နောက်ကိစ္စ နောက်ပင်။

ထို့ကြောင့် ထိုတနင်္ဂနွေက အေးရင်ကို သွားစောင့်သည်။ အေးရင် လာသည်။ လိုက်ခဲ့ဟု ခေါ်သောအခါ ငြင်းသေးသည်။ မရမကပင် သူ့အိမ်နှင့်အဝေးလှမ်းရာသို့ ခေါ်ခဲ့သည်။

“ငါ ဘာပြောမယ်လို့ နင် ထင်သလဲ အေးရင်”

“အေးရင် အလုပ်ထွက်ဖို့ ပြောမှာပေါ့”

“ဟုတ်တယ်။ အဲဒါက အဓိကဘဲ။ ဒါပေမယ့် အဲဒီအဓိကထက် အဓိက ပိုကျတာကို ကနေ့ ပြောချင်လို့”

သည်တော့ သူ့မျက်လုံးက နားမလည်ဟန် ပြသည်။

“ဒီစကားကို နင် အလေးအနက် နားထောင်ပါ။ ကဲ၊ ငါ နင့်ကိုမေးမယ်။ နင့်အပေါ်မှာ ငါ ဘယ်လောက် သံယောဇဉ်ကြီးတယ့် ဆိုတာ နင် သိတယ်မဟုတ်လား”

မဖြေတော့။

“ပြောလေ”

ခေါင်းညိတ်သည်။

“ကောင်းပြီ။ ငါ နင့်ကို ချစ်နေတယ်ဆိုတာကိုရော နင် သိတယ်မဟုတ်လား”

သူ ခေါင်းငုံ့ထားလေပြီ။

“ပြောလေ။ ငါ ရှည်ရှည်ဝေးဝေးပြောဘို့ အချိန်မရှိဘူး။ အေးရင်။ ဒီစကားဟာ နင် ငါတို့အိမ်ပေါ်မှာ နေတုန်းက



ပြောရင် အဓိပ္ပာယ် တမျိုး ထင်ချင် ထင်မယ်။ ခု အချိန်မှာ ထင်သို့မရဘူး။ ရှင်းရှင်းဘဲ အေးရင်။ ငါ နင့်ကို ချစ်တယ်။ ခု ငါ နင့်ကို လက်ထပ်ဖို့ ဆုံးဖြတ်ပြီးပြီ။ ဒီတော့ နင် အလုပ်က ထွက်ခဲ့။ ဒါဘဲ”

သူ့ခန္ဓာကိုယ်ကလေး မသိမသာ လှုပ်ခါနေပေပြီ။

“ပြောလေဟာ။ ငါပြောနေတာကို”

ငုံ့ထားသော သူ့မျက်နှာကို လက်ဖြင့် အသာ ပင့်သည်။

“ဟင်၊ နင် ငိုနေတယ်။ ဟုတ်လား”

ကျော်ဝင်းမောင် ရင်ထဲမှာ လှိုင်းထနေပေပြီ။

“ဘာလဲ အေးရင်။ နင် ငါပြောတာကို မယုံဘူးလား။ နင် ငါ့အကြောင်းကို သိပါတယ် အေးရင်။ နင့်ကို ဒီအတိုင်း မထားနိုင်ဘူး။ တကယ်ကတော့ ငါ အေးအေးဆေးဆေး ပြောဘို့ဘဲ။ ခု အေးဆေးလို့ မဖြစ်တော့ဘူး မဟုတ်လား။ အဲဒါဘဲ အေးရင်။ နင် အဲဒီအိမ်က အမြန်ဆုံး အလုပ်ထွက်ခဲ့”

အေးရင် ဘာမျှ တုံ့ပြန်စကား မဆိုခဲ့။

“ဒီမျက်ရည်တွေကို သုတ်ပစ်စမ်း အေးရင်”

သည်တော့လည်း သူ အမိန့်ကို နာခံသည်။

“ငါပြောတာ နင် နားလည်တယ် မဟုတ်လား”

ခေါင်းညိတ်ဖော် ရလာပေပြီ။

“အဲဒီတော့ နင် နက်ဖြန်ခါ အလုပ်က ထွက်ခဲ့”

“သူတို့က ” စကား ထစ်အ နေပြန်သည်။

“အို၊ မဆိုင်ပါဘူး။ နင်လုပ်ချင်မှ လုပ်မယ်ပေါ့။ ဒါဘဲ။ ငါ မနက်ဖြန် ဒီဆိုင်မှာ လာစောင့်မယ်။ ညနေ လေးနာရီခွဲ နင် အိမ်က ထွက်ခဲ့။ ဒါဘဲ”

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ကျော်ဝင်းမောင် အေးရင့်ကို ခိုးယူလေသည်။

သည့်အတွက် ပြဿနာဟု သူ မယူဆ။ ပြဿနာတခုကို ဖြေရှင်းလိုက်နိုင်ခြင်းဟုသာ ယူဆသည်။

သို့ပေမယ့် တည အိမ်ပြန်မလာလျှင်ပင် အိမ်မှာ ပြဿနာ ပေါ်မည် စိုးသည်။ ထို့ကြောင့် အိမ်သို့ကား စာတစောင် ပို့လိုက်သည်။ တခုဘဲ။ သူ လက်ထပ်လိုက်သော မိန်းကလေးမှာ အေးရင် ဖြစ်သည်ဟူသော အကြောင်းကိုကား စာတွင် မဖော်ပြ။ ဖြည်းဖြည်းမှ သိစေတော့မည်ဟု သဘောထားသည်။

ဦးလွန်းမောင်သည် ကျော်ဝင်းမောင့်ဆီက စာကို ကိုင်လျက် အတွေးလွှင့်ပြန့်စဉ်မှာပင် နိုင်လင်းအောင် အခန်းတွင်းသို့ရောက် လာခဲ့ခြင်း ဖြစ်လေသည်။

"ကဲ၊ လာဟေ့ ထိုင်"

နိုင်လင်းအောင် ကုလားထိုင်တွင် ဝင်ထိုင် လိုက်စဉ်မှာပင် ဒေါ်ရွှေမယ်သည် အခန်းထဲမှ ထွက်လာခဲ့သည်။

"အော၊ မောင်ရင် ရောက်လာပြန်တာကိုး၊ လေးနွယ် တယောက်လဲ သူငယ်ချင်းတွေ အဖော်ကောင်းလို့ မေ့မြို့ လိုက် သွားသကွယ့်"

နိုင်လင်းအောင် ထိတ်လန့် တုန်လှုပ်သွားရသလို ဦးလွန်း မောင်သည်လည်း ပထမ တအံ့တဩ ဖြစ်ရသည်။ ပြီး အေါ်သာ၊ တခဏချင်းပင် စောစောက လွှင့်ပျံ့ နေသော အတွေးစများနှင့် ခင်လေးနွယ်တို့ ကိစ္စ ဆက်စပ်သွားကာ တခုခုကို ဆုံးဖြတ်ပြီး ဖြစ်သွားသည်။

"ကဲ၊ ဒေါ်ဒေါ်။ ဒေါ်ဒေါ်တို့ကပါ အားပေး အား



မြှောက် လုပ်သလို ဖြစ်နေပြီ။ ခေါ်လိုက်ပါ သမီးကို။ ကျုပ်နော် အခေါ်ခိုင်းတယ်ပြော။ မမြိုင်ကိုလဲ ခေါ်"

ဒေါ်ရွှေမယ် ကြောင်အအ ဖြစ်ရရှာပြီ။ နိုင်လင်းအောင် သည် ဦးလွန်းမောင့်မျက်နှာကို မှုံ့မရဲ ကြည့်သည်။

"ဟေ့၊ သမီး လေးနွယ်၊ ထွက်ခဲ့စမ်း" ဦးလွန်းမောင်ဆီမှ ဤကဲ့သို့ ဒေါသနှင့် ယှဉ်သောအသံမျိုးကို ယခုအကြိမ် ပထမ ဆုံးအဖြစ် ကြားလိုက်ရခြင်း ဖြစ်ပေသည်။

"ဒီမယ်၊ ငါလဲ မင်းကို မေးရအုံးမယ်" ပြီးလျှင် နိုင်လင်း အောင်ဖက် လှည့်မေးသည်။ ဒေါ်သသည် မပြယ်သေး။

နိုင်လင်းအောင်သည် စိတ်ကို တင်းထားလိုက်သည်။

"မင်း လေးနွယ်ကို ချစ်လို့ ယူခဲ့တာ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြစ်ရင် လေးနွယ် မင်းအိမ်ပေါ်က ဆင်းလာရတာလဲ"

"ကျနော် စာမေးပွဲနားနီးနေလို့ သူ အိမ်ခဏ ပြန်အုံးမယ် လို့ ပြောပါတယ်"

"ဒါကို မင်းကလဲ ခွင့်ပြုတာဘဲလား"

"သူ သွားချင်တယ် ဆိုလို့ပါ"

"မင်းနဲ့ သူ့ကြားမှာ တခြားပြဿနာ မရှိဘူးလား"

"မရှိပါဘူး"

"သူ မင်းနဲ့ နေရတာ စိတ်ချမ်းသာတယ်လို့ ထင်လလား"

"ကျနော် အတတ်နိုင်ဆုံး သူ စိတ်ချမ်းသာအောင် ထား ခဲ့ပါတယ်"

"ဒါဖြစ်ရင် မင်း ပထမအကြိမ် လာခေါ်တုန်းက သူ ဘာ ဖြစ်လို့ ပြန်မလိုက်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူ ခဏနေပါရစေအုံး ဆိုလို့ပါ"

ဦးလွန်းမောင်သည် သူ မေးနေပုံနှင့် နိုင်လင်းအောင် အဖြေပေးနေပုံမှာ တရားခွင် အပြန်အလှန် အမေးအဖြေ ပုံ သဏ္ဍာန် ဖြစ်နေသည်ဟု ထင်လာသည်။

ယခုထိ ခင်လေးနွယ်လည်း မရောက်လာသေး။

ထို့ကြောင့် ထိုင်ရာမှ ထသည်။ ခင်လေးနွယ့်အခန်းဖက်သို့ လာသည်။

"သမီးကို ဖေဖေခေါ်နေတယ် မဟုတ်လား"

သည်တော့မှပင် ခင်လေးနွယ် သည် မျက်ရည်ရိဝေလျက် ဖုခင်ကို မျက်နှာချင်းဆိုင်သည်။

"လာအုံး သမီး။ အားလုံးရှေ့မှာ ဖေဖေ အဆုံးအဖြတ် ပေးမလို့။ ဒေါ်ဒေါ်လဲ လာပါ။ မမြိုင်လဲ လာခဲ့"

မနေသာတော့ပေ။ အားလုံး ဧည့်ခန်းမှာ စုမိကြလေပြီ။

တဖက်ခန်းက လူမမာသည် ဧည့်ခန်းဆီမှ ဆူဆူညံညံ အသံ ကြောင့် သူ အိပ်ရာမှ လူးလွန့်ကြည့်သေးသည်။ ဘာ ပြဿနာ နည်း သူ သိချင်သည်။ ဤကိစ္စမှာ သူ ပါဝင် ဆောင်ရွက် ခြင်း မပြုလျှင် မပြီးပြတ်နိုင်ဟု စိတ်ထင်နေသည်။ သို့သော် အရိုးပေါ် အရေတင် အခြေအနေသို့ ဆိုက်နေပြီဖြစ်သော ခန္ဓာ ကိုယ်သည် လူးလွန့်၍ မရတော့ပေ။

"ဖေဖေဟာ သမီးတို့ကိစ္စမှာ ဝင်မစွက်တာမျိုး မဟုတ်ဖဲ ဥပေက္ခာရှုတာမျိုး လုပ်ခဲ့တယ်။ ဒါ့ကြောင့် ဖေဖေ့သမီး ဘာသူနဲ့ ဘယ်လို ဖြစ်ခဲ့တယ်ဆိုတာ ဖေဖေ မသိခဲ့ဘူး။ အဲဒီ တုန်းကတော့ ဖေဖေဟာ သိလဲမသိချင်ဘူး၊ သိဘို့မလိုဘူးလို့လဲ ထင်ခဲ့တယ်။ ဒါပေမယ့် ဒီလိုမဟုတ်ဖူး။ သမီးကို ဖေဖေ ဘယ်



လောက်ချစ်တယ်ဆိုတာ သမီးသိတယ်မဟုတ်လား"

ဦးလွန်းမောင်သည် သူ့အသံကို ထိန်းချုပ် ပြောနေခြင်း ဖြစ်သည်။

"ရှင်းရှင်းပြောရရင် ကျော်ဝင်းမောင်ပြောသလိုဘဲ ဖေဖေ ဟာ ကြုံလာတဲ့ ပြဿနာတွေကို ဖြေရှင်းနိုင်ဘို့ထက် ဒီပြဿနာ တွေက တွက်ပြေး တိမ်းရှောင်ခဲ့တာဘဲ။ အမှန်တော့ ကနေ့ အခြေအနေမှာ ပြဿနာတွေဟာ တမျိုးတမျိုး နှီးနွှယ်ဆက်စပ် လာတာဘဲ။ ပြဿနာ သောင်းခြောက်ထောင်ဆိုတာ ဖေဖေတို့ ဒီအိမ်ကဲ သမီး။ ထားပါတော့လေ။ သမီး သူ့ကို လက်ထပ် ခဲ့တာဟာ သမီး ချစ်လို့လား၊ ဒါမှ မဟုတ် တခြား ဘာ အ ကြောင်းကြောင့် သမီး သူနဲ့ လက်ထပ်ခဲ့တာလဲ"

လေးနွယ် အကြောင်းရင်းကို သိသလို ရှိပါ၏။ သို့ပေမယ့် မပြောတတ်။

"ဒါကတော့ရှင်" မခင်မြိုင်က ကြားဝင်မည် ပြုသေးသည်။

"မမြိုင် မဝင်ပါနဲ့။ ကိုယ်တို့ဟာ မိဖတွေဆိုတာ မှန်တယ်။ ဒါပေမယ့် မမြိုင် စဉ်းစားကြည့်ပါ။ မိဖတွေရဲ့ ရှိရင်း ဝတ်တရား ငါးပါးကို ကိုယ်တို့ ဘယ်လောက်များ တာဝန်ကျေကျေ ထမ်း ရွက်နိုင်ခဲ့ကြသလဲ။ မကောင်းတာ မလုပ်အောင် တားတယ်၊ ကောင်းတာလုပ်အောင် ညွှန်ကြားတယ်ဆိုတဲ့အခြေခံလောက်ကို ကိုယ်တို့မိဖတွေ ကနေ့ တာဝန်ကျေကြရဲ့လား စဉ်းစားပါ။ အဲ၊ ဟုတ်ပြီ။ ပညာ သင်ပေးတယ်။ ဒီတာဝန်တော့ ကျေပွန်တယ် ဆိုပါစို့။ ဒါတောင် ကိုယ်တို့က ကျောင်းမှာ အပ်ပေးထား တာဘဲရှိတယ်မဟုတ်လား။ ကိုယ်တို့သားသမီးတွေရဲ့ ပညာရေး ကို ဆရာတွေလက်ထဲ လုံးဝ လွှဲပေးလိုက်တာနဲ့ ကိုယ်တို့ မိဖ

www.burmeseclassic.com



တွေက တာဝန်ကျေပြီ ထင်ခဲ့ကျတဲ့ အခြေအနေ မဟုတ်လား။ နောက်ထာခု ဖြစ်တဲ့ ပေးဝေနိုးရင်း ထိမ်းမြားခြင်း ဆိုတာ ကျတော့ကော၊ မင်းတို့ ကိုယ်တိုင်လို့ မိဖတွေက ဘယ်လောက် တတ်နိုင် ကြသလဲ”

ဦးဘအုန်းသည် အိမ်ရှေ့မှ သူ့သား အသံကို ကြားနေရသောအခါ အိပ်ရာမှ ပိုပြီး ထချင် ထချင်လာသည်။ အသံပြု၍ လှမ်းခေါ်မည်ဟု ကြိုးစားသေး၏။ သူ့ အသံသည် ပီပီသသ မထွက်တော့။ သူ့သားလွန်းမောင် သည်မျှစကားရှည်ရှည်ပြောနေသည်ကို ဦးဘအုန်း မကြုံဖူးပေ။ ထို့ကြောင့် ဒင်း ဘာတွေပြောနေသနည်းသိချင်သည်။ တကယ်ဆို ဒီကိစ္စတွေမှာ သူ ပြောရမြဖြစ်သည်။ယခု အိပ်ယာမှာ လဲနေ၍သာ သူ့သား ဝင်ပြောရခြင်းဘဲဟုယူဆသည်။ သည်ကောင် အပေါက်လမ်း တဲ့အောင်မှ ပြောနိုင်ပါ့မလားဟုလည်း စဉ်းစားဖြစ်သည်။

“ဒါတွေက အခြေခံ ဝတ်တရား။ တခြားအပိုင်းတွေ ဆိုတာက အခြေအနေပေါ်တည်ပြီး ဖြစ်လာတဲ့ ပြဿနာတွေဘဲ၊ စားဝတ်နေရေးကိစ္စ၊ ပညာရေးကိစ္စ စုံလို့ဘဲ။ အဲဒီလို လူငယ်တွေ သားသမီးတွေရဲ့ ပြဿနာကို ဒို့မိဘတွေ ဘယ်လောက်များ ကူရှင်းပေးနိုင်ကြသလဲ။ တဖက်က ဒို့မိဘတွေမှာလဲ ပြဿနာတွေနဲ့။ ဒါတွေကို မဖြေရှင်းနိုင်တဲ့အခါ လူတွေ ဘာဖြန့်ကြသလဲ။ အေး၊ ဒါတွေ ငါ ဘာမှ ပြန်မပြောချင်ဘူး။ သမီးဟာ တကယ်တော့ မငယ်ဘူး။ ဟိုအချိန်က သမီးလက်ထပ်ခဲ့တဲ့ ကိစ္စနဲ့ ပတ်သက်လို့ ခုအခါမှာ မှားတယ် မှန်တယ် ပြန်ပြီး သုံးသပ်ဖို့ မလိုဘူး။ အရေးကြီးတာက ခုအချိန်မှာ သမီးဟာ အိမ်ထောင်သည်တဦး ဖြစ်နေပြီ။ ဒီအခါ



သမီး ဖေဖေတို့နဲ့ နေစဉ်ကထက် ပြဿနာစုံတွေ့ရမှာဘဲ။ ဒီအခါ သမီးလင်သားနဲ့သမီးတို့ပူးပေါင်းဖြေရှင်းမှုပေါ်မှာတည်တယ်”

“မောင်လွန်းမောင်ရယ် ဒီလောက် ရှည်ရှည်ဝေးဝေး ပြောမနေပါနဲ့ကွယ်။ ခုကိစ္စက ရှင်းရှင်းကလေးပါ။ လေးနွယ်ဟာ သူ့ ယောကျ်ားကို မပေါင်းနိုင်တော့ဘူး” ဒေါ်ရွှေမယ်က ဝင်ပြောသည်။

“ဘာ ” စကားတန်းကြီးတခု ဆက်ထိုက်ပြောမိမည်ကဲ့သို့ ဖြစ်သွားပြီး ချက်ချင်း ပြန်လည်ထိန်းချုပ် လိုက်ရသည်။ ယခုအခါ၌ ဦးလွန်းမောင်ဘည် ယောက္ခမနှင့် အငြင်းမပွားချင်။

“ဟုတ်သလား သမီး။ဖေဖေ မေးနေတယ်လေ။ ပြောစမ်း” ခင်လေးနွယ် ခေါင်းမဖော်။

“ကဲ၊သမီး ဒီလိုနေလို့ မဖြစ်ဖူး။ ခု သမီးယောကျ်ား သမီးရှေ့မှာ ရှိတယ်။ သမီး ဘာလုပ်ချင်သလဲ ပြတ်ပြတ်ပြော”

“ကျနော် တခုတော့ ပြောပါရစေ” နိုင်လင်းအောင်သည် ယခုအချိန်၌ စကားဝင်သင့်ပြီဟု ယူဆသည်။ “ဒီက အခြေအနေကို ကျနော် မသိတာ အမှန်ဘဲ။ ဒါပေမယ့် အမှန်အတိုင်းပြောရင် ကျနော် လေးနွယ်ကို ယူခဲ့ပြီးကတဲက လေးနွယ်စိတ်ချမ်းသာအောင် ထားပေးမယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။ မြန်းစားကြီး လက်ထပ်ခဲ့ရတဲ့ အချိန်မှာ ကျနော့်အနေနဲ့ ပြည့်ပြည့်စုံစုံ မရှိဘူးဆိုတာ ကျနော် ဝန်ခံပါတယ်။ ဒီထဲ စာမေးပွဲကလဲ တဖက်ကြောင့် ကျနော် တခြားအလုပ် မရှာနိုင်ခဲ့ပါဘူး။ ကျနော် ညပိုင်း စာစီအလုပ်တခုထဲနဲ့ဆိုတော့ ဝင်ငွေနဲပါတယ်။ နေရတဲ့အိမ်ကလဲ ခု ဒီလိုအိမ်မျိုး မဟုတ်တော့ လေးနွယ် စိတ်ဆင်းရဲချင် ဆင်းရဲနိုင်တယ်ဆိုတာ ကျနော် နားလည်ပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



“ဦးလေးနားလည်တယ် သူငယ်။ ခုဉစ္စာက ရှင်းရှင်းကလေးပါ။ မိဖ လက်ဝါးကြီးအုပ် အောက်မှာ ဒို့ဟာ ဘာပြဿနာကိုမှ မဖြေရှင်းလိုက်ရဘဲဒို့မိဘဖြေရှင်းသမျှနဲ့ကျေနပ်ခဲ့ရတယ်။ ဒီတော့ ဒီကိုယ်တိုင်ဖြေရှင်းရမယ့်အချိန်ကျတော့ သတ္တိကြောင်လာတယ်။ ဒီအဖြစ်မျိုး မင်းတို့ လက်ထက်မှာ ဆက်ကြုံစေလို့မဖြစ်သင့်ဘူး။ ပြဿနာကို ရဲရဲ ရင်ဆိုင်ရလိမ့်မယ်။ ကဲ၊ ဒီတော့ တခွန်းဘဲ။ ဒီမယ် သမီး။ သမီး ယောကျ်ားနဲ့ ကွာချင်သလား။ သမီး ယူစဉ်က ဖေဖေတို့ကို ဘာမှ အသိမပေးခဲ့ဘူး။ ဒီတော့ ခုအချိန် အထိ ကတော့ သမီးဟာ ဒီသူငယ်၊ ဘာသူ ”

“နိုင်လင်းအောင်”

“အေး၊ မောင်နိုင်လင်းအောင်ရဲ့ တရားဝင် ဇနီး ဖြစ်နေသေးတယ်။ ဒီတော့ သမီးကို ဖေမဖတို့ လက်ခံမထားနိုင်ဘူး။ ဒီလို လက်ခံထားရင် မောင်နိုင်လင်းအောင်က တရားစွဲ အရေးယူနိုင်တယ်။ ဒီတော့ ခု သမီး လိုက်သွား။ သမီး တကယ်ဘဲ သမီး ယောကျ်ားနဲ့ ကင်းပြတ်ချင်တယ်ဆိုရင် သမီးဖာသာဆိုင်ရာ တရားရုံးမှာ ဦးတိုက်လျှောက်ထားပြီး ကွာရှင်းခွင့် ပေးဘို့ တောင်းဆို။ အဲဒီလို ကွာပြီးရင် သမီးကို ဖေဖေတို့ လက်ခံမယ်။ ဒါဘဲ။ ဒါပေမယ့် ဖေဖေ တခုတော့ မှာလိုက်မယ်။ ကျော်ဝင်းမောင် ပြောသလိုဘဲ ပြဿနာဆိုတာ ရှောင်လို့မရဘူး၊ ရင်ဆိုင်ရမယ်၊ ဖြေရှင်းရမယ်။ အင်း၊ ကျော်ဝင်းမောင်ဆိုလို့ ပြောရအုံးမယ်။ ဒီကောင်လဲ မိန်းမယူသွားပြီတဲ့”

နိုင်လင်းအောင်မှအပအားလုံးတအံ့တဩဖြစ်ကြရလေသည်။

ထိုစဉ်မှာပင် အတွတ်သည် အောက်ထပ်တွင် ကစားနေရာမှ



ပြန်တက်လာခဲ့ခြင်း ဖြစ်သည်။ အိမ်ရှေ့ခန်း လူစုလူဝေး တွေ့လိုက်ရသဖြင့် တအံ့တဩ ဖြစ်သွားသေးသည်။

“ကဲ၊ ဒါဘဲ သမီး အခု ပြန်လိုက်သွားပါ။ အင်း၊ နိုင်လင်းအောင်လဲ သမီးနဲ့ ပတ်သက်ပြီး အဆင်ပြေအောင် ဆောင်ရွက်နိုင်ပါစေလို့ ဦးလေး ‘ဆုတောင်းပါတယ်ကွယ်”

“စိတ်ချပါ ဦးလေး”

“နေပါအုံး၊ ကျော်ဝင်းမောင်က ဘာသူနဲ့ လက်ထပ်သွားသတဲ့လဲ” ဒေါ်ရွှေမယ်၏အမေး။

“ဘာရယ်။ ကိုကိုကြီး မိန်းမယူသွားပြီ ဟုတ်လား”အတွတ်ဆီက အသံ။

“ဘာသူနဲ့ ဆိုတာတော့ သူ့စာထဲ မပါဘူး။ ဖြည်းဖြည်းကျတော့မှ သူ လာခဲ့မယ်လို့ဘဲ ပါတယ်။ ဘာလဲ၊ အတွတ်က ကိုကိုကြီး မိန်းမယူသွားလို့ အံ့ဩနေသလား။ ယူမှာပေါ့ကွာ။ မင်းလဲ နောက်တော့ မိန်းမယူမှာဘဲဟာ။ ကဲ၊ သမီး ထလေ။ မောင်နိုင်လင်းအောင် စောင့်နေရတာကြာပြီ”

သည်လိုတော့လည်း ခင်လေးနွယ်သည် အဖေ့စကားကို မပယ်။ အိမ်ခန်းတွင်း ပြန်ဝင်သွားသည်။

“သားကိစ္စ လိုက်စုံစမ်းအုံးမှပေါ့ ကိုလွန်းမောင်ရယ်”မခင်မြိုင့် အသံသည် တုန်ယင်နေသည်။

အခန်းထဲမှ အဖိုးကြီးသည် ကျော်ဝင်းမောင် အကြောင်းကို ဘာမျှ ကြားပုံမရတော့ပေ။

“မလိုပါဘူးမမြိုင်ရယ်။ သူ လာခဲ့မယ် ပြောထားအားဘဲ”

“တော်ကြာ၊ ခု သမီးလေးလို”

“တော်၊ တော် မမြိုင်။ လူငယ်တွေဟာ သူတို့ကိစ္စကို သူ-

www.burmeseclassic.com

www.burmeseclassic.com



တို့ ဆောင်ရွက်ကြလိမ့်မယ်၊ သူတို့ပြဿနာကို သူတို့ ဖြေရှင်းကြလိမ့်မယ်”

ထိုအချိန်မှာပင် လေးနွယ်လက်ဆွဲအိတ်ဆွဲ၍ထွက်လာသည်။

နိုင်လင်းအောင်က ကြမ်းပြင်မှာ ဆင်းပြီး ဆောင့်ကြောင့်ထိုင်လိုက်သည်။ ဦးလွန်းမောင်တို့ကို ဦးချ နှုတ်ဆက်ရန် ဖြစ်သည်။ ခင်လေးနွယ်လည်း သီးခြား နေ၍ မဖြစ်တော့။ နိုင်လင်းအောင်ဘေးမှာပင် ဝင်ပြီး ကျုံ့ကျုံ့ထိုင်ကာ အဖေ၊ အမေနှင့် အဖွားတို့ကို ဦး ချလိုက်သည်။

“အေးကွယ်။ သည်လင် သည်မယား အိုအောင် မင်းအောင်ပေါင်းကြရပါစေ။ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိကြပါစေ။ အေး ဟေ့၊ ကျော်ဝင်းမောင် လင်မယား ပြန်လာပြီးရင် သမီးတို့ လင်မယားရယ်၊ ကျော်ဝင်းမောင်တို့ လင်မယားရယ်နဲ့ အားလုံးစုပေါင်းပြီး ဖေဖေတို့ အိမ်မှာ စုပေါင်း မင်္ဂလာဆွမ်းလေး ကပ်ဖို့ စီစဉ်ရအုံးမယ်။ ဒီလောက်တော့ ကိုယ်တို့ဖက်က လုပ်ပေးနိုင်လိမ့်မယ် ထင်ပါတယ်နော် မမြိုင်”

“မမလေး အတွက်ဆို မကြာမကြာ လာနော်” အတွက်က လေးနွယ်ကို နှုတ်ဆက်စကားဆိုသည်။

လေးနွယ်က ခေါင်းညိတ်သည်။

ထို့နောက်အခန်းကလေးသည် ပြန်လည် တိတ်ဆိတ်သွား၏။

ထို့နောက် နှစ်ရက်အလွန်တွင် အများ မျှော်လင့်ထားသည့်အတိုင်း ဦးဘအုန်း ကွယ်လွန်ခဲ့လေသည်။

သို့သော် အများမျှော်လင့် မထားနိုင်သည့်ကိစ္စ သည်



မိသားစုတွင် ကျော်ဝင်းမောင်မှအပ မည်သူမျှ နားမလည်နိုင်သည့် စာတစောင်ကို တွေ့လိုက်ရခြင်းပင်။

စာမှာ ရှည်ရှည်ဝေးဝေး မဟုတ်။

ဦးလွန်းမောင်ကို ဦးတည်ထားခြင်း ဖြစ်သည်။

လွန်းမောင်

ငါ့ ငွေ တသောင်းကျော် သေတ္တာ ထဲမှာ ရှိသည်။ အားလုံး အေးရင့်ကို ရှာပြီး ပေးလိုက်ပါ။ အေးရင်မှအပ မည်သူမျှ တပြားတချပ်မျှ မသုံးစေရ။

ဘအုန်း

ထိုစာနှင့် ပတ်သက်၍ မျှော်လင့်မထားသော်လည်း ဘာမျှ မခံစားရ။ မည်သူကမျှ နားလည်အောင် ကြိုးစားလိုစိတ် မရှိကြတော့ပေ။ ဦးဘအုန်း ကွယ်လွန်ကြောင်း သတင်းကို ကြားရသောအခါ ကျော်ဝင်းမောင် လင်မယားရော ခင်လေးနွယ်လင်မယားပါ ဤအိမ်ခန်းတွင် ပြန်လည်စုဝေးကြပြန်လေသည်။

ကျော်ဝင်းမောင် လက်ထပ် လိုက်သော မိန်းကလေးနှင့် ပတ်သက်၍ မခင်မြိုင်နှင့် ဒေါ်ရွှေမယ်တို့အံ့သြကြရသော်လည်း ကန့်ကွက်စကား မဆိုနိုင်ကြတော့ပေ။

ဦးလွန်းမောင်သည် သူ့သား လက်ထပ် ယူ လိုက် သော မိန်းကလေးနှင့် ပတ်သက်၍ နည်းနည်းကလေးမျှ မအံ့သြတော့ပေ။ အတွက်ကမူ ဝမ်းသာနေလေသည်။

ဤအိမ်ခန်းကလေးသည် ဇာတ်လမ်းသစ်များ ဆက်လက်ဖော်ထုတ်ပေးသွား ဖြစ်ပေါ်လာပေဦးမည် ဖြစ်ပေသတည်း။

(၇၄၊၁၂၊၁၃

www.burmeseclassic.com

www.burmeseclassic.com

## ဖြေရှင်းချက်

တိုင်းပြည်တွင်း မြို့တိုင်း ရပ်ကွက်တိုင်းတွင် တိုက်အမှတ် ၂၅၇ ရှိနိုင်ပါသည်။ ထိုတိုက်တွင် အခန်းအမှတ် ၁၃ လည်း ရှိနိုင်ပါသည်။ ထို့ကြောင့် ဤဝတ္ထုသည် ဘယ်မြို့၊ ဘယ်ရပ်ကွက်က တိုက် ၂၅၇၊ အခန်း ၁၃ ကိုသာ ရည်ညွှန်းသည်ဟု မဆိုပါ။ ထိုအခန်းက ဖြစ်ရပ်ဟုလည်း မပြောနိုင်ပါ။

သို့သော် ဤဖြစ်ရပ်မျိုး သို့မဟုတ် တစိတ်တဒေသသည် ယနေ့ ကမ္ဘာမြေအနှံ့ အိမ်ထောင်စုတိုင်းတွင် ဖြစ်ပျက်နေသည်ကို တွေ့ရပါသည်။

ထို့ကြောင့် အိမ်ခန်းတခု သို့မဟုတ် မိသားစုတခု အတွင်းက အဖြစ်အပျက်သည် ယခုဝတ္ထုပါ အဖြစ်အပျက် တခုလုံးနှင့်ဖြစ်စေ၊ တစိတ်တဒေသနှင့် ဖြစ်စေ တူနေသည်ဟု ဆိုလျှင် တိုက်ဆိုင်မှုဟုသာ ဆိုရပါမည်။

စင်စစ် တလောကလုံးကို ကိုယ်စားပြုနိုင်ရန် အားထုတ်ကြည့်ခြင်းသာ ဖြစ်ပါသည်။ တကယ့် တိုက် ၂၅၇၊ အခန်း ၁၃ ကွက်ကွက်၏ ဖြစ်ရပ်ဟု မဆိုနိုင်ပါ။ အမည်သည် အားလုံးအတွက် တင်စားချက်သာ ဖြစ်ပါသည်။

လေးစားသော

မင်းကျော်

BURMESE CLASSIC

www.burmeseclassic.com